နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်

(ရန်ကုန်)

# အဘိဓမ္မပိဋကမဟာဌာန

၁.၂.၂၀၁၆ နေ့တွင် ကျင်းပသော

## အဘိဓမ္မပိဋကမဟာဌာနစာတမ်းဖတ်ပွဲ

ဖတ်ကြားသော စာတမ်းများ

သာသနာ - ၂၅၅၉ ကောဇာ - ၁၃၇၇ ခုနှစ် - ၂၀၁၆

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ၌ ၁.၂.၂၀၁၆ နေ့တွင် ဖတ်ကြားသော အဘိဓမ္မပိဋကမဟာဌာနစာတမ်းများ

| စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|


၁။ ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တကုမာရ(အဂ္ဂမဟာပဏ္ဍိတ) မြွက်ကြားအပ်သော အဘိဓမ္မဒေသနာ သိမှတ်ဖွယ်ရာများ…………………… ၁

၂။ ဒုတိယပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တဇောတိက(အဂ္ဂမဟာပဏ္ဍိတ) မြွက်ကြားအပ်သော ဥယျောဇနကထာ………………………………… ၁၀

၃။ မြန်မာနိုင်ငံနှင့် ပဋ္ဌာန်းဒေသနာတော်ရွတ်ဖတ်ပူဇော်မှု(ဒေါက်တာ ဘဒ္ဒန္တထေရိန္ဒ)‥ ၁၂

၄။ အကျိုးပေးရာကာလကွဲပြားသော ကံလေးမျိုးကိုလေ့လာခြင်း(အရှင်အဂ္ဂဝံသ)……၂၅

၅။ ဟဒယဝတ္ထုနှင့်စပ်သမျှ သုတေသနပြုခြင်း (ပထမကျော်-ဦးစံသင်းလှိုင်)………၃၄

၆။ မြန်မာနိုင်ငံနှင့် အဘိဓမ္မာအရကောက်ကျမ်းများ၏ အခန်းကဏ္ဍ အရှင်ဇဋိလ(မဒဘိ-၁)၊အရှင်ပညာနန္ဒ(မဒဘိ-၄)၊အရှင်ဝရသာမိ(မဒဘိ-၅)……၄၇

၇။ မြန်မာနိုင်ငံ၌ အဘိဓမ္မာသင်ယူလေ့လာမှု (အရှင်ဝိစိတ္တာနန္ဒ)…………………၅၃

၈။ ခန္ဓာငါးပါးနှင့် ဝိပဿနာ (အရှင်ပညာနန္ဒ)…………………………၆၃

၉။ မြန်မာတို့၏ဓလေ့ နာရေးဆိုင်ရာထုံတမ်းအစဉ်အလာများကို အဘိဓမ္မာရှုထောင့်မှလေ့လာခြင်း (အရှင်အရိယ)……………………… ၆၉

၁၀။ စတုရာရက္ခကမ္မဋ္ဌာန်းတရားလေးပါး ခေါ် ကာကွယ်ရေးတရားလေးပါး (အရှင်အရိယဝံသ)……………………………………………… ၇၇

၁၁။ ပုဂံခေတ်အဘိဓမ္မာကျမ်းများစစ်တမ်း (ဒေါက်တာ အာကာမိုးသူ)………… ၈၈

၁၂။ မြန်မာနိုင်ငံနှင့် အဘိဓမ္မာနိဿယကျမ်းများ၏ အခန်းကဏ္ဍ အရှင်ဓမ္မပါလ(မဒဘိ-၂)။ အရှင်နန္ဒာစာရ(မဒဘိ-၃)…………………… ၁၀၀

၁၃။ ဗုဒ္ဓအဘိဓမ္မာရှိ ကာလနှင့် အာကာသကို လေ့လာခြင်း (ဦးအေးမင်း၊ ပါမောက္ခ၊ ဒဂုံတက္ကသိုလ်)………………………… ၁၁၁

၁.၂.၂၀၁၆ နေ့
အဘိဓမ္မပိဋကမဟာဌာနစာတမ်းဖတ်ပွဲ၌
ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တကုမာရ(အဂ္ဂမဟာပဏ္ဍိတ)
မြွက်ကြားအပ်သော

## အဘိဓမ္မာဒေသနာ သိမှတ်ဖွယ်ရာများ

**အဘိဓမ္မာဒေသနာတော်၌—**

**ယံ ဧတ္ထ ဝုဍ္ဎိမန္တော၊**
**သလက္ခဏာ ပူဇိတာ ပရိစ္ဆိန္နာ။**
**ဝုတ္တာဓိကာ စ ဓမ္မာ၊**
**အဘိဓမ္မော တေန အက္ခာတော။**

| | | |
|---|---|---|
| ဧတ္ထ | = | ဤအဘိဓမ္မပိဋက၌။ |
| ဝုဍ္ဎိမန္တော | = | ဈာန်တရား၊ မေတ္တာတရားအစရှိသော မိမိကိန်းရာပုဂ္ဂိုလ်ကို အပါယ် ကင်းပျောက် ကြီးပွားချမ်းသာခြင်းသို့ ရောက်စေနိုင်သော ပွားများကျင့်သုံး ရမည့်တရားတော်တို့ကို။ |
| ဘဂဝတာ | = | မြတ်စွာဘုရားသည်။ |
| ဝုတ္တာ | = | ဟောကြားတော်မူအပ်ကုန်ပြီ။ |
| သလက္ခဏာ | = | ရူပါရုံ,သဒ္ဒါရုံအစရှိသော ကွဲကွဲပြားပြား မှတ်သားဖွယ်တရားတော်တို့ကို |
| ဘဂဝတာ | = | မြတ်စွာဘုရားသည်။ |
| ဝုတ္တာ | = | ဟောကြားတော်မူအပ်ကုန်ပြီ။ |
| ပူဇိတာ | = | သေက္ခာဓမ္မာ၊ အသေက္ခာဓမ္မာ၊ လောကုတ္တရာဓမ္မာ အစရှိသော လေးမြတ် ကော်ရော်ပူဇော်အပ်သော တရားတော်တို့ကို။ |
| ဘဂဝတာ | = | မြတ်စွာဘုရားသည်။ |
| ဝုတ္တာ | = | ဟောကြားတော်မူအပ်ကုန်ပြီ။ |
| ပရိစ္ဆိန္နာ | = | ဖဿော ဟောတိ၊ ဝေဒနာ ဟောတိ အစရှိသော သဘာဝအားဖြင့် ပိုင်းခြား သတ်မှတ်အပ်သော တရားတော်တို့ကို။ |
| ဘဂဝတာ | = | မြတ်စွာဘုရားသည်။ |
| ဝုတ္တာ | = | ဟောကြားတော်မူအပ်ကုန်ပြီ။ |
| အဓိကာ | = | မဟဂ္ဂတာဓမ္မာ၊ အပ္ပမာဏာဓမ္မာ၊ အနုတ္တရာဓမ္မာ အစရှိသော ထူးကဲ မွန်မြတ်သော တရားတော်တို့ကို။ |
| ဘဂဝတာ | = | မြတ်စွာဘုရားသည်။ |
| ဝုတ္တာ | = | ဟောကြားတော်မူအပ်ကုန်ပြီ။ |

| | | |
|---|---|---|
| တေန | = | ထိုသို့ကြီးပွားချမ်းသာနိုင်သော ပွားများရမည့်တရား၊ ကွဲကွဲပြားပြား ခြားနား သိအောင် မှတ်သားရမည့်တရား၊ သဘာဝအနေအားဖြင့် ပိုင်းခြားသတ်မှတ် အပ်သောတရား ထူးကဲမွန်မြတ်သော ဓမ္မရတနာတို့ကိုဟောကြားတော်မူရာ၏ အဖြစ်ကြောင့်။ |
| အဘိဓမ္မော | = | အဘိဓမ္မာမည်၏ ဟူ၍။ |
| ဘဂဝတာ | = | မြတ်စွာဘုရားသည်။ |
| အက္ခာတော | = | ဟောကြားတော်မူအပ်ပြီ။ |

**ဓမ္မတိရေက,ဓမ္မဝိသေသဋ္ဌေန အဘိဓမ္မော**

ခန္ဓာငါးပါးတို့ကို သုတ္တန်ပါဠိတော်တို့၌ တစ်စိတ်တဒေသအားဖြင့်သာ ဟောကြားတော်မူပါတယ်။

အဘိဓမ္မာဒေသနာတော်ရောက်တဲ့အခါ သုတ္တန်နည်းအားဖြင့်ဝေဖန်နည်း, အဘိဓမ္မာနည်း အားဖြင့်ဝေဖန်နည်း, မေးပုံဖြေနည်းအားဖြင့် ဝေဖန်နည်းဟူ၍ အကြွင်းအကျန်မရှိအောင် စိစစ်ဝေဖန်၍ ဟောကြားတော်မူပါတယ်။ ထို့အတူပဲ အာယတန,ဓာတ်,သစ္စာ,ဣန္ဒြေ,ပဋိစ္စသမုပ္ပါဒ်,ဗောဓိပက္ခိယ တရား ၃၇-ပါးအစရှိသော တရားတို့ကို ရသင့်သလို နည်းသုံးမျိုးဖြင့် စိစစ်ဝေဖန်၍ ဟောကြား တော်မူထားပါတယ်။ ဤသို့ထူးခြားသောဓမ္မ, လွန်ကဲသောဓမ္မတို့ကို ဟောတော်မူခြင်းကြောင့် အဘိဓမ္မလို့ခေါ်ပါတယ်။

**ကျမ်းစာပမာဏ**

ဆဋ္ဌသံဂါယနာ စာတော်မူ ကျမ်းစာအနေအားဖြင့်-

| | | | |
|---|---|---|---|
| - ပါဠိတော် | ၇-ကျမ်း၊ | ၁၂-အုပ်၊ | စာမျက်နှာ ၄၉၈၇ |
| - အဋ္ဌကထာ | ၇-ကျမ်း၊ | ၃-အုပ်၊ | စာမျက်နှာ ၁၄၆၁ |
| - ဋီကာ | ၆-ကျမ်း၊ | ၃-အုပ်၊ | စာမျက်နှာ ၁၄၅၈ |
| စုစုပေါင်း | | | စာမျက်နှာ ၇၉၀၆ |

ရှိပါတယ်။

အခု ထေရဝါဒဗုဒ္ဓသာသနာမှာရှိတဲ့ အဘိဓမ္မာခုနစ်ကျမ်း ဒေသနာတော်သည် ကျမ်းစာအနေနဲ့ (၁၂)အုပ်ဆိုပေမယ့် ပေယျာလတွေကို ဖော်ထုတ်ပြီး ရွတ်ကြသင်ကြလျှင် အုပ်ပေါင်း (၁၂၀)ထက် တောင်များနိုင်ပါတယ်။

တချိန်က သင်္ချာပါရဂူပညာရှင်များက ''အဘိဓမ္မာပေယျာလတွေကို သူတို့ရဲ့ သင်္ချာအတတ် ပညာနဲ့ ဖော်ထုတ်ကြမည်''လို့ ကျေးဇူးတော်ရှင် တိပိဋကဓရမင်းကွန်းဆရာတော်ဘုရားကြီးကို လျှောက်ထားကြပါတယ်။ ဆရာတော်ဘုရားကြီးက ''ဒီအတိုင်းပဲ ရွတ်ဖတ် ကြည်ညိုကြပါ''လို့ မိန့်ကြားတော်မူကြောင်း ကြားသိဘူးပါတယ်။

အဘိဓမ္မပိဋကကို အာဂုမ်ပြန် ဖြေဆိုသော အရှင်မြတ်များသည် စာမျက်နှာပေါင်း ၄၉၈၇- ရှိ ကျမ်းစာတို့ကို အာဂုမ်ရွတ်ဆိုပြရပါတယ်။ ရေးဖြေစာမျက်နှာပေါင်း ၇၉၀၆-မျက်နှာတို့ကို ရေးသားဖြေဆိုကြရပါတယ်။

## နေရာဌာနနှင့်ပရိသတ်

အဘိဓမ္မာဒေသနာတော်ကို အဘယ်ကြောင့် ဘုရားရှင်က နတ်ပြည်သို့ကြွပြီး ဟောတော်မူရတာလဲ?

အဘိဓမ္မာဒေသနာတော်သည် ပရမတ္ထသဘာဝဓမ္မ သက်သက်ကိုသာ ဟောတော်မူသည့် ဒေသနာတော်ဖြစ်ခြင်းကြောင့် -

(၁)ပရမတ္ထသဘာဝကို သိမြင်လက်ခံနိုင်သော ပရိသတ်၌ ဟောမှသာ အကျိုးများမည်ဖြစ်ပါသည်။

(၂)ဖြတ်တောက် ဖြတ်တောက်ပြီး ဟောလျှင်လည်း သိမြင်နိုင်သောဓမ္မ မဟုတ်ခြင်းကြောင့် တစ်ဆက်တည်း တစ်ချိန်တည်း ဟောရသည့် ဒေသနာတော်ဖြစ်ပါသည်။

(၃)ထိုကြောင့် တဆက်တည်းတချိန်တည်း နာယူနိုင်သော ပရိသတ်၌ ဟောရမည့်ဒေသနာတော် ဖြစ်ပါသည်။

ဤအင်္ဂါရပ်များနှင့် ကိုက်ညီပြည့်စုံသော တရားနာပရိသတ်သည် လူ့ပြည်ဌာန၌ ဘယ်နေရာမှ မရှိနိုင်သောကြောင့် အဘိဓမ္မာဒေသနာတော်ကို ဘုရားရှင်သည် နတ်ပြည်၌ ဟောတော်မူခြင်းဖြစ်ပါသည်။

အချိန်အတိုင်းအတာ အနေနဲ့ကြည့်လျှင် တာဝတိံသာ နတ်ပြည်မှာ လူတို့အရေအတွက်အားဖြင့် ဝါတွင်းသုံးလလို့ ခေါ်ဝေါ်ပြောဆိုသော်လည်း လူ့ပြည်မှာ နှစ်ပေါင်း (၁၀၀) လပေါင်း (၁၂၀၀) ရက်ပေါင်း (၃၆၅၀၀) ကြာမှ တာဝတိံသာနတ်ပြည်မှာ တစ်ရက်ပဲရှိပါတယ်။ လူ့ပြည်က ရက်ပေါင်း (၉၀)ဆိုတော့ တာဝတိံသာနတ်သက်အနေနဲ့ တွက်ကြည့်လျှင် နာရီပိုင်းလောက်ပဲရှိမှာပါ။ ဗြဟ္မာများအနေနဲ့ စက္ကန့်ပိုင်းလောက် ဖြစ်ပါလိမ့်မည်။

ဒုတိယအချက်က အဘိဓမ္မာဒေသနာတော်ဟာ သာမန်ဉာဏ်အမြင်နဲ့သဘာဝကို မသိနိုင်ပါဘူး၊ အဲဒါကြောင့် ကိုယ်နားမလည် သဘောမပေါက်တာကို လှည့်ပတ်ဖုံးလွှမ်းတဲ့အနေနဲ့ "အဘိဓမ္မာဟာ ဘုရားဟောတာ မဟုတ်ဘူး"လို့ ပြောလိုက်တော့ သင်စရာလည်းမလိုဘူး၊ သိစရာလည်း မလိုတော့ဘူး၊ အဘိဓမ္မာ ဓမ္မသဘာဝတွေက သတ္တဝါတိုင်းရဲ့သန္တာန်မှာ အထင်အရှားရှိနေပါတယ်။ နေ့စဉ် ခဏတိုင်းခဏတိုင်း ဖြစ်ပေါ်နေတဲ့ သဘာဝဓမ္မတွေကို သဘာဝဓမ္မ (အဘိဓမ္မာ) အမြင်ဖြင့် မြင်တတ်ကြည့်တတ်လျှင် လက်ရှိဖြစ်ပေါ်နေတဲ့ ကိလေသာတွေ အဖြစ်နည်းပြီး တဖြေးဖြေး ကုန်သွားနိုင်တယ်၊ ပေါ်နေတဲ့ပြဿနာတွေ ငြိမ်းသွားမယ်၊ ဆင်းရဲဒုက္ခတွေ ချုပ်ငြိမ်းကုန်ဆုံးသွားမယ်၊ ယောဂီတွေ အားထုတ်နေကြတဲ့ သတိပဋ္ဌာန်လေးပါးဟာ အဘိဓမ္မာသဘာဝတွေပဲ။ အဘိဓမ္မာ တတ်လျှင် သတိပဋ္ဌာန်လေးပါးကို ရှုမှတ်ပွားများဖို့ လွယ်သွားပါတယ်။ အဘိဓမ္မာသဘာဝကိုမြင်မှ

ဝိပဿနာလမ်းကြောင်း ပေါ်ရောက်မယ်။ ဝိပဿနာလမ်းကြောင်းမှန်မှ မဂ်လမ်းကြောင်းပေါ်ကို ရောက်မယ်။ မဂ်လမ်းကြောင်းပေါ်ရောက်မှ သစ္စာသိမြင် ကျွတ်တမ်းဝင် နိဗ္ဗာန်တိုင်ထိ ချမ်းသာမယ်။ အဘိဓမ္မာကိုမသိလျှင် ဆရာကောင်းလည်းမရှိလျှင် နိဗ္ဗာန်နဲ့လွဲလိမ့်မယ်၊ အဲဒါကြောင့် ဉာဏ်ပညာထက်မြက်တဲ့ နတ်၊ ပြဟ္မာပရိသတ်ရှိတဲ့ နတ်ပြည်သို့ကြွရောက်ပြီး အဘိဓမ္မာတရားတော်မြတ်ကို ဟောတော်မူပါတယ်။

နောက်တစ်ချက်က လူသားတွေက ရက်ပေါင်း (၉၀)တိုင်အောင် နေ့/ည မနားတမ်း တဆက်တည်း တရားနာနိုင်တဲ့ပုဂ္ဂိုလ် ဘယ်မှာရှိမှာလဲ စားသောက်ချိန်၊ ကိုယ်လက်သန့်ရှင်းရေး ပြုလုပ်ချိန် စားသောက်ဖို့အတွက် ရှာဖွေချက်ပြုတ်ရ စသည့်အချိန်တွေကို နှုတ်လိုက်လျှင် တစ်နေ့ တရားနာယူချိန် ဘယ်လောက်ရမည်လဲ? အဘိဓမ္မာဒေသနာတော်က နာလိုက်နားလိုက်နဲ့ ပြတ်တောင်းပြတ်တောင်း ဟောရတဲ့၊ နာရတဲ့ ဒေသနာမဟုတ်ဖူး၊ တဆက်တည်းဟော တဆက်တည်း နာယူရတဲ့ ဒေသနာတော်ဖြစ်ပါတယ်။ အဲဒါကြောင့်လည်းပဲ တဆက်တည်းနာယူနိုင်တဲ့ ပရိသတ်ရှိရာ တာဝတိံသာနတ်ပြည်ကိုကြွပြီး ဟောတော်မူခြင်းဖြစ်ပါတယ်။

နောက်တစ်ချက်က ဘုရားရှင်အနေနဲ့ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနဲ့ မိထွေးတော်ဂေါတမီ တို့ကို ထိုက်ထိုက်တန်တန် ဓမ္မကျေးဇူးဆပ်ပြီးပါပြီ။ မယ်တော်မာယာဒေဝီကို ကျေးဇူးဆပ်ဖို့က ရှိနေပါသေးတယ်၊ မယ်တော်က နတ်ပြည်ရောက်နေတော့ မယ်တော်ကို ဓမ္မနဲ့ ကျေးဇူးဆပ်ဖို့ရှိတဲ့ အတွက် နတ်ပြည်သို့ကြွပြီး တရားဟောတော်မူခြင်းဖြစ်ပါတယ်။ အဘိဓမ္မာဒေသနာတော်ကို နာယူပြီး မယ်တော်သန္တုသိတနတ်သား သောတာပန်အရိယာသာဝကဖြစ်သွားပါတယ်၊ အပယ်တံခါး ပိတ်သွားပါပြီ၊ တရားတော်က ရဟန္တာဖြစ်သည်အထိ အကျိုးရှိသော်လည်း ပါရမီဉာဏ်က သောတာပန်လောက်ပဲရှိလို့ သောတာပန်ပဲ ဖြစ်သွားပါတယ်။

## သဘာဝတရား

လောက၌ နေ့စဉ်ကြားသိ တွေ့မြင်နေရသော သက်ရှိ၊ သက်မဲ့ အရာဝတ္ထုတိုင်းသည် အမှန်တကယ် ထင်ရှားရှိနေသော ပရမတ္ထ သဘာဝဓမ္မများမဟုတ်ပါ။ အပေါ်ယံဒြဗ်အားဖြင့် မှတ်သား ခေါ်ဝေါ်၍ လွယ်ကူစေရန် အသိအမှတ်ပြုထားသည့် 'သမ္မုတိသစ္စာ'များသာဖြစ်ပါသည်။

'လူ'ဟူသော ပညတ်အတွင်း၌ အမှန်တကယ်ထင်ရှားရှိနေသော ရုပ်ဓာတ်၊ နာမ်ဓာတ် တို့သည်သာ ပရမတ္ထသဘာဝတရား များဖြစ်ပါသည်၊ ယင်းရုပ်နာမ်တို့ကိုသာ ပရမတ္ထဓမ္မ၊ ဟုခေါ်သည်၊ လူကောင်ကြီးကို ပရမတ္ထဓမ္မ၊ဟု မခေါ်ပါ။

ထို့အတူ သစ်ပင်၊တော၊တောင် အစရှိသော သက်မဲ့အရာဝတ္ထုများသည် မြေ၊ရေ၊လေ၊ မီးဓာတ်ကြီးလေးပါးတို့၏ အစုအဝေးမျှသာ ဖြစ်သည်။ ထို သစ်ပင်၊တော၊တောင်တို့သည် ပရမတ္ထ သဘာဝတရားများ မဟုတ်ပါ။ ယင်းတို့၌ အမှန်တကယ် ထင်ရှားရှိနေသော ရုပ်ဓာတ်တို့သည် သာလျှင် ပရမတ္ထသဘာဝတရားများဖြစ်၍ ယင်းတို့ကို 'ပရမတ္ထဓမ္မ'ဟုခေါ်ရသည်။

## ဓမ္မသည် အတ္တ,ဇီဝမဟုတ်

ရုပ်ဓာတ်,နာမ်ဓာတ်အားဖြင့်နှစ်ပါးသော ပရမတ္ထသဘာဝ တရားတို့သည် တွေ့ထိခြင်း (=ဖုဿန)၊ ခက်မာခြင်း(=ကက္ခဠ)အစရှိသော ကိုယ်ပိုင်သဘောလက္ခဏာ အသီးသီးကို ဆောင်ထား ကြပါတယ်။ ထိုအသီးသီးသော ကိုယ်ပိုင်သဘောလက္ခဏာအားဖြင့် ပညာရှိတို့ မှတ်သားထား ကြပါတယ်။ အကြောင်းမဲ့ အလိုအလျောက် ဖြစ်ပေါ်လာကြသည်မဟုတ်ပဲ အကြောင်းတရားတို့၏ ဆောင်ထားမှု, ထောက်ပံ့မှုတို့ကြောင့်သာ ဖြစ်ပေါ်လာကြပါတယ်။ ထိုပရမတ္ထသဘာဝတရား တို့သည် သတ္တဝါအကောင်အထည်ဒြဗ်ဝတ္ထု မဟုတ်ကြပါ။ အသက်, လိပ်ပြာ, ဝိညာဉ်အစရှိသည်ဖြင့် အမျိုးမျိုး ခေါ်ဝေါ်ယူဆနေသော အတ္တ,ဇီဝလည်း မဟုတ်ပါ။ နိဿတ္တ= သတ္တဝါလည်း မဟုတ်ပါ။ နိဇ္ဇီဝ= အသက်, လိပ်ပြာ, ဝိညာဉ်လည်း မဟုတ်ပါ။ ထိုပရမတ္ထ သဘာဝတို့၏ အတွင်း၌ အတ္တ,ဇီဝမရှိပါ။

## အရိုးကိုအရွက်ဖုံး

သက်ရှိ,သက်မဲ့ လောကအတွင်း၌ အမှန်တကယ် ထင်ရှား ရှိနေသော ထိုရုပ်,နာမ်သဘာဝ ပရမတ္ထတို့ကို ပုထုဇဉ်သတ္တဝါတို့သည် အများအားဖြင့် အမှန်အတိုင်း မသိမမြင်ကြပါဘူး။ အပေါ်ယံ ပညတ်များ၏ ဖုံးအုပ်ထားခြင်းကို ခံနေကြရပါတယ်။ ဤသို့သိမြင်ရန် မလွယ်ကူသောကြောင့်လည်း ဘုရားရှင်သည် သုတ္တန်ဒေသနာတော်တို့၌ ပရမတ္ထသဘာဝတရားသက်သက်ကို ဟောတော်မမူပဲ အများသိမြင် နားလည်လွယ်သည့် ဝေါဟာရပညတ်များနှင့် ယှဉ်တွဲ၍သာ ဟောတော်မူပါသည်။

အဘိဓမ္မာဒေသနာတော်သည် အပေါ်ယံပညတ်ကိုမှုတည်၍ ဟောကြားသည့် ဒေသနာတော် မဟုတ်ပါ။ တကယ်အစစ်အမှန်အားဖြင့် ထင်ရှားရှိသည့် ပရမတ္ထသဘာဝတရားများကိုသာ ဖော်ထုတ် ၍ ဟောတော်မူသည့် 'ပရမတ္ထဒေသနာတော်'ဖြစ်ပါသည်။ သတ္တဝါတို့၏ အလိုစရိုက်ကို မလိုက်ပဲ သဘောတရားရှိသလောက် ပြည့်ပြည့်စုံစုံ ကုန်စင်အောင် ဟောကြားတော်မူသည့် ''ယထာဓမ္မ ဒေသနာ''တော်ဖြစ်ပါသည်။ ထိုကြောင့် ရှိရှိသမျှ ပရမတ္ထဓမ္မ သဘာဝအားလုံးကို ရနိုင်သမျှသော နည်းအမျိုးမျိုးတို့ဖြင့် သိမ်းကျုံးစုပေါင်း၍ ဟောတော်မူထားပါသည်။

## အဘိဓမ္မာအမြင်နှင့် ရုပ်နာမ်တရားများ

အဘိဓမ္မာဟူသည် ပရမတ္ထတရား တကယ်အရှိတရား အမှန်အတိုင်းသိနိုင်သည့် သိရမည့် တရားဖြစ်ပါသည်။ ယနေ့ အဘိဓမ္မာကို သင်ယူနေရုံ ရွတ်ဖတ်နေရုံမျှဖြင့် ကျေနပ်နေရမည့်တရား မဟုတ်ပါ၊ အဘိဓမ္မာသဘာဝကို ဉာဏ်ပညာဖြင့် သိမြင်ကျွမ်းကျင်သည်အထိ ဆက်လက် အားထုတ် ရမည့် ပရမတ္ထဓမ္မသဘာဝများဖြစ်ပါသည်။

အဘိဓမ္မာ ဓမ္မသဘာဝများကို မိမိတို့၏ ကိုယ်တွင်းကိုယ်ပ အဇ္ဈတ္တ,ဗဟိဒ္ဓတို့၌ မြင်အောင် ကြည့်တတ်လျှင် ကာယ, ဝေဒနာ, စိတ္တ, ဓမ္မဟူသော သတိပဋ္ဌာန်တရားကို ပွားများပြီးသား ဖြစ်ပါသည်။ ဖြစ်ပေါ်နေသမျှ တွေမြင်ကြားသိနေသည့် အာရုံအရှုခံတရားများကို သတိပဋ္ဌာန်လေးပါး (အဘိဓမ္မာအမြင်)ဖြင့် ရှုမြင်နေလျှင် ရုပ်,နာမ် အဘိဓမ္မာ ပရမတ္ထသဘာဝဓမ္မကို သိမြင်လာပြီး

ရှေးဦးစွာ ဒိဋ္ဌိအမြင်များ ပြုတ်ကွယ်သွားပါလိမ့်မည်၊ အနိစ္စ၊ဒုက္ခ၊အနတ္တ ဝိပဿနာဉာဏ် အမြင်သန်လာပြီး ဝိပဿနာလမ်းကြောင်းပေါ်သို့ရောက်ရှိလာပါလိမ့်မည်။

ထိုသို့ ဒိဋ္ဌိအမြင်ကွယ်ပျောက်သွားသည့် ယောဂီပုဂ္ဂိုလ်ကို ``စူဠသောတာပန်``ဟု သူတော်ကောင်းများက သတ်မှတ်တော်မူခဲ့ကြပါသည်။ ဒိဋ္ဌိအမြင်များ ပျောက်ကွယ်သွားလျှင် အဘိဓမ္မာ သဘာဝကို လက်ခံကျင့်သုံးသော သူတော်စင်များဖြစ်ပါလိမ့်မည်။

မိမိတို့သည် အရာရာ၌ ပရမတ်အဘိဓမ္မာ၊ ရုပ်နာမ်သဘာဝတို့ကို ပညတ်အမြင်ဖြင့် ရှုကြည့်သိမြင်နေကြသဖြင့် သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသမီးတို့ တငြိုးငြိုးတထိန်ထိန် လောင်မြိုက်ခံနေကြရပါသည်။ သမ္မုတိပညတ်အမြင်များကိုခွါ၍ အဘိဓမ္မာအမြင်ဖြင့် အမှန်သဘာဝ ဓမ္မတို့ကို သိမြင်ကြရသည့်အခါတွင် ထိုသောကအစရှိသော မီးအရှိန်တို့ကို ဉာဏ်ပညာ တည်းဟူသော ရေစင်ရေအေးဖြင့် ငြိမ်းသတ်နိုင်ကြပါလိမ့်မည်။

ပရမတ်ဉာဏ်အမြင် အဘိဓမ္မာဉာဏ်အမြင် ဝိပဿနာဉာဏ်အမြင်သည်သာလျှင် အပူမီးတောက် ခပ်သိမ်းတို့ကို ငြိမ်းပျောက်စေနိုင်သည့် ရေစင်ရေအေးဖြစ်ပါသည်။

## ယနေ့အဘိဓမ္မာ

အဘိဓမ္မာဒေသနာတော်က-

၁။ ဘုရားရှင် တာဝတိံသာနတ်ပြည်မှာ ဟောတော်မူတဲ့ဒေသနာတော်က ရေတွက်သတ်မှတ်လို့ မရနိုင်လောက်အောင် များပြားလှကြောင်း အဋ္ဌကထာများ၌ မိန့်တော်မူထားပါသည်။ ထို့ကြောင့် ဝိတ္ထာရ (အကျယ်) ဒေသနာတော်ဖြစ်ပါတယ်။

၂။ စန္ဒကူးတောမှာ နေ့သန့်အနားယူစဉ် ဘုရားရှင်က အရှင်သာရိပုတ္တရာအား ဟောတော်မူတဲ့ ဒေသနာတော်က သင်္ခေပ (အကျဉ်းချုပ်) ဒေသနာတော်ဖြစ်ပါတယ်။

၃။ အရှင်သာရိပုတ္တရာက ကဿပဘုရားရှင်သာသနာတော်က လင်းနို့သားဖြစ်ခဲ့ဘူးတဲ့ အဘိဓမ္မ ပါရမီရှင် တပည့်ရဟန်းတော် ငါးရာအား ဟောကြားတော်မူတဲ့ ဒေသနာတော်က 'နာတိသင်္ခေပ၊နာတိဝိတ္ထာရ (မကျဉ်းလွန်း မကျယ်လွန်း)ဒေသနာတော်ဖြစ်ပါတယ်။

ယခုဆဋ္ဌသံဂါယနာတင် အဘိဓမ္မာဒေသနာတော်သည် တပည့်ရဟန်းတော်ငါးရာတို့အား အရှင်သာရိပုတ္တရာမထေရ် ဟောကြားတော်မူအပ်သော **နာတိသင်္ခေပ နာတိဝိတ္ထာရ** အဘိဓမ္မာဒေသနာတော်မြတ်ဖြစ်ပါသည်။

## ထူးခြားသည့် အဘိဓမ္မာပါရမီရှင်များ

၁။ အရှင်သာရိပုတ္တရာမထေရ်မြတ်သည် လူသားထည်း၌ ဘုရားရှင်ထံက ရှေးဦးစွာ အဘိဓမ္မာ ဒေသနာတော်ကို နာယူခွင့်ရသော အဘိဓမ္မာပါရမီရှင်ကြီး ဖြစ်ပါသည်။

၂။ အရှင်သာရိပုတ္တရာမထေရ်မြတ်၏ တပည့် ရဟန်းငါးရာသည် အဘိဓမ္မာဒေသနာတော်မြတ်ကို ဒုတိယနာယူခွင့် သင်ယူခွင့်၊ မပျောက်ပျက်အောင် ဆောင်ထားခွင့်ရကြသော အဘိဓမ္မာပါရမီ

ရှင်များဖြစ်ကြပါသည်။

ထိုအဘိဓမ္မာဒေသနာတော်သည် ထိုရဟန်းငါးရာကို ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ် အဆင့်ဆင့်ဖြင့် အာသဝေါကုန်ခမ်း ရဟန္တာဖြစ်စေသော ဓမ္မရတနာပင် ဖြစ်ပါသည်။ ထိုရဟန်းတော်ငါးရာသည် ထိုအဘိဓမ္မာ ဒေသနာတော်ကို ရှုမှတ်၍ ဝိပဿနာရှုတော်မူကြခြင်းကြောင့် သံသရာဝဋ်ဒုက္ခဇာတ်သိမ်း၍ ရွှေပြည်နိဗ္ဗာန်သို့ ရောက်ရှိတော်မူကြပါသည်။ ထို့ကြောင့် ဖြစ်ပေါ်လာသည့် အဘိဓမ္မာသဘာဝဓမ္မတို့ကို အဘိဓမ္မာဉာဏ်အမြင်ဖြင့် ရှုမြင်နိုင်ကြလျှင် ပြဿနာအားလုံးနှင့် ဒုက္ခဇာတ် သိမ်းနိုင်ကြပါလိမ့်မည်။

အရှင်သာရိပုတ္တရာမထေရ်မြတ်၏ တပည့်ရဟန်း ငါးရာသည် ကဿပဘုရားရှင်သာသနာတော်၌ အဘိဓမ္မာဆောင် မထေရ်မြတ်များ၏ ရွတ်ဖတ်တော်မူကြသည့် အဘိဓမ္မာဒေသနာတော်အသံကို အာရုံပြု ကြားနာခဲ့သော အဘိဓမ္မာပါရမီရှင်များဖြစ်ကြပါသည်။ အဘိဓမ္မာဘာဏကပုဂ္ဂိုလ်မြတ်များကဲ့သို့ ကုသိုလ်,အကုသိုလ်, ဖဿ,ဝေဒနာ အစရှိသော အဘိဓမ္မာ သဘာဝဓမ္မများကို သိရှိနားလည်ကြသူများ မဟုတ်ကြပါ၊ အဘိဓမ္မာဟုလည်း မသိပါ။

အဘိဓမ္မာဒေသနာတော်သံတည်းဟူသော ပါရမီကောင်းမှုကြောင့် အရှင်သာရိပုတ္တရာမထေရ်မြတ်ပြီးလျှင် လူသားပုဂ္ဂိုလ်များထဲ၌ ရှေးဦးစွာ အဘိဓမ္မာဒေသနာတော်မြတ်ကို နာယူခွင့်, သင်ယူခွင့်, ပွားများခွင့်,ဝိပဿနာဉာဏ်,မဂ်ဉာဏ်,ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာကို ခံစားခွင့်အစရှိသော အခွင့်ထူးကြီးကို ရရှိခံစားသွားကြပါသည်။

**အဘိဓမ္မာသည်-**

၁။ ဒေသနာအားဖြင့်-

ပရမတ္ထသဘာဝဓမ္မတို့၌ ကျွမ်းကျင်လိမ္မာတော်မူသော ဘုရားရှင်သည် ပရမတ္ထသဘာဝဓမ္မတို့ကို များသောအားဖြင့် ဟောတော်မူအပ်သောကြောင့် အာဏာဒေသနာ, ဝေါဟာရဒေသနာ, ပရမတ္ထဒေသနာဟူသော ဒေသနာ သုံးမျိုးတို့တွင် ''ပရမတ္ထဒေသနာ'' ဖြစ်ပါသည်။

၂။ သာသနာအားဖြင့်-

ရုပ်နာမ်ဓမ္မ အစုအပုံမျှ၌ 'ငါ, ငါ့ဥစ္စာ' ဟုမှတ်ထင်နေကြသော သတ္တဝါတို့ကို ဤအဘိဓမ္မာပိဋကတ်၌ သဘာဝ ဓမ္မအားလျော်စွာ ဆုံးမတော်မူအပ်သောကြောင့် 'ယထာပရာဓသာသနာ, ယထာနုလောမသာသနာ, ယထာဓမ္မသာသနာဟူသော သာသနာတော် သုံးရပ်တွင် ''ယထာဓမ္မဒေသနာတော်''ဖြစ်ပါသည်။

၃။ ကထာအားဖြင့် -

ဤအဘိဓမ္မပိဋကဌ် ရာဂအစရှိသော ကိလေသာတို့၏ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်ကုန်သော ရုပ်နာမ်တို့ကို ပိုင်းခြားသတ်မှတ်၍ ဟောတော်မူအပ်သောကြောင့် 'သံဝရာသံဝရကထာ, ဒိဋ္ဌိဝိနိဝေဌနကထာ, နာမရူပပရိစ္ဆေဒကထာဟူသော ကထာ သုံးမျိုးတို့တွင် ''နာမရူပပရိစ္ဆေဒကထာ''ဖြစ်ပါသည်။

၄။ သိက္ခာအားဖြင့် -

ဤအဘိဓမ္မာပိဋကသည် အထူးအားဖြင့် အဓိပညာသိက္ခာကို ဟောတော်မူအပ်သောကြောင့် အဓိသီလသိက္ခာ၊ အဓိစိတ္တသိက္ခာ၊ အဓိပညာသိက္ခာသုံးမျိုးတို့တွင် ''အဓိပညာသိက္ခာ'' ဖြစ်ပါသည်။

၅။ ပဟာနအားဖြင့် -

အသိဉာဏ်ပညာ၏ အနုသယနှင့် ဆန့်ကျင်ဘက်ဖြစ်သောကြောင့် 'ဝီတိက္ကမပဟာန်၊ ပရိယုဋ္ဌာနပဟာန်၊ အနုသယပဟာန် သုံးမျိုးတို့တွင် 'အနုသယပဟာန်' ဖြစ်ပါသည်။

- ပညာဖြင့် ကိလေသာတို့ကို အကြွင်းအကျန်မရှိအောင် ပယ်သတ်နိုင်သောကြောင့် 'တဒင်္ဂပဟာန်၊ဝိက္ခမ္ဘနပဟာန်၊ သမုစ္ဆေဒပဟာန်သုံးမျိုးတို့တွင် 'သမုစ္ဆေဒပဟာန်' ဖြစ်ပါသည်။
- အဘိဓမ္မာပိဋကဖြင့် ဒုစ္စရိတသံကိလေသ၊ တဏှာသံကိလေသ၊ ဒိဋ္ဌိသံကိလေသ သုံးမျိုးတို့တွင် 'ဒိဋ္ဌိသံကိလေသ'ကို ပယ်ပါသည်။
- ဝိနယပိဋကသည် ဟောတော်မူအပ်သော သီလဓမ္မတို့ကို ပြည့်စုံအောင်ကျင့်သော ရဟန်းတော်သည် သီလပြည့်စုံမှုကို အကြောင်းပြု၍ ပု၊ဒိ၊အာဟူသော ဝိဇ္ဇာဉာဏ် သုံးပါးသို့ ရောက်နိုင်ပါသည်။
- သုတ္တန်ပိဋကတ်၌ ဟောတော်မူအပ်သော သမာဓိဓမ္မတို့ကို ပြည့်စုံအောင်ကျင့်သုံးသော ပုဂ္ဂိုလ်သည် သမာဓိပြည့်စုံမှုကို အကြောင်းပြု၍ အဘိညာဉ် ၆-ပါးတို့ကို ရရှိနိုင်ပါသည်။
- အဘိဓမ္မာပိဋကသည် ဟောတော်မူအပ်သော ပရမတ္ထဓမ္မတို့ကို ပြည့်စုံအောင် ကျင့်သုံးသော ပုဂ္ဂိုလ်သည် ပညာနှင့်ပြည့်စုံမှုကို အကြောင်းပြု၍ ပဋိသမ္ဘိဒါဉာဏ်လေးတန်နှင့် ပြည့်စုံခြင်းသို့ ရောက်နိုင်ပါသည်။
- ဝိနယပိဋကသည် ဟောတော်မူအပ်သော သီလဓမ္မတို့ကို ပြည့်စုံအောင် မဖြည့်ကျင့်သော ရဟန်းသည် ''ဒုသီလ=သီလပျက်စီးသူ''ဟူသော အပြစ်ဖြစ်နိုင်ပါသည်။
- သုတ္တန္တပိဋကသည် ဟောတော်မူအပ်သော သမာဓိဓမ္မတို့ကို မကျင့်သော ပုဂ္ဂိုလ်သည် မိစ္ဆာဒိဋ္ဌိ= အယူအမြင် မှားယွင်းသူဟူသော အပြစ်ဖြစ်နိုင်ပါသည်။
- အဘိဓမ္မာပိဋကသည် ဟောတော်မူအပ်သော ပညာဓမ္မတို့ကို ကျော်လွန်၍ ကြံစည်သောသူသည် မကြံစည်အပ်သောအရာကို ကြံစည်သောကြောင့် စိတ္တက္ခေပ= စိတ်ပျံ့လွင့် ရူးသွပ်ခြင်းဟူသော အပြစ်ဖြစ်နိုင်ပါသည်။

အဲဒီပရမတ္ထသဘာဝ ရုပ်+နာမ်ဓမ္မတို့ကို အမှန် အတိုင်းသိမြင်လျှင် ဖန်ဆင်းရှင်ဝါဒ၊အလိုလို ဖြစ်လာသည်ဟူသော 'အဟေတုကဒိဋ္ဌိ'တွေ ကင်းပျောက်သွားပါလိမ့်မယ်။ အဲဒါကြောင့် အဘိဓမ္မာပိဋကကို တတ်သိလျှင် ''ဒိဋ္ဌိသံကိလေသ''ကို ပယ်နိုင်သည်ဟု ဟောတော်မူပါသည်။

**သယံ ဗုဒ္ဓေါ သမ္မောဓေသိ၊ ဓမ္မေပိ ဓမ္မသတ္တိယော။**
**အဟော နော တသ္သ သုတတ္တံ၊ အဟော နော ဓမ္မစိန္တနံ။**

| | |
|---|---|
| **ယောဗုဒ္ဓေါ** | = အောင်မြေနက်သံ ဗောဓိမဏ်ဝယ် အောင်လံ့စွင့်စွင့် လွှင့်တလူလူ အကြင် အောင်တော်မူ မြတ်စွာဘုရားသည်။ |
| **ဓမ္မေပိ** | = ရှေ့နောက်စဉ်လျက် ဖြစ်တိုင်းပျက်သည့် သက်သက်မနော သဘောတရား တို့ကို လည်းကောင်း။ |
| **ဓမ္မသတ္တိယောပိ** | = တရားတိုင်း၏ ဓာတ်ခံထိလျက် သတ္တိအင်အား စွမ်းပကားတို့ကို လည်းကောင်း။ |
| **သယံဗုဒ္ဓေါ** | = ကိုယ်တိုင်စထွင် သိမြင်တော်မူပြီးသည်ဖြစ်၍။ |
| **သမ္မောဓေသိ** | = သိနိုင်သမျှ ဝေနေယျကို မြွက်ဟလှစ်ချွေ သိစေတော်မူခဲ့ပါပေပြီ။ |
| **တသ္သ ဗုဒ္ဓဿ** | = အောင်မြေနက်သန် ဗောဓိမဏ်ဝယ် အောင်လံ့စွင့်စွင့် လွှင့်တလူလူ ထိုအောင်တော်မူ မြတ်စွာဘုရား၏။ |
| **သုတတ္တံ** | = တရားရင်နှစ် သားတော် သမီးတော်ဖြစ်ရခြင်းသည်။ |
| **အဟော နော** | = ကိုယ့်တွက်ကိုယ့်တာ ကိုယ်ကျိုးပါသဖြင့် ကိုယ့်မှုခုနှယ် သြော် ဝမ်းမြောက် ဖွယ်ကြီးပါတကား။ |
| **ဓမ္မစိန္တနံ** | = ရှေ့နောက်စဉ်လျက် ဖြစ်တိုင်းပျက်သည့် သက်သက်မနော တရားသဘော တို့ကို ဉာဏ်ဖြင့်ခွဲဝေ ကြံစည်၍နေရခြင်းသည်။ |
| **အဟောနော** | = ကိုယ်သန္တာန်တွင်း ဉာဏ်ရောင်လင်းလျက် ရှင်းကာရှင်းကာ သြော် ... ဝမ်းမြောက်ဖွယ်ကြီးပါတကား။ |

အရှင်ကုမာရ
(အဂ္ဂမဟာပဏ္ဍိတ)
ပါမောက္ခချုပ်ဆရာတော်
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)

၁.၂.၂၀၁၆ နေ့
အဘိဓမ္မပိဋကမဟာဌာနစာတမ်းဖတ်ပွဲ ၌
ဒုတိယပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တဇောတိက(အဂ္ဂမဟာပဏ္ဍိတ)
မြွက်ကြားအပ်သော

# ဥယျောဇနကထာ

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ဆရာတော်နှင့်တကွ စာတမ်းရှင်များအပါအဝင် သံဃာတော်များ၊ လူပုဂ္ဂိုလ်ပညာရှင်များအားလုံးကို စုံစုံညီညီ ဖူးမြော်ခွင့်၊ တွေ့ဆုံခွင့်ရသည့်အတွက် ဝမ်းမြောက်ကြည်နူးမိပါကြောင်း ဦးစွာ ပြောကြားပါရစေ။

အဘိဓမ္မာဆိုင်ရာစာတမ်းဖတ်ပွဲဖြစ်သဖြင့် အဘိဓမ္မာနှင့် ပတ်သက်ဆက်နွှယ်သောအမြင်ကို အနည်းငယ်တင်ပြပါမည်။

ဗုဒ္ဓမြတ်စွာ မဟာပရိနိဗ္ဗာန်စံတော်မူခါနီးအချိန်မှာ "ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော" စသည်အားဖြင့် နောက်ဆုံးမှာတမ်းစကားတော်ကို မိန့်ကြားတော်မူခဲ့ပါသည်။ ထိုနောက်ဆုံးမှာတမ်းစကားတော်မှာပါသည့် ဓမ္မဟူသည် အဘိဓမ္မ၊ သုတ္တန္တဓမ္မ နှစ်မျိုးစလုံးကို ဆိုလိုခြင်းဖြစ်သည်။

ထိုနှစ်မျိုးတွင် အဘိဓမ္မသည် ပဓာနအကျဆုံး၊ အခြေခံအကျဆုံးဖြစ်သည်။ အဘိဓမ္မမှ သုတ္တန္တဓမ္မ ဟူသော အညွန့်အညှောက် အကိုင်း အခက် အရွက်စသည် ဖြာထွက်လာခြင်းဖြစ်ကြောင်း နားလည်သဘောပေါက်ရမည်ဖြစ်သည်။

ပဉ္စက္ခန္ဓာ၊ ဒွါဒသာယတနာနိ - စသည်အားဖြင့် သဘာဝသက်သက်ကိုသာ ဟောကြားတော်မူအပ်သော ဓမ္မသည် အဘိဓမ္မဖြစ်သည်။ ထိုအဘိဓမ္မကို အခြေခံ၍ လောကဖြစ်ရပ်၊ ဖြစ်စဉ်များကို သက်သေသာဓကထုတ်ပြ၍ တရားနာပရိသတ်များ ထင်သာမြင်သာရှိလာအောင်၊ နားလည်သဘောပေါက်လာအောင် ရှင်းလင်းဟောကြားတော်မူအပ်သော ဓမ္မသည် သုတ္တန္တဓမ္မ ဖြစ်သည်။

သုတ္တန္တပိဋကဟူ၍ အသိအမှတ်ပြုကြသည့် ဒီဃနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်- စသော ကျမ်းများကို လေ့လာကြည့်လျှင် ခန္ဓာငါးပါး၊ အာယတနဆယ့်နှစ်ပါး၊ ဓာတ်ဆယ့်ရှစ်ပါးစသည်များနှင့် ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ပညာ၊ ဝီရိယ၊ မနသိကာရ-စသော နာမ်သဘော အဘိဓမ္မသဘာဝနှင့်ကင်းပြီး ရှင်းလင်းဟောကြားထားသောဒေသနာ မရှိသည်ကို တွေ့ရမည်ဖြစ်သည်။ သုတ္တန္တဓမ္မများတွင် တရားနာပရိသတ်၏ စရိုက်၊ စိတ်နေစိတ်ထားနှင့် ကိုက်ညီအောင် မျက်မှောက်အဖြစ်အပျက်၊ မျက်မှောက် အခြေအနေများကို မီးမောင်းထိုးပြပြီး အဘိဓမ္မသဘာဝကို ရှင်းရှင်းလင်းလင်းသိအောင် ဟောကြားထားခြင်းဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်သည်။

အချို့ပုဂ္ဂိုလ်များက "အဘိဓမ္မာသည် ဘုရားဟောမဟုတ်"ဟုဆိုပြီး အဘိဓမ္မာကို လက်မခံ

လိုကြပေ။ ထိုပုဂ္ဂိုလ်များသည် အဘိဓမ္မာသဘာဝကို အသေအချာ နားလည်ခြင်းမရှိ၍ ထိုကဲ့သို့ ဆိုခြင်းဖြစ်သည်။

ပဋ္ဌကဏ္ဍာ၊ ဒွါဒသာယတနာနိ-စသော ဒေသနာသည် အဘိဓမ္မဒေသနာဖြစ်သည်။ ထိုဒေသနာကို အဘိဓမ္မာဟူ၍ သတ်မှတ်ထားသော ပိဋကဌ် ဟောသည်ဖြစ်စေ၊ သုတ္တန္တဟူ၍ သတ်မှတ်ထားသော ပိဋကဌ် ဟောသည်ဖြစ်စေ အဘိဓမ္မသည် အဘိဓမ္မပင် ဖြစ်သည်။ မည်သည့်ပိဋကဌ် ဟောသည်ဖြစ်စေ တူညီသောအနက်အဓိပ္ပါယ်သဘောသဘာဝကို ဖော်ဆောင်နိုင်သည်သာ ဖြစ်သည်။ သုတ္တန်၌ ဟောသည့်အတွက်ကြောင့် အဘိဓမ္မသဘာဝသည် ဖောက်လွဲဖောက်ပြန် ဖြစ်သွားခြင်း အလျဉ်းမရှိပေ။ ထို့ကြောင့် အဘိဓမ္မာကို ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သည်ဟု ယုံမှားသံသယကင်းစွာ မှတ်သားရမည်ဖြစ်သည်။

အဘိဓမ္မသည် သဘာဝအရှိတရားဖြစ်သည်။ သက်ရှိသတ္တဝါများသည် ထိုအဘိဓမ္မသဘာဝ ဖြင့်ပင် တည်ရှိနေကြပါသည်။ ထိုသက်ရှိ/သက်မဲ့သဘာဝသည် အဘိဓမ္မ၏ သာဓကပင်ဖြစ်သည်။ ထိုအရှိသဘာဝ၏ အရှိအတိုင်းဖြစ်နေသည်ကို ထောက်ရှုခြင်းအားဖြင့် အဘိဓမ္မာသည် ဗုဒ္ဓဟောကြားတော်မူခဲ့သည့် ဒေသနာအဖြစ် လက်ခံရမည်သာ ဖြစ်သည်။

ယခုကဲ့သို့ အဘိဓမ္မာဆိုင်ရာ စာတမ်းဖတ်ပွဲများကို ကျင်းပပြုလုပ်ခြင်းဖြင့် အဘိဓမ္မာနှင့် ပတ်သက်သော အသိမှား,အမြင်မှားများကို ပျောက်ကင်းစေပြီး အသိမှန်,အမြင်မှန်များကို ရစေနိုင် ပါသည်။

အမြင်မှန်ရှိလျှင် သဘာဝမကျသော၊ ယုတ္တိမတန်သော လွဲမှားသည့် အယူအဆအပြုအမူများကိုလည်း ရှောင်ရှားနိုင်မည်ဖြစ်သည်။ သဘာဝအမှန်တရားများကိုလည်း ကောင်းစွာ နားလည်နိုင်မည်ဖြစ်သည်။ သဘာဝအမှန်များကို နားလည်သိရှိခြင်းကြောင့် မှန်ကန်သည့် လုပ်ဆောင်ချက်များကို ပြုလုပ်နိုင်ပြီး ကောင်းကျိုးများ ဖြစ်ထွန်းလာနိုင်ပါသည်။

ထိုကဲ့သို့ ကောင်းကျိုးများကို ဖြစ်ထွန်းစေနိုင်သည့် အဘိဓမ္မာဆိုင်ရာ စာတမ်းဖတ်ခြင်းကို မကြာမကြာ ပြုလုပ်သင့်ပါကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

ဘဒ္ဒန္တဓာတိက
ဒုတိယပါမောက္ခချုပ်ဆရာတော်
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
(၃၀၊ ၁၂၊ ၂၀၁၅)

# မြန်မာနိုင်ငံနှင့် ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်မှု

ဒေါက်တာဘဒ္ဒန္တထေရိန္ဒ

## နိဒါန်း

မြန်မာနိုင်ငံသည် ကချင်၊ ကယား၊ ကရင်၊ ချင်း စသော တိုင်းရင်းသားလူမျိုးများနှင့် ဗမာလူမျိုးတို့ မှီတင်းနေထိုင်ရာ တိုင်းပြည်ဖြစ်သည်။ အများစုမှာ ဗုဒ္ဓဘာသာများဖြစ်ကြ၍ ဗုဒ္ဓယဉ်ကျေးမှုကိုလည်း လိုက်နာကျင့်သုံးကြသည်။ မြန်မာနိုင်ငံ၌ ဗုဒ္ဓယဉ်ကျေးမှုနှင့်အညီ မြန်မာ့ ဓလေ့ပွဲတော်များကို ပြုလုပ်ကျင်းပလေ့ ရှိကြသည်။ နှစ်ကျိပ် ရှစ်ဆူပူဇော်ပွဲ၊ ဘုရားအနေကဇာတင်ပွဲ၊ ဘုရားကိုးဆူပူဇော်ပွဲ၊ အာစရိယပူဇော်ပွဲ၊ သက်ကြီးပူဇော်ပွဲ၊ အသံမစဲ ပဋ္ဌာန်းရွတ်ဆိုပူဇော်ပွဲ၊ ပရိတ်တရားတော် ရွတ်ဖတ်နာယူပွဲ စသည်တို့ဖြစ်သည်။

ထိုပွဲများအနက်မှ အသံမစဲ ပဋ္ဌာန်းရွတ်ဆိုပူဇော်ပွဲတွင် အကြုံးဝင်သည့် ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်မှုကို လေ့လာတင်ပြပါမည်။ ဤစာတမ်း၌ ပဋ္ဌာန်းဒေသနာတော် ပို့ချသင်ယူမှုနှင့် စပ်၍ကား တင်ပြမည် မဟုတ်ပါ။ ရွတ်ဖတ်ပူဇော်မှုသက်သက်ကိုသာ တင်ပြမည် ဖြစ်ပါသည်။ ယင်းသို့ တင်ပြရာ၌ ပဋ္ဌာန်းမည်ပုံ၊ ပဋ္ဌာန်း၏အမည်ပညတ်များ၊ ပဋ္ဌာန်းဒေသနာတော် တန်ခိုးကြီးပုံ၊ ပဋ္ဌာန်းဒေသနာကို မြန်မာနိုင်ငံ၌ မည်သည့်ခေတ်တွင် စတင်၍ ရွတ်ဆိုပူဇော်ခဲ့သည် စသည်တို့ကို လက်လှမ်းမီသမျှ စေ့ငုတင်ပြပါမည်။

သို့ဖြစ်၍ ဤစာတမ်းသည် ဗုဒ္ဓဘာသာ မြန်မာ့ယဉ်ကျေးမှုများကို ဖော်ထုတ်ရာရောက်သည့် အပြင် ပဋ္ဌာန်းနှင့်စပ်သည့် သုတများကိုလည်း မျှဝေခံစားစေနိုင်ကာ ဓမ္မာရမ္မဏပီတိများကိုလည်း အထိုက်အလျောက် ပေးစွမ်းနိုင်လိမ့်မည်မှာ အမှန်ပင် ဖြစ်ပါသည်။

## ပဋ္ဌာန်းဒေသနာတော်

ပဋ္ဌာန်းဒေသနာတော်သည် အဘိဓမ္မာခုနစ်ကျမ်းအနက် နောက်ဆုံးဟောကြားအပ်သော ဒေသနာတော်ဖြစ်သည်။ မြတ်ဗုဒ္ဓသည် ခုနစ်ဝါမြောက်အရောက်တွင် ဤဒေသနာတော် အပါအဝင် အဘိဓမ္မာဒေသနာတော်ကို တာဝတိံသာနတ်ပြည်၌ ဟောကြားခဲ့သည်။ မယ်တော်ဖြစ်ခဲ့ဖူးသူ သန္တုသိတနတ်သားအား ဓမ္မဖြင့် ကျေးဇူးဆပ်လို၍ ယင်းနတ်သားနှင့် နတ်ဗြဟ္မာတို့အား ဝါတွင်း သုံးလပတ်လုံး မရပ်မနား တရစပ် ဟောကြားခဲ့သော ဒေသနာတော်ဖြစ်သည်။

ဤဒေသနာတော်ကို ပိဋကသုံးပုံတွင် အဘိဓမ္မပိဋက၌လည်းကောင်း၊ နိကာယ်ငါးရပ်တွင် ခုဒ္ဒကနိကာယ်၌လည်းကောင်း ထည့်သွင်း၍ သံဂါယနာတင်မထေရ်တို့က သံဂါယနာတင်တော်မူခဲ့ကြသည်။ ယခုခေတ် ဆဋ္ဌမူကျမ်းစာအုပ်အနေဖြင့် ငါးအုပ် ငါးတွဲရှိပြီး စာမျက်နှာ ၂၆၃၈-မျက်နှာ ရှိသည့် ဒေသနာတော် ဖြစ်ပါသည်။

မူရင်းအမည်မှာ ပဋ္ဌာန(ပဋ္ဌာန်း)ဖြစ်သည်။ ပဋ္ဌာန-၌ ပ+ဌာန ဖြစ်၍ အမျိုးမျိုး အစားစား သော+အကြောင်းတရားဟု ပါဠိလျှောက်အဓိပ္ပာယ်ရပါသည်။ ရုပ်ဓမ္မ၊ နာမ်ဓမ္မတို့၏ ဖြစ်ပေါ်တည်ရှိနေပုံအကြောင်းတရားအမျိုးမျိုးကို ဟောကြားတော်မူသော ဒေသနာတော်ဟု ဆိုလိုပါသည်။

အဋ္ဌကထာဆရာ ရှင်မဟာဗုဒ္ဓဃောသက ယင်းမူရင်းအမည် ''ပဋ္ဌာန''ကို ''သမန္တ''ပုဒ် ဖြည့်စွက်၍ **''သမန္တပဋ္ဌာန''**[၁] (သမန္တပဋ္ဌာန်း)ဟု အဦးဆုံး အသုံးပြုခဲ့ပါသည်။ ဋီကာဆရာများ ကလည်း နောက်ပိုင်းတွင် ယင်းအမည်အတိုင်း လိုက်ပါအသုံးပြုသည်ကို တွေ့ရှိရသည်။ ဤ၌ ''သမန္တ သဒ္ဒါသည် သကလဝါစက ထက်ဝန်းကျင် အလုံးစုံအနက်ဟောဖြစ်သည်။ ထို့ကြောင့် ထက်ဝန်းကျင် ဘက်စုံပြည့်စုံသော ဒေသနာတော်(သို့)ကျမ်းဟု အဓိပ္ပာယ် ရပါသည်။

မြတ်ဗုဒ္ဓသည် ဤဒေသနာတော်ကို ဟောကြားတော်မူရာ၌ အနုလောမနည်း၊ ပစ္စနီယနည်း၊ အနုလောမပစ္စနီယနည်း၊ ပစ္စနီယာနုလောမနည်းဟူသော နည်းလေးနည်းတို့ဖြင့် ဓမ္မသဘာဝများ၏ ကြောင်းကျိုးဆက်စပ်ပုံကို ပေါ်လွင်အောင် ကျယ်ကျယ်ပြန့်ပြန့် ဟောကြားတော်မူခဲ့ပါသည်။ ပဋ္ဌာန်း ကလည်း တိကပဋ္ဌာန်း၊ ဒုကပဋ္ဌာန်း၊ ဒုကတိကပဋ္ဌာန်း၊ တိကဒုကပဋ္ဌာန်း၊ တိကတိကပဋ္ဌာန်း၊ ဒုကဒုကပဋ္ဌာန်း[၂] ဟု ခြောက်မျိုးရှိရာ တစ်မျိုးတစ်မျိုး၌ အထက်ပါ အနုလောမနည်းစသော နည်း လေးမျိုးဖြင့် ပြည့်ပြည့်စုံစုံ ဟောကြားထားလေသည်။ ထို့ကြောင့် အဖက်ဖက်က ပြည့်စုံလျက် ရှိသည်။ သို့ဖြစ်၍ အဋ္ဌကထာဆရာကြီးက ''သမန္တ''ပုဒ် ဖြည့်စွက်၍ **''သမန္တပဋ္ဌာန''**(သမန္တ ပဋ္ဌာန်း)ဟု အသုံးအစွဲ ပြုခဲ့ခြင်း ဖြစ်ပါသည်။

အနုဋီကာဆရာ ရှင်ဓမ္မပါလကမူ ယင်းမူလအမည်ကို ''**အနန္တနယ**''ပုဒ် ဖြည့်စွက်၍ **''အနန္တနယပဋ္ဌာန''**[၃] ဟု ကင်ပွန်းတပ် အမည်ပေးတော်မူပြန်ပါသည်။ အဆုံးမရှိ၊ အတိုင်းအတာ

---

၁။ ဝိ၊ ဋ္ဌ၊ ၃။ ၂၃၉။ အဘိ၊ ဋ္ဌ၊ ၁။ ၁၂။ အဘိ၊ ဋ္ဌ၊ ၃။ ၃၄၂။ ၃၄၄။ သီ၊ ဋီ၊ ၁။ ၁၃၈။

သီ၊ ဋီ၊ သစ်၊ ၁။ ၃၈၇။ ဒီ၊ ဋီ၊ ၂။ ၁၈၅။ မူလဋီ၊ ၁။ ၁၈။ မူလဋီ၊ ၃။ ၁၆၇။ ၂၄၇။ အနုဋီ၊ ၃။ ၂၂၆။

၂။ ပဋ္ဌာန၊ ၁။ ၁၅။ ၃။ အနု၊ ဋီ၊ ၃။ ၂၂၄။

မရှိလောက်အောင် နက်ရှိုင်းကျယ်ဝန်းသော နည်းစနစ်တို့ဖြင့် ဟောကြားတော်မူအပ်သော ဒေသနာတော် (သို့) ကျမ်းဟု အဓိပ္ပာယ်ရပါသည်။

မြတ်ဗုဒ္ဓသည် ဤအနန္တနယပဋ္ဌာန်းဒေသနာတော်ကြီးကို ဟောတော်မူရာ၌ ဉာဏ်စွမ်းအား ထက်မြက်ကြသည့် နတ်ဗြဟ္မာများနှင့် အံဝင်ခွင်ကျဖြစ်အောင် -

၁။ ဝိဘင်္ဂဝါရ၊ သချာဝါရဟူသော နည်းစနစ်များ၊

၂။ ဓမ္မအနုလုံ၊ ဓမ္မပစ္စနိက် စသော နည်းစနစ်များ၊

၃။ ပဋိစ္စဝါရ၊ သဟဇာတဝါရ စသော နည်းစနစ်များဖြင့် တန်ဆာဆင်၍ ဟောကြားတော်မူခဲ့ပါသည်။ ထို့ကြောင့် အနုဋီကာ ဆရာကြီးက အထက်ပါအတိုင်း ''အနန္တနယ''ပုဒ် ဖြည့်စွက်၍ ''**အနန္တနယပဋ္ဌာန**''ဟု အမည်မှည့်ခေါ်ခဲ့ခြင်း ဖြစ်ပါသည်။

အဋ္ဌကထာဆရာများနှင့် မျက်မှောက်ခေတ် ပညာရှင်များကမူ အထက်ပါ နှစ်မျိုးလုံးကို ပေါင်းစပ်၍ ''**အနန္တနယသမန္တပဋ္ဌာန**''[၁] ဟု အသုံးပြုကြပါသည်။ အဆုံးအပိုင်းအခြားမရှိ နက်ရှိုင်းကျယ်ဝန်းသော နည်းစနစ်တို့ဖြင့် ဘက်စုံပြည့်စုံသော ပဋ္ဌာန်းဒေသနာတော်(သို့)ကျမ်းဟု ဆိုလိုပါသည်။ သို့ရာတွင် မြန်မာတို့သည် အတိုကြိုက်များဖြစ်ရကား ပဋ္ဌာန(ပဋ္ဌာန်း)ဟုသာ အသုံးအစွဲပြုသည်က များလေသည်။

## ပဋ္ဌာန်းဒေသနာနှင့် မဟာသမုဒ္ဒရာ

ဤပဋ္ဌာန်းဒေသနာတော်သည် နည်းစနစ်ပေါင်းများစွာဖြင့် တန်ဆာဆင်ဟောကြားထားသော ဒေသနာတော်ဖြစ်၍ အလွန်လည်း နက်ရှိုင်း၏။ အလွန်လည်း ကျယ်ဝန်း၏။ နက်ရှိုင်းကျယ်ဝန်းပုံကို နိုင်းနှိုင်းပြဆိုရန် မလွယ်ကူပေ။ အနီးစပ်ဆုံး ခန့်မှန်းသိရှိနိုင်ရန် မဟာသမုဒ္ဒရာနှင့် နိုင်းနှိုင်းပြဆိုလေ့ ရှိပါသည်။

မဟာသမုဒ္ဒရာသည် နက်ရှိုင်းကျယ်ဝန်းသည်ဟု ဆိုစေကာမူ အောက်ပိုင်းတွင် သမုဒ္ဒရာကြမ်းပြင် မဟာပထဝီမြေကြီးဖြင့် အဆုံးသတ်ထား၏။ ဘေးနှစ်ဖက်တွင်လည်း ကမ်းနဖူးဖြင့် နယ်နိမိတ် ကန့်သတ်ထား၏။ ထို့ကြောင့် အနန္တ-အတိုင်းအတာမရှိဟု မဆိုသာပါ။ ဤပဋ္ဌာန်းဒေသနာတော်သည်ကား သတ္တဝါတို့၏ဉာဏ်ဖြင့် ဆုံးခန်းတိုင် ကျက်စား၍ မရနိုင်ပါ။ သဗ္ဗညုတဉာဏ်၏ အရာသာ ဖြစ်ပါ၏။

သီဟိုဠ်ကျွန်းနေ မဟာဂတိဂမိယတိဿဒတ္တထေရ်သည် မဟာဗောဓိကို ဖူးမြော်ကန်တော့ရန် အတွက် သီဟိုဠ်ကျွန်းမှ အိန္ဒိယနိုင်ငံသို့ သင်္ဘောစီး၍ ကြွခဲ့သည်။ ယင်းမထေရ်သည် သင်္ဘောပေါ်မှ သမုဒ္ဒရာကြီးကို မျှော်ကြည့်ပြီး -

''ဤသမုဒ္ဒရာကြီးက အလွန်ကျယ်လှပါတကား၊ ကမ်းမမြင် လမ်းမမြင်ပါတကား၊ လှိုင်းတံပိုး အဟုန်ကြောင့် တလိပ်လိပ်တက်လာသည့် ရေပြင်ကြီးကိုသာ မြင်နေရပါတကား''

---

၁။ ဝိ၊ ဋ္ဌ၊ ၃။ ၂၃၈-၉။ ဒီ၊ ဋ္ဌ၊ ၂။ ၁၈၃။ ဥဒါန၊ ဋ္ဌ၊ ၄၈။ အပ၊ ဋ္ဌ၊ ၁။ ၉၂။ ဓာ၊ ဋ္ဌ၊ ၁။ ၉၀။

ဟု သုံးသပ်ရင်း ''ပဋ္ဌာန်းနှင့်သမုဒ္ဒရာပင်လယ် မည်သည်က နက်ရှိုင်းကျယ်ဝန်းသနည်း''ဟု နှိုင်းယှဉ်မိသည်။ ''သမုဒ္ဒရာပင်လယ်ကား နက်ရှိုင်းကျယ်ဝန်းသည်''ဟု ဆိုစေကာမူ နခမ်းသတ်ရှိ၏။ ပဋ္ဌာန်းဒေသနာတော်ကြီးမှာမူ ''နည်းပေါင်း စုံလင်လှသဖြင့် ဆုံးခန်းမမြင် အလွန်ပင် နက်ရှိုင်းကျယ်ဝန်းလှပေတကား''ဟု စဉ်းစားမိသဖြင့် ပဋ္ဌာန်းဒေသနာတော်၌ အလွန်ကြည်ညိုသော သဒ္ဓါတရား တဖွားဖွား ဖြစ်ပေါ်လာခဲ့သည်။ ယင်းသဒ္ဓါတရားကို အခြေခံ၍ ဝမ်းမြောက်ခြင်း သောမနဿ၊ နှစ်သက်ခြင်း ပီတိ၊ ရွှင်လန်းခြင်း ပါမောဇ္ဇတရားများ ဆင့်ကာဆင့်ကာ ဖြစ်ပေါ်လာပါသည်။ ''ယင်းတရားများသည် အမြဲတည်တံ့နေနိုင်ကြသော တရားများ မဟုတ်ကြ၊ ဖြစ်ပြီးနောက် ပျက်သွားသော တရားများသာ ဖြစ်ချေသည်''ဟု ယင်းသဘာဝတရားများကို အဖြစ်အပျက်မြင် ဉာဏ်သက်ဝင်၍ ဝိပဿနာတင် ရှုဆင်ခြင်လိုက်လေရာ တစ်ထိုင်တည်းမှာပင် ရဟန္တာဖြစ်သွားသည်ဟု ဆိုပါသည်။[၁]

## တန်ခိုးကြီးသော ပဋ္ဌာန်းဒေသနာ

ဤပဋ္ဌာန်းဒေသနာတော်သည် တန်ခိုးကြီးသော ဒေသနာတော်ဖြစ်သည်ဟု ဗုဒ္ဓဘာသာအများစုက လက်ခံယုံကြည်ကြသည်။ ထို့ကြောင့် ယင်းဒေသနာကို ရွတ်ဖတ်ပူဇော်ကြသည်။ ယင်းသို့ ရွတ်ဖတ်ပူဇော်ကြရာ၌ နေ့စဉ် ဝတ်ထား၍ ပဋ္ဌာန်း ပစ္စယုဒ္ဒေသ၊ ပစ္စယနိဒ္ဒေသလောက်ကို တနိုင်တပိုင် ရွတ်ဖတ်ပူဇော်ကြသည်လည်း ရှိ၏။ ပဋ္ဌာန်းဒေသနာတော် အစမှ ကုန်သလောက်ကို တစ်ရက်ပတ်လုံး အသံမစဲ ရွတ်ဖတ်ပူဇော်ကြသော တစ်ရက်ပဋ္ဌာန်းလည်း ရှိ၏။ သုံးရက်ပဋ္ဌာန်း၊ ငါးရက်ပဋ္ဌာန်း၊ ခုနစ်ရက်ပဋ္ဌာန်း စသည်ဖြင့် မိမိတို့ ဆန္ဒအားလျော်စွာ အသံမစဲ ရွတ်ဖတ်ပူဇော်ကြသည်လည်းရှိ၏။ ယင်းသို့ ရွတ်ဖတ်ပူဇော်မှုသည် မြန်မာနိုင်ငံ၌ မည်သည့်ခေတ်၊ မည်သည့်ကာလက စတင်ခဲ့သည်ကို ဤစာတမ်းတွင် လေ့လာတင်ပြလိုရင်း ဖြစ်ပါသည်။ ယင်းသို့ မတင်ပြမီ ပဋ္ဌာန်းဒေသနာတော် တန်ခိုးကြီးရခြင်းအကြောင်းကို ဦးစွာ တင်ပြပါဦးမည်။

**ပဋ္ဌာန်းဒေသနာတော်သည်-**

၁။ သိမ်မွေ့မြင့်မြတ်၍ နက်နဲကျယ်ဝန်းသော တရားလည်းဖြစ်၏။

၂။ တန်ခိုးကြီး နတ်ပြဟ္မာများပင် ရိုသေမြတ်နိုးသည့် တရားလည်းဖြစ်၏။

၃။ ဗုဒ္ဓသာသနာတော် တည်တံ့ရေးအတွက် ရှေ့တန်းခံတပ်ကြီးလည်းဖြစ်၏။

ဤအကြောင်းသုံးချက်ကြောင့် ပဋ္ဌာန်းဒေသနာတော် တန်ခိုးကြီးခြင်းဖြစ်သည်ဟု ဆိုပါသည်။[၂]

မြတ်ဗုဒ္ဓသည် ဘုရားအဖြစ်သို့ ရောက်ရှိပြီး သတ္တသတ္တာဟ စံတော်မူရာ စတုတ္ထသတ္တာဟတွင် မဟာဗောဓိပင်၏ အနောက်မြောက်ဘက်ရှိ ရတနာဃရ[၃] စံအိမ်တော်၌ နေတော်မူစဉ် အဘိဓမ္မာ ခုနစ်ကျမ်းကို သုံးသပ်ဆင်ခြင်တော်မူ၏။ ဓမ္မသင်္ဂဏီကျမ်းမှ ယမိုက်ကျမ်းအထိ အစဉ်အတိုင်း

၁။ အဘိ၊ ဋ္ဌ၊ ၁။ ၁၂။ ၂။ အခြေပြုပဋ္ဌာန်း။ ၁။

၃။ ရတန+ ဃရ = အဘိဓမ္မရတနာ + သုံးသပ်ရာအိမ်။ အဘိ၊ ဋ္ဌ၊ ၁။ ၁၃-၄။ ဗုဒ္ဓယဉ်ကျေးမှု မြန်မာ့ဓလေ့ပွဲတော်များ။ ၈၆-၇။

သုံးသပ်ဆင်ခြင်တော်မူခဲ့ရာ ထူးခြားမှု တစ်စုံတစ်ရာ ဖြစ်ပေါ်မလာခဲ့ပေ။ နောက်ဆုံးဖြစ်သော ပဋ္ဌာန်းကျမ်း ပဋ္ဌာန်းတရားတော်ကို သုံးသပ်ဆင်ခြင်တော်မူသည့်အခါမှ ကိုယ်တော်မြတ်မှ ရောင်ခြည်တော်ခြောက်ဖြာ ကွန့်မြူးထွက်ပေါ်တော်မူလာခဲ့သည်။ ယင်းသို့ ကွန့်မြူးထွက်ပေါ်လာခြင်းမှာ ပဋ္ဌာန်းတရားတော်ကြီးနှင့် သဗ္ဗညုတဉာဏ်တော်တို့ အံဝင်ခွင်ကျသောကြောင့် ဖြစ်သည်။

မြတ်ဗုဒ္ဓသည် ဓမ္မသင်္ဂဏီစသော ရှေ့အဘိဓမ္မာ ခြောက်ကျမ်းကို သုံးသပ်ဆင်ခြင်တော်မူသောအခါ သဗ္ဗညုတဉာဏ်တော်ကြီးနှင့်စာလျှင် ဓမ္မသင်္ဂဏီ စသော နည်းစနစ်များမှာ နက်ရှိုင်းကျယ်ဝန်းသည်ဟု မဆိုသာပါ။ အလွယ်တကူပင် သိသာလျက်ရှိသည်။ ထို့ကြောင့် ဉာဏ်တော်ကြီး၏ စွမ်းအားရှိသလောက် လူးလွန့်မြူးကွန့်ခွင့် မရရှိခဲ့ပါ။ ပဋ္ဌာန်းနည်းဖြင့် သုံးသပ်ဆင်ခြင်သောအခါ၌ကား ပဋ္ဌာန်းနည်းကလည်း အဆုံးအပိုင်းအခြားမရှိ အနန္တဖြစ်သကဲ့သို့ သဗ္ဗညုတဉာဏ်တော်စွမ်းပကားကလည်း အဆုံးအပိုင်းအခြားမရှိ အနန္တပင် ဖြစ်ရကား အားရပါးရ လူးလွန့်မြူးကွန့်နိုင်ခဲ့သည်။ မိုင်ပေါင်းများစွာ ရှည်လျားကြီးမားကြသော တိမိရပိင်္ဂလ စသော ပင်လယ်ပျော်ငါးကြီးများသည် မြစ်ချောင်းအင်းအိုင်တို့၌ စိတ်ကြိုက် မမြူးထူးနိုင်ကြပေ။ အလွန်နက်ရှိုင်းကျယ်ဝန်းသည့် သမုဒ္ဒရာအလယ်၌သာ စိတ်ကြိုက်မြူးထူးကျက်စားနိုင်သကဲ့သို့ ဖြစ်သည်။

ဤသို့ ဓမ္မများကို ပဋ္ဌာန်းနည်းဖြင့် သုံးသပ်ဆင်ခြင်တော်မူသောအခါ သဗ္ဗညုတဉာဏ်တော်ကြီး ကြည်လင်ရွှင်ပျလာသည်။ ထိုအခါ ထိုဉာဏ်တော်နှင့် ယှဉ်တွဲဖြစ်ပေါ်လာကြသည့် သမ္မယုတ္တဓမ္မ စိတ်၊ စေတသိက်များလည်း ကြည်လင်ရွှင်ပျလာသည်။ ထိုအခါ ဉာဏ်တော်ကြီး၏ တည်ရာ ဟဒယဝတ္ထုခေါ် နှလုံးသွေးလည်း ကြည်လင်တောက်ပလာသည်။ ထိုအခါ နှလုံးသွေးနှင့် ဆက်စပ်နေသည့် မြတ်ဗုဒ္ဓ၏ ရူပကာယတော်မှ နီလ၊ ပီတ စသော ရောင်ခြည်တော်ခြောက်ပါးတို့ တဖျပ်ဖျပ်တလျှပ်လျှပ်ဖြင့် ကွန့်မြူးထွက်ပေါ်လာခြင်းဖြစ်သည်။

ဤသို့ဖြင့် ပဋ္ဌာန်းဒေသနာတော်သည် သဗ္ဗညုတဉာဏ်တော်ကြီး ကြည်လင်တောက်ပလာအောင် သိမ်မွေ့မြင့်မြတ် နက်ရှိုင်းကျယ်ဝန်းသော ဒေသနာတော်ဖြစ်သည့်အတွက် တန်ခိုးကြီးရခြင်းဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

ထို့နောက် ပဋ္ဌာန်းဒေသနာတော်ကြီး တန်ခိုးကြီးရခြင်း၏ ဒုတိယအကြောင်းကို ဆက်လက်လေ့လာတင်ပြပါမည်။ မြတ်ဗုဒ္ဓသည် ခုနစ်ဝါမြောက်တွင် တာဝတိံသာနတ်ပြည်၌ ဝါဆိုတော်မူပါသည်။ မယ်တော် ဖြစ်ခဲ့ဖူးသူ သန္တုသိတနတ်သားအား ဓမ္မဖြင့် ကျေးဇူးဆပ်လိုသောကြောင့် ဖြစ်ပါသည်။ မဟာသက္ကရာဇ် ၁၀၉-ခုနှစ်၊ ဝါဆိုလပြည့်နေ့ ညနေပိုင်းတွင် သာဝတ္ထိပြည်အနီး ကဏ္ဍမ္ဗသရက်ဖြူပင်အနီး၌ တိတ္ထိတို့ကို နှိမ်နင်းတော်မူရန် ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာ ပြတော်မူပါသည်။ ထို့နောက်မှ တာဝတိံသာနတ်ပြည်သို့ ကြွတော်မူခြင်းဖြစ်သည်။ ထိုနတ်ပြည် ပင်လယ်ကသစ်ပင်အနီး ပဏ္ဍုကမ္ဗလာ ကျောက်ဖျာကြီးအပေါ်၌ သီတင်းသုံးတော်မူ၍ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သား အမှူးပြုသော တစ်သောင်းသော စကြဝဠာတိုက်မှ ရောက်ရှိလာကြသော နတ်ပြဟ္မာများအား အဘိဓမ္မာဒေသနာကို အကျယ်ဝိတ္ထာရနည်းဖြင့် ဝါတွင်းသုံးလပတ်လုံး

အသံမစဲ ဟောကြားတော်မူသည်။ ယင်းကို အတုယူ၍ ယခုကာလ၌ အသံမစဲ ပဋ္ဌာန်းပွဲများ ကျင်းပခြင်းဖြစ်သည်ဟု ဆိုပါသည်။[၁] အချို့ကလည်း အာယုဝဍ္ဎနဝတ္ထုလာ သံဃာတော်များ ခုနစ်ရက် ပတ်လုံး ပရိတ်ရွတ်ပုံကို အတုယူ၍ ဤကဲ့သို့ ကျင်းပခြင်းဖြစ်ကြောင်း မိန့်ဆိုပါသည်။[၂]

မြတ်ဗုဒ္ဓသည် လူသားတစ်ဦးဖြစ်၍ စားချိန်တန်စား သွားချိန်တန်သွား နားချိန်တန်နားခြင်း စသော လူ့သဘာဝများကို သွေဖည်၍ ဖြစ်မည်မဟုတ်ပါ။ ထို့ကြောင့် ဆွမ်းစားချိန်ရောက်သည့်အခါ နတ်ပြည်၌ နိမ္မိတဘုရားရှင်ကို ဖန်ဆင်းကာ တရားဟောစေခဲ့ပြီး လူ့ပြည် အနောတတ်အိုင်သို့ သက်ဆင်းတော်မူခဲ့သည်။ နိမ္မိတဘုရားရှင် တရားဟောနေသည်ကို တန်ခိုးကြီးနတ်ဗြဟ္မာများသာ သိရှိကြသည်။ တန်ခိုးနည်း နတ်ဗြဟ္မာများ မသိရှိကြပါ။ မြတ်ဗုဒ္ဓသည် ထိုအိုင်၌ ရေသန့်စင်ခြင်း၊ ဒန်ပူဝါးခြင်း ကိစ္စများကို ပြုတော်မူပြီး မြောက်ကျွန်းသို့ ဆွမ်းခံကြွတော်မူပါသည်။ ဆွမ်းခံပြီး အနောတတ်အိုင်သို့ ပြန်ကြွကာ ကမ်းနား၌ ဆွမ်းဘုဉ်းပေးတော်မူသည်။ ထို့နောက် နေသန့်စင်ရန် စန္ဒကူးတောသို့ ကြွတော်မူသည်။ ထိုအခါ ရှင်သာရိပုတ္တရာသည် စန္ဒကူးတောသို့ ကြွလာပြီး မြတ်ဗုဒ္ဓအား ဝတ်ကြီးဝတ်ငယ် ပြုတော်မူသည်။ ထိုစဉ်မှာပင် မြတ်ဗုဒ္ဓက ရှင်သာရိပုတ္တရာအား တာဝတိံသာနတ်ပြည်၌ ဟောကြားတော်မူခဲ့သည့် အဘိဓမ္မာဒေသနာတော်ကို အကျဉ်းသခင်္ခေပနည်းဖြင့် ပြန်လည်နည်းပေးဟောကြားပါသည်။ ရှင်သာရိပုတ္တရာသည် မြတ်ဗုဒ္ဓ အကျဉ်းဟောကြားနည်းပေး သည့် အဘိဓမ္မာဒေသနာတော်ကို နည်းပေါင်း ရာ၊ ထောင်၊ သိန်းတို့ဖြင့် အကျယ်ချဲ့ထွင် သိရှိ သဘောပေါက်တော်မူသည်။ ရှင်သာရိပုတ္တရာသည် လင်းနို့သားဖြစ်ခဲ့ဖူးသူ တပည့်ရဟန်း ၅၀၀ တို့အား ယင်းအဘိဓမ္မာဒေသနာတော်ကို မကျဉ်းမကျယ် အလယ်အလတ်ဖြစ်သော နာတိသခင်္ခေပ နာတိဝိတ္ထာရနည်းဖြင့် ပြန်လည်ဟောကြားတော်မူသည်။ မြတ်ဗုဒ္ဓသည် ရှင်သာရိပုတ္တရာအား တရား ဟောတော်မူပြီးနောက် ညနေချမ်း သင့်လျော်သောအချိန်တွင် တာဝတိံသာနတ်ပြည်သို့ ပြန်လည် ကြွတော်မူသည်။ ဤနည်းအတိုင်း ဝါတွင်းသုံးလပတ်လုံး ပြုလုပ်တော်မူခဲ့သည်။[၃]

ပဋ္ဌာန်းဒေသနာတော် အဝင်အပါ အဘိဓမ္မာဒေသနာတော်၏ အဆုံးမှာ နတ်ဗြဟ္မာပေါင်း ကုဋေရှစ်သောင်း ရဟန္တာဖြစ်တော်မူကြသည်။ အောက်မဂ်၊ အောက်ဖိုလ်၌ တည်ကြသည့် နတ်ဗြဟ္မာ အရေအတွက်မှာ သင်္ချာတပ်၍မရအောင် များလှသည်ဟု ဆိုပါသည်။[၄]

ဤစကားစဉ်အရ ပဋ္ဌာန်းဒေသနာတော်အဝင်အပါ အဘိဓမ္မာဒေသနာတော်သည် နတ်ဗြဟ္မာ ပေါင်း ကုဋေရှစ်သောင်းကို ဘဝလွတ်မြောက်ရေး ရစေခဲ့သည်။ သို့အတွက် ထိုနတ်ဗြဟ္မာများ ဘဝဒုက္ခနှင့် ရင်မဆိုင်ရတော့ပေ။ နတ်ဗြဟ္မာပေါင်း အမြောက်အမြားကိုလည်း ဘဝအာမခံချက် ရရှိစေခဲ့သည်။ သို့အတွက် ထိုနတ်ဗြဟ္မာများ ဒုဂ္ဂတိနယ်ပယ်သို့ မသက်ဆင်းရတော့ပါ။ ထို့ကြောင့် ပဋ္ဌာန်းအဝင်အပါ ဤအဘိဓမ္မာဒေသနာတော်ကို နတ်ဗြဟ္မာများ ရိုသေမြတ်နိုး တန်ဖိုးထားကြခြင်း ဖြစ်သည်။ ရိုသေမြတ်နိုးတန်ဖိုးထားရလောက်အောင်လည်း ပဋ္ဌာန်းအဝင်အပါ အဘိဓမ္မာဒေသနာတော် က စွမ်းအားကြီးမား တန်ခိုးထွားသော တရားဖြစ်ပါသည်။

---

၁။ ဗုဒ္ဓယဉ်ကျေးမှု မြန်မာ့ဓလေ့ပွဲတော်များ။ ၉၁။
၂။ သီတဂူဆရာတော် တရား CD ခွေ။
၃။ အဘိ၊ ဋ္ဌ၊ ၁။ ၁၇။
၄။ ရောင်စုံရုပ်ပြပဋ္ဌာန်း။ ၁၅။

ဤဒေသနာတော်သည် နတ်ပြဟ္မာများ ရိုသေမြတ်နိုး တန်ဖိုးထားသော တရားဖြစ်သည့် အလျောက် ယင်းတရားကို ရွတ်ဖတ်ပူဇော်သူများ၊ နာကြားသူများကိုလည်း နတ်ပြဟ္မာများက ကူညီစောင့်ရှောက်ကြသဖြင့်လည်းကောင်း၊ တန်ခိုးကြီးနတ်ပြဟ္မာများ တရားနာလာကြသောအခါ အန္တရာယ်ပြုမည့် နတ်ဆိုး၊ နတ်မိစ္ဆာများ အနားမကပ်နိုင်ကြသဖြင့်လည်းကောင်း၊ ဓမ္မာနုဿတိ ဘာဝနာ ဓမ္မသဇ္ဈာယန ကုသိုလ်စေတနာ၏ စွမ်းအားကြောင့်လည်းကောင်း ဘေးအန္တရာယ်ကင်းခြင်း၊ မီးကွင်းခြင်း၊ လာဘ်လာဘပေါများခြင်း၊ လိုအင်ဆန္ဒပြည့်ဝခြင်း စသော ကောင်းကျိုးများ ရရှိကြောင်း ပြောစမှတ်ပြုကြသည်။ ထို့ကြောင့် နေ့စဉ်ဝတ်မပျက်ဘဲ အချိန်မှန်၊ နေရာမှန်၊ ဒေသနာမှန် ''မှန်'' သုံးမှန်ကို ''စံ''ထားပြီး နေ့စဉ်ရွတ်ဆိုပူဇော်သူများလည်း ရှိကြပါသည်။

အန္တရာယ်ကင်းပုံ ပစ္စက္ခသာဓကတစ်ခုကို ထုတ်ဆောင်ပြလိုပါသည်။ လွန်ခဲ့သော နှစ် ၆၀-ခန့်က ဖြစ်ပါသည်။ ရန်ကုန်တိုင်း၊ ခရမ်းမြို့နယ်ရှိ ရွာတစ်ရွာတွင် ဦးရိုး ခေါ် အသက် ၈၀-အရွယ် အဘိုးကြီးတစ်ဦး ရှိပါသည်။ သူသည် ပစ္စည်းဉစ္စာ ချမ်းသာကြွယ်ဝ၏။ လယ်ကွင်း ထဲတွင် အိမ်ဆောက်နေ၏။ ညစဉ် အိပ်ခါနီးတွင် ပဋ္ဌာန်း ၂၄-ပစ္စည်းကို စည်းချရွတ်ဆိုပြီးမှ အိပ်လေ့ရှိ၏။ တစ်ညတွင် ၄င်းအိမ်ကို ဓားပြလာတိုက်ရာ အိမ်ကို ရှာမတွေ့ဘဲ ဖြစ်နေသည်။ နောက်တစ်ကြိမ် လာတိုက်သောအခါ၌လည်း အိမ်ဝင်းထဲတွင် စစ်တပ်ချထားသည်ကို ဓားပြများ တွေ့မြင်သဖြင့် ပြန်ပြေးသွားရသည်။ ယင်းဖြစ်ရပ်ကို ကာယကံရှင်ကိုယ်တိုင် ပြောပြ၍ သိရခြင်း ဖြစ်သည်ဟု ဆိုပါသည်။[၁]

ဆက်လက်၍ ပဋ္ဌာန်းဒေသနာတော်၏ သာသနာတည်တံ့ရေးအတွက် ရှေ့တန်းခံတပ်ဖြစ်ပုံကို ပြဆိုပါဦးမည်။ သာသနာတော်ကွယ်သည့်အခါ ပရိယတ္တိသာသနာတော်က ဦးစွာကွယ်ပျောက်ပါ မည်။ ထိုတွင်လည်း အဘိဓမ္မပိဋကက က ဦးစွာကွယ်ပျောက်ပါမည်။ ထိုတွင်လည်း ပဋ္ဌာန်းကျမ်းကြီးက ဦးစွာကွယ်ပျောက်လိမ့်မည်ဟု ဆိုပါသည်။[၂] အဋ္ဌကထာဆရာကြီး မိန့်ဆိုခဲ့သော ဤအဆိုအမိန့်၏ အဖြောင့်အဓိပ္ပာယ်(ဥဇုကတ္ထ)မှာ ''ပရိယတ္တိသာသနာ တည်ရှိနေသရွေ့ ကျန်သာသနာတော်သည် မကွယ်ပနိုင်၊ ပရိယတ္တိသာသနာတွင်လည်း ပဋ္ဌာန်းတရားတည်နေသရွေ့ ကျန်အဘိဓမ္မာနှင့် သုတ္တန္တ၊ ဝိနယတို့လည်း မကွယ်ပနိုင်''ဟူ၍ဖြစ်သည်။

ထို့ကြောင့် ပဋ္ဌာန်းဒေသနာတော်သည် သာသနာတော် မကွယ်ပရေးအတွက် ရှေ့တန်းမှ နေ၍ ကြံ့ကြံ့ခုခံနေသော ခံတပ်ကြီးသဖွယ် ဖြစ်သည်။ ရှေ့တန်းခံတပ် ကျဆုံးသွားပါလျှင် နောက် ခံတပ်များလည်း ဖရိုဖရဲဖြစ်ကာ ပျက်စီးမြဲဓမ္မတာ ဖြစ်ပါသည်။ သို့ဖြစ်၍ သာသနာတော်သုံးရပ် မကွယ်ပျောက်ရေးအတွက် ပဋ္ဌာန်းဒေသနာတော်သည် ရှေ့ဆုံးမှနေ၍ ကျေးဇူးပြုနေသည်။ သို့အတွက် ပဋ္ဌာန်းဒေသနာတော် တန်ခိုးကြီးရခြင်း ဖြစ်ပါသည်။

---

၁။ ဗုဒ္ဓယဉ်ကျေးမှု မြန်မာ့ဓလေ့ ပွဲတော်များ။ ၈၈။  ၂။ ဒီ၊ ၄၊ ၃။ ၈၂။

## မြန်မာနိုင်ငံနှင့်ပဋ္ဌာန်း

ဤသို့ တန်ခိုးကြီးလှသော ပဋ္ဌာန်းဒေသနာတော်ကို မြန်မာနိုင်ငံတွင် နေ့စဉ်နံနက်တိုင်း (သို့) ညတိုင်း ဝတ်ထား၍ ရွတ်ဆိုပူဇော်ကြသည်လည်း ရှိပါသည်။ မွန်ပြည်နယ်၊ ရေးမြို့နယ်ရှိ အချို့ကျေးရွာများမှာကဲ့သို့ အိမ်သစ်တက် ဂေဟပူဝေသပွဲ ကျင်းပသည့်အခါမျိုး၌ သင့်လျော်ရာ ရက်သတ်မှတ်ပြီး တစ်ရက်ပတ်လုံး ရွတ်ဖတ်ပူဇော်သည်လည်း ရှိ၏။ ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရား စသည်တို့မှာကဲ့သို့ ငါးရက်ပတ်လုံး ရွတ်ဖတ်ပူဇော်သည်လည်း ရှိ၏။ ရန်ကုန် ရွှေတိဂုံ၊ ပဲခူး ရွှေမောဓော စသည်တို့မှာကဲ့သို့ ခုနစ်ရက်ပတ်လုံး ရွတ်ဖတ်ပူဇော်သည်လည်း ရှိ၏။ ယင်းသို့ ရွတ်ဖတ်ပူဇော်ကြရာ၌ ရွတ်ဖတ်မည့်နေရာကို အများအားဖြင့် စေတီ ပုထိုး ဆင်းတုတော်ရှေ့တွင် သပ်သပ်ယပ်ယပ် ပြင်ဆင်သတ်မှတ်၍ ပန်း၊ သစ်သီး၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် မြတ်ဗုဒ္ဓအား ပူဇော်ကာ ရွတ်ဖတ်လေ့ရှိကြပါသည်။ အထူးအားဖြင့် ရေအိုး(ရေပုလင်း၊ ရေပုံး) ၂၄-ခု တို့၌ ပဋ္ဌာန်း ၂၄ ပစ္စည်းကို တစ်ပါးချင်းရေးထိုးကာ ပဋ္ဌာန်းအိုး(ပုလင်း၊ ပုံး)များ ထားလေ့ရှိကြပါသည်။ ပဋ္ဌာန်းတရား နာယူသူများ အန္တရာယ်ကင်း သောက်သုံးရန် ဖြစ်သည်။ ရှေ့ဦးစွာ နတ်များကို ဖိတ်မန္တကပြုခြင်း၊ ရောင်ခြည်တော်ဖွင့် ဂါထာဖြင့် ဘုရားပင့်ခြင်း၊ ဆရာတော်များထံမှ ပဋ္ဌာန်း တရားတော်အကြောင်း သိမှတ်ဖွယ်ရာများကို နာယူခြင်း၊ ပဋ္ဌာန်းရွတ်ဆိုရန် တိုက်တွန်းမှု ပြုခြင်းများကို ပြုလုပ်ပြီး ပဋ္ဌာန်းဒေသနာတော်ကို အစမှစ၍ ရွတ်ဖတ်ပူဇော်လေ့ ရှိကြပါသည်။ ဤသို့ စသည်ဖြင့် အခြေအနေနှင့် အချိန်အခါပေါ်မူတည်၍ ယခုကာလတွင် ရွတ်ဖတ်ပူဇော်ကြပါသည်။

ယင်းသို့ဆိုပါက ဤပဋ္ဌာန်းဒေသနာတော် ရွတ်ဆိုပူဇော်မှုသည် မြန်မာနိုင်ငံတွင် ဘယ်ခေတ် လောက်က စတင်ခဲ့သနည်းဟု စောကြောဖွယ်ဖြစ်ပါသည်။ လက်လှမ်းမီသမျှ လေ့လာတင်ပြပါမည်။ ပုဂံခေတ်တွင် ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ကြောင်း စာပေအထောက်အထား မတွေ့ရပါ။ ပရိတ်တရားများကိုသာ ရွတ်ဆိုပူဇော်ကြကြောင်း ကျောက်စစ်မင်း နန်းတည်ကျောက်စာ စသည်တို့၌ တွေ့ရပါသည်။ ဤ၌ ပရိတ်ဟူသည်မည်သည့်သုတ်များဖြစ်ကြောင်း တိတိပပ မဖော်ပြသော်လည်း ရှင်တေဇောဒီပတို့ခေတ်သုံး ကိုးသုတ်ထက် ပိုမည်ကား မဟုတ်ပါ။ ကျိန်းသေသည်ကား ယင်း ပရိတ်ထဲတွင် ပဋ္ဌာန်းမပါဝင်ခြင်းပင်ဖြစ်သည်။

သို့ရာတွင် မောင်းထောင်ဆရာတော်၏ သာသနဝံသပ္ပဒီပိကာ[၁] ၌ "ပုဂံခေတ်တွင် ပရိယတ္တိသာသနာထွန်းကားကြောင်း၊ အမျိုးသမီးကလေးများပင် ပါဠိစာပေကို စိတ်ပါဝင်စားစွာ သင်ယူကြ၊ နှုတ်တက်အာဂုံဆောင်ထားကြကြောင်း၊ တစ်ဦးနှင့်တစ်ဦး တွေ့ဆုံကြသည့်အခါ စာအကြောင်း ပေအကြောင်း မေးမြန်းဆွေးနွေးလေ့ရှိကြောင်း၊ အမျိုးသမီး တစ်ဦးက မေး၍ အမျိုးသမီးတစ်ဦးက ဖြေကြားရာ၌ "ကလေးက ငယ်သေးလို့ သူ့တာဝန်တွေ ပိနေတာနဲ့ ဒီနှစ် စာကောင်းကောင်း မကျက်နိုင်ကြောင်း၊ ပဋ္ဌာန်းကုသလတိတ်လောက်သာ အာဂုံကျက် နှုတ်ငုံ ဆောင်နိုင်ကြောင်း"များ ပါရှိပါသည်။ ဤအချက်သည် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်မှုကို ဖော်ပြလိုရင်း မဟုတ်ဘဲ ပဋ္ဌာန်းကျက်မှတ် ဆောင်ထားမှုကိုသာ တင်ပြလိုရင်းဖြစ်သည်ဟု ယူဆပါသည်။

---

၁။ သာသနဝံသ။ ၈၈။

ထို့ကြောင့် ''ပုဂံခေတ်တွင် ပဋ္ဌာန်း ဒေသနာတော် ရွတ်ဖတ်ပူဇော်ကြောင်း စာပေအထောက် အထား မတွေ့ရ''ဟု အထက်၌ တင်ပြခဲ့ခြင်း ဖြစ်ပါသည်။

ပုဂံခေတ်နည်းတူပင် ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်တို့တွင်လည်း ပဋ္ဌာန်း ဒေသနာတော် ရွတ်ဖတ်ပူဇော်ကြောင်း ခိုင်လုံသော အထောက်အထား မတွေ့ရပါ။ ညောင်ရမ်းခေတ် တွင်မှ စာပေအထောက်အထား တွေ့ရှိရသည်။ ထိုခေတ်၌ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲများ တခမ်း တနားကျင်းပကြောင်းကို သာသနဝံသပ္ပဒီပိကာကျမ်း[၁] နှင့် သာသနာလင်္ကာရစာတမ်း[၂] တို့၌ ဖော်ပြထားသည်။

သာလွန်မင်း(၉၉၁-၁၀၁၁)လက်ထက်တွင် ရေနံ့မြို့သား ဒေဝစက္ကောဘာသ(ဒေဝ+စက္က+ ဩဘာသ=နတ်+စက်+ရောင်)မည်သော ရဟန်းပျိုတစ်ပါးရှိသည်။ သူသည် ပိဋကတ်စာပေ မကျွမ်းကျင်သော်လည်း ဗေဒင်ကျွမ်းကျင်သည်။ သားတော် အမြင့်မြို့စား ရှင်တရုတ် ပုန်ကန် ခြားနားမှုကြောင့် မင်းကြီးသည် လေးထပ်ကျောင်း၌ ပုန်းအောင်းနေရခိုက် ဖြစ်သည်။ ထိုရဟန်းပျို လည်း ထိုကျောင်းတိုက်မှာပင် သီတင်းသုံးနေခိုက် ဖြစ်၏။ မင်းကြီး၏လျှောက်ထားချက်အရ ထိုရဟန်းပျိုက ''သီတင်းကျွတ်လပြည့်နေ့မှာ (သားတော်ရန်ကို) အောင်မြင်တော်မူလိမ့်မည်''ဟု ကာလကြီး ဗေဒင်ဟောကိန်းအရ ဟောဆိုသည်။ ဟောဆိုသည့်အတိုင်းလည်း မှန်သဖြင့် ရွှေစည်းခုံ စေတီ အရှေ့မြောက်ဘက်တွင် ကျောင်းဆောက်လှူဒါန်းသည်။ ''ဓမ္မနန္ဒဓမ္မရာဇဂုရု''ဘွဲ့တံဆိပ်တော် လည်း ဆက်ကပ်လှူဒါန်းသည်။

ဝမ်းဘဲအင်းစံခေါ် ရမည်းသင်းမင်း မင်းမဖြစ်မီ မင်းသားဘဝက ထိုရဟန်းပျိုသည် ကူတော် သစ် ပဋ္ဌာန်းဇရပ်တွင် သီတင်းသုံးသည်။ ထိုစဉ် မင်းသား၏ ဇာတာကိုကြည့်ရှုစစ်ဆေးပြီး ''သက္ကရာဇ် ၁၀၃၄ (ခရစ်-၁၆၇၂)ခုနှစ်တွင် ဧကန်မင်းဖြစ်မည်''ဟု ဟောကိန်းထုတ်သည်။ ဟောသည့်အတိုင်းလည်း မှန်သဖြင့် မင်းဖြစ်သောအခါ ထိုရဟန်းပျိုကို လောက၊ ဓမ္မ၊ ရာဇကြောင်း များ၌ လျှောက်ထားတိုင်ပင်သည်။ ထိုရဟန်းပျိုမှာ ရေနံ့မြို့သားဖြစ်၍ နေရပ်နှင့်ဘွဲ့ တွဲစပ်ကာ ''ရေနံ့ နတ်စက်ရောင်ကိုယ်တော်''ဟု ထင်ရှားသည်။

ထိုရမည်းသင်းလက်ထက်တွင် တိုင်းပြည်၌ဖြစ်ပေါ်လာမည့် ဘေးအန္တရာယ် ရန်အသွယ်သွယ် ကို ကာကွယ်တားမြစ်သည့်အနေဖြင့် ထိုရေနံ့နတ်စက်ရောင် ဒေဝစက္ကောဘာသကိုယ်တော်၏ အစီအရင်ဖြင့် ကူတော်သစ်ပဋ္ဌာန်းဇရပ်တွင် ၁၀၃၈-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈-ရက်(ခရစ် ၁၆၇၆-ခုနှစ်၊ မေလ)နေ့မှ စ၍ မြန်မာရဟန်းတော်များက ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ်ပူဇော် ကြသည်။ နယုန်လဆန်း ၁-ရက်နေ့မှစ၍ မွန်ရဟန်းတော်များက ပဋ္ဌာန်းဒေသနာကို ရွတ်ဖတ် ပူဇော်ကြသည်။ ထိုပူဇော်ပွဲတွင် မင်းက ဦးဆောင်၍ ပြည်သူများပါ ပါဝင်စေလျက် ပူဇော်ကြရာ ပူဇော်ပွဲသဘင်မှာ ကြီးကျယ်ခမ်းနားစည်ကားလှသည် ဆိုပါသည်။

---

၁။ သာသနဝံသ။ ၁၃၂။ ၂။ သာသနာလင်္ကာရ။ ၁၈၀။

ဤဖော်ပြခဲ့ပါ အထောက်အထားများအရ သက္ကရာဇ် ၁၀၃၈(ခရစ်-၁၆၇၆)ခုနှစ်တွင် မြန်မာပြည်၌ ပဋ္ဌာန်းဒေသနာ ရွတ်ဖတ်ပူဇော်ပွဲများရှိကြောင်း သိရသဖြင့် လွန်ခဲ့သော နှစ်ပေါင်း ၃၃၉-နှစ်ကျော်ကာလ မတိုင်မီကပင် မြန်မာနိုင်ငံ၌ ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်မှုများ ရှိနေပြီဖြစ်ကြောင်း အကဲဖြတ်နိုင်မည် ဖြစ်ပါသည်။

တစ်ဖန် ထပ်မံ၍ ခြေရာကောက်နိုင်သည်မှာ ရတနာပုံခေတ် အထောက်အထားများအရ ဖြစ်ပါသည်။ ရတနာပုံခေတ်တွင် မန္တလေးနန်းတည်သောအခါ ဆရာတော်သံဃာတော်များထံမှ ပရိတ်၊ ပဋ္ဌာန်းတရားတော်များ နာယူကြောင်း သိရှိရပါသည်။[၁]

မန္တလေးတောင်ခြေတွင် မင်းတုန်းမင်းကြီး(၁၂၁၄-၁၂၄၀)၏ ကုသိုလ်တော် သုဓမ္မဇရပ်များ ရှိပါသည်။ သက္ကရာဇ် ၁၂၂၆-ခုနှစ်၊ ခရစ် ၁၈၆၄-ခုနှစ်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တည်ဆောက်ခဲ့စဉ်က ၃၃-ဆောင် ဖြစ်သည်။ ရာသီဥတုဒဏ်၊ စစ်ဒဏ်တို့ကြောင့် ၁၄-ဆောင်မှာ ပျက်စီးသွားခဲ့ပြီ ဖြစ်သည်။ မင်းကြီးသည် သတ္တဌာန[၂]တည်ဆောက်စေခဲ့ရာ ပဋ္ဌာန်းဟောရွှေသိမ်တော် လည်း ပါဝင်ပါသည်။ ယင်းမှာ ဒုတိယကမ္ဘာစစ်အတွင်းက ပျက်စီးခဲ့ကြောင်း သိရှိရပါသည်။[၃]

ဤသို့ပြဆိုခဲ့ပြီးသော နန်းတည် ပဋ္ဌာန်းနာယူမှုနှင့် ပဋ္ဌာန်းဟော ရွှေသိမ်တော်တို့သည် ထိုခေတ်က ပဋ္ဌာန်းဒေသနာ ရွတ်ဖတ်ပူဇော်မှုအတွက် အထောက်အထားပြုနိုင်သော သာဓကများ ဖြစ်ပါသည်။

## ဆဋ္ဌသံဂါယနာကြို ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ

ထို့နောင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်မှုအတွက် ခိုင်လုံသော သာဓကကို ဆဋ္ဌသံဂါယနာမှတ်တမ်းများ အရ သိရပါသည်။ ၁၃၁၂-ခုနှစ်၊ ကဆုန်လဆန်း ၁၄-ရက်(၂၀-၄-၁၉၅၀)စနေနေ့တွင် နိုင်ငံတော် ဝန်ကြီးချုပ်နေအိမ်၌ ဟသ်ာတ ဦးမြ၊ သာသနာရေးဝန်ကြီး ဦးဝင်း စသော ပုဂ္ဂိုလ်များပါဝင်သည့် သီရိမင်္ဂလာပရိတ်တော်အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့ အသုံးပြုသော သီရိမင်္ဂလာပရိတ်တော်တွင် သမရိုးကျ ပရိတ်တော် ၉-သုတ် (သို့) ၁၁-သုတ် စသည်ဖြင့် မသတ်မှတ်ဘဲ ပရိတ်တော် ၃၁-သုတ် သတ်မှတ်ထားသည်။ ၃၁-ဘုံရှိ ဝေနေယျသတ္တဝါများ ဘေးဥပဒ်အန္တရာယ်ကင်း၍ ကောင်းကျိုး တရားများ ဖြစ်ထွန်းစေနိုင်ရန် ဖြစ်သည်။ ယင်း ၃၁-သုတ်တွင် ပဋ္ဌာန်းပစ္စယနိဒ္ဒေသ ပါဝင်သည်ကို လည်း ထူးခြားစွာ တွေ့ရသည်။ ပရိတ္တဋီကာဆရာတော် ရှင်တေဇောဒီပတို့ခေတ်က ပရိတ်တော် တွင် သုတ် ၉-သုတ်သာ ပါဝင်သည်ကို တွေ့ရသည်။ ပရိတ်အဖြစ် သတ်မှတ်ရာမှာလည်း လက်တွေ့ အန္တရာယ်ကင်းစေသည့် သုတ်များကို ထုတ်နုတ်သတ်မှတ်၍ ဖြစ်ပါသည်။[၄]

---

၁။ ပရိတ်ရွတ်ဖတ်ခြင်းနှင့် ပရိတ်အကျိုးကျေးဇူး။ ၃၁။

။ မြို့တော်၊ ကျုံးတော်၊ စေတီတော်၊ ကျောင်းတော်၊ ပိဋကတ်တိုက်တော်၊ သိမ်တော်၊ သုဓမ္မာဇရပ်တော်။ မန္တလေးမြို့ နန်းတည်စာတမ်း။ ၁၅၈။ ၁၇၁။

၃။ နတ်မောက်ထွန်းရှိန်၏ "မန္တလေးတောင်ခြေ သုဓမ္မာဇရပ်များမှ နိပါတ် ပန်းချီကားများ" ၂၀-၅-၂၀၁၁ နေ့ထုတ် မြန်မာ့အလင်း၊ နှာ-၅။ အတွဲ(၅၀)၊ အမှတ်(၂၂၅)။

၄။ ဗုဒ္ဓယဉ်ကျေးမှု မြန်မာ့ဓလေ့ပွဲတော်များ။ ၉၅။

သီရိမင်္ဂလာပရိတ်တော်အဖွဲ့သည် ဆဋ္ဌသံဂါယနာတင်ပွဲကြီး အောင်မြင်စေရန် ပိဋကသုံးပုံကို ဝန်ကြီးချုပ် နေအိမ်မှစ၍ မြန်မာနိုင်ငံ အနှံ့အပြား နေ့ညမစဲ ရွတ်ဖတ်ပူဇော်ကြသည်။ ပဋ္ဌာန်း ဒေသနာတော်ကိုလည်း နေရာဌာန အသီးသီးတို့၌ တြင်းကျေ နဝင်းကျေ ၅၄-နာရီပတ်လုံး ရွတ်ဆို ပူဇော်ကြသည်။

ထို့နောင် ဆဋ္ဌသံဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီး ပန္နက်တင်မင်္ဂလာကို ၁၃၁၄-ခု၊ တပိုတွဲလဆန်း ၁-ရက်(၁၅-၁-၁၉၅၃)ကြာသပတေးနေ့ နံနက် ၈:၀၀ နာရီတွင် စတင်ကျင်းပ သည်။ ထိုပန္နက်တင်မင်္ဂလာစတင်ကျင်းပသည့်မှစ၍ သီရိမင်္ဂလာပရိတ်တော်အဖွဲ့သည် ပဋ္ဌာန်း ဒေသနာတော်ကြီးကို ၅၄-နာရီ နေ့ရောညပါ ရွတ်ဖတ်ပူဇော်ကြသည်။ သာသနာတော်ကြီး တည်တံ့ ရန်နှင့် ဆဋ္ဌသံဂါယနာတင်လုပ်ငန်းကြီး ပြီးစီးအောင်မြင်ရန် ဖြစ်သည်။ ပန္နက်တင်မင်္ဂလာကျင်းပပြီး နောက် အုတ်မြစ်ချမင်္ဂလာ မကျင်းပမီလည်း ရှေးနည်းတူ ရွတ်ဖတ်ပူဇော်သေးကြောင်း သိရှိရပါသည်။

ဖော်ပြပါ အထောက်အထားများအရ ဆဋ္ဌသံဂါယနာတင် အကြိုခေတ်တွင် ပဋ္ဌာန်းရွတ်ဖတ် ပူဇော်မှုများ ကျယ်ကျယ်ပြန့်ပြန့် ရှိနေပြီဖြစ်ကြောင်း သိရှိနိုင်ပါသည်။

## မျက်မှောက်ခေတ် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ

တစ်ဖန် လေ့လာသိရှိရသည်မှာ ထူးထူးခြားခြား ဝါတွင်းပဋ္ဌာန်းပွဲဖြစ်သည်။ ပဋ္ဌာန်းပွဲများကို အများအားဖြင့် ပွင့်လင်းရာသီများ၌ ကျင်းပလေ့ရှိကြသည်။ ဤပဋ္ဌာန်းပွဲကိုကား ဝါတွင်းမှာ ကျင်းပ သည်။ မြတ်ဗုဒ္ဓ အဘိဓမ္မာဒေသနာတော် ဟောကြားချိန်ကို ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။ ၂၃၂၁ (၁၉၅၈)ခုနှစ်မှ ယခုနှစ်အထိ နှစ်စဉ်ကျင်းပခဲ့သော ပဋ္ဌာန်းပွဲဖြစ်သည်။ ယင်းပဋ္ဌာန်းပွဲကား ရန်ကုန်မြို့၊ ခြောက်ထပ်ကြီးဘုရားကျောင်းတိုက်၏ ပဋ္ဌာန်းပွဲ ဖြစ်ပါသည်။

မျက်မှောက်ခေတ်တွင်ကား မြို့ရွာဒေသအသီးသီးတို့တွင် ဘုရား၊ ကျောင်း၊ ဓမ္မာရုံ၊ မဏ္ဍပ်၊ အိမ် စသည်တို့၌ ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲများကို အစဉ်အလာမပျက် ကျင်းပကြသည်ကို တွေ့ရှိနိုင်ပါသည်။

## နိဂုံး

ဤသို့ဖြင့် ပဋ္ဌာန်းဒေသနာတော်သည် အမည်လေးမျိုးဖြင့် အသုံးအစွဲပြုသော နက်နဲသိမ်မွေ့ သည့် တရားဖြစ်ခြင်း၊ တန်ခိုးကြီးမားသော တရားဖြစ်ခြင်းဟူသော အရည်အသွေးများနှင့်ပြည့်စုံ သော တရားမွန်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ယင်းပဋ္ဌာန်းကို ရွတ်ဖတ်ပူဇော်မှုများ ပြုလုပ်လျက်ရှိကြသည်။ စာပေအထောက်အထား ခိုင်ခိုင်လုံလုံ တွေ့ရသောခေတ်မှာ ညောင်ရမ်းခေတ် ဖြစ်သည်။ ညောင်ရမ်းခေတ်တွင် ပဋ္ဌာန်းဒေသနာ ရွတ်ဖတ်ပူဇော်ပွဲများရှိကြောင်း အထောက်အထား တွေ့ရသဖြင့် ထိုကာလမတိုင်မီထဲကပင် ပဋ္ဌာန်းဒေသနာ ရွတ်ဖတ်ပူဇော်ပွဲရှိနေပြီဟု မှတ်ယူသင့် ပါသည်။ ရတနာပုံခေတ်၊ ဖဆပလခေတ်၊ မျက်မှောက်ခေတ်တွင်ကား ရွတ်ဖတ်ပူဇော်မှုများ ကျယ်ပြန့် လာသည့်သဘော ရှိသည်။ ထိုသုံးခေတ်အနက် မျက်မှောက်ခေတ်ကာလတွင်ကား အကျယ်ပြန့်ဆုံး ဖြစ်သည်။ ကျယ်ကျယ်ပြန့်ပြန့် ရွတ်ဆိုပူဇော်လျက်ရှိသည့် ဤကောင်းမှုလုပ်ငန်းသည် အသံကျယ်

လောင်မှုနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင် အနှောက်အယှက် မဖြစ်အောင် ဆောင်ရွက်သင့်ပါသည်။ သို့မှသာ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်ကာ သာမဂ္ဂီသုခကို ခံစားရမည် ဖြစ်ပါသည်။ ၄င်းပြင် ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ရာ၌ ဘေးရန်အန္တရာယ်ကင်းခြင်း၊ ချမ်းသာခြင်းစသော ရလဒ်များ လောက်သာ ရည်ရွယ် မရွတ်ဖတ်ကြဘဲ ယင်းရလဒ်များနှင့် ပြည့်စုံလျက် သူတော်ကောင်းတရားကို ကြိုးစားအားထုတ်နိုင်ရန်အထိ ရည်ရွယ်ရွတ်ဖတ်သင့်ပါသည်။ သို့မဟုတ်ပါက "ဆင်ဖြူတော် ဝင်မည်မှာ ချည်တစ်ခင်နှင့် ကျိန်းကျေ"[၁] ဟူသကဲ့သို့ ဖြစ်သွားမည် ဖြစ်ပါသည်။

ဒေါက်တာဘဒ္ဒန္တထေရိန္ဒ
ပါမောက္ခ၊ ဌာနမှူး
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
ရန်ကုန်

---

၁။ မြန်မာစကားပုံ။ ၇၁။

## ကျမ်းညွှန်းသင်္ကေတမှတ်ချက်

| | |
|---|---|
| ပဋ္ဌာန၊ ၁ | ပဋ္ဌာနပါဠိ၊ ပထမအုပ် |
| ဝိ၊ ဋ္ဌ၊ ၃ | ဝိနယပိဋက၊ ပါစိတျာဒိအဋ္ဌကထာ |
| အဘိ၊ ဋ္ဌ၊ ၁ | အဘိဓမ္မပိဋက၊ အဋ္ဌသာလိနီအဋ္ဌကထာ |
| အဘိ၊ ဋ္ဌ၊ ၃ | အဘိဓမ္မပိဋက၊ ပဥ္စပကရဏအဋ္ဌကထာ |
| ဒီ၊ ဋ္ဌ၊ ၂ | ဒီဃနိကာယ၊ မဟာဝဂ္ဂအဋ္ဌကထာ |
| ဒီ၊ ဋ္ဌ၊ ၃ | ဒီဃနိကာယ၊ ပါထိကဝဂ္ဂအဋ္ဌကထာ |
| ဥဒါန၊ ဋ္ဌ | ဥဒါနဋ္ဌကထာ |
| အပ၊ ဋ္ဌ၊ ၁ | အပဒါနဋ္ဌကထာ၊ ပထမအုပ် |
| ဇာ၊ ဋ္ဌ၊ ၁ | ဇာတကဋ္ဌကထာ၊ ပထမအုပ် |
| သီ၊ ဋီ၊ ၁ | သီလက္ခန္ဓဝဂ္ဂဋီကာ၊ ပထမအုပ် |
| သီ၊ ဋီ၊ သစ်၊ ၁ | သီလက္ခန္ဓဝဂ္ဂဋီကာသစ်၊ ပထမအုပ် |
| ဒီ၊ ဋီ၊ ၂ | ဒီဃနိကာယ၊ မဟာဝဂ္ဂဋီကာ၊ ဒုတိယအုပ် |
| မူလဋီ၊ ၁ | ဓမ္မသင်္ဂဏီမူလဋီကာ၊ ပထမအုပ် |
| မူလဋီ၊ ၃ | ပဥ္စပကရဏ မူလဋီကာ၊ တတိယအုပ် |
| အနုဋီ၊ ၃ | ပဥ္စပကရဏအနုဋီကာ၊ တတိယအုပ် |
| အခြေပြုပဋ္ဌာန်း | အခြေပြုပဋ္ဌာန်းတရားတော် |
| သာသနဝံသ | သာသနဝံသပ္ပဒီပိကာ |
| သာသနာလင်္ကာရ | သာသနာလင်္ကာရစာတမ်း |

## အကျိုးပေးရာကာလကွဲပြားသောကံလေးမျိုးကိုလေ့လာခြင်း

အရှင်အဂ္ဂဝံသ

**"စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ"**[၁] - စေတနာကို ကံဟုခေါ် ဆိုသည့်အတိုင်း သတ္တဝါတို့သည် ကိုယ်၊ နှုတ်၊ စိတ် တို့ဖြင့် စေတနာနှင့်အတူတကွ ကံ တစ်ခုခုကိုပြုလုပ်ကြမည်မှာ မလွဲဧကန်ပင် ဖြစ်၏။ ကံတရားသည် အကြောင်းတရားဖြစ်၍ ကမ္မနိယာမသဘောအတိုင်း အကျိုးတရားကို ဖြစ်ပေါ်စေနိုင်သော အစွမ်းသတ္တိရှိသည်ကား အမှန်ပင်ဖြစ်၏။ အစွမ်းသတ္တိရှိသည့်အလျောက် ကံတရား၏ အကျိုးပေးမှုနယ်ပယ်သည်လည်း များစွာကျယ်ဝန်းပေသည်။

ကံတရား၏ အကျိုးကိုဖြစ်စေမှု စွမ်းအင်သတ္တိသည် ဆန်းကြယ်၍နက်နဲခက်ခဲ၏။ မိမိတို့ တတ်သိနားလည်ထားသော ကျမ်းဂန်စာပေ ဗဟုသုတမျှလောက်ဖြင့်လည်း ကံတရား၏အကျိုးကို ကြံစည်၍မရနိုင်ပေ။ ထို့ထက်သာလွန်သော အသိဉာဏ်ဖြင့်လည်း ထိုင်စဉ်းစား၍ အဖြေမှန် တိတိကျကျ မထုတ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် မြတ်စွာဘုရားရှင် **"ကမ္မဝိပါကော အစိန္တေယျော"**[၂] - ကံ၏အကျိုးတရားကို မကြံစည်အပ် ဟု ဟောတော်မူသောကြောင့်ဖြစ်၏။ သို့ပါသော်လည်း ကံတရား၏ အကျိုးပေးမှုဖြစ်စဉ်ကို မြတ်ဗုဒ္ဓဟောတော်မူသော ပိဋကတ် ကျမ်းဂန်များ ထင်ရှားရှိနေ၍ ယင်းတို့ကိုအခြေခံကာ လေ့လာပါက ဉာဏ်မီသလောက်သိနိုင်မည်သာ ဖြစ်၏။ ဤစာတမ်းဝယ် လက်လှမ်းမီသမျှသော ဗုဒ္ဓစာပေ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စသော ဂန္ထန္တရတို့ကို အခြေခံကာ ဗဟုသုတဖြစ်ဖွယ်ရာ လေ့လာပြပါမည်။

သတ္တဝါတစ်ဦးတစ်ယောက် အကြောင်းကံတစ်ခုကိုပြုလုပ်ပြီးသည်ဆိုပါက ယင်းကံသည် မည်သည့်အချိန်ဝယ် အကျိုးကိုဖြစ်ပေါ်စေသနည်း? အကျိုးပေးသနည်း?။ ဤအချက်သည် လူသားတိုင်း စိတ်ဝင်စားသောအချက် ဖြစ်၏။ ကံတရားသည် အကျိုးကိုဖြစ်စေရာ အကျိုးပေးရာကာလ မတူညီကြပေ။ အချို့ကံတို့သည် လက်ရှိမျက်မှောက်ဘဝမှာပင် အကျိုးပေး၍ အချို့ကံတို့ မှာမူ ဤဘဝ၏အခြားမဲ့ နောက်ဘဝဟုဆိုအပ်သော ဒုတိယဘဝ၌ အကျိုးပေး၏။ အချို့သော ကံတို့မှာကား တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် ဘဝမဆုံးမချင်း အကျိုးပေး၏။ အချို့ကံများမှာ မည်သည့်အချိန်အခါမှ အကျိုးပေးခွင့်မရသော ကံများလည်း ရှိကြပေ၏။

ထိုသို့ မတူကြသောကံလေးမျိုးကို အဘိဓမ္မတ္ထသင်္ဂဟ၌

(၁) ဒိဋ္ဌဓမ္မဝေဒနီယကံ = လက်ရှိဘဝ၌ အကျိုးပေးသောကံ

(၂) ဥပပဇ္ဇဝေဒနီယကံ = ဒုတိယဘဝ၌ အကျိုးပေးသောကံ

(၃) အပရာပရိယဝေဒနီယကံ = တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် ဘဝအဆက်ဆက် အကျိုးပေးသောကံ

(၄) အဟောသိကံ[၃] = မည်သည့်အချိန်အခါမှ လုံးဝအကျိုးမပေးသော ကံ ဟု လေးမျိုးပြဆိုထား၏။

အထက်ပါကံလေးမျိုးမတူညီပုံကို ဇောများဖြင့် သတ်မှတ်၏။ ဇောဆိုသည်မှာ ကုသိုလ်၊ အကုသိုလ်ကံ အမှုကိစ္စများကိုပြုကြရာ၌ အရှိန်အဟုန်ဖြင့် ဖြစ်ပေါ်လာသော စိတ်ကိုခေါ်၏။ ပုံမှန်အားဖြင့် ဇောသည် ခုနစ်ကြိမ်ရှိပြီး ဇောစိတ်တိုင်းတွင် စေတနာပါဝင်မြဲဖြစ်သည်။ ဇောခုနစ်ကြိမ်တွင် ပဌမဇောစေတနာသည် ဒိဋ္ဌဓမ္မဝေဒနီယကံမည်၏။ သတ္တမဇောစေတနာသည် ဥပပဇ္ဇဝေဒနီယကံမည်၏။ အလယ်ဇောငါးချက်သည် အပရာပရိယဝေဒနီယကံမည်၏။ အဟောသိ ကံကား ဇောခုနစ်ချက်တွင် မပါဝင်ပေ။[၄]

## ဒိဋ္ဌဓမ္မဝေဒနီယကံ

ပဌမဇောစေတနာသည် ဒိဋ္ဌဓမ္မဝေဒနီယကံမည်၏ဟု ဆိုသည့်အတိုင်း ပဌမဇော စေတနာသည် အချင်းခပ်သိမ်း အာသေဝနပစ္စည်းကိုမရသောကြောင့် အားနည်း၏။ ထို့ကြောင့် တစ်ခုသောဘဝသစ် ပဋိသန္ဓေသစ်ကို ထူထောင်ခြင်းငှါ မတတ်နိုင်ချေ။ မရဏကာလကျော်လွန် ကူးပြောင်း၍ ဒုတိယဘဝ၌ အကျိုးမပေးနိုင်ချေ။ ဤဘဝ၌ပင် အကျိုးပေးရ၏။ ယင်းသို့ အကျိုးပေးပုံကို ''အကြောင်းအခွင့် သင့်မှသာလျှင် အကျိုးပေးနိုင်သည်၊ အကြောင်းအခွင့်မသင့်လျှင် အကျိုးပျက်သုဉ်းလေ၏''ဟု ပရမတ္ထ သံခိပ်ဋီကာ[၅] ၌ ပြဆိုထား၏။

အကျိုးတရားတို့တွင် ဘဝကိုဖြစ်ပေါ်စေသော ပဋိသန္ဓေအကျိုးနှင့် ဘဝကိုရပြီးနောက် ခံစား ရသော ပဝတ္တိအကျိုးဟု နှစ်မျိုးရှိ၏။ ထိုတွင် ဒိဋ္ဌဓမ္မဝေဒနီယကံသည် ပဝတ္တိအကျိုးကိုသာ ပေးနိုင်၏။ ဋီကာ[၆]၌ ''ကုသိုလ်ဒိဋ္ဌဓမ္မဝေဒနီယကံသည် ဆန့်ကျင်ဘက်အကုသိုလ်တို့၏ လွှမ်းမိုးနှိပ်စက်နှောက်ယှက်မှု မခံရပါမှ မျက်မှောက်ဘဝ၌ အကျိုးပေးနိုင်သည်။ အကုသိုလ်အရာတွင်လည်း ကုသိုလ်ကံ၏ နှောက်ယှက်မှု မခံရပါမှ အကျိုးပေးနိုင်သည်''ဟု ပြဆို၏။

ယင်းကံ၏အကျိုးပေးပုံကို သာဓကအားဖြင့် ပြဆိုရပါမူ မြတ်ဗုဒ္ဓလက်ထက်အခါတွင် ဒိဋ္ဌဓမ္မ ဝေဒနီယကံအကျိုးကို ခံစားရသူ ခုနစ်ယောက်ရှိ၏။ ၎င်းတို့မှာ-ပုဏ္ဏာစာရင်းငှါး၊ ဂေါပါလမာတာမိဖုရား၊ သုပ္ပိယဥပါသိကာမ၊ မလ္လိကာမိဖုရား၊ သုမနပန်းသည်၊ ကေသာဠကပုဏ္ဏား တို့ဖြစ်ကြ၏။ ယင်းသို့ ခြောက်ယောက်ရှိပုံကို မိလိန္ဒပဉှာ[၇]၌ ပြဆိုထားပေသည်။

ထိုတွင် ပုဏ္ဏမည်သော စာရင်းငှါးသည် နိရောဓသမာပတ်မှထပြီးဖြစ်သော အရှင်သာရိ- ပုတ္တရာမထေရ်အား နံနက်စောစော၌ မျက်နှာသစ်ရေနှင့် ဒန်ပူလှူ၏။ မယားဖြစ်သူ ဘာရိတာ သည်လည်း မထေရ်အားဆွမ်းလှူဒါန်း၏။ ထိုသို့ပြုလုပ်သော ပဌမဇောစေတနာကြောင့် ထွန်စာခဲ များသည် ရွှေခဲများဖြစ်ပြီး နေ့ချင်းပင် သူဌေးရာထူးကို ရခဲ့သည်။

ဂေါပါလမာတာမည်သော အမျိုးသမီးသည် မိမိဆံပင်ရောင်းရသောငွေ ရှစ်အသပြာဖြင့် အရှင်မဟာကစ္စည်းမထေရ်အပါအဝင် ရဟန်းရှစ်ပါးအား ဆွမ်းကပ်ခဲ့၏။ ယင်းကုသိုလ် ပဋ္ဌမဇော စေတနာကြောင့် ပေးလှူသောနေ့၌ပင် စဏ္ဍပဇ္ဇောတမင်း၏ အဂ္ဂမဟေသီမိဖုရားအဖြစ်ကို ရရှိခဲ့သည်။

သုပ္ပိယာဥပါသိကာမသည် ဂိလာနရဟန်းတစ်ပါးအား မိမိပေါင်သားကို လှီး၍ဆေးအဖြစ် အသားဟင်းပြုလုပ်ပြီး လှူခဲ့၏။ ယင်းကုသိုလ်စေတနာကြောင့် နှစ်ရက်မြောက်သောနေ့၌ပင် အသားနုတက်ကာ ကောင်းသောအသားအရေဖြစ်ပေါ်လာပြီး အနာရောဂါပျောက်ကင်း၏။

ဆင်းရဲသူမ ပန်းသည်သမီး မလ္လိကာသည် မြတ်စွာဘုရားရှင်အား တစ်ညဥ့်လွန်ပြီးသော မုယောမုန့်လုံးကို ပေးလှူခဲ့သည့် ကုသိုလ်ကံကြောင့် ထိုနေ့၌ပင် ပသေနဒီကောသလမင်းကြီး၏ မိဖုရားခေါင်ကြီးဖြစ်ခဲ့သည်။

သုမနပန်းသည်သည် ရှစ်ဆုပ်သော မုလေးပန်းတို့ဖြင့် မြတ်ဗုဒ္ဓကို ပူဇော်သောကြောင့် ထိုနေ့၌ပင် များစွာသော စည်းစိမ်ဥစ္စာတို့ကို ရရှိခဲ့သည်။

ကောသင္ဇကပုဏ္ဏားသည်လည်း အပေါ်ရုံပုဆိုးဖြင့် မြတ်ဗုဒ္ဓကို ပူဇော်သောကြောင့် စည်းစိမ် ဥစ္စာအခြံအရံတို့ကို ရရှိခဲ့သည်။

ဒိဋ္ဌဓမ္မဝေဒနီယကံသည် အထက်ဖော်ပြပါ ထင်ရှားသောအကျိုးများ ရှိသကဲ့သို့ မထင်ရှားသော အကျိုးများလည်း ရှိပေသည်။ ကောင်းသောအမှုကိုပြု၍ ပညာရှိသူတော်ကောင်းတို့ ချီးမွမ်းခံရခြင်း၊ ဂုဏ်ပြုခံရခြင်း၊ ဆုလာဘ်ရခြင်း၊ ရာထူးတိုးခြင်းစသည်တို့သည် ကုသိုလ်အရာ မထင်ရှားသော အကျိုးများဖြစ်၏။ မကောင်းမှုကိုပြုလုပ်၍ လူအများ ကဲ့ရဲ့ခံရခြင်း၊ မင်းပြစ်မင်းဒဏ်သင့်ခြင်း စသည် တို့သည်လည်း အကုသိုလ်အရာ၌ မထင်ရှားသော အကျိုးဖြစ်၏။

ယင်းကံသည် ကုသိုလ်ဖြစ်စေ၊ အကုသိုလ်ဖြစ်စေ၊ ပြုလုပ်ပြီး ခုနစ်ရက်အတွင်း အကျိုး ပေးသောကံနှင့် ခုနစ်ရက်လွန်ပြီးနောက် အရွယ်သုံးပါးတွင် တစ်ပါးပါးသောအရွယ်၌ အကျိုးပေးသော ကံဟု နှစ်မျိုးရှိကြောင်း အဋ္ဌကထာ[၈]၌ မိန့်ဆိုပါသည်။

ကုသိုလ်အရာ၌ ဒိဋ္ဌဓမ္မဝေဒနီယကံအကျိုးပေးဖို့ရန် အကြောင်းလေးချက်ရှိ၏။ ယင်းတို့မှာ-

၁။ အလှူခံပုဂ္ဂိုလ် အနာဂါမ်၊ ရဟန္တာတစ်မျိုးမျိုးဖြစ်ရခြင်း၊

၂။ တရားသဖြင့် ရှာဖွေရရှိထားသော လှူဖွယ်ပစ္စည်းဖြစ်ခြင်း၊

၃။ စေတနာသုံးတန်ထက်သန်ခြင်း၊

၄။ အလှူခံပုဂ္ဂိုလ်သည် နိရောဓသမာပတ်မှ ထပြီးကာစဖြစ်ခြင်း တို့ဖြစ်သည်။[၉] ယင်းလေးချက် ပြည့်စုံပါမှ အကျိုးကိုဖြစ်စေနိုင်သည်။

အကုသိုလ်အရာ၌ သာဓကပြဆိုရပါမူ မြတ်ဗုဒ္ဓလက်ထက်တွင် နန္ဒလုလင်သည် ဥပ္ပလဝဏ် ရဟန္တာထေရီမကြီးအား အနိုင်ကျင့်မတရားပြုခဲ့သောကံကြောင့် ချက်ချင်းမြေမျို၍ သေဆုံးခဲ့၏။ သာဝတ္ထိပြည်သား နွားသတ်သမားတစ်ယောက်သည် (အနှစ်ငါးဆယ်ပတ်လုံး နွားသတ်ခဲ့သည့်

အကုသိုလ်ကံကြောင့်) နွားလှျာကိုလှီးဖြတ်၍ မီးကင်စားခဲ့၏။ ယင်းကံကြောင့် စားနေစဉ်မှာပင် လျှာပြတ်ကျ၍ သေဆုံးခဲ့၏။ နန္ဒဘီလူးသည်လည်း အရှင်သာရိပုတ္တရာ၏ ဦးခေါင်းကို ရိုက်သည့် အကုသိုလ်ကံကြောင့် ချက်ချင်းပင်မြေမျို၍ သေဆုံး၏။[၃၀]

ခန္တိဝါဒီဇာတ်[၃၁]တွင် ခန္တိဝါဒီရသေ့ကို ပြစ်မှားသော ကလာဗုမင်းသည်လည်း မြေမျို၍ သေဆုံးခဲ့၏။ ထို့ပြင် မြတ်စွာဘုရားရှင်ကို ပြစ်မှားသည့်အတွက် ဒဏ်သင့်၍ လတ်တလော သေဆုံးရသော သုန္ဒရီအမျိုးသမီး၊ မြတ်စွာဘုရားရှင်ကို မတော်မတရားစွပ်စွဲသည့်အတွက် ချက်ချင်း မြေမျိုခံရသော စိဉ္စမာနအမျိုးသမီး၊ သာမာဝတီမိဖုရားကို မကောင်းကြံသည့်အတွက် မင်းဒဏ်သင့်၍ သေဆုံးရသော မာဂဏ္ဍီမိဖုရားနှင့်အပေါင်းပါများ စသည်တို့သည်လည်း အကုသိုလ်ဒိဋ္ဌဓမ္မဝေဒနိယ ကံ၏ ဒိဋ္ဌဓမ္မအကျိုးများဖြစ်၏။[၃၂] ငရဲကျခြင်းစသည်တို့ကား ဆက်လက်ပြဆိုမည့် ဥပပဇ္ဇဝေဒနိယကံ၏ အကျိုးပေးမှုများဖြစ်သည်။

## ဥပပဇ္ဇဝေဒနိယကံ

ပဋ္ဌမဘဝ၏အခြားမဲ့ဖြစ်သော ဒုတိယဘဝ၌ရရှိခံစားအပ်သော အကျိုးရှိသည့်ကံသည် ဥပပဇ္ဇ ဝေဒနိယကံမည်၏။ ဤကံသည် ဇောခုနစ်ကြိမ်တွင် နောက်ဆုံးသတ္တမဇော၌ရှိသော စေတနာပင် ဖြစ်သည်။ ဒါန သီလစသောကုသိုလ်မှု၊ သူ့အသက်သတ်ခြင်းစသော အကုသိုလ်မှုများသည် ဇောခုနစ် ကြိမ်တွင် နောက်ဆုံးသတ္တမဇောထိ ဆိုက်ရောက်ပါမှ အထမြောက်ပေသည်။

ကုသိုလ်၊အကုသိုလ်မှုများကို ပြုလုပ်ကြရာ၌ ရှေ့ဇောများဖြင့် အထမမြောက်သေးပေ။ ရှေ့ဇော များသည် သတ္တမဇောအားထောက်ပံ့ရုံသာ ထောက်ပံ့နိုင်၏။ သတ္တမဇောရောက်မှသာ ဆိုင်ရာအမှု ကိစ္စများ ပြီးစီးနိုင်၏။ ထို့ကြောင့် "အမှုကိစ္စများပြီးစီးနိုင်၍ သန္နိဋ္ဌာန်ကျကျ ဆုံးဖြတ်ချက်ချကြောင်း ဖြစ်သော သတ္တမဇောစေတနာသည် ဥပပဇ္ဇဝေဒနိယကံမည်၏" ဟု ဋီကာ[၃၃]၌ မိန့်ဆိုထားပါသည်။ ထိုသတ္တမဇောစေတနာသည် နောက်ဆုံးဇောဖြစ်၍ အားမကောင်းလှပေ။ သို့ဖြစ်၍ ဒုတိယဘဝ၌ အကျိုးပေးရခြင်း ဖြစ်သည်။ ဒုတိယဘဝကို ကျော်လွန်၍ တတိယဘဝ စသည်တို့၌ အကျိုးကို မပေးနိုင်ချေ။

အကုသိုလ်အရာတွင် အနန္တရိယကံငါးပါးနှင့် နိယတမိစ္ဆာဒိဋ္ဌိကံတို့သည် သေသည်၏အခြားမဲ့ ဒုတိယဘဝ၌ ကေန်ငရဲသို့ကျရောက်စေသော ကံများဖြစ်သည်။ ကုသိုလ်အရာ၌ သမာပတ် ရှစ်ပါးသည် အားကြီးသောဂရုကံများဖြစ်သည်။ ဈာန်လက်ရှိဖြင့်သေဆုံးလျှင် သက်ဆိုင်ရာဗြဟ္မာပြည်သို့ ရောက်စေနိုင် သည် ဟု အဋ္ဌကထာ[၃၄]၌ မိန့်ဆိုထားသည်။

ဤဥပပဇ္ဇဝေဒနိယကံသည် ဒုတိယဘဝတွင် ပဋိသန္ဓေအကျိုးကိုဖြစ်စေ၊ ပဝတ္တိအကျိုးကို ဖြစ်စေ၊ တစ်မျိုးမျိုးကိုဖြစ်စေ အကျိုးပေးသောကံဖြစ်သည်။ ထိုကံသည် ရံခါ ဒုတိယဘဝတွင် ပဋိသန္ဓေအကျိုးကို မပေးနိုင်ပါသော်လည်း ပဝတ္တိအကျိုးကို ပေးနိုင်ပေသည်။ သာဓကအားဖြင့် စမ္မေယျဇာတ်[၃၅]၌ အလောင်းတော် စမ္မေယျနဂါးမင်းသည် ရှေးဘဝက နဂါးမင်းစည်းစိမ်ကို တောင့်တ၍

ကုသိုလ်ကံများကို ပြုလုပ်ခဲ့၏။ ဒုတိယဘဝဝယ် အဟိတ်တိရစ္ဆာန် နဂါးဖြစ်ခဲ့သည်။ သို့ပါသော်လည်း ဤသို့ ရှေးဘဝကပြုခဲ့သော ကုသိုလ်ကံများသည် ပဋိသန္ဓေအကျိုးကို မပေးချေ။ ပဝတ္တိအခါ၌ နဂါးမင်းစည်းစိမ်ကို ခံစားရ၏။ ဤကား ထူးခြားချက်ဖြစ်ပေသည်။

ယင်းကံ၏ အကျိုးပေးပုံများကို အနည်းငယ်ပြဆိုရသော် မဏ္ဍုကဒေဝပုတ္တသီလတို့သားသည် သေခါနီးကာလ မြတ်စွာဘုရားရှင်ကို ကြည်ညိုသည့်စိတ်ကြောင့် ဒုတိယဘဝ၌ တာဝတိံသာနတ်ပြည်ဝယ် နတ်စည်းစိမ်ကို ခံစားရ၏။ ထို့ပြင် ဝိမာနဝတ္ထု၌ ဖားတစ်ကောင်သည် မြတ်ဗုဒ္ဓ၏ တရားတော်အသံကို နာယူနေစဉ် နွားကျောင်းသားတစ်ယောက် တုတ်ဖြင့်ထောက်မိကာ သေဆုံးခဲ့၏။ တရားသံကို ကြည်ညိုသောစေတနာကြောင့် နတ်ပြည်၌ ဖားနတ်သားဖြစ်ခဲ့ရသည်။

အကုသိုလ်အရာ၌ အဇာတသတ်ဘုရင်သည် အဖသတ်သော ပိတုဃာတကကံကြောင့် ဒုတိယဘဝဝယ် လောဟကုမ္ဘီငရဲရောက်ခဲ့ရသည်။ ထို့ပြင် အရှင်ဒေဝဒတ်သည် လောဟိတုပ္ပါဒကကံ၊ သံဃဘေဒကကံတို့ကို ကျူးလွန်သည့်အတွက် ဒုတိယဘဝဝယ် အဝီစိငရဲ၌ ဖြစ်ကြရ၏။[၃၆] ဤကား ဥပပဇ္ဇဝေဒနိယကံ၏ အကျိုးပေးမှုများ ဖြစ်၏။

**အပရာပရိယဝေဒနိယကံ**

တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် ဘဝသံသရာတစ်လျှောက် ထိုက်သည်အား လျော်စွာ အကျိုးပေးသောကံသည် အပရာပရိယဝေဒနိယကံမည်၏။ ယင်းကံသည် ဇောခုနစ်ကြိမ်အနက် အလယ်ဇောငါးချက်စေတနာများဖြစ်၏။ ဤစေတနာသည် ရှေးရှေးဇောများ၏ အာသေဝနသတ္တိဖြင့် ထောက်ပံ့ကူညီမှုကိုရသောကြောင့် အလွန်အားကောင်း၏။ တတိယဘဝမှစ၍ ဘဝမဆုံးမချင်း သံသရာအတွင်း၌ အခွင့်သာရာတွင် အကျိုးပေးနိုင်ပေသည်။ ဋီကာ[၃၇]၌ ယင်းကံသည် တတိယဘဝ၌ ပဋိသန္ဓေအကျိုး၊ ပဝတ္တိအကျိုးနှစ်မျိုးလုံးကို ပေးနိုင်သည်ဟု မိန့်ဆိုထားပါသည်။

အပရာပရိယဝေဒနိယကံသည် စေတနာများစွာရှိရာ မည်သည့်ကံမဆို အကြိမ်များစွာ အကျိုးပေးနိုင်သည်ဟု မမှတ်ယူသင့်ပေ။ ၄င်းကံသည် မိမိအစွမ်းရှိသမျှ အကျိုးပေးပြီးဖြစ်ခဲ့လျှင် နိဗ္ဗာန်မရခင်မှာပင် အစွမ်းသတ္တိကုန်ဆုံးသွားတတ်ပါသည်။ အကျိုးမပေးရသေးလျှင်သာ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် အကျိုးပေးနိုင်၏။ မတကဘတ္တဇာတ်[၃၈]တွင် ဆိတ်တစ်ကောင်သည် ရှေးအတိတ်ဘဝ လူဖြစ်စဉ် ဆိတ်တစ်ကောင်ကို သတ်၍ယဇ်ပူဇော်ခဲ့၏။ ယင်းအကုသိုလ်ကံကြောင့် ဘဝငါးရာပတ်လုံး သူတစ်ပါးတို့သတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။ နောက်ဆုံးဘဝ ဆိတ်ဖြစ်စဉ်တွင် အသတ်ခံရမည့်အချိန်၌ ဆင်းရဲဒုက္ခမှလွတ်မြောက်မည်ကိုသိ၍ ဝမ်းမြောက်ဝမ်းသာရယ်လျက် အသတ်ခံခဲ့၏။ ဤကား အပရာပရိယဝေဒနိယကံ၏ အကျိုးပေးမှုကုန်ဆုံးတတ်ကြောင်း သက်သေပင် ဖြစ်သည်။

ထို့ပြင် နာရဒဇာတ်အဋ္ဌကထာ[၃၉]၌ ''အပရာပရိယဝေဒနိယကံသည် အကျိုးမပေးရသေးလျှင် မပျက်စီး''ဟု ဆိုသောကြောင့် အပြန်အားဖြင့် ယင်းကံသည် အကျိုးပေးပြီးလျှင် ပျက်စီးပျောက်ကွယ်သွားနိုင်သည်ဟု ဆိုနိုင်မည်ဖြစ်သည်။

ထိုကံသည် ပဋိသန္ဓေ၊ ပဝတ္တိအကျိုးနှစ်မျိုးရှိရာ၌ "ကောယ စေတနာယ ကမ္မေ အာယူဟိတေ ကောပဋိသန္ဓိ ဟောတိ"[၂၀] - တစ်ခုသောစေတနာကံသည် တစ်ခုသော ပဋိသန္ဓေ အကျိုးကိုသာ ပေး၏ဟု ဆိုသောကြောင့် အလယ်ဇောငါးချက်တို့တွင် သင့်လျော်ရာစေတနာ တစ်ချက်ကသာ တတိယဘဝမှစ၍ ပဋိသန္ဓေအကျိုးကို ပေးနိုင်ပေသည်။ ကြွင်းသောစေတနာများကား ပဝတ္တိအကျိုးကို နိဗ္ဗာန်ရောက်သည်အထိ အကျိုးပေးနိုင်သည်ဟု မှတ်သားရပါမည်။

အနည်းငယ်ရှင်းပြရသော် စေတနာဟူသည် ဇောနှင့်ယှဉ်သော စေတနာစေတသိက်ပင် ဖြစ်၏။ ကံကို ဇောစေတနာတစ်ခုတည်းဖြင့် အထမြောက်အောင် အားမထုတ်နိုင်၊ ဝီထိတစ်ခုတွင် ပါဝင်သော ဇောခုနစ်ကြိမ်ဖြင့်အားထုတ်ပါမှ ကံတစ်ခုအထမြောက်နိုင်၏။ ထိုဇောများကိုပင် သဘောတူသောအားဖြင့် စေတနာတစ်ခုဟု ဆိုရသည်။ ဤ၌ သတ္တမဇောစေတနာ ပဋိသန္ဓေအကျိုး တစ်ခု၊ အလယ်ဇောငါးချက် အတွက် ပဋိသန္ဓေအကျိုးတစ်ခုဟု ဆိုလိုရင်း မဟုတ်ပေ။ တစ်ဝီထိလုံးတွင်ပါသော စေတနာအားလုံး ပေါင်းပါမှ ပဋိသန္ဓေအကျိုးတစ်ခုသာ ရနိုင်သည်ဟု ဆိုလိုရင်း ဖြစ်သည်။

ဇောစေတနာတို့ အကျိုးပေးမှုနှင့်စပ်၍ ဘာသာဋီကာ[၂၁]၌ တစ်ခုသောစေတနာဖြင့် ကံကို အားထုတ်ရာ၌ "ထိုကံကို ဇောစေတနာတစ်ခုတည်းဖြင့် ထမြောက်အောင် အားမထုတ်နိုင်၊ ဝီထိတစ်ခု တွင် ပါဝင်သောဇောခုနစ်ကြိမ်လုံးကိုပင် သဘောတူသောအားဖြင့် စေတနာတစ်ခုဟု ဆိုထားသည်။ ထို့ကြောင့် "သတ္တမဇောအတွက် ပဋိသန္ဓေအကျိုး၊ အလယ်ဇောငါးချက်အတွက် ပဋိသန္ဓေ ၅-ကျိုး" ဟူသောစကားသည် လားလားမှမသင့်၊ တစ်ဝီထိပါ ဇောစေတနာအားလုံးအတွက်မှ ပဋိသန္ဓေ အကျိုးတစ်ချက်သာရနိုင်သည်။ သို့ဖြစ်၍ ဥပပဇ္ဇဝေဒနီယကံ (သတ္တမဇော စေတနာ)သည် ဒုတိယဘဝ၌ ပဋိသန္ဓေအကျိုးပေးခဲ့လျှင် အလယ်ဇောငါးချက်က နောက်ထပ် ပဋိသန္ဓေကျိုးမပေးနိုင်၊ ပဝတ္တိအကျိုး ကိုသာ ဆိုင်ရာဘဝတွင် ပေးခွင့်ရှိတော့သည်"ဟု ရှင်းပြထားပါသည်။

အပရာပရိယဝေဒနီယကံ၏ သာဓကဝတ္ထုများကား ပိဋကတ်တော်၌ ထုတ်ပြ၍မကုန် နိုင်အောင် များပြားပေသည်။ ကုသိုလ်အရာတွင် ဇောတိကသူဌေး၊ ဇဋိလသူဌေးစသော သာဓကတို့သည် ထင်ရှား၏။ အကုသိုလ်အရာ၌ကား အရှင်မဟာမောဂ္ဂလာန်၊ စက္ခုပါလမထေရ်[၂၂]စသော သာဓကတို့သည် ထင်ရှားလှပေသည်။

"အပရာပရိယဝေဒနီယကံမှ လွတ်မြောက်သော သတ္တဝါမည်သည်မရှိ"ဟု အဋ္ဌကထာ[၂၃] ဆိုသောကြောင့် မန်လည်ဆရာတော်က "ရှင်လူများစွာ၊ သတ္တဝါကား၊ အပရာပရိယ၊ ကံကိစ္စနှင့်၊ ကင်းကြသူထိ၊ မည်မယှိရှင့်"[၂၄] ဟု မိန့်ဆိုထားပါသည်။ သို့ဖြစ်ပါ၍ ယင်းကံသည် လူတို့၏နောက်မှ လိုက်နေသော "အရိပ်"နှင့် တူလှပေသည်။

## အဟောသိကံ

"အဟောသိကံ"ဟူသော ပါဠိစကားလုံးသည် ဗုဒ္ဓဘာသာဝင်အများစုနှင့် ရင်းနှီးသော ဝေါဟာရဖြစ်သည်။ သို့သော် အဓိပ္ပါယ်ကိုမှန်ကန်စွာ သိရှိနားလည်သောသူ နည်းပါးပေသည်။ အဟောသိကံသည် ကံတရားသာဖြစ်ပြီး အကျိုးတရား လုံးဝ ဖြစ်ပေါ်မလာသော ကံဖြစ်၏။

မျှးဆိုအပ်သော ကံသုံးပါးတို့သည် အကျိုးပေးရမည့်အချိန်၌ အကျိုးမပေးခဲ့သော် အဟောသိကံ အဖြစ်သို့ရောက်ရှိသွားပေသည်။ တရားကိုယ်အားဖြင့် စေတနာသီးခြားမရှိပေ။ အထက်ဖော်ပြခဲ့ ပြီးသော ကံများ၏ စေတနာများသည်ပင် အဟောသိကံ၏ တရားကိုယ်စေတနာများဖြစ်၏။

သတ္တဝါတို့သည် လက်ရှိဘဝ၌ တစ်ခုသောကံသည် ဒိဋ္ဌဓမ္မအကျိုးပေးလျှင် ကြွင်းသော ကံများသည် အဟောသိကံအဖြစ်သို့ ရောက်ရှိသွားသည်။ ဥပပဇ္ဇဝေဒနီယကံ၌လည်း တစ်ခုသောကံက ပဋိသန္ဓေအကျိုးကို ပေးလျှင် ကြွင်းသောကံများ ပဋိသန္ဓေအကျိုးကို မပေးနိုင်ချေ။ ပဝတ္တိအကျိုးကိုကား ပေးနိုင်ပေသည်။ ပဝတ္တိအကျိုးကိုမပေးလျှင် အဟောသိကံဖြစ်သွား၏။ အဋ္ဌကထာ[၂၅]၌ ပဉ္စာနန္တရိယကံ ငါးပါးလုံးကို ကျူးလွန်သောသူသည် အစွမ်းသတ္တိအထက်ဆုံး သံဃဘေဒကကံကသာ ပဋိသန္ဓေအကျိုး ကို ပေး၏။ ကြွင်းသောကံတို့သည် အဟောသိကံ ဖြစ်သွား၏။ ဈာန်သမာပတ်ရှစ်ပါးလုံးကိုရထားရာ၌ တစ်ပါးကသာ ပဋိသန္ဓေအကျိုးကိုပေးသည်။ ကြွင်းသော ကံများကား အဟောသိကံဖြစ်ရသည်ဟု ပြဆိုထားပါသည်။

အပရာပရိယဝေဒနီယကံကား တော်ရုံတန်ရုံဖြင့် အဟောသိကံ မဖြစ်ပေ။ နိဗ္ဗာန်ကိုရ၍ သံသရာ စက်ပြတ်မှသာလျှင် အဟောသိကံ ဖြစ်သွား၏။ ''သံသရာစက်လည်နေသည့်ရှိသော် အဟောသိကံ မဖြစ်ပေ''[၂၆] ဤကံနှင့်စပ်၍ ဘာသာဋီကာ[၂၇]၌ ''ဤကဲ့သို့ အဟောသိကံဖြစ်ရသော ကံတွေ အတော် များစွာရှိ၏။ ကမ္မပထမြောက်သော သာမညဇောစေတနာ(စားရင်း သောက်ရင်း သွားရင်း လာရင်း ဖြစ်သော ကုသိုလ်,အကုသိုလ်စေတနာတွေ)အတော်များစွာ ရှိ၏။ ထိုစေတနာတွေသည် ပဝတ္တိအကျိုး မျှကို ပေးနိုင်ထောက်ပံ့နိုင်သည်ဟု ဆိုရသော်လည်း သန္တာန်အစဉ်မှာ သတ္တိအရာ မထင်ဘဲ ပြီးပြီး ပျောက်ပျောက် အဟောသိကံဖြစ်လောက်သော ဇောတွေကသာ များဖွယ်ရှိလေသည်''ဟု မှတ်ချက်ပြု ထားပါသည်။

သာဓကအားဖြင့်ကား မြတ်ဗုဒ္ဓလက်ထက်တွင် မဟာဓနသူဌေးသား၊ အရှင်အင်္ဂုလိမာလ၊ သံကိစ္စသာမဏေ၏တပည့် ခိုးသားငါးရာတို့သည် ထင်ရှားပေသည်။[၂၈]

ဤသို့လျှင် သတ္တဝါတို့ပြုလုပ်သောကံ၏ အဟောသိကံဖြစ်မှုသည် သမ္ပတ္တိလေးပါး၊ ဝိပတ္တိ လေးပါးနှင့် သက်ဆိုင်လျက်ရှိပေသည်။ အများအားဖြင့် သမ္ပတ္တိလေးပါးနှင့်ကြုံလျှင် အကုသိုလ်ကံတို့ သည် အဟောသိကံဖြစ်၍ ဝိပတ္တိလေးပါးနှင့်ကြုံခဲ့သော် ကုသိုလ်ကံတို့ အဟောသိကံဖြစ်ပေမည်။ ယင်းရှစ်ပါးတွင် ပယောဂသမ္ပတ္တိ, ပယောဂဝိပတ္တိနှစ်ပါးသာ အဓိကကျပေသည်။ ပယောဂသည် လူတို့၏ ကံ, ဉာဏ်, ဝီရိယပင်ဖြစ်သည်။ ဉာဏ်နှင့်ယှဉ်သော ဝီရိယဖြင့် ကုသိုလ်ကံကိုပြုပါက ကုသိုလ်ကံများ အကျိုးပေးခွင့်သာပြီး အကုသိုလ်ကံမှာ အများအားဖြင့် အဟောသိကံဖြစ်သွားပေမည်။ အပြန်အားဖြင့် ပယောဂဝိပတ္တိဖြစ်လျှင် အကုသိုလ်ကံများကသာ အကျိုးပေးပြီး ကုသိုလ်ကံများ အဟောသိကံ ဖြစ်မည်သာဖြစ်၏။

အချုပ်အားဖြင့် အထက်ပါကံလေးပါးကို ဒိဋ္ဌဓမ္မဝေဒနီယကံသည် ပစ္စုပ္ပန်ကာလ၊ ဥပပဇ္ဇ- ဝေဒနီယကံသည် ဒုတိယဘဝကာလ၊ အပရာပရိယဝေဒနီယကံသည် တတိယဘဝမှစ၍ နိဗ္ဗာန်ရ

သည့်ဘဝတိုင်အောင် အမှတ်မရှိ တစ်ပါးပါးသောကာလ၊ အဟောသိကံသည် ဆိုအပ်ပြီးသောကာလ မရှိခြင်း,လွန်ခြင်းဟုဆိုအပ်သောကာလ၊ ဤသို့ အကျိုးပေးကာလ, အကျိုးမပေးကာလတို့ကို အကြောင်းပြု၍ ယင်းကံလေးပါးကို ''ပါကကာလ''ကံဟု ခေါ်ဆိုပါကြောင်း လေ့လာဖတ်ကြားရင်း နိဂုံးချုပ်အပ်ပါသတည်း။

အရှင်အဂ္ဂဝံသ
နည်းပြ၊ အဘိဓမ္မပိဋကမဟာဌာန
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်။

## ကျမ်းညွှန်းသင်္ကေတများ

၁။ အံ၊ ၂၊ ၃၆၃။

၂။ အံ၊ ၁၊ ၃၉၂။

၃။ သင်္ဂဟ၊ ၃၃။ အံ၊ ဋ္ဌ၊ ၂၊ ၁၀၄။

၄။ ဝိသုဒ္ဓိ၊ ၂၊ ၂၃၆။ ပရမတ္ထဒီပနီ၊ ၂၁၈။

၅။ သံဒိဝိ၊ ဋီ၊ ၉၇။

၆။ ဋီကာကျော်၊ ၁၇၁။

၇။ မိလိန္ဒ၊ ၂၈၁။ ဓမ္မ၊ ဋ္ဌ၊ ၁၊ ၃၀၉။ သံ၊ ဋ္ဌ၊ ၁၊ ၁၂၉။ မ၊ ဋ္ဌ၊ ၄၊ ၃-၄။

၈။ မ၊ ဋ္ဌ၊ ၄၊ ၃။

၉။ ဓမ္မ၊ ဋ္ဌ၊ ၂၊ ၅၉။

၁၀။ ဝိ၊ ၁၊ ၄၃။ ဝိ၊ ဋ္ဌ၊ ၁၊ ၂၃၇။ ဓမ္မ၊ ဋ္ဌ၊ ၂၊ ၂၁၃။ မ၊ ဋ္ဌ၊ ၄၊ ၆။

၁၁။ ဇာ၊ ဋ္ဌ၊ ၃၊ ၃၇။

၁၂။ ဓမ္မ၊ ဋ္ဌ၊ ၂၊ ၂၉၇။ ၁၁၇။ ဓမ္မ၊ ဋ္ဌ၊ ၁၊ ၁၄၂။

၁၃။ ဋီကာကျော်၊ ၁၇၁။

၁၄။ အံ၊ ဋ္ဌ၊ ၂၊ ၁၀၄။

၁၅။ ဇာ၊ ဋ္ဌ၊ ၄၊ ၄၅၇။

၁၆။ ဓမ္မ၊ ဋ္ဌ၊ ၁၊ ၁၇။ ဝိမာန၊ ၇၃။ ဝိမာန၊ ဋ္ဌ၊ ၂၀၁။ ဒီ၊ ဋ္ဌ၊ ၁၊ ၂၁၂။ ဓမ္မ၊ ဋ္ဌ၊ ၁၊ ၉၅။

၁၇။ ဋီကာကျော်၊ ၁၇၁။

၁၈။ ဇာ၊ ဋ္ဌ၊ ၁၊ ၁၈၃။

၁၉။ ဇာ၊ ဋ္ဌ၊ ၇၊ ၁၃၂။

၂၀။ ဘိ၊ ဋ္ဌ၊ ၁၊ ၃၀၈။

၂၁။ သင်္ဂဟဘာဋီ၊ ၃၂၆။

၂၂။ ဓမ္မ၊ ဋ္ဌ၊ ၂၊ ၄၃၆။ ၄၄၂။ ၄၃။ ဓမ္မ၊ ဋ္ဌ၊ ၁၊ ၁၃။

၂၃။ အံ၊ ဋ္ဌ၊ ၂၊ ၁၀၅။

၂၄။ မဃဒေဝ၊ ၂၆၄။

၂၅။ ဘိ၊ ဋ္ဌ၊ ၂၊ ၄၀၉။

၂၆။ အံ၊ ဋ္ဌ၊ ၂၊ ၁၀၅။

၂၇။ သင်္ဂဟဘာဋီ၊ ၃၂၈။

၂၈။ ဓမ္မ၊ ဋ္ဌ၊ ၂၊ ၈၁။ မ၊ ၂၊ ၃၀၁။ မ၊ ဋ္ဌ၊ ၃၊ ၂၂၇။ ဓမ္မ၊ ဋ္ဌ၊ ၁၊ ၄၂၅-၄၃၃။

# ဟဒယဝတ္ထုနှင့်စပ်သမျှ သုတေသနပြုခြင်း

ပထမကျော်-ဦးစံသင်းလှိုင်

**နိဒါန်း**

သိပ္ပံပညာ အရှိန်အဟုန်ပြင်းစွာ တိုးတက်လာသော ယနေ့ခေတ်တွင် သိပ္ပံပညာအားကိုးဖြင့် မြတ်ဗုဒ္ဓတရားတော်များကို ပြင်ဆင်လိုသူများ ရှိသကဲ့သို့ သိပ္ပံပညာ တိုးတက်လေ မြတ်ဗုဒ္ဓတရားတော်များ မှန်ကန်လေဆိုသည့် ခံယူချက်ရှိသူများလည်း ပေါ်ထွက်လာ၏။ မည်သို့ပင်ရှိစေ ဗုဒ္ဓအဘိဓမ္မာကို စနစ်တကျလေ့လာထားသူများကမူ သိပ္ပံပညာထက် ဗုဒ္ဓအဘိဓမ္မာပညာက ပို၍ ခက်ခဲနက်နဲပြီး ပို၍ အသေးစိတ်ကျကြောင်း ထောက်ခံလျက် ရှိကြလေပြီ။

ဟဒယဝတ္ထုကို ဘုရားမဟောဟုဆိုကာ လက်မခံသူများ ရှိနေရာ ပညာရှင်များက အာဂမယုတ္တိ၊ သဘာဝယုတ္တိ ကြောင်းကျိုးညီ၍ ရှင်းလင်းခဲ့ကြရ၏။ အဘိဓမ္မပိဋကတစ်ခုလုံးကိုပင် ဘုရားဟောမဟုတ်ဟု ဝေဖန်သူများ ရှိခဲ့ဖူး၏။ အဋ္ဌကထာဆရာကြီးကိုယ်တိုင် ဖြေရှင်းခဲ့၍ ပြေလည်မှုရခဲ့၏။[1] အဘိဓမ္မပိဋက တစ်ခုလုံးကိုပင် ဝေဖန်မှု ရှိခဲ့သေးလျှင် ဟဒယဝတ္ထုလောက် ဝေဖန်မှုကား စာမပြုလောက်တော့ပေ။ သို့ရာတွင် ယနေ့ သိပ္ပံဆရာတို့၏ ခန္ဓဗေဒအရ "စိတ်သည် ဦးနှောက်မှာ တည်သည်"ဟူ၍လည်းကောင်း၊ "စိတ်သည် နှလုံးမှာတည်သည်" ဟူ၍လည်းကောင်း ဝိဝါဒကွဲပြားလာမှုကြောင့် ဟဒယဝတ္ထုအပေါ် ပို၍ စိတ်ဝင်စားလာ၏။ ထို့ကြောင့် ဟဒယဝတ္ထုနှင့် စပ်သမျှ သုတေသနပြုမိ၏။

**ဟဒယဝတ္ထု**

ဟဒန္တိ တံတံ အတ္တံဝါ အနတ္တံဝါ ပူရေန္တိ ဧတေနာတိ ဟဒယံ=ထိုထိုကောင်းကျိုး ဆိုးကျိုးကို ပြည့်စုံစေနိုင်သည့် နှလုံးတည်းဟူသော ရုပ်တစ်မျိုးသည် ဟဒယမည်၏။ နှလုံးသား၌တည်သော ရုပ်သဘာဝ တစ်မျိုးကို ခေါ်ဆိုခြင်းဖြစ်၏။ အတိအကျဆိုရလျှင် နှလုံးအိမ်အတွင်း ပုန်းညက်စေ့ခန့် ပမာဏရှိသော တွင်းငယ်လေးရှိရာ ထိုတွင်းငယ်လေး၌ တစ်လက်ဖက်၏ ထက်ဝက်မျှ သွေးများတည်ရှိပြီး ထိုသွေးများကို ပြန့်နှံ့လျက်တည်သော ရုပ်သဘာဝတစ်မျိုးကို ခေါ်ဆိုခြင်းဖြစ်၏။[2] ဓမ္မာရုံစာရင်းဝင် သုခုမရုပ်သဘာဝတစ်မျိုး ဖြစ်၍ ပကတိမျက်စိ၊ သိပ္ပံကိရိယာတို့ဖြင့်ကြည့်၍ မြင်နိုင်ကောင်းသော အရာမျိုးမဟုတ်။ မနောဝိညာဏ် ဖြင့်သာ သိနိုင်မြင်နိုင်ကောင်း၏။ ပကတိမျက်စိ၊ သိပ္ပံ ကိရိယာတို့ဖြင့်ကြည့်၍ မြင်နိုင်သည်မှာ ရူပါရုံ တစ်မျိုးသာ ဖြစ်၏။ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံတို့ မပါဝင်ပေ။

ဝသန္တိ စိတ္တစေတသိကာ ဧတ္ထာတိ ဝတ္ထု=စိတ်စေတသိက်တို့၏ တည်နေရာအရပ်သည် ဝတ္ထုမည်၏။ ဟဒယမေဝ ဝတ္ထု ဟဒယဝတ္ထု=နှလုံးသားရှိ သဘာဝတစ်မျိုးဖြစ်သော တည်နေရာရုပ်၊

---

၁။ ဘိ၊ ဋ္ဌ၊ ၁။ ၂၈။

၂။ဘိ၊ ဋ္ဌ၊ ၂။ ၂၂၈။ ဝိသုဒ္ဓိ၊ ၁။ ၂၄၈။ အဘိ၊ ဝိဘာဝိနီ၊ ၁၉၈။

စိတ်စေတသိက်တို့ တည်နေရာ နှလုံးသားရှိ ရုပ်တစ်မျိုးကို ဟဒယဝတ္ထုဟု ခေါ်၏။ စိတ်အကြောင်းကို ဓမ္မသင်္ဂဏီပါဠိတော်[၁] ၌ စိတ္တံ မနော မာနသံ ဟဒယံ ပဏ္ဍရံ စသည်ဖြင့် ဟောထားရာ ဟဒယပုဒ်ပါ၏။ အတ္တနော သဘာဝံ ဟရတီတိ ဟဒယံ=မိမိ၏ သဘောကို ဆောင်တတ်သောကြောင့် စိတ်သည် ဟဒယမည်၏။ ထိုအလို ဟဒယဿ ဝတ္ထု ဟဒယဝတ္ထုဟုတွဲ၊ စိတ်၏တည်ရာ နှလုံးသားရှိ ရုပ်တစ်မျိုးသည် ဟဒယဝတ္ထုမည်၏။ မျက်စိအကြည်ရုပ်ကို ပသာဒစက္ခု၊ မျက်လုံးစိုင်ကို သသမ္ဘာရ စက္ခုဟု ခွဲခြားသကဲ့သို့ နှလုံးအကြည်ရုပ်ကို ဝတ္ထုဟဒယ (ဟဒယဝတ္ထု)၊ နှလုံးစိုင်ကို သသမ္ဘာရ ဟဒယဟု ခွဲခြားသိအပ်၏။

ဤသို့ ဟဒယဝတ္ထုရုပ်သဘောကို အတိအကျ ဖော်ပြလိုက်ရသော်လည်း ထိုထိုပါဠိတော်တို့၌ ''ဟဒယဝတ္ထု''ဟု တိုက်ရိုက်ဟောကြားထားမှု မရှိ။ ဓမ္မသင်္ဂဏီ ရူပကဏ္ဍပါဠိတော်သည် ရုပ်နှင့် ပတ်သက်လျှင် အပြည့်စုံဆုံး ဟောထားသော ပါဠိတော်ဖြစ်၏။ ထိုပါဠိတော်၌သော်မှ လုံးဝ ဟောထားခြင်းမရှိ။ သို့သော် ထိုထိုပါဠိတော်များကို သဲလွန်စပြု၍ ဤဝတ္ထုရုပ်တစ်မျိုး ရှိထိုက်ကြောင်း ကို အဋ္ဌကထာ ဋီကာ ဆရာတို့ ထပ်တူညီမျှ ယူဆခဲ့ကြ၏။

အာဂမယုတ္တိ

''ယံ ရူပံ နိဿာယ မနောဓာတုစ မနောဝိညာဏဓာတုစ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာစ မနောဝိညာဏဓာတုယာစ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော'' ဟူသော ပစ္စယနိဒ္ဒေသ ပဋ္ဌာန်းပါဠိတော်[၂] သည် ဝတ္ထုရုပ်တစ်မျိုးရှိကြောင်း ခိုင်လုံသော အာဂမယုတ္တိ အထောက်အထားပင် ဖြစ်၏။ ထိုပါဠိတော်က ''အကြင်ရုပ်ကိုမှီ၍ မနောဓာတ်နှင့် မနောဝိညာဏ ဓာတ်တို့ ဖြစ်ကြကုန်၏။ ထိုမနောဓာတ် မနောဝိညာဏဓာတ်နှင့်အတူ ယှဉ်ဘက်စေတသိက်တို့အား ထိုရုပ်က နိဿယသတ္တိဖြင့် ကျေးဇူးပြု၏''ဟု ညွှန်ပြ၏။ ဤညွှန်ပြချက်အရ စက္ခုဝိညာဏ်၏မှီရာ စက္ခုဝတ္ထု၊ သောတ,ဃာန,ဇိဝှါ,ကာယဝိညာဏ်တို့၏ မှီရာ သောတ,ဃာန,ဇိဝှါ,ကာယဝတ္ထုများ ရှိသကဲ့သို့ ထို့အတူ မနောဓာတ် မနောဝိညာဏဓာတ်တို့၏ မှီရာ ဝတ္ထုရုပ်တစ်မျိုးရှိသည်ဟု ယူဆရပေ၏။

ထို့ပြင် ထိုပဋ္ဌာန်းပါဠိတော်ကြီး၌ပင် ''ဝတ္ထု''ဟူသော ဝေါဟာရဖြင့် ဝတ္ထုရုပ်တစ်မျိုး ရှိကြောင်းကို ထိုထိုနေရာတို့၌ ဟောထားသည်ကိုလည်းကောင်း၊ မိလိန္ဒပဥှာပါဠိတော်၌ ''ဟဒယ ဝတ္ထု''ဟူသော ဝေါဟာရဖြင့် အတိအကျဟောထားသည်ကိုလည်းကောင်း တွေ့ရရုံမျှမက ထိုထို အဋ္ဌကထာဋီကာတို့၌လည်း ''ဝတ္ထု''ဟူသော ဝေါဟာရဖြင့် တွေ့ရသည့်အပြင် ''ဟဒယ ဝတ္ထု''ဟူသော ဝေါဟာရဖြင့် အတိအကျ မိန့်ဆိုထားသည်ကိုပင် တွေ့ရ၏-

- ခန္ဓာ ဝတ္ထုဿ သဟဇာတပစ္စယေန ပစ္စယော၊ ဝတ္ထု ခန္ဓာနံ သဟဇာတပစ္စယေန ပစ္စယော။ (ပဉှာဝါရ၊ ပဋ္ဌာန်းပါဠိတော်[၃] )

---

၁။ ဘိ၊ ၁။ ၁၈။

၂။ ဘိ၊ ၈။ ၅။

၃။ ဘိ၊ ၈။ ၁၄၀။

- တဿ အတိပေမေန ဒုက္ခိတဿ ဗလဝသောကော ဥပ္ပဇ္ဇိ၊ ဟဒယဝတ္ထု ဥဏှမဟောသိ။ (ဝေဿန္တရဝဂ္ဂ၊ မိလိန္ဒပဥှာပါဠိတော်[1])
- ဧတ္တ စ ရူပန္တိ ဟဒယဝတ္ထုမတ္တမေဝ အဓိပ္ပေတံ၊ တဉှိ နာမဿ, နာမဉ္စ တဿ အညမည သဟဇာတပစ္စယဉ္စ ဖရတိ။ (ပစ္စယနိဒ္ဒေသ၊ ပဋ္ဌာန်းအဋ္ဌကထာ[2])
- ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနန္တိ ဟဒယဝတ္ထု စတုန္နံ ခန္ဓာနံ။(ပစ္စယနိဒ္ဒေသ၊ ပဋ္ဌာန်းအဋ္ဌကထာ[3])
- ယံ ရူပံ နိဿာယာတိ ဝတ္ထုရူပံ သန္ဓာယ ဝုတ္တံ။ (ပစ္စယနိဒ္ဒေသ၊ ပဋ္ဌာန်းအဋ္ဌကထာ[4])
- မနောဓာတု မနောဝိညာဏဓာတူနံ နိဿယလက္ခဏံ ဟဒယဝတ္ထု (ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ[5])
- ဟဒယဉ္စ တံ ဝတ္ထုစ, ဟဒယဿ ဝါ မနောဝိညာဏဿ ဝတ္ထု ဟဒယဝတ္ထု။ (ဝိသုဒ္ဓိ မဂ္ဂမဟာဋီကာ[6])
- ဝတ္ထုသင်္ဂဟေ ဝတ္ထူနိ နာမ စက္ခု သောတ ဃာန ဇိဝှါ ကာယ ဟဒယဝတ္ထု စေတိ ဆဗ္ဗိဓာနိ ဘဝန္တိ။ (ပကိဏ္ဏကပရိစ္ဆေဒ၊ အဘိဓမ္မတ္ထသင်္ဂဟ)
- ဟဒယဝတ္ထု ဟဒယရူပံနာမ။ (ရူပပရိစ္ဆေဒ၊ အဘိဓမ္မတ္ထသင်္ဂဟ)
- ဂဗ္ဘသေယျကသတ္တာနံ ပန ကာယ ဘာဝ ဝတ္ထုဒသကသင်္ခါတာနိ တီဏိ ဒသကာနိ ပါတု ဘဝန္တိ။ (ရူပပရိစ္ဆေဒ၊ အဘိဓမ္မတ္ထသင်္ဂဟ)

ဤပါဠိတော်အဋ္ဌကထာဋီကာများအရ အာဂမယုတ္တိအားဖြင့် ဝတ္ထုရုပ် တစ်မျိုးရှိကြောင်းနှင့် ထိုဝတ္ထုရုပ်မှာ ဟဒယဝတ္ထုရုပ်ဖြစ်ကြောင်း ကောက်ချက်ချနိုင်ပေ၏။

**သဘာဝယုတ္တိ**

အာဂမယုတ္တိအားဖြင့် ဝတ္ထုရုပ် တစ်မျိုးရှိကြောင်း သိအပ်သကဲ့သို့ သဘာဝယုတ္တိအားဖြင့်လည်း စိစစ်ကြည့်သင့်၏။ မနောဓာတ် မနောဝိညာဏဓာတ်တို့အတွက် မှီစရာ ဝတ္ထုရုပ်တစ်မျိုး လိုအပ်သည်မှာ အမှန်ပင်ဖြစ်၏။ ရုပ်(၂၈)ပါးကို စိစစ်ကြည့်သောအခါ မဟာဘုတ်(၄)ပါးမှာ ယင်းတို့၏ မှီရာမဖြစ်နိုင်။ အကြောင်းကား မဟာဘုတ်တို့ကို ဥပါဒါရုပ်များက မှီပြီးဖြစ်သောကြောင့်တည်း။ ဥပါဒါရုပ်(၂၄)ပါးတွင်လည်း အနိပ္ဖန္နရုပ်(၁၀)ပါးတို့မှာ အထည်ကိုယ် ထင်ရှားရှိသော ပရမတ်အစစ်ရုပ်များ မဟုတ်သောကြောင့် ၎င်းတို့ကို စိစစ်ဖွယ် မလိုတော့။ နိပ္ဖန္နဥပါဒါရုပ်(၁၄)ပါးတို့ကိုသာ စဉ်းစားရာ၏။

ထိုနိပ္ဖန္နရုပ်(၁၄)ပါးတွင် စက္ခု သောတ ဃာန ဇိဝှါ ကာယဟူသော ပသာဒရုပ်(၅)ပါးမှာ စက္ခု ဝိညာဏ် စသော ဝိညာဏဓာတ်(၅)ပါးတို့၏ မှီရာဖြစ်သောကြောင့် ၎င်းပသာဒရုပ်(၅)ပါးလည်း မဖြစ်နိုင်။ ရူပ သဒ္ဒ ဂန္ဓ ရသ အာဟာရ ရုပ်(၅)ပါးလည်း မဖြစ်နိုင်။ အကြောင်းမှာ

---

၁။ မိလိန္ဒ၊ ၂၇၃။ ၂။ ဘိ၊ ဋ္ဌ၊ ၃။ ၃၆၅။ ၃။ ဘိ၊ ဋ္ဌ၊ ၃။ ၃၆၅။
၄။ ဘိ၊ ဋ္ဌ၊ ၃။ ၃၆၇။ ၅။ ဝိသုဒ္ဓိ၊ ၂။ ၇၇။ ၆။ ဝိသုဒ္ဓိ၊ ဋီ၊ ၂။ ၈၈။

ထိုရုပ်(၅)ပါးတို့သည် ခန္ဓာကိုယ်မှ အပြင်ပ၌လည်း ဖြစ်နေကြသောကြောင့်တည်း။ ဇီဝိတရုပ်မှာ တကွဖြစ်ဘက် ရုပ်တရားများကို စောင့်ရှောက်ရခြင်း ကိစ္စတစ်မျိုးရှိပြီး ဖြစ်သောကြောင့် ၄င်းလည်း မဖြစ်နိုင်။ ဘာဝရုပ်(၂)ပါး မရှိသော နပုံးပဏ္ဍုက်တို့သန္တာန်မှာလည်း မနောဓာတ် မနောဝိညာဏဓာတ် များ ဖြစ်နေသောကြောင့် ယင်းဘာဝရုပ် (၂)ပါးကို မမှီကြောင်းမှာ သိသာထင်ရှား၏။ ထို့ကြောင့် ထိုဆိုအပ်ပြီးသော နိပ္ဖန္နရုပ်(၁၃)ပါးအပြင် ဓာတ် နှစ်ပါး၏ မှီရာ နိပ္ဖန္နဥပါဒါရုပ်တစ်မျိုး ရှိသင့်ကြောင်း သိထိုက်၏။ ထိုနိပ္ဖန္နဥပါဒါရုပ် တစ်မျိုးကား ဟဒယဝတ္ထုပင် ဖြစ်တော့၏။ ဤသို့သော သဘာဝ ယုတ္တိအားဖြင့်လည်း ဟဒယဝတ္ထုရုပ် တစ်မျိုးရှိသင့်ကြောင်း ကောက်ချက်ချနိုင်ပေ၏။

ဆိုခဲ့သည့်အတိုင်း ဝတ္ထုရုပ်တစ်မျိုး ရှိသင့်လျှင် ဓမ္မသင်္ဂဏီရူပကဏ္ဍပါဠိတော်၌ အဘယ့်ကြောင့် မဟောသနည်း? အဖြေကား ဓမ္မသင်္ဂဏီရူပကဏ္ဍပါဠိတော်၌ကား - ကေက ဒုက တိကမှစ၍ ကောဒသကတိုင်အောင် ရုပ်တို့ကို အုပ်စုလိုက် ဝေဖန်ပိုင်းခြား ဟောကြားတော်မူရာတွင် ဆဋ္ဌ အာရမ္မဏဒုကဒေသနာ ပျက်ဖွယ်ရာရှိသောကြောင့် တွဲဖက်ဆဋ္ဌဝတ္ထုဒုကဒေသနာကိုပါ ချန်လှပ် ထားရ၍ ဝတ္ထုရုပ်ဆိုင်ရာ ဟောကြားတော်မမူခြင်း ဖြစ်လေ၏။[၁] ကျယ်ဝန်းမည်စိုး၍ အကျယ်ချဲ့ မပြတော့ပြီ။

## ဓာတ်(၇)မျိုးနှင့်ဝတ္ထုရုပ်(၆)မျိုး

နိဿယ ပစ္စယနိဒ္ဒေသ၊ ပဋ္ဌာန်းပါဠိတော်အရ စိတ်တို့၏မှီရာ ဝတ္ထုရုပ်သည် (၆)မျိုးရှိရာ စိတ်(၈၉)မျိုးတို့က ဝတ္ထုရုပ်(၆)မျိုးတို့၌ မှီပုံကို ကွဲကွဲပြားပြား သိရှိနိုင်ရန် ဓာတ်(၇)မျိုးနှင့် ဝတ္ထုရုပ်(၆)မျိုး ခွဲခြား တွဲစပ်၍ ဤသို့ မှတ်သားအပ်ပါ၏-

(၁) စက္ခုဝိညာဏဓာတ်(စက္ခုဝိညာဏ်စိတ် ၂-မျိုး) = စက္ခုဝတ္ထု
(၂) သောတဝိညာဏဓာတ်(သောတဝိညာဏ်စိတ် ၂-မျိုး) = သောတဝတ္ထု
(၃) ဃာနဝိညာဏဓာတ်(ဃာနဝိညာဏ်စိတ် ၂-မျိုး) = ဃာနဝတ္ထု
(၄) ဇိဝှါဝိညာဏဓာတ် (ဇိဝှါဝိညာဏ်စိတ် ၂-မျိုး) = ဇိဝှါဝတ္ထု
(၅) ကာယဝိညာဏဓာတ်(ကာယဝိညာဏ်စိတ် ၂-မျိုး) = ကာယဝတ္ထု
(၆) မနောဓာတ်(ပဉ္စဒွါရာဝဇ္ဇန်း+သမ္ပဋိစ္ဆိုင်း စိတ် ၃-မျိုး)
(၇) မနောဝိညာဏဓာတ်(ကျန်စိတ် ၇၆-မျိုး) = ဟဒယဝတ္ထု

ဓာတ်(၇)မျိုးဟူသော စိတ်(၈၉)မျိုးတို့၏ တည်ရာကို မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ နှလုံး ဟူ၍ (၆)နေရာအားဖြင့် မှတ်သားရာ၏။ မျက်စိအကြည်၊ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်၊ နှလုံးအကြည်အားဖြင့် ရုပ်သဘာဝတရား(၆)ပါးဖြစ်၏။ ဤတွင် စိတ်ဟုဆိုသော်လည်း ယှဉ်ဘက်စေတသိက်များ ပါဝင်သည်ဟူ၍လည်းကောင်း၊ ဟဒယဝတ္ထု၌

---

၁။ ဝိသုဒ္ဓိ၊ ဋီ၊ ၂။ ၉၇။ အဘိ၊ ဝိဘာဝိနီ၊ ၁၉၈။

မိုသောစိတ်ကို သာမန်အားဖြင့် (၇၉)မျိုး ပြထားသော်လည်း ရုပ်တရားမရှိသော အရူပဘုံမှာသာ ဖြစ်လေ့ရှိသည့် အရူပဝိပါက်(၄)မျိုး မပါနိုင်သဖြင့် (၇၅)မျိုးဖြစ်သည်ဟူ၍လည်းကောင်း ဖြည့်စွက် မှတ်သားရာ၏။

**မှီပုံမှီနည်း**

ဝတ္ထုရုပ်များကို စိတ်များက မှီသည်ဆိုရာ၌ အရာဝတ္ထုတစ်ခုနှင့်တစ်ခု ချိတ်ဆက် အထက် အောက် ထောက်တည်အမှီပြုသကဲ့သို့ အကောင်အထည် ဒြပ်ပုံရိပ်အားဖြင့် မှီခြင်းမျိုးမဟုတ်။ ဝတ္ထုရုပ်များရှိ၍ စိတ်များဖြစ်နိုင်ခြင်းကို ဆိုလိုခြင်း ဖြစ်၏။ ဥပမာ ဆရာမိဘတို့၏ အမှီကိုရ၍ တပည့်သားသမီးများ ကြီးပွားရသည်ဆိုသော လောကသဘာဝဖြစ်စဉ်၌ တပည့်များက ဆရာကို ဖက်တွယ်နေခြင်းမဟုတ်။ သားသမီးများက မိဘရင်ခွင်ထဲမှာ မှီကပ်နေခြင်းမဟုတ်။ ဆရာမိဘနှင့် တပည့်သားသမီးများ တစ်အိမ်စီ နေထိုင်ကြသော်လည်း ဆရာမိဘကို အကြောင်းပြု၍၊ ဆရာမိဘ၏ သွန်သင်ညွှန်ပြ ဥပနိဿယအထောက် အပံ့ကိုရ၍ တပည့်သားသမီးများ ကြီးပွားရခြင်းကို ဆိုလိုခြင်း ဖြစ်သကဲ့သို့တည်း။

ထင်ရှားအောင်ဆိုရလျှင် လူသားဘဝ ပဋိသန္ဓေတည်စဉ်၌ ပဋိသန္ဓေစိတ်ကလေးနှင့်အတူ ယှဉ်ဖော်ယှဉ်ဖက် စေတသိက်များ၊ ကာယ ဘာဝ ဝတ္ထုဒသကရုပ်များ ပါရှိလေရာ ထိုမှ ဟဒယ ဝတ္ထုရုပ်၏ အမှီကိုရ၍ ဟဒယဝတ္ထုရုပ်ရှိနေ၍ ပဋိသန္ဓေစိတ်ကလေး ဖြစ်ပေါ်ရ၏။ အဆက်ဆက် ဘဝင်စသည့်စိတ်များလည်း ဖြစ်ကြရ၏။ စိတ်က ဟဒယဝတ္ထုနှလုံးထဲ ရောက်သွားပြီး (သို့မဟုတ်) နှလုံးထဲမှာ စိတ်ရှိနေပြီး နှလုံးထဲမှ စိတ်က ထ,ဖြစ်ခြင်းမျိုးမဟုတ်။ နှလုံးထဲမှ စိတ်က ထ,ဖြစ်သည် ဟု ယူဆလျှင် သဿတဒိဋ္ဌိသဘော သက်ရောက်သွား၏။ ဟဒယဝတ္ထုရုပ်ကို အကြောင်းပြု၍၊ ဟဒယဝတ္ထုရုပ်၏ အထောက်အပံ့ကို ရ၍သာ စိတ်ဖြစ်ရသည်ဟု ယူရာ၏။ အကယ်၍သာ ဟဒယ ဝတ္ထုရုပ်မရှိလျှင် ပဋိသန္ဓေစိတ်ကလေး ဖြစ်ခွင့်မရလေရာ။ ဤသဘောကို ပဋ္ဌာန်းတရားတော်အရ ဟဒယဝတ္ထုရုပ်က ပဋိသန္ဓေစိတ်ကလေးအား နိဿယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ဆိုရ၏။

**စာတွေ့ဖြင့် စိစစ်ခြင်း**

စိတ်သည် ဦးနှောက်မှာ တည်သလား? နှလုံးမှာ တည်သလား? ဤဒွိဟသံသယ ဝိဝါဒ ကွဲပြားမှုကို ရှုထောင့်နှစ်ခုမှ စိစစ်မှု ပြုပါအံ့။ ရှုထောင့်နှစ်ခုမှာ စာတွေ့နှင့်လက်တွေ့ဖြစ်၏။ စာတွေ့သဘောအရ စိတ်သည် ဦးနှောက်မှာ မတည်ကြောင်းကို ကောင်းစွာ သိနိုင်၏။ လူ့ဘဝ ဖြစ်စဉ်ဖြင့် ရှုဆင်ခြင်အပ်ပါ၏။ လူသားခန္ဓာ ဖြစ်တည်လာသောအခါ ဦးနှောက်အစိတ်အပိုင်း မပေါ်သေးမီကပင် စိတ်ဖြစ်နေသည်ကို တွေ့ရ၏။ လူသားခန္ဓာ စတင်သည်မှ အဆင့်ဆင့် ကြီးထွား လာပုံကို မြတ်ဗုဒ္ဓက သံယုတ်ပါဠိတော်၌ ဤသို့ ညွှန်ပြတော်မူခဲ့၏-

ပဌမံ ကလလံ ဟောတိ၊ ကလလာ ဟောတိ အဗ္ဗုဒံ။
အဗ္ဗုဒါ ဇာယတေ ပေသိ၊ ပေသိ နိဗ္ဗတ္တတေ ဃနော။
ဃနာ ပသာခါ ဇာယန္တိ၊ ကေသာ လောမာ နခါပိစ[၁]

---

၁။ သံ၊ ၁။ ၂၀၈။ သံ၊ ဋ္ဌ၊ ၁။ ၂၇၄။။

ဤညွှန်ပြချက်အရ ပဋိသန္ဓေတည်စဉ် လူသားသည် ကလလရေကြည်ကလေးမျှသာ ဖြစ်၏။ ပဋိသန္ဓေစိတ်၊ စေတသိက်၊ ရုပ်ကလာပ် ၃-စည်း(ရုပ်ပေါင်း ၃၀)ဖြင့် လူ့ဘဝ စတင်ခြင်းဖြစ်၏။ ထိုမှ အထည်ကိုယ်သဘောရှိသော ရုပ်ကလာပ် ၃-စည်း(ရုပ် ၃၀)ကိုပင် "ကလလရေကြည်"ဟု ခေါ်ဆိုခြင်း ဖြစ်၏။[၁] ထိုကလလရေကြည်ကလေး၏ ပမာဏကို ယင်ငယ်တစ်ကောင် တစ်ခါ သောက်လောက်ရုံမျှဟု ဆို၏။ တစ်နည်းအားဖြင့် ဆံပင်တစ်ပင်ကို ဆီတွင်နှစ်၍ ဆယ်ယူသောအခါ ထိုဆံပင်ကလေး ထိပ်ဖျား၌ တင်ကျန်နေသော ဆီပေါက်ကလေးမျှဟုဆို၏။[၂] ပဋိသန္ဓေစိတ်ကလေး၏ ဖြစ်ပေါ်ချိန်သည် တစ်စက္ကန့်ကာလ၏ အစိတ်ပေါင်း ကုဋေတစ်သိန်းမှ တစ်စိတ်စာ ကာလမျှသာ ကြာသောကြောင့် အလွန်အစွမ်းထက်သည့် သိပ္ပံကိရိယာဖြင့်သော်မှလည်း ယင်းကို ဖမ်းယူကြည့်ရှုရန် မဖြစ်နိုင်ချေ။

ထိုကလလရေကြည်ကလေး သန္ဓေတည်သည်မှ (၇)ရက်ခန့်ကြာသောအခါ အမြှုပ်ပွက် ကလေး ဖြစ်လာ၏။ တစ်ဖန်(၇)ရက်ခန့်ကြာသောအခါ နီနီတွေးတွေး အသားတစ်ကလေးအဖြစ်သို့ ရောက်၏။ ထို့နောက် (၇)ရက်ခန့်ကြာလျှင် မာမာခက်ခက် တစ်ခဲနက် အသားကလေးအဖြစ် ပြောင်းလဲလာ၏။ ထိုမှနောက် (၇)ရက်ခန့် အရောက်တွင် ဦးခေါင်း၊ ခြေနှစ်ဘက်၊ လက်နှစ်ဘက် ဟူသော ခက်မငါးဖြာ ပေါ်ပေါက်လာဖို့ အဖုကလေးငါးခု ပေါ်လာ၏။ ခက်မငါးဖြာ ပေါ်လာ၍ (၇)ရက်ခန့်ကြာလျှင် သန္ဓေသား ကလေးသည် ၅-သတ္တာဟ (၇-ရက် ၅-လီ)၃၅-ရက် အသက်ရှိ လေပြီ။

ဤသို့အားဖြင့် ၃၅-ရက်ကြာမှ ဦးနှောက်တည်ရာ ဦးခေါင်းအစိတ်အပိုင်း ပေါ်လာခြင်းဖြစ်၍ စိတ်သည် ထို့ထက်အချိန်စောပြီး ပဋိသန္ဓေတည်စ ဦးနှောက်မပေါ်မီကပင် ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ ကာယဝိညာဏ်စိတ် စသည့် အနေအားဖြင့် ဖြစ်နေသောကြောင့် မည်သို့မျှ ဦးနှောက်မှာ တည်ခြင်း မဖြစ်နိုင်ရာ။ အကယ်၍ ဦးနှောက်မှာတည်သည်ဟု အခိုင်အမာယူငြားအံ့။ ဦးနှောက်မပေါ်မီကပင် ဖြစ်နှင့် နေသော ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ ကာယဝိညာဏ်စိတ် စသည်တို့သည် မှီရာတည်ရာ မရှိဟူသော အဓိပ္ပာယ်သဘော သက်ရောက်လေရာ၏။ အမှန်အားဖြင့် စိတ်မည်သည် မှီရာတည်ရာ မရှိဘဲ ဖြစ်နိုင်ကောင်းသည် မဟုတ်။

ဦးနှောက်မပေါ်သေး၍ ထိုစိတ်များ မဖြစ်ဟု ယူလျှင်လည်း သန္ဓေသားသည် မည်သို့မျှ အသက် မဆက်နိုင်လေရာ။ သန္ဓေသားကလေးမှာ လှုပ်ရှားလာချိန်ကျမှ အသက်ဝင်လာသည် ဟု လည်းကောင်း၊ အသက်ဝင်ချိန်ကျမှ လှုပ်ရှားလာသည်ဟုလည်းကောင်း အချို့ပုဂ္ဂိုလ်များ ယူဆ ပြောဆိုနေကြသည်မှာ အဘိဓမ္မာသဘောကို မသိရုံမျှမက သဿတဒိဋ္ဌိသဘော သက်ရောက်နေပါ သောကြောင့် အထူးပင် ဆင်ခြင်အပ်ပါကုန်၏။ အမှန်စင်စစ် ကလလရေကြည် သန္ဓေတည်စကပင် ရုပ်ဇီဝိတ နာမ်ဇီဝိတ ပါရှိနေ၍ ထိုကာလမှာပင် သန္ဓေသားသည် အသက်ရှိနေပြီဟု မှတ်ယူအပ်၏။

---

၁။ အဘိ၊ ဝိဘာဝိနီ၊ ၂၁၄။ ၂။ ဘိ၊ ဋ္ဌ၊ ၂။ ၂၀။

ဦးနှောက်မပေါ်မီက ဖြစ်နှင့်နေသော စိတ်တို့တွင် ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်တို့သည် မနောဝိညာဏဓာတ်များ ဖြစ်ကြ၍ ကာယဝိညာဏ်စိတ်သည် ကာယဝိညာဏဓာတ်ဖြစ်၏။ ပဋိသန္ဓေစိတ်နှင့်အတူ ဖြစ်ပေါ်ခဲ့သော ရုပ်ကလာပ် ၃-စည်း(ရုပ် ၃၀)တွင် ကာယဝတ္ထုရုပ်၊ ဟဒယဝတ္ထုရုပ်တို့ ပါဝင်ကြ၏။ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်တို့က ဟဒယဝတ္ထုရုပ်ကိုမှီကြ၍ ကာယဝိညာဏ်စိတ်က ကာယဝတ္ထုရုပ်ကို မှီလေ၏။ ဟဒယဝတ္ထုရုပ်သည် ရှေ့၌ ပြဆိုခဲ့သည့်အတိုင်း စိတ်(၈၉)မျိုးတွင် (၇၅)မျိုးသော စိတ်တို့၏ မှီရာတည်ရာ ဖြစ်၍ စိတ်အများဆုံး အမှီခံရသော ဝတ္ထုရုပ်ဖြစ်၏။ ဝတ္ထုရုပ်(၆)မျိုးမှလွဲ၍ စိတ်၏ တည်ရာ အခြား အရာဝတ္ထုရှိသည်ဟူ၍ ကျမ်းဂန်များ၌ အဆိုမရှိချေ။

စိတ်(၈၉)မျိုးတို့တွင် ဆိုင်ရာဆိုင်ရာ စိတ်က ဆိုင်ရာဆိုင်ရာ ဝတ္ထုရုပ်ကိုသာ မှီ၍ ဖြစ်သောကြောင့် ဦးနှောက်ကို မှီ၍ဖြစ်သော စိတ်ဟူ၍ သီးခြားစိတ်တစ်မျိုး အလျဉ်းပင် မရှိချေ။ စိတ်ဟုဆိုသဖြင့် ဆိုင်ရာစေတသိက်အမျိုးမျိုးလည်း ပါဝင်ကြောင်း ထပ်လောင်း၍ သိစေအပ်ပါ၏။ ဝတ္ထုရုပ်(၆)မျိုးတို့၏ တည်နေရာကို ကျမ်းဂန်များ၌ ခန္ဓာကိုယ်အစိတ်အပိုင်း နေရာတိတိကျကျဖြင့် သတ်မှတ်ပြဆိုထားပြီးဖြစ်၏။ ဟဒယဝတ္ထုရုပ်၏ တည်နေရာကို နှလုံးသား၏ အလယ်ဟု ကျမ်းဂန်လာအတိုင်း ရှေ့၌ ပြဆိုခဲ့ပြီး ဖြစ်၏။ စိတ်သည် ဟဒယဝတ္ထုရုပ်ပေါ် တည်မှီ၍ ဖြစ်သဖြင့် စိတ်သည် နှလုံးမှာသာ တည်ကြောင်း သိအပ်ပါ၏။ ဤသို့သော စာတွေ့သဘောအရ စိတ်သည် ဦးနှောက်မှာ မတည်ကြောင်း၊ နှလုံးမှာသာ တည်ကြောင်း ကောင်းစွာ သိနိုင်ပေ၏။

**လက်တွေ့ဖြင့် စိစစ်ခြင်း**

နှလုံးသား၌တည်သော ဟဒယဝတ္ထုရုပ်မှ စိတ်ဖြစ်ပုံကို လက်တွေ့ခံစားချက်အရလည်း သိနိုင်၏။ တစ်ခါတစ်ရံ ထိတ်လန့်တုန်လှုပ်ခြင်း၊ ဒေါသကြီးခြင်း၊ အလွန်အမင်း ဝမ်းသာခြင်း၊ အံ့သြခြင်းတို့ ဖြစ်သောအခါ နှလုံးတုန်ရင်ခုံကြရ၏။ စိတ်သောကရောက်သောအခါ၊ စိတ်ဖိစီးမှုများသောအခါ ရင်ထဲ ပူပူလောင်လောင် ခံစားကြရ၏။ ဝမ်းမြောက်ဝမ်းသာ ဖြစ်သောအခါ၊ အားရကျေနပ်မှုရှိသောအခါ၊ စိတ်စက် ကြည်လင်သောအခါ ရင်ထဲအေးမြခြင်းကို ခံစားကြရ၏။ စိတ်လှုပ်ရှားမှုအပေါ် မူတည်၍ ရင်ထဲ၌ ပူလောင်ခြင်း၊ အေးမြခြင်းတို့ကို လက်တွေ့ခံစားကြရ၏။ ဤသို့သော စိတ်ဖြစ်စဉ်နှင့်နှလုံးတို့ ဆက်စပ်မှုအရ နှလုံးမှ စိတ်ဖြစ်ပုံကို သိနိုင်ပါ၏။

ထိုထို ဇာတ်၊ နိပါတ်၊ လောကဖြစ်ရပ်တို့၌ စိတ်ထိခိုက်ပြီး ရူးသွပ်ခြင်း၊ ရင်ကွဲနာကျသေပွဲဝင်ရခြင်း၊ ဝမ်းသာလုံးဆို့သေခြင်းတို့ကိုလည်း တွေ့မြင်ကြားသိနေရ၏။ အကြောင်း အမျိုးမျိုးကြောင့် စိတ် ထိခိုက်ပြီး နှလုံးကွဲကြရပုံများကို အဋ္ဌကထာတို့၌ ''ဟဒယံ ဘိန္ဒိ=နှလုံးကွဲပြီ''ဟူ၍ ဆိုထားသည်ကိုလည်း နေရာအတော်များများတွင် အထင်အရှား တွေ့ရ၏။ ပဋာစာရီ(မပဋာ) အကြောင်းကို ဗုဒ္ဓဘာသာဝင်တိုင်းလိုလို သိကြ၏။ လင် မြွေကိုက်၊ သားငယ် စွန်ချီ၊ သားကြီးရေနစ်၊ မိဘနှစ်ပါးနှင့် မောင်ကြီးတို့ လေမုန်တိုင်းကြောင့် အိမ်ပိသေဆုံးကြရသည့် ချိန်ကိုက်ဒုက္ခလောကဓံလှိုင်း တိုက်ခိုက်မှုဒဏ်ကို မရှုမလှခံရသော ပဋာစာရီ(မပဋာ)သည် ဘဝင်နှလုံး ညှိုးချုံးပုံကျအရူးမဘဝသို့ ရောက်ရလေ၏။

ဘုရားအလောင်း တောထွက်ခန်းတွင်လည်း အလောင်းတော်သည် ဖွားဖက်တော်(၇)ပါးဝင် ဆန္န၊ ကဏ္ဍကတို့နှင့်အတူ တောထွက်တော်မူရာ အနော်မာမြစ်ကမ်းသို့အရောက် ရဟန်းပြုတော်မူပြီးနောက် ဆန္နအမတ်အား ကပိလဝတ်နေပြည်တော်သို့ ပြန်ဖို့ရန် အမိန့်ပေးသံကို ကဏ္ဍကမြင်းတော်ကြားသိသဖြင့် မိမိအရှင်သခင်နှင့် ခွဲရမည့်အချက်ကြောင့် စိတ်မသက်မသာ ရင်ကွဲနာကျကာ စုတေရရှာလေ၏။ ဤသည်တို့မှာ စိတ်ခံစားမှုနှင့် နှလုံးထိခိုက်မှုတို့ အဆက်အစပ်ရှိပုံ ထင်ရှားသော သာဓကများပင်ဖြစ်၏။ မိမိတို့ ကိုယ်တွေ့ခံစားမှုဖြင့်လည်း ရှုဆင်ခြင်အပ်ပါကုန်၏။

ဘာသာဋီကာ ကျမ်းပြုအကျော် ဆရာတော်အရှင်ဇနကာဘိဝံသက သူ၏ သိပ္ပံအမြင်နှင့် ဗုဒ္ဓအဘိဓမ္မာ အဖြေစာအုပ်၌ ''ဟဒယဝတ္ထုတို့ ဦးနှောက်တို့ ရှိလို့သာ စိတ်တွေဖြစ်ရကြောင်း၊ ဦးနှောက်လို့ ပုံမှန် မယူဆကြောင်း၊ ကဗန္ဓိပြိတ္တာဆိုတာ ဦးခေါင်းမပါကြောင်း၊ ၄င်းမှာ ဦးခေါင်းမပါဘဲ စိတ်ဖြစ်နေကြောင်း၊ တစ်ခါတလေ ဒိန်းခနဲဆိုရင် ဒီထဲက(ရင်ထဲက) အသိမြန်သလိုလိုဘာလိုလို ရှိနေကြောင်း၊ ဒါကြောင့် ဘုန်းကြီးတို့က(ဟဒယဝတ္ထုကို)လက်ခံထားတာဖြစ်ကြောင်း'' မိန့်ကြားတော်မူထားသည်ကို လေ့လာမှတ်သားရ၏။ ဤမိန့်ကြားချက်ကလည်း ''စိတ်သည် နှလုံးမှာ တည်ကြောင်း''ကောင်းကောင်း ထောက်ခံနေပါ၏။

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာအရှင်နန္ဒမာလာဘိဝံသက ရုပ်တရားကို လေ့လာ သုံးသပ်ခြင်းတရားတော် ဟောကြားရာ၌မူ ဟဒယဝတ္ထုနှင့်ပတ်သက်၍ ပဋ္ဌာန်းပါဠိတော်၌ ဝတ္ထုဟူ၍သာ ဟောကြားကြောင်း၊ အဋ္ဌကထာဆရာက ဟဒယထည့်၍ ဟဒယဝတ္ထုဟု မိန့်ဆိုကြောင်း၊ ဟဒယ=စိတ်+ဝတ္ထု=တည်ရာ၊ ဟဒယဝတ္ထု=စိတ်၏တည်ရာဖြစ်ကြောင်း၊ နှလုံးသားကို မရည်ညွှန်းကြောင်း၊ ဝမ်းနည်းဝမ်းသာဆိုလျှင် ရင်ဘတ်ထိ၍ စိတ်ညစ်လျှင် တွေးတောကြံဆလျှင် ခေါင်းကုတ်လေ့ရှိကြောင်း၊ ယံ ရူပံ နိဿာယ ဟု သာမန်အားဖြင့် ရုပ်ဟူ၍သာ ဟောကြားကြောင်း၊ ဦးနှောက်နှင့် နှလုံးသားကြားမှာ စိတ်ဖြစ်သည်ဟုယူလျှင် အဆင်ပြေနိုင်ကြောင်း၊ စိတ်ပေါ်သည့်နေရာသည် နှလုံးသားနှင့်ဦးနှောက် တစ်ခုခုဖြစ်နိုင်ကြောင်း စသည်ဖြင့် ဟောကြားထားသည်ကို လေ့လာ မှတ်သားရ၏။

ထို့ပြင် စဉ်းစားဖွယ်ရာ ရှိသည်မှာ စိတ်(၈၉)မျိုးရှိရာတွင် စက္ခုဝိညာဏ်စိတ်၊ သောတဝိညာဏ်စိတ်၊ ဃာနဝိညာဏ်စိတ်၊ ဇိဝှါဝိညာဏ်စိတ်၊ ကာယဝိညာဏ်စိတ်တို့၏ တည်ရာများမှာ စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှါဝတ္ထု၊ ကာယဝတ္ထုဟူ၍ သီးခြားစီရှိနေသဖြင့် စိတ်သည် ဦးနှောက်နှင့် နှလုံးသားမှာ တည်သည်ဟုဆိုလျှင် ပြည့်စုံမည်မဟုတ်ဘဲ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ နှလုံး ဟူသော ဝတ္ထုရုပ်(၆)ပါးမှာ တည်သည်ဟု ဆိုမှ ပြည့်စုံမည်ဖြစ်၏။ ထိုတွင် ဟဒယဝတ္ထု(နှလုံး)မှာတည်သော စိတ်က အများဆုံးဖြစ်၏။

## နှလုံးနှင့်စပ် သိမှတ်ဖွယ်ရာ

စိတ်၏နှလုံးမှာတည်မှုနှင့်ပတ်သက်၍ နှလုံးခွဲစိတ်ကုသခြင်း၊ နှလုံးအစားထိုးကုသခြင်း၊ နှလုံးစက် ထည့်ခြင်းဟူသော နှလုံးကုသမှုဆိုင်ရာ ဆေးပညာအရ သံသယဖြင့် စောဒကတက်

သူများလည်း ရှိ၏။ ဝိုသို့သော ဆေးဝါးကုသမှု ခံထားရသူမျိုးတွင် စိတ်သည် အဘယ်သို့လျှင် နှလုံးမှာ တည်မည်နည်းဟု စောဒကတက်ခြင်းဖြစ်၏။ နှလုံးအိမ်အတွင်း ပုန်းညက်စေ့ခန့် ပမာဏရှိသော တွင်းငယ်လေးရှိ သွေးများတွင် ဟဒယဝတ္ထု(နှလုံး)ရုပ်တည်သည်ဟု ဆိုသဖြင့် နှလုံးသွေးရှိလျှင် နှလုံးရုပ်ရှိသည်သာ ဖြစ်သောကြောင့် မည်သည့်နည်းဖြင့်မဆို နှလုံးကုသမှု ခံထားရသူဖြစ်စေကာမူ နှလုံးသွေးရှိနေ၍ စိတ်သည်နှလုံးမှာ တည်နိုင်သည်သာ ဖြစ်၏။

မြန်မာစကား၌ "လက်ရုံးရည်နှလုံးရည်"ဟူသော အသုံးအနှုန်းရှိ၏။ မြန်မာအဘိဓာန်၌ စိတ်နှလုံးနှင့်ဆိုင်သော စွမ်းရည်သတ္တိကို နှလုံးရည်ဟု ဖွင့်ဆိုထား၏။ အမတ်ကြီး ဗညားဒလအား အင်းဝဘုရင် နေရာတွင် မင်းပြုရန် မှူးမတ်အပေါင်းတို့က ဝိုင်းဝန်းတောင်းဆိုကြသောအခါ အမတ်ကြီး ဗညားဒလက "ကျွန်ုပ်သည်ကား လက်ရုံးရည် ပြည့်ဝသဖြင့် စစ်မှုထမ်းရန် အသင့်ရှိပါ၏။ အကြားအမြင် ဗဟုသုတ ကိုယ်ကျင့်တရား ပြည့်စုံခြင်းစသော နှလုံးရည်များ ပြည့်ဝသူဖြစ်သော ကြောင့်လည်း မှူးမတ်လုပ်ရန်အသင့် ဖြစ်ပါ၏။ သို့ရာတွင် ဘုရင်အလုပ်ဝတ္တရားဟူသည် အလွန်ကြီး လေးလှပါသောကြောင့် မင်းမလုပ်လိုပါ" ဟု ငြင်းပယ်လိုက်၏။ ဤ၌လက်ရုံးရည်ဟူသည် ခန္ဓာကိုယ် ကြံ့ခိုင်မှု၊ ဒွန်အားဗလနှင့်ပြည့်ဝမှုဟု နားလည်ရပြီး နှလုံးရည်ဟူသည် အကြားအမြင် ဗဟုသုတ ကြွယ်ဝမှု၊ ကိုယ်ကျင့်တရား ပြည့်စုံမှု၊ တွေးခေါ်မြော်မြင် ဆင်ခြင်ဉာဏ်ရှိမှုဟု နားလည် ရ၏။

ဤသို့ စိတ်ပိုင်းဆိုင်ရာ အကြားအမြင် ဗဟုသုတ၊ ကိုယ်ကျင့်တရား၊တွေးခေါ်မြော်မြင် ဆင်ခြင်ဉာဏ်တို့ကို နှလုံးရည်ဟု ဆိုသဖြင့် စိတ်နှင့်နှလုံးတို့၏ ဆက်စပ်မှုသဘောကိုလည်း သိရပြန်၏။ ထိုမှတစ်ဖန် မြန်မာစကားတွင် စိတ်ကိုပင် နှလုံးနှင့်တွဲ၍ "စိတ်နှလုံး"ဟု တွင်ကျယ်စွာ သုံးနှုန်းခြင်းများလည်း ရှိပါ၏။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော်ဘုရားကြီးက "နှလုံးသားဝယ် ဘုရားတည်" ဟူသော အမည်တပ်၍ ထိုထိုအရပ်တို့၌ တရားပွဲပေါင်း များစွာ ဟောကြားတော်မူခဲ့၏။ ပြင်ပ၌ ဘုရားတည်ခြင်းထက် ကိုယ့်နှလုံးသားဝယ် ဘုရားတည်ရမည် ဖြစ်ကြောင်း၊ နှလုံးသားမှာ ဘုရားရှင်၏ တရားတော်များ တည်အောင် လုပ်ရမည်ဖြစ်ကြောင်း ဟောကြားတော်မူလိုရင်း ဖြစ်၏။

မန်လည်ဆရာတော်ဘုရားကြီးကလည်း မဃဒေဝ၌ "ပညာပြည့်ဝ၊ နှလုံးလှသော်၊ ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ်တွင်းဖောက်၊ ဖြတ်တောက်လိုရာ၊ ပြီးနိုင်စွာ၏"ဟု မိန့်ဆိုထား၏။ ဤ၌ ပညာပြည့်ဝသည့် နှလုံးသည် လှ၏ဟူ၍ အဓိပ္ပာယ်ရ၏။ ထိုသို့သော ပညာပြည့်ဝသည့် နှလုံးရှိသော် ကိစ္စကြီးငယ်အသွယ်သွယ် ပြီးမြောက်၏ဟု ညွှန်းဆိုတော်မူလိုရင်း ဖြစ်၏။ ဤမဃဒေဝအဆိုအရ ပညာသည် (ဝါ)ပညာဦးစီးသော စိတ်သည် နှလုံးမှာတည်သည်ဟု ကောက်ယူနိုင်ပေ၏။ ဤအချက်များကလည်း စိတ်သည် နှလုံးမှာတည်ကြောင်း ကောင်းစွာ ထောက်ခံလျက် ရှိပါ၏။ သမထဝိပဿနာ ဘာဝနာဖြင့် ကိုယ်တိုင် ရှုမှတ်ပွားများ ကြည့်ခြင်းအားဖြင့် လက်တွေ့ထင်ထင် ပို၍ အမြင်ရှင်းလေရာ၏။

**ပင့်ကူပမာ သိစရာ**

အဋ္ဌသာလိနီအဋ္ဌကထာ၏ အဆိုအမိန့်က ''စိတ်သည် နှလုံးမှာတည်သည်''ဟူသော ယူဆချက် အတွက် ပို၍ ခိုင်မာလေးနက်စေ၏။ ဟဒယဝတ္ထုရုပ်ကို ပင့်ကူအိမ်အလယ်ဗဟိုချက်နှင့် တင်စား၍ အဋ္ဌသာလိနီအဋ္ဌကထာ[၁]၌ မိန့်ဆိုထား၏။ ပင့်ကူများသည် ခြင်,ယင်စသည့် ပိုးကောင်ငယ်များကို ဖမ်းယူနိုင်ဖို့ ပိုက်ကွန်ကဲ့သို့ ပင့်ကူအိမ်များကို ဖန်တီးပြုလုပ်ထားကြ၏။ ပင့်ကူသည် ပင့်ကူအိမ်အလယ်ဗဟို၌ ဝပ်နေပြီး ခြင်ဖြစ်စေ၊ ယင်ဖြစ်စေ သူ့အိမ်ထဲလာတိုးသည့် အကောင်ကို အမျှင်ဖြင့်ချည်နှောင်ဖမ်းယူလိုက်၏။ ဖမ်းပြီး ခြင်,ယင်တို့၏ အသွေးအသားကို စားသောက်ကာ မူလနေရာ ပင့်ကူအိမ်အလယ်ဗဟို၌ ပြန်ဝပ်နေ၏။ အရပ်လေးမျက်နှာ မည်သည့်နေရာမှပင်ဖြစ်စေ ဝင်လာသောအကောင်မှန်သမျှကို ဤနည်းဖြင့် ဖမ်းယူစား သောက်ပြီး မူလနေရာ၌ နေမြဲအတိုင်း ပြန်နေ၏။

ထိုနည်းတူစွာ ပင့်ကူသည် ပင့်ကူအိမ်အလယ်ဗဟို၌ တည်နေသကဲ့သို့ မနောဝိညာဏ်စိတ် (မနောဓာတ်၊ မနောဝိညာဏဓာတ် စိတ် ၇၅-မျိုး)သည် နှလုံးသားထဲရှိ ဟဒယဝတ္ထုရုပ်၌ တည်မှီလျက် ဖြစ်ပျက်နေလေ၏။ ဤ၌ မနောဝိညာဏ်စိတ်သည် ပင့်ကူနှင့်တူ၍ နှလုံးသွေးသည် ပင့်ကူအမျှင်နှင့်တူ၏။ ဟဒယဝတ္ထု(နှလုံး)သည် ပင့်ကူအိမ်အလယ်ဗဟိုချက်နှင့်တူသည်မှာ အဓိကပဓာနကျ၏။ ဘေးပတ်ပတ်လည်ရှိ ပင့်ကူအမျှင်များသည် ပင့်ကူ အလယ်ဗဟိုချက်မနှင့် တစ်ဆက်တစ်စပ်တည်း ဆက်စပ်နေသကဲ့သို့ နှလုံးသားက လွှတ်လိုက်သော သွေးများသည် ဟဒယဝတ္ထု (နှလုံး)နှင့် ခန္ဓာကိုယ်ဘစ်ခုလုံးတွင် အပ်တစ်ဖျားစာမျှ ကွက်လပ်မရှိ ဆက်စပ်ပျံ့နှံ့လျက် ရှိ၏။ ဘဝင်ဟူသော မနောဝိညာဏ်စိတ်က အလယ်ဗဟို ဟဒယဝတ္ထု (နှလုံး)၌ တည်မှီပြီး မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ လျက်သိစိတ်၊ ထိသိစိတ်၊ ကြံသိစိတ်တို့ကို ဖြစ်ပေါ်စေ၏။

ရှင်းလင်းအောင် ပြဆိုရလျှင် မျက်စိအကြည်၌ အဆင်းပေါ်လာလျှင် နှလုံးအကြည် (ဟဒယဝတ္ထု)၌ တည်သော ဘဝင်စိတ်က ထ,လာပြီး မြင်သိစိတ်ကို ဖြစ်ပေါ်စေ၏။ ဆက်လက်၍ စက္ခုဒွါရိက ဝီထိစိတ်များ ဘန်းစီဖြစ်ကြ၏။ ထို့နောက် နှလုံးအကြည်၌ ဘဝင်စိတ်သည် ဖြစ်မြဲဖြစ်နေ၏။ ထို့အတူ နားအကြည်၌ အသံထိခိုက်လာလျှင်၊ နှာခေါင်းအကြည်၌ အနံ့ကျလာလျှင်၊ လျှာအကြည်၌ အရသာရောက်လာလျှင်၊ ခန္ဓာကိုယ်အကြည် တစ်နေရာရာ၌ ထိတွေ့မှု ဖြစ်ပေါ်လာ လျှင် နှလုံးအကြည်၌တည်သော ဆိုင်ရာဆိုင်ရာ ဘဝင်စိတ် အသီးသီးက ထ,လာပြီး ကြားသိစိတ်၊နံသိစိတ်၊ လျက်သိစိတ်၊ ထိသိစိတ် တစ်မျိုးမျိုးကို ဖြစ်ပေါ်စေ၏။ ဆက်လက်၍ ဆိုင်ရာဆိုင်ရာ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယဒွါရိကဝီထိစိတ်များ တန်းစီဖြစ်ကြ၏။ ထို့နောက် နှလုံးအကြည်၌ ဘဝင်စိတ် ဖြစ်မြဲဖြစ်နေ၏။

ဤသို့အားဖြင့် ဘဝင်စိတ်သည် နှလုံးအကြည်(ဟဒယဝတ္ထု)၌ တည်ပြီး အကြောင်းအားလျော်စွာ မျက်စိအကြည်၊ နားအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်တို့မှတစ်ဆင့် မြင်သိစိတ်၊

---

၁။ဘိ၊ ဋ္ဌ၊ ၁။ ၃၁၈။

ကြားသိစိတ်၊ နံသိစိတ်၊ လျက်သိစိတ်၊ ထိသိစိတ်တို့ကို ဖြစ်ပေါ်စေ၏။ ဤသို့လျှင် ဘဝင်စိတ်နှင့် ကြံသိမှု မနောဝိညာဏ်စိတ်တို့သည် နှလုံးအကြည်(ဟဒယဝတ္ထု)၌ တည်ပြီး အဆက်မပြတ် တစ်ရစပ် ဖြစ်ပျက်နေကြလေ၏။

ဟဒယဝတ္ထုရုပ်၏ အခြားဝတ္ထုရုပ်များနှင့် ဆက်စပ်ဖြစ်ပုံကို အဘိဓမ္မာသာလိနီအဋ္ဌကထာ[၁]၌ ဤသို့ မိန့်ဆိုထားသေး၏ "ဧကေကံ အာရမ္မဏံ ဒွီသု ဒွီသု ဒွါရေသု အာပါထမာဂစ္ဆတိ၊ ရူပါရမ္မဏံ ဟိ စက္ခုပသာဒံ ဃဋ္ဋေတွာ တင်္ခဏညေဝ မနောဒွါရေ အာပါထမာဂစ္ဆတိ၊ ဘဝင်္ဂစလနဿ ပစ္စယော ဟောတီတိ အတ္ထော"။ အာရုံ တစ်ခုတစ်ခုသည် ဒွါရ နှစ်ခုနှစ်ခု၌ ထင်၏။ စက္ခုပသာဒ (စက္ခုဝတ္ထု၊ စက္ခုဒွါရ)၌ ရူပါရုံ ထိခိုက်သောအခါ စက္ခုဒွါရအပြင် မနောဒွါရ(ဟဒယဝတ္ထုမှာ တည်သောဘဝင်)၌လည်း တစ်ပြိုင်နက် ထင်လျက်ရှိ၏။ ငှက်တစ်ကောင်သည် သစ်ပင်ဖျား၌ နားသောအခါ သစ်ပင်ဖျား၌ ထိခိုက်မိသည်နှင့် တစ်ပြိုင်နက် အောက်မြေပြင်မှာ ငှက်ရိပ် ထင်သကဲ့သို့တည်း။ ထိုကဲ့သို့ ဘဝင်စိတ်၌ တစ်ပြိုင်နက် ဓာတ်ခိုက် ထင်လာခြင်းကြောင့် ဘဝင်လှုပ်ခြင်း ဖြစ်ရ၏။ ဤအဆိုအမိန့်အရ အခြားဝတ္ထုရုပ်များကို မှီ၍ ဖြစ်ကြရသော စိတ်များသည်ပင်လျှင် ဟဒယဝတ္ထုရုပ်နှင့် ဆက်စပ်ဖြစ်ကြရကြောင်း သိနိုင်၏။ ထို့ကြောင့် "စိတ်သည် နှလုံးမှာ တည်သည်"ဟူသော ယူဆချက်သည် ပို၍ပင် ခိုင်မာလျက် ရှိ၏။

## ခြုံငုံသုံးသပ်ချက်

ဟဒယဝတ္ထုနှင့်ပတ်သက်၍ ပဋ္ဌာန်းပါဠိတော်၌ "ဝတ္ထု"ဟု ဟောတော်မူ၏။ စက္ခာယတနံ၊ သောတာယတနံ စသည်ဖြင့် စက္ခုဝတ္ထု၊ သောတဝတ္ထု စသည့် ဝတ္ထုရုပ်(၅)ပါးကို တိတိကျကျ ဟောတော်မူပြီး ကျန်ဝတ္ထုရုပ်(၁)ပါးကို "ယံ ရူပံ၊ တံ ရူပံ"ဟု သာမန်အားဖြင့် ဟောတော်မူ၏။ အဋ္ဌကထာ ဋီကာများ၌ "ယံရူပံ=အကြင်ရုပ်"ဆိုသည်ကို ဟဒယဝတ္ထုရုပ်ဟု တိတိကျကျ ဖွင့်ပြထား၏။ ဟဒယဝတ္ထုရုပ်၏ သဘော၊ ဟဒယဝတ္ထုရုပ်၏ တည်နေရာတို့ကိုလည်း တိတိကျကျ ဖွင့်ဆိုသတ်မှတ်ပြထား၏။ ယင်းတို့ကို အခြေခံ၍ ဤစာတမ်းရှင်က ဝတ္ထုရုပ်တစ်မျိုးရှိသင့်ကြောင်း၊ ယင်းမှာ ဟဒယဝတ္ထုရုပ်ဖြစ်ကြောင်း အာဂမယုတ္တိ၊ သဘာဝယုတ္တိအားဖြင့် ရှင်းပြထား၏။

ဆက်လက်၍ စိတ်သည် ဦးနှောက်မှာ တည်ခြင်းမဖြစ်နိုင်ဘဲ နှလုံးမှာသာ တည်နိုင်ကြောင်း စာတွေ့၊ လက်တွေ့အားဖြင့် ရှင်းပြထား၏။ မြန်မာမှုနယ်ပယ်၌ "လက်ရုံးရည် နှလုံးရည်" "စိတ်နှလုံး" ဟူသော အသုံးအနှုန်းများ၊ "နှလုံးသားဝယ် ဘုရားတည်"၊ "ပညာပြည့်ဝ နှလုံးလှသော်" ဟူသော မိန့်ဆိုဟောပြောချက်များက "စိတ်သည် နှလုံးမှာတည်သည်"ဟူသော ယူဆချက်အတွက် ထောက်ခံလျက်ရှိကြောင်း မီးမောင်းထိုးပြထား၏။ အခြားဝတ္ထုရုပ်များ၌ တည်သော စိတ်များသည်ပင်လျှင် ဟဒယဝတ္ထုရုပ်နှင့် ဆက်စပ်နေသဖြင့် စိတ်၏ နှလုံးမှာ တည်ကြောင်း ယူဆချက်သည် ပို၍ပင် ခိုင်မာကြောင်း ပင့်ကူဥပမာဖြင့် ထင်ရှားစွာ ရှင်းပြထား၏။

---

၁။ ဘိ၊ ၄၊ ၁။ ၁၁၄။

မမွေးရေးရာပြဿနာ တစ်ရပ်ရပ်ကို ဖြေရှင်းရာတွင် အလေးပြုဖွယ်ရာ ဦးစားပေးအစဉ်အလာကို သိအပ်ပါ၏။ ပိဋကတ်ကျမ်းဂန်များ[၁]၌ မဟာပဒေသ(၄)ပါး ဟူ၍ ဤသို့ လာရှိ၏-

(၁) သုတ္တ = ပါဠိတော်၊

(၂) သုတ္တာနုလောမ = အဋ္ဌကထာဋီကာ၊

(၃) အာစရိယဝါဒ = ဆရာစဉ်ဆက် အယူအဆ၊

(၄) အတ္တနောမတိ = မိမိကိုယ်ပိုင်အယူအဆ၊

ဤ(၄)ပါးတွင် (၁)ပါဠိတော်သည် အလေးအမြတ် အပြုအပ်ဆုံးဖြစ်၍ (၂)အဋ္ဌကထာဋီကာသည် ဒုတိယအလေးအမြတ်ပြုအပ်သောနေရာတွင် ရှိပါ၏။ ဟဒယဝတ္ထုရုပ် ရှိသင့် မရှိသင့်၊ စိတ်သည် နှလုံးမှာ တည်သလား? ဦးနှောက်မှာတည်သလား? ဤပြဿနာရပ်တို့နှင့် စပ်လျဉ်း၍ ဤစာတမ်းရှင်သည် ပါဠိတော် အဋ္ဌကထာ ဋီကာ အဆိုအမိန့်များကို အဓိက အလေးအမြတ်ပြုကာ ဆရာ၊ ဆရာ့ဆရာတို့၏ အယူအဆများကို ဦးထိပ်ရွက်ပန်ဆင်လျက် ဤ"**ဟဒယဝတ္ထုနှင့်စပ်သမျှ သုတေသနပြုခြင်း**"စာတမ်းကို ပြုစုထားခြင်း ဖြစ်၏။ ဤစာတမ်းက ဟဒယဝတ္ထုဟူသော ရုပ်တစ်မျိုးရှိကြောင်းနှင့် စိတ်သည် နှလုံးမှာတည်ကြောင်း အဆုံးအဖြတ်ပေးပါ၏။

**ဗုဒ္ဓအဘိဓမ္မာ ဝိပဿနာပညာ**

ဗုဒ္ဓမြတ်စွာ အဘိဓမ္မာဒေသနာတော်ကို ဟောတော်မူရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ဤလောက၌ ပုဂ္ဂိုလ်သတ္တဝါမရှိ၊ အသက်ဇီဝအတ္တမရှိ၊ ပရမတ္ထဓမ္မသာ ရှိသည်ဟု ပြလို၍ဖြစ်၏။ ဗုဒ္ဓမြတ်စွာ ဟောတော်မူတိုင်းသော တရားဒေသနာတော်များတွင်လည်း သစ္စာလေးပါးမှလွတ်သော တရားဟူ၍မရှိ။ အကယ်၍ သစ္စာလေးပါးမှ လွတ်လျှင်လည်း ဗုဒ္ဓမြတ်စွာ၏ ဒေသနာမဟုတ်။ ဗုဒ္ဓအဘိဓမ္မာဒေသနာတော်အရ စိတ်၏ နှလုံး၌ တည်ကြောင်းကို ကိုယ်တိုင်ဒိဋ္ဌ တွေ့မြင်လိုပါက ဝိပဿနာဉာဏ်စက္ခုဖြင့် ကြည့်ရှုရန်မှတစ်ပါး အခြား မရှိပြီ။ ဟဒယဝတ္ထုရုပ်ကို စူးစူးစိုက်စိုက် ရှုမှတ်သော ယောဂီ၏ဉာဏ်၌ ဟဒယဝတ္ထုရုပ်သည် မနောဓာတ် မနောဝိညာဏဓာတ်တို့ကို ဆောင်ထားတတ်သော တရားအနေဖြင့် ထင်မြင်လာတတ်၏။[၂]

ပကတိမျက်စိဖြင့် အရာဝတ္ထုကို ကြည့်၍မြင်သကဲ့သို့ ဝိပဿနာဉာဏ်မျက်စိဖြင့် နှလုံးကို ကြည့်၍ မြင်၏။ ဆရာကြီး ဦးရွှေအောင်က နှလုံး၌ရှိသော မနောအကြည်မှ ရုပ်နာမ်တို့၏ ဖြစ်ပျက်ကိုမြင်ရကြောင်း၊ သမထစွမ်းအင်ဖြင့် ကြည့်သူများ အနေဖြင့်မူ နှလုံး၌ရှိသော မနော အကြည်မှ ယနေ့ မြန်မာနိုင်ငံ၌ အတိတ်ဘဝ(၁၁)ဘဝတိုင်အောင် မြင်နိုင်စွမ်းသော ယောဂီ တစ်ဦးကို ကိုယ်တိုင်တွေ့ဖူးကြောင်း သူ၏ သံယာ့ကျေးဇူးစာအုပ်၌ ရေးထား၏။ သိပ္ပံဆရာတို့၏ ရုပ်ဝတ္ထုမှန်ပြောင်းကဲ့သို့ ယောဂီတို့၏ သမထမှန်ပြောင်းသည် အားကောင်း၏။ နေမင်း၏ အလင်း ရောင်သည် တောက်ပြောင်သကဲ့သို့ ကိလေသာပါးလွှာသော ဘဝင်စိတ်၏ အလင်းရောင်သည်လည်း ဝို၍ တောက်ပြောင်လာပြီး မြင်အပ်ရာရာကို အရှင်းသား အလင်းသား မြင်ရပေလိမ့်တကား။

---

၁။ ဒီ၊ ၂။ ၁၀၃။ ဒီ၊ ဋ္ဌ၊ ၂။ ၁၅၈။ သုတေသနသရုပ်ပြအဘိဓာန်။ ၄၃၇။ ၂။ ဝိသုဒ္ဓိ၊ ၂။ ၇၇။

ဤနည်းဤပုံအားဖြင့် စိတ်သည် နှလုံးမှာ တည်ကြောင်း ဗုဒ္ဓဘာသာလောက၌ အရှင်းသား အလင်းသား ထင်ရှားပြီးဖြစ်နေသောကြောင့် စိတ်၏တည်ရာနှင့်ပတ်သက်၍ ပရိယတ်နယ်ပယ်မှာရော ပဋိပတ်နယ်ပယ်မှာပါ ယခင်ရှေးရှေးကာလက တစ်စုံတစ်ရာ ပြဿနာမရှိခဲ့ပါချေ။ ဤကိစ္စနှင့် ပတ်သက်၍ အသင်စာရှုသူမှာ ပြဿနာရှိနေသေးသည်ဆိုပါလျှင် အပွနာသမာဓိကို ရရှိသည်အထိ သန္နိဋ္ဌိကဂုဏ်မြောက် ပေါက်ရောင်ထင်ထင် ရှုဆင်ခြင်ကြည့်ခြင်းအားဖြင့် ထိုပြဿနာ အမှန်ပင် ကင်းပျောက်လေရာ၏။

**နိဂုံး**

အလွန်စိတ်ဝင်စားဖွယ်ကောင်းသဖြင့် ဟဒယဝတ္ထုနှင့်စပ်သမျှ သုတေသနပြုခြင်း ဟူသော ဤစာတမ်းကို ပြုစုရခြင်းဖြစ်၏။ ဗုဒ္ဓအဘိဓမ္မာကို စနစ်တကျ လေ့လာထားသူများက သိပ္ပံပညာထက် ဗုဒ္ဓအဘိဓမ္မာပညာက ခက်ခဲနက်နဲပြီး ပို၍ အသေးစိတ်ကျကြောင်း ထောက်ခံထားပြီး ဖြစ်၏။ ''သိပ္ပံပညာ၏ ချီတက်မှုသည် ဗုဒ္ဓဝါဒ၏ အောင်ပွဲရမှုပင်ဖြစ်သည်။ သိပ္ပံပညာ၏ အသစ်တွေ့ရှိချက်များသည် ဗုဒ္ဓဝါဒအား အကောင်းဆုံးသော သက်သေပြချက်များသာ ဖြစ်ချေသည်''ဟု သုတေသန ပညာရှင် ဆာဟာရီဆင်ဂိုးကလည်း မိန့်ဆိုခဲ့ဖူး၏။

ဗုဒ္ဓအဘိဓမ္မာပညာက ရှေ့ကသွား၍ သိပ္ပံပညာက နောက်ကလိုက်နေခြင်းသာ ဖြစ်သောကြောင့် သိပ္ပံပညာအားကိုးဖြင့် မြတ်ဗုဒ္ဓတရားတော်များကို ပြင်ဆင်ပါက အမှားနှင့် ရင်ဆိုင်ရဖွယ် ရှိပါကြောင်း မနသိကာရကောင်းဖြင့် သတိပေးစကား ပြောကြားရင်း ဤစာတမ်းကို နိဂုံးချုပ် အပ်ပါသတည်း။

ဦးစံသင်းလှိုင်
တွဲဖက်ပါမောက္ခ
အဘိဓမ္မပိဋကမဟာဌာန
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

၁၃၇၇-ခု ပြာသိုလဆန်း(၅)ရက်
၁၄-၁-၂၀၁၆၅ (ကြာသပတေးနေ့)

# မြန်မာနိုင်ငံနှင့် အဘိဓမ္မာအရကောက်ကျမ်းများ၏ အခန်းကဏ္ဍ


အရှင်ဇဋိလ(မဒဘိ-၁)
အရှင်ပညာနန္ဒ(မဒဘိ-၄)
အရှင်ဝရသာမိ(မဒဘိ-၅)


## မြန်မာနိုင်ငံသို့ အဘိဓမ္မပိဋကရောက်ရှိခြင်း

အဘိဓမ္မပိဋကသည် မြန်မာနိုင်ငံသို့ မည်သည့်အချိန်က စတင်ရောက်ရှိခဲ့ကြောင်းကို ခုနှစ်၊ သက္ကရာဇ်အားဖြင့် အတိအကျမပြောနိုင်ချေ။ သို့သော်လည်း သထုံပြည်၊ မနူဟာမင်း(အေဒီ-၁၁ရာစု) လက်ထက်၌ ပိဋကတ်သုံးပုံနှင့် ပိဋကတ်တတ်ကျွမ်းသော ရဟန်းတော်များရှိနေပြီဖြစ်ကြောင်းမှာ ရာဇဝင်အဆိုအားဖြင့် ထင်ရှားပေသည်။ ထို့ကြောင့် သထုံခေတ်ပြည်သားတို့သည်လည်း အဘိဓမ္မာကို အနည်းနှင့်အများ လေ့လာလိုက်စားခဲ့သည်မှာ ယုံမှားဖွယ်မရှိပေ။

ထို့ပြင် တတိယသံဂါယနာအပြီးတွင် မဇ္ဈိမဒေသ၊ ပါဋလိပုတ်ပြည်မှ အရှင်သောဏနှင့် အရှင်ဥတ္တရတို့သည် သုဝဏ္ဏဘူမိသို့ သာသနာပြု ကြွတော်မူခဲ့ကြသည်။ သုဝဏ္ဏဘူမိဟူသည် သထုံနယ်လည်း ပါဝင်ကြောင်း ပညာရှင်များ ယုံကြည်ယူဆကြပြီး ထိုအချိန်ကာလည်း သထုံပြည်သားတို့သည် အဘိဓမ္မာတရားကို နာကြားခွင့် ရရှိခဲ့ကြလိမ့်မည်ဟု ထင်မြင်ယူဆကြရပေသည်။ မည်သို့ပင်ဆိုစေ အရှင်သောဏနှင့်အရှင်ဥတ္တရတို့၏ သာသနာအဆက်သည် သုဝဏ္ဏဘူမိ၌ မည်မျှကြာအောင် တည်တံ့ခဲ့ကြောင်း မှတ်တမ်းအခိုင်အမာ မရှိချေ။ ပိဋကတ်တော်များသည်လည်း ထိုခေတ်က ပေထက်အက္ခရာတင် စာအုပ်များအဖြစ်သို့ မရောက်ရှိသေးခဲ့ပေ။ ထို့ကြောင့် နောက်ပိုင်းခေတ်တွင်မှ အဋ္ဌကထာနှင့်တကွ အဘိဓမ္မပိဋကတော်များသည် သီဟိုဠ်ကျွန်းမှ မြန်မာနိုင်ငံ သထုံပြည်သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားပေသည်။

ဝိနည်းနှင့်သုတ္တန်ပိဋကတို့မှာ ဘုရားဟောဟုတ်/မဟုတ် အငြင်းပွားဖွယ်မရှိသော်လည်း အဘိဓမ္မပိဋကတွင်ကား အငြင်းပွားဖွယ် ရှိနေပါသည်။ အဘယ့်ကြောင့်ဆိုသော် အဘိဓမ္မပိဋကသည် သုတ္တန်ပိဋကဒေသနာတော်မှာကဲ့သို့ ''ဧကံ သမယံ ဘဂဝါ ဒေဝေသု ဝိဟရတိ တာဝတိံသေသု ဆတ္တကမူလေ ပဏ္ဍုကမ္ဗလသိလာယံ'' စသည်ဖြင့် နောက်ခံနိဒါန်းမပါရှိခဲ့သောကြောင့်လည်းကောင်း၊ သမ္ပိဏ္ဍိုန်း သန္တိရဏဟူသော စကားလုံးတို့သည် ဟိန္ဒူကျမ်း၌ ပါဝင်နေသောကြောင့်လည်းကောင်း ဖြစ်သည်။ နောက်ခံနိဒါန်း မပါရှိခဲ့ရခြင်းမှာ မြတ်ဗုဒ္ဓသည် ၇-ဝါမြောက်၌ သန္တုသိတ အမည်ရှိသော မယ်တော် မိနတ်သားကို အကြောင်းပြုကာ တာဝတိံသာနတ်ပြည်သို့ ကြွရောက်ပြီးလျှင် စကြဝဠာတိုက် တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းအား အဘိဓမ္မာဒေသနာတော်ကို ဟောကြားသည့် အဖြစ်အပျက်သည် မြတ်ဗုဒ္ဓလက်ထက်တော်အခါက လူပြည်နှင့်နတ်နန်း ရွှေလမ်းငွေလမ်းပေါက်သော ခေတ်ဖြစ်ရကား ဗုဒ္ဓဝင်နှင့် ကမ္ဘာ့ရာဇဝင်တို့တွင် မှတ်တမ်းတင်ရန်ပင် မလိုအောင် အောက်မေ့၍မပြီး ချီးကျူးသံ

မစဲနိုင်သော ကမ္ဘာ့အံ့ဖွယ်ကြီးတစ်ရပ်ဖြစ်ခဲ့သောကြောင့် ဖြစ်ပေသည်။ အဘိဓမ္မာဒေသနာတော်သည် စကြဝဠာအနန္တ၌ရှိသော သတ္တဝါအနန္တ၏ ရုပ်နာမ်ဓမ္မ သဘာဝအားလုံး မြင့်မိအောင် ဖော်ပြထားသည်ကို ညွှန်ပြနိုင်စွမ်းရှိသော ဉာဏ်တော်သည် မြတ်ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်သာလျှင်ဖြစ်သောကြောင့်ပင် ဖြစ်သည်။

အဘိဓမ္မပိဋကတွင် ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်, ပဋ္ဌာန်းကျမ်းအားဖြင့် (၇)ကျမ်း ပါဝင်သော်လည်း အရကောက်ကျမ်းများမှာ မာတိကာ အရကောက်, ဓာတုကထာအရကောက်, ယမိုက်အရကောက်, ပဋ္ဌာန်းအရကောက်လေးကျမ်းသာ ရှိပါသည်။

**အရကောက်၏အဓိပ္ပာယ်**

အရကောက်ဆိုသည်မှာ အဘိဓမ္မာပါဠိတော်များ၏ သဘော, သရုပ်, အဓိပ္ပါယ်များကို လက်ဖြင့်ကောက်ယူ၍ ပြသကဲ့သို့ မိမိရရ ကွက်ကွက်ကွင်းကွင်း ရှင်းလင်းပြတ်သားစွာ သဘော ပေါက်နားလည်စေရန် မြန်မာပြန်ဘာသာဖြင့် စီစဉ်ရေးသားသော ကျမ်းကို ဆိုလိုပါသည်။ ထိုကျမ်းတို့ ကို မှီငြမ်း၍ ဆရာနှင့်တပည့် နှစ်ဦးလုံးသည် အဘိဓမ္မာအရကောက်ကျမ်းများကို စာအုပ်မကိုင်ဘဲ ညအချိန်တွင် သဘောပေါက်အောင် ဆွေးနွေးပြောပြခြင်းဖြင့် သင်ကြား ပို့ချခဲ့ကြသည်။ ယင်းသို့ သင်ကြားပို့ချခြင်းကိုလည်း ''ညဝါ''ဟု ခေါ်တွင်ခဲ့ကြသည်။ ထိုနည်းဖြင့် စာသင်သားတို့အား အဘိဓမ္မာ ဉာဏ်ရင့်သန်ခိုင်မာစေလျက် ဗုဒ္ဓတရားတော်၏ အနက်အဓိပ္ပါယ်တို့ကို ဘိကျနက်နဲစွာ သိမြင်နားလည်ရန် အထောက်အကူပြုခဲ့လေသည်။

ထိုအရကောက်ကျမ်းများကား ပါဠိတော်ရှိ သဘောအားလုံး အရေးကြီးသည်များကို ခြုံငုံ မိအောင် မြန်မာစကားပြေဖြင့် ညဝါဆိုစာအဖြစ် မကျဉ်းမကျယ် စီစဉ်ထားခြင်းဖြစ်၏။ ယင်းသို့ ကျယ်ဝန်းသော အဘိဓမ္မာပါဠိတော်ကြီးများကို အချိန်တိုတိုဖြင့် လိုရင်းအချုပ်သိသာအေ ˆ မြန်မာ အဘိဓမ္မာ ခေါ် အရကောက်ကျမ်းများကို စီစဉ်နိုင်ခဲ့ခြင်းကြောင်းလည်း မြတ်ဗုဒ္ဓ၏ အ ့ ာကို လေ့လာရာ၌ မြန်မာပြည်ကြီးသည် တစ်ခြားနိုင်ငံများနှင့်မတူ တစ်မူထူးခြား ထင်ရှာ ၂င်းဖြစ် လေသည်။

အရကောက်ကျမ်းများမှာ မြန်မာသက္ကရာဇ် (၉၀၀) ကျော် (ရတနာပူရ အင်းဝနေပြည်တော် သာလွန်မင်းတရားကြီးလက်ထက်တော်အခါ) အရှင်မုနိန္ဒဃောသ(ကောင်ဖီလာ)ဆရာတော်ဘုရားကြီး များ ခေတ်ကမှ စတင်တီထွင်ခဲ့ခြင်းဖြစ်ကြောင်း သမိုင်းက ပြဆိုလေသည်။ ထို့နောက် တစ်ခေတ်ပြီး တစ်ခေတ် အရကောက်များ ထွက်ပေါ်လာခဲ့လေသည်။ ၄င်းတို့မှာ-

၁။ တောင်ဖီလာမှု
၂။ နန်းကျောင်းမှု
၃။ တောင်ဘီလူးမှု

၄။ ထန်းတပင်မှူ

၅။ ဗားကရာမှူ

၆။ ညောင်ကန်မှူ

၇။ သဲအင်းမှူ- စသည်ဖြင့် ဆရာအဆူဆူတို့၏ မှူအမျိုးမျိုးဝဲ့ ထွက်ပေါ်ခဲ့ကြသည်။ ထိုတွင် မာတိကာအရကောက်မှာ ဗားကရာမှူ၊ ဓာတုကထာအရကောက်မှာ သဲအင်းမှူ၊ ယမိုက်နှင့် ပဋ္ဌာန်း အရကောက်မှာ ထန်းတပင်မှူတို့ကိုသာ ယခုအခါ၌ အသုံးပြုလျက်ရှိကြပေသည်။

ဤမာတိကာအရကောက်ကား ဗားကရာမှူဟုဆိုရသော်လည်း စင်စစ် ပဌမဗားကရာ ဆရာတော် ရေးသားသည်ကား မဟုတ်ပေ။ ဆရာတော်၏တပည့် ကမ်းနီ(ကနီ)မြို့ကျေး ပရိုးတံ့ရွာဓာတိ[၁] (ထိုစဉ်က လေးဝါမျှသာ ရှိသေးသော)အရှင်ဝရတေဇော (၁၁၄၉-ခုနှစ်) ရေးသားသောအရကောက်သာ ဖြစ်ပေသည်။ ဓာတုကထာအရကောက်လည်း သဲအင်းမှူဆိုရစေကာမူ မူလသဲအင်း သာသနာပိုင် ရေးသောကျမ်းစာ မဟုတ်။ သဲအင်းသာသနာပိုင်ဆရာတော်၏ တပည့် အရှင်ဇမ္ဗုဒီပဓဇ (၁၂၀၅-ခုနှစ်)ရေးသော ကျမ်းစာဖြစ်သည်။ ထိုဂဏ္ဌိနှစ်ကျမ်းကိုမူ ပဌမမောင်းထောင်သာသနာပိုင်ဆရာတော် ရေးသောမူနှင့် ခင်ကြီးပျော်ရေးသောမူအားဖြင့် နှစ်မူရှိကြောင်း ပိဋကသမိုင်းနှင့် အဋ္ဌသာလိနီဂဏ္ဌိတို့အရ သိရှိရပေသည်။

## မာတိကာအရကောက်နှင့်ဓာတုကထာအရကောက်အကြောင်း

မာတိကာဟူသည် အဘိဓမ္မာခုနစ်ကျမ်းတွင် အစဆုံးသော ဓမ္မသင်္ဂဏီကျမ်း၏ အကျဉ်းချုပ် ဥပဒေသမျှသာ ဖြစ်၏။ ယင်းမာတိကာကို ပဒဘာဇနီအဖွင့်နှင့် အဋ္ဌသာလိနီအဋ္ဌကထာ ရှင်းလင်းချက်များကို မှုတည်၍ အနက်ပြန်ကာ အရကောက်လာကြသည်မှာ နှစ်ပေါင်း (၃၀၀)ထက် မနည်းပေ။ မြန်မာသက္ကရာဇ် (၁၀၀၀)ဝန်းကျင် အင်းဝခေတ်မှစ၍ မာတိကာ အရကောက်ကျမ်းနှင့် ဓာတုကထာ အရကောက်များ ပေါ်လာခဲ့ကြ၏။

မာတိကာအရကောက်ကျမ်းကို ရေးသားသည့်ဆရာတော်များမှာ-

အရှင်မုနိန္ဒဃောသ၊ တောင်ဘီလာဆရာတော်၊ (၉၄၀-၁၀၁၃)

အရှင်အဂ္ဂဓမ္မ၊ နန်းကျောင်းဆရာတော်၊ (၉၈၅-ခန့်)

အရှင်အနန္တဓဇ၊ တောင်ဘီလူးဆရာတော်၊ (၁၀၃၄-ခန့်)

အရှင်ဓမ္မာဘိနန္ဒ၊ ပထမဗားကရာဆရာတော်၊ (၁၁၄၄-ခန့်)

အရှင်နန္ဒမေဓာ၊ ထန်းတပင်ဆရာတော်၊ (၁၁၃၈-ခန့်) တို့ဖြစ်သည်။

ဓာတုကထာအရကောက်ကျမ်းကို ရေးသားသည့်ဆရာတော်များမှာ-

အရှင်မုနိန္ဒဃောသ၊ တောင်ဘီလာဆရာတော်၊ (၉၄၀-၁၀၁၃)

အရှင်အဂ္ဂဓမ္မ၊ နန်းကျောင်းဆရာတော်၊ (၉၈၅-ခန့်)

---

၁။ ထိုထိုမူတို့၌ ပြားရိုးသုံးဟု ရှိသော်လည်း ဗားကရာဆရာတော်မေးတန်းခေါ် ရုံတင်စာတမ်း၌ ပရိုးတံ့ဟု ရှိသည်။

အရှင်အနန္တဓဇ၊ တောင်ဘီလူးဆရာတော်၊ (၁၀၃၄-ခန့်)
အရှင်နန္ဒမေဓာ၊ ထန်းတပင်ဆရာတော်၊ (၁၁၃၈-ခန့်)
အရှင်ဇမ္ဗုဒီပဓဇ၊ (၁၂၀၀)
အရှင်ဇာဂရ၊ မိုးထိဆရာတော်-တို့ဖြစ်သည်။

## ယမိုက်, ပဋ္ဌာန်းအရကောက်

ယခုခေတ် စာသင်သားကိုင် ယမိုက်, ပဋ္ဌာန်းအရကောက်ကား ထန်းတပင်သာသနာပိုင်ဆရာတော် အရှင်နန္ဒမေဓာ စီရင်တော်မူသော ယမိုက်, ပဋ္ဌာန်း အရကောက်နှင့် ဂဏ္ဌိ, အနုဂဏ္ဌိအမျိုးမျိုးတို့ကို ရန်ကုန်မြို့၊ ပြည်လမ်း၊ မူလပဋ္ဌာန်းဆရာတော် ဦးနာရဒပြင်ဆင်တော်မူ၍ အဘိဓဇမဟာရဋ္ဌဂုရု ကျေးဇူးရှင်မစိုးရိမ်ဆရာတော်ကြီးက ထပ်မံသုတ်သင် တည်းဖြတ် အဆုံးသတ်တော်မူသော "မူ" ဖြစ်သည်။

## တောင်ဘီလာဆရာတော်၏ အဘိဓမ္မာအရကောက်ကျမ်းများ

မြန်မာနိုင်ငံ သာသနာ့သမိုင်း၌ ဆရာအစဉ်အဆက် ပြောဆိုမှတ်သားခဲ့သော ကျမ်းတတ်ပုဂ္ဂိုလ်အကျော်လေးပါးရှိ၏။ ထိုပုဂ္ဂိုလ်အကျော်တို့မှာ-

၁။ သဒ္ဒနီတိဆရာတော် ရှင်အဂ္ဂဝံသ
၂။ မဏိမဉ္ဇူဆရာတော် ရှင်အရိယဝံသ
၃။ ဆရာတော်ဝရာဘိသံဃနာထ
၄။ တောင်ဘီလာဆရာတော် ရှင်မုနိန္ဒဃောသ တို့ဖြစ်ကြသည်။

တောင်ဘီလာဆရာတော် မုနိန္ဒဃောသသည်-
၁။ မာတိကာအရကောက်ကျမ်း၊
၂။ ဓာတုကထာအရကောက်ကျမ်း၊
၃။ ယမိုက်အရကောက်ကျမ်း၊
၄။ ပဋ္ဌာန်းအရကောက်ကျမ်း ဟူ၍ အဘိဓမ္မာအရကောက်ကျမ်းလေးစောင်ကို ရေးသားပြုစုခဲ့သည်။ ထို့ကြောင့် အခြားသော ထေရဝါဒနိုင်ငံများ၌ မရှိသော ဤအဘိဓမ္မာ အရကောက်နည်းများကို အစအဆုံး တီထွင်ပြုစုခဲ့သည့် တောင်ဘီလာဆရာတော်ကို အဘိဓမ္မာစာပေ၏ ရှေ့ဆောင်ပုဂ္ဂိုလ်ကြီးတစ်ပါးအဖြစ်ဖြင့် အထူးမှတ်တမ်းတင်ထိုက်ပေသည်။

ယမိုက်အရကောက်ကျမ်းကို ရေးသားသောဆရာတော်များမှာ-
အရှင်မုနိန္ဒဃောသ၊
အရှင်အဂ္ဂဓမ္မ၊
အရှင်အနန္တဓဇ၊
အရှင်နန္ဒမေဓာ၊
အရှင်ဇမ္ဗုဒီပဓဇ၊
အရှင်ဇာဂရ၊
အရှင်အရိန္ဒမ-တို့ဖြစ်သည်။

ပဋ္ဌာန်းအရကောက်ကျမ်းကို ရေးသားသောဆရာတော်များမှာ-
အရှင်မုနိန္ဒဃောသ၊
အရှင်အဂ္ဂဓမ္မ၊
အရှင်အနန္တဓဇ၊
အရှင်ဉာဏ၊ (တောင်တွင်းဆရာတော်)၊
အရှင်နန္ဒမေဓာ၊
ဦးဒီပ၊
အရှင်ဇမ္ဗုဒီပဓဇ၊
အရှင်ဇာဂရ-တို့ဖြစ်သည်။

**အကျိုးကျေးဇူး**

အင်းဝခေတ်တွင် ပေါ်ထွက်ခဲ့သော အဘိဓမ္မာအရကောက်ကျမ်းများ၏ အကျိုးကျေးဇူးကား အဘိဓမ္မာဒေသနာတော်ကြီး၏ ထွန်းကားဖို့ရန် လွန်စွာအထောက်အကူပြုခဲ့သည်။ ထိုသို့ အရကောက်ကျမ်းများ၏ အကျိုးကျေးဇူးများပုံကို အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော် ဘုရားကြီးက အောက်ပါအတိုင်း မိန့်ဆိုတော်မူခဲ့လေသည်။

''ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၌ အရကောက်ကျမ်းများ ထင်ထင်ရှားရှားရှိနေ သောကြောင့်သာလျှင် အဘိဓမ္မာသာသနာတော်ကြီးမှာ မတိမ်မမြုပ် မကွယ်မပျောက်ဘဲ ယနေ့တိုင်အောင်ပင် တိုးပွားတည်တံ့နေလေပြီ။ မာတိကာအရကောက်ကျမ်း၊ ဓာတုကထာ အရကောက်ကျမ်း၊ ယမိုက်အရကောက်ကျမ်း၊ ပဋ္ဌာန်းအရကောက်ကျမ်းများ မရှိကြသော အခြားထေရဝါဒ သီဟိုဠ်၊ ယိုးဒယားနိုင်ငံများ၌ အဘိဓမ္မာသာသနာတော်ကြီးသည် တည်တံ့သင့်သလောက် မတည်တံ့နိုင်၊ ထွန်းကားသင့်သလောက် မထွန်းကားနိုင်ရှိနေကြရသည်။ ဤအချက်မှာ စင်စစ်အားဖြင့် အဘိဓမ္မာသာသနာတော်ကြီးအတွက် ဝမ်းနည်းစရာအချက်ပင် ဖြစ်သည်။ အထူးအားဖြင့် အဘိဓမ္မာကို ကြိုးစား၍

သင်ယူပို့ချကြရန် တိုက်တွန်းလိုပါသည်။ ပရိယတ္တိသာသနာ ကွယ်ပျောက်ရာ၌ ရှေးဦးစွာ အဘိဓမ္မာ သာသနာတော်ကြီး ကွယ်ပျောက်မည် ဖြစ်သည်။ ထို့ကြောင့် အဘိဓမ္မာကို လေ့လာကြသည့် ကလျာဏ ပုထုဇဉ် သူတော်ကောင်းတို့သည်လည်း မိမိတို့ဉာဏ်အား ရှိသမျှ ကြိုးစားကြပြီးလျှင် အများသူငါ နားလည်နိုင်လောက်သည့် အဘိဓမ္မာအရကောက်ကျမ်းများကို ရေးသားဖြန့်ဖြူးကြပါက အဘိဓမ္မာ သာသနာတော်ကြီးသည် ကြာရှည်စွာ တည်တံ့နိုင်ပေမည်။ အဘိဓမ္မာသာသနာ တည်တံ့ပါလျှင်လည်း ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ သာသနာတည်တံ့သည်ပင် ဖြစ်တော့သည်'' ဟု ကျေးဇူးရှင် ဆရာတော်ကြီးက မကြာခဏ တပည့်များအား မိန့်ကြားသတိပေးနှိုးဆော်ခဲ့ပါသည်။

ဤသို့အားဖြင့် မြန်မာနိုင်ငံနှင့်အဘိဓမ္မာအရကောက်ကျမ်းများ၏ အခန်းကဏ္ဍကို သိရှိရပြီး အရကောက်ကျမ်းများကို ရေးသားတော်မူကြသည့် အင်းဝခေတ် အဘိဓမ္မာအရကောက်ကျမ်းပြု ဆရာတော်ကြီးများမှာ သာသနာတော်၌ လွန်စွာကျေးဇူးများသော ပုဂ္ဂိုလ်ကြီးများအဖြစ် မှတ်တမ်းတင် ထိုက်ပါပေတော့သည်။

အရှင်ဇဋိလ(မဒဘိ-၁)
အရှင်ပညာနန္ဒ(မဒဘိ-၄)
အရှင်ဝရသာမိ(မဒဘိ-၅)

# မြန်မာနိုင်ငံ၌ အဘိဓမ္မာသင်ယူလေ့လာမှု

**အရှင်ဝိစိတ္တာနန္ဒ**

ယနေ့ခေတ် ထေရဝါဒအဘိဓမ္မာ လေ့လာလိုက်စားသူများမှာ မြန်မာနိုင်ငံနှင့် တစ်နည်းတစ်ဖုံအားဖြင့် ဆက်စပ်နေသူများသာ ဖြစ်ကြသည်။ ပြည်ပနိုင်ငံများ၌ အဘိဓမ္မာသင်ကြားပို့ချသူများမှာ မြန်မာနိုင်ငံသားများ (သို့) မြန်မာနိုင်ငံ၌ ပရိယတ္တိစာပေသင်ကြားခဲ့သူများသာ ဖြစ်ကြသည်။ ထို့ကြောင့် ထေရဝါဒ ငါးနိုင်ငံရှိသည့်အနက် မြန်မာနိုင်ငံသည် အဘိဓမ္မာထွန်းကားရာ တစ်ခုတည်းသောနိုင်ငံ တစ်နိုင်ငံအဖြစ် တည်ရှိနေပေသည်။ အဘိဓမ္မာဒေသနာတော်မြတ် တိုးတက်ထွန်းကားရန်အတွက် သာသနာ့ဝန်ထမ်းများသာမက လူဝတ်ကြောင်များပါ ခေတ်အဆက်ဆက် မိမိတို့ ကျရာအခန်းကဏ္ဍက ကြိုးပမ်းအားထုတ်ခဲ့ကြသည်။

## အဘိဓမ္မပိဋက နောက်ခံသမိုင်း

ဘုရားရှင်သည် ၇-ဝါမြောက်ဝါကို တာဝတိံသာ၌ ကပ်ဆိုတော်မူသည်။ မယ်တော်မိနတ်သား အမှူးပြုသော နတ်ဗြဟ္မာအပေါင်းတို့အား အဘိဓမ္မာတရားတော်ကို မရပ်မနား ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူပါသည်။ နေ့စဉ်ဆွမ်းခံချိန်ရောက်လျှင် နိမ္မိတရုပ်ပွားတစ်ဆူကို မိမိ၏ကိုယ်စား တရားဆက်လက်ဟောကြားရန် အဓိဋ္ဌာန်ပြုတော်မူပြီးနောက် မြောက်ကျွန်းသို့ ဆွမ်းခံကြွတော်မူသည်။ ထို့နောင် အနောတတ်အိုင်၏ ဆိပ်ကမ်း၌ ဆွမ်းဘုဉ်းပေးတော်မူပြီး စန္ဒကူးတော၌ နေ့သန့်စင်တော်မူပါသည်။ ထိုအခါ အရှင်သာရိပုတ္တရာသည် ဘုရားရှင်ထံကြွရောက်ပြီး ဝတ်ကြီးဝတ်ငယ်ပြုတော်မူ၏။ မြတ်စွာဘုရားက ''ချစ်သား သာရိပုတ္တရာ- ဤမျှသောတရားကို ငါဟောကြားခဲ့ပြီ'' ဟု အဘိဓမ္မာတရားကို နည်းရရုံ အကျဉ်းချုပ် ညွှန်ကြားတော်မူသည်။

အရှင်သာရိပုတ္တရာသည် ဘုရားရှင်ထံမှ နည်းရတော်မူလျှင် နည်းပေါင်းအရာအထောင်တို့ဖြင့် ဖြန့်ချိ၍ ဘုရားရှင်ဟောတော်မူအပ်သော အဘိဓမ္မာဒေသနာအကျယ်ကို သိမြင်တော်မူ၏။ အဘိဓမ္မာဒေသနာတော်ကို မကျဉ်းမကျယ်အလယ်အလတ်ဖြစ်သောနည်းဖြင့် မိမိ၏ တပည့်ငါးရာတို့အား တစ်ဖန်ဟောကြားတော်မူသည်။ ဤသို့ဖြင့် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာဒေသနာတော်ကို မြတ်စွာဘုရားဟောကြား၍ ပြီးဆုံးခြင်းသို့ ရောက်သောအခါ လူ့ပြည်၌လည်း အဘိဓမ္မာတရားတော်ကို အရှင်သာရိပုတ္တရာဟောကြား၍ ပြီးဆုံးခြင်းသို့ ရောက်ရှိပါသည်။

ဘုရားရှင်ပရိနိဗ္ဗာန်စံလွန်တော်မူပြီး သုံးလနှင့်လေးရက်မြောက်၌ အဇာတသတ်မင်းကို အမှီပြု၍ ရဟန္တာငါးရာတို့သည် မြတ်စွာဘုရား၏တရားတော်များကို သင်္ဂါယနာတင်ခဲ့ကြသည်။ ဤသင်္ဂါယနာ၌ ဓမ္မနှင့်ဝိနယဟူ၍ နှစ်ပိုင်းခွဲရာ ဓမ္မ၌ အဘိဓမ္မပိဋက ပါဝင်ပေသည်။

သာသနာနှစ်(၁၀၀)သို့ရောက်သောအခါ ဝဇ္ဇီတိုင်း ကာလာသောကမင်းကို အမှီပြု၍ အရှင်မဟာယသထေရ် အမှူးပြုသော ရဟန္တာ(၇၀၀)တို့ ထပ်မံ၍ သင်္ဂါယနာတင်ခဲ့ကြသည်။ ဤသင်္ဂါယနာမှာ ဝိနည်းဥပဒေသနှင့်ပတ်သက်၍ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ပထမအကြိမ် သင်္ဂါယနာတင်ထားသည့်မူအတိုင်းလက်ခံထား၍ အဘိဓမ္မာပိဋကနှင့် ပတ်သက်၍ ထူးခြားမှု မရှိပေ။

သာသနာနှစ် ၂၃၅-ခုနှစ်တွင်သီရိဓမ္မာသောကမင်းကြီးကို အမှီပြု၍ အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ် အမှူးပြုသော ရဟန္တာ တစ်ထောင်တို့ တတိယသင်္ဂါယနာတင်ခဲ့ကြသည်။ ဤပွဲ၌ အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်သည် ဘုရားရှင်အကျဉ်းအားဖြင့်ထားခဲ့သော မာတိကာ ခေါင်းစဉ်ကို အကျယ်ဖွင့်ဆိုလျက် ကထာဝတ္ထုကျမ်းကို ဟောကြားတော်မူခဲ့သည်။

တတိယသင်္ဂါယနာတင်ပြီးနောက် သာသနာနှစ် ၂၃၆-ခုနှစ်တွင် အရှင်မဟိန္ဒသည် သီဟိုဠ်ကျွန်းသို့ သာသနာပြုကြွတော်မူသည်။ ထိုအချိန်မှစတင်၍ သီဟိုဠ်ကျွန်း၌ အဘိဓမ္မာနှင့်တကွ ပိဋကတ်သုံးပုံကို သင်ကြားအားထုတ်ကြသည်။ သင်ကြားပို့ချပုံစနစ်မှာ အာဂုံဆောင် စနစ်သာ ဖြစ်သည်။

သာသနာနှစ် ၄၅၀-နှစ်၌ အရှင်မဟာဓမ္မရက္ခိတအမှူးပြုသော ရဟန္တာငါးရာတို့သည် သီဟိုဠ်ကျွန်း မာတုလဇနပုဒ် အာလောကလိုဏ်ဂူ၌ ပိဋကတ်စာများကို ပေထက်အက္ခရာ တင်တော်မူကြသည်။ အခြားပိဋကတ်များနည်းတူ အဘိဓမ္မာ ၇-ကျမ်းသည်လည်း ပေထက်အက္ခရာအဖြစ်သို့ ရောက်ရှိခဲ့သည်။

သာသနာနှစ် ငါးရာကျော်လောက်မှစ၍ သီဟိုဠ်ကျွန်း၌ အဘိဓမ္မာလေ့လာလိုက်စားမှု တိုးတက်လာပြီး အဘိဓမ္မာကျမ်းပြုပုဂ္ဂိုလ်ကျော်များ တစ်ပါးပြီးတစ်ပါး ပေါ်ထွန်းလာခဲ့သည်။

၁။ အဘိဓမ္မာအဋ္ဌကထာများကျမ်းပြု အရှင်မဟာဗုဒ္ဓဃောသ၊
၂။ အဘိဓမ္မာလက်သန်းအဋ္ဌကထာ အရှင်ဗုဒ္ဓဒတ္တ၊
၃။ အဘိဓမ္မ မူလဋီကာကျမ်းပြု အရှင်အာနန္ဒာ ၊
၄။ အဘိဓမ္မ အနုဋီကာ အရှင်ဓမ္မပါလ၊
၅။ အရှင်အနုရုဒ္ဓါ အဘိဓမ္မတ္ထသင်္ဂဟကျမ်းပြု၊
၆။ အဘိဓမ္မတ္ထဝိဘာဝနီခေါ် ဋီကာကျော်ကျမ်းပြု အရှင်သုမင်္ဂလသာမိ

စသောကျမ်းပြုဆရာများသည် ထင်ရှားလှသည်။

**အဘိဓမ္မပိဋက မြန်မာပြည်သို့ရောက်ရှိပုံ**

၁၉၂၆-ခုနှစ် မှော်ဇာမောင်ခင်ဘ၏ ဘုရားပျက်တောင်ကုန်းမှ ရွှေပေချပ်အချပ်(၂၀)တို့တွင် အဘိဓမ္မာဒေသနာအချို့ တွေ့ရှိထားချက်အရ အဘိဓမ္မပိဋကသည် ပုဂံခေတ်မတိုင်မီကပင် ရောက်ရှိမည်ဟု ခန့်မှန်းရသော်လည်း ထေရဝါဒမှတ်တမ်းများအရ တတိယသင်္ဂါယနာတင်ပွဲအပြီး အရှင်

သောဏနှင့် အရှင်ဥတ္တရတို့ သုဝဏ္ဏဘူမိသာသနာပြုကြွချီတော်မူလာသည်မှ အစပြု၍ မြန်မာပြည်သို့ စတင်ရောက်ရှိလာသည် ဟု ယူဆကြရမည်ဖြစ်သည်။ ထိုမှတစ်ဆင့် သာသနာနှစ် ၁၆၀၁-ခုနှစ် တွင် အနော်ရထာမင်းသည် ပိဋကတ်တော်များကို သထုံပြည်မှ ပင့်ဆောင်စေခဲ့သည်။ ပုဂံရှိ ရဟန်းရှင်လူတို့သည် အဘိဓမ္မပိဋကအပါဝင် ပိဋကတ်စာပေများကို လေ့လာသင်ကြားခဲ့ကြသည်။

## ပုဂံခေတ် အဘိဓမ္မာလေ့လာမှု

နရပတိစည်သူမင်းလက်ထက် ကောဇာသက္ကရာဇ် ၅၄၃-ခုနှစ်တွင် အရှင်ဆပဒမထေရ်သည် သီဟိုဠ်မှ စာသင်အပြီး ပုဂံပြည်သို့ကြွလာရာ အရှင်သီဝလိ၊ အရှင်တာမလိန္ဒ၊ အရှင်အာနန္ဒာ၊ အရှင်ရာဟုလာ အမည်ရသော သီဟိုဠ်ရဟန်းတော်(၄)ပါးပါလိုက်ပါလာကြသည်။ ထိုရဟန်းတော် များနှင့်အတူ အဘိဓမ္မာဆိုင်ရာ သီဟိုဠ်ဖြစ် ပါဠိဘာသာကျမ်းများလည်း ရောက်ရှိလာမည်ဖြစ်သည်။

သက္ကရာဇ် ၅၉၆-ခုနှစ်တွင် နန်းတက်သော ကျစွာမင်းသည် တိုင်းရေးပြည်ရေးကို ဂရုမစိုက်ဘဲ သားတော်အိမ်ရှေ့မင်းသားနှင့်သာ လွှဲထားပြီးလျှင် ရဟန်းသံဃာတော်တို့အား တစ်နေ့လျှင် စာဝါ ၇-ဝါပို့ချသည်။ နန်းတွင်းမောင်းမတို့အားလည်း စာပို့ချသည်။ နန်းတွင်းသူ၊ နန်းတွင်းသားများ သင်ကြားလေ့လာရာတွင် အထောက်အကူရစေရန် ပရမတ္ထဗိန္ဒုကျမ်းကို ရေးသားခဲ့ သည်။ ပရမတ္ထဗိန္ဒုကျမ်းသည် မြန်မာပြည်၏ အဦးအဆုံးသော အဘိဓမ္မာဆိုင်ရာ ကျမ်းတစ်စောင် ဖြစ်သည်။

ပုဂံခေတ်သည် ပါဠိပိဋကစာပေ ရောက်ခါစဖြစ်၍ ထိုစာပေ၏အခြေခံဖြစ်သော သဒ္ဒါကျမ်းများ ကို အထူးအားစိုက်ထားသည်။ သဒ္ဒနီတိစသည့် ထင်ရှားကျော်ကြားသော သဒ္ဒါကျမ်းများ ပေါ်ထွန်း ခဲ့သည်။ သို့သော် ပုဂံခေတ်တွင် အဘိဓမ္မာဆိုင်ရာကျမ်းဂန်တို့ကို များစွာရေးသားပြုစုခဲ့ခြင်း မရှိသော်လည်း အဘိဓမ္မာစာပေကိုမူ ထက်သန်တက်ကြွသော လုံ့လဝီရိယဖြင့် သင်ကြားအားထုတ် နေပြီဖြစ်ကြောင်းကို အောက်ဖော်ပြပါ ဖြစ်ရပ်က သက်သေခံလျက်ရှိသည်။

အမျိုးသမီးများ အချင်းချင်း တွေ့ဆုံရာ၌ ''ဘယ်မျှလောက်သော ကျမ်းဂန်ကိုအားထုတ်၍ ဘယ်မျှလောက်သော ကျမ်းဂန်ကို နှုတ်တွင် ဆောင်ထားနိုင်ပါသနည်း'' စသည်ဖြင့် တစ်ယောက်နှင့် တစ်ယောက် ဆွေးနွေးမေးမြန်းကြကုန်၏။

တစ်ရံရောအခါ တစ်ယောက်သောအမျိုးသမီးကို မေးမြန်းရာတွင် နို့စို့ကလေးငယ်ရှိသော အမျိုးသမီးက ပြန်၍ဖြေကြားသည်မှာ--

''ငါ့မှာ ကလေးနို့စို့၍ ကလေးနှောက်ယှက်သဖြင့် များစွာနှုတ်ဝယ်မဆောင်နိုင်ပါ။ ပဋ္ဌာန်းကျမ်း၌လာရှိသော ကုသလတိက်မျှ ပမာဏရှိသော ကျမ်းဂန်ကိုသာ နှုတ်တွင် ရအောင် ဆောင်နိုင်ပါသည်'' ဟုပြောကြား၏။ (သာသနဗဟုသုတပွကာသနီ -၆၆)

**ပင်းယခေတ် နှင့် အဘိဓမ္မာလေ့လာမှု**

ပင်းယခေတ်တွင် အဘိဓမ္မာလေ့လာမှုအခြေအနေမှာ အထူးတိုးတက်လာသည်။ သက္ကရာဇ် ၇၁၂-၇၂၁ -ခုနှစ်တွင် နန်းစံသောဆင်ဖြူလေးစီးရှင်သီဟသူမင်းလက်ထက် မြစ်ငယ်တောင်ဘက် ပလိပ်အရှေ့မြို့သစ်မြို့နေ အရှင်ဉာဏကိတ္တိသည် အဋ္ဌသာလိနီယောဇနာပါဠ်နှင့် သမ္မောဟဝိနောဒနီ ယောဇနာပါဠ်တို့ကို ရေးသားစီရင်ခဲ့သည်။ ၄င်းဆရာတော်နှင့်ခေတ်ပြိုင် သာသနာ့သမိုင်းတွင် ထင်ရှားသည့် စတုရင်္ဂဗလအမတ်ကြီး၏ ဆူးတွင်းပစ်ဆရာတော်အား မေးလျှောက်သည့် အမေးပုစ္ဆာ ရတုတွင်--

**''မရဏာသန်၊ ဓောငါးတန်လျှင်၊ လွှန်၍ခုနစ်၊ အဖြစ်သဘော၊ မဇောလေကောင်း၊ ဇောလေကောင်းတည်း''** ဟူ၍ မရဏာသန္နဇောသည် ငါးကြိမ်ထက်လွန်၍ ခုနစ်ကြိမ်ဇောကောင်း မဇောကောင်း နှင့် **''ဘုရားမြတ်စွမ်၊ နိဗ္ဗာန်ယူနီး၊ မြေကြီးမိုးပြင်၊ ကောင်းကင်နှံ့သီ၊ စုတိတော်စိတ်၊ အတိတ်နှင်နှင်၊ သုံးပါးတွင်၌၊ ဘယ်လျှင်အာရုံ၊ ပြုတုံဘိနည်း''** ဟူ၍ မြတ်စွာဘုရား၏ စုတိစိတ်တော်သည် မည်သည့်အာရုံကို အာရုံပြုကြောင်း··ဟူသော အဘိဓမ္မာပုစ္ဆာ ပြဿနာများ ပါဝင်လာရာ ပင်းယခေတ် အဘိဓမ္မာလေ့လာမှုအခြေအနေကို အကဲဖြတ်နိုင်မည် ဖြစ်သည်။

**အင်းဝခေတ်၌ အဘိဓမ္မာလေ့လာမှု**

အင်းဝခေတ်သည် ပုဂံခေတ်၌ တစ်ဟုန်ထိုးတိုးတက်လာသော ပါဠိသဒ္ဒါအပြင် မြန်မာစာပေသည်လည်း ပို့လင်္ကာ၊ ရတု၊ ချောင်းစသည်များဖြင့် ဝေဝေဆာဆာဖြစ်လာခဲ့သည်။ မြန်မာစာဆိုရှင်များ အများအပြား ပေါ်ထွန်းရာခေတ်လည်းဖြစ်သည်။ ထိုခေတ် သင်ရိုးပြုသည့်ကျမ်းများအနက်-

၁။ အဘိဓမ္မပါဠိတော် (၇)ကျမ်း
၂။ အဘိဓမ္မအဋ္ဌကထာ (၇)ကျမ်း
၃။ အဘိဓမ္မမူလဋီကာ
၄။ အဘိဓမ္မအနုဋီကာ
၅။ အဘိဓမ္မတ္ထသင်္ဂဟပါဠ်
၆။ သင်္ခြိုဟ်ဋီကာဟောင်းပါဠ်
၇။ သင်္ခြိုဟ်ဋီကာသစ်ပါဠ်
၈။ နာမရူပပရိစ္ဆေဒဋီကာသစ်ပါဠ်
၉။ ပရမတ္ထဝိနိစ္ဆယဋီကာသစ်ပါဠ်
၁၀။ မောဟဝိစ္ဆေဒနီပါဠ် စသော အဘိဓမ္မာဆိုင်ရာကျမ်းအမည်များ ပါရှိသည်။

ထို့အပြင် ကထာဝတ္ထုနိဿယ၊ အဋ္ဌသာလိနီနိဿယတို့ကိုလည်း ၄င်းစာရင်းတွင် တွေ့ရှိရသဖြင့် ခက်ခဲသော အဘိဓမ္မာကျမ်းအချို့၏ မြန်မာပြန်နိဿယများပင် ထိုခေတ်တွင် ထွန်းကားလာနေပြီဖြစ်ကြောင်း သိရှိရသည်။

သဏ္ဍရာဇ် (၈၀၄-၈၃၀) နန်းစံသည့် ထူပါရုံဒါယကာ နရပတိမင်းကြီးလက်ထက်၌ ကျမ်းတတ်အကျော် ရှင်အရိယဝံသသည်

၁။ အဋ္ဌသာလိနီအဋ္ဌကထာ ၏ အဖွင့် မဏိဒီပဋီကာ နှင့်

၂။ ဋီကာကျော် ၏ အဖွင့် မဏိသာရမဉ္ဇူသာဋီကာပါဠိတို့ကို ရေးသားခဲ့သည်။

ထို့ပြင် ၃။ အနုဋီကာနိဿယကိုလည်း ပြုစုခဲ့ကြောင်း ပိဋကတ်သမိုင်းတွင်ပြဆိုထားသည်။

တစ်ဖန်အနောက်ဘက်လွန်မင်း (၉၆၇-၉၉၀) လက်ထက်တွင် အင်းဝမြို့မှ ရှင်တိလောကဂရုသည်-

၁။ ဓာတုကထာဋီကာဝဏ္ဏနာပါဠိ

၂။ ယမကဝဏ္ဏနာဋီကာပါဠိ

၃။ ပဋ္ဌာနဝဏ္ဏနာဋီကာပါဠိ တို့ကိုပြုစုခဲ့သည်။

ထို့ပြင် သာလွန်မင်း (၉၉၁-၁၀၁၀) လက်ထက်၌ တောင်ဘီလာဆရာတော် ရှင်မုနိန္ဒဃောသသည်-

၁။ မာတိကာအရကောက်ကျမ်း

၂။ ဓာတုကထာအရကောက်ကျမ်း

၃။ ယမိုက်အရကောက်ကျမ်း

၄။ ပဋ္ဌာန်းအရကောက်ကျမ်း တို့ကိုရေးသားစီရင်ခဲ့သည်။ ထို့ပြင်

၁။ အဋ္ဌသာလိနီပဏ္ဏာမဂါထာများ၏ အဖွင့်ဖြစ်သော ဝိသတိဝဏ္ဏနာပါဠိ နှင့်

၂။ သင်္ဂြိုဟ်နိဿယကျမ်း တို့ကိုလည်းရေးသားခဲ့သည်။

အင်းဝခေတ်သည် စာတတ်ပေမွန် အရှင်ကောင်းများ ပေါ်ထွန်းသည့်ခေတ်ဖြစ်ရာ အဘိဓမ္မာပိုင်းဆိုင်ရာ ကျမ်းဂန်များ ရေးသားပြုစုခဲ့သည်။ ပါဠိဘာသာဖြစ် ကျမ်းဂန်များသာမက မြန်မာစကားပြေ ရေသော နိဿယကျမ်းများ၊ မြန်မာစကားပြေသက်သက်ကျမ်းများ၊ အရကောက်ကျမ်းများ များစွာ ပေါ်ထွက်ခဲ့သည်။

နန်းကျောင်းဆရာတော် ရှင်အဂ္ဂဓမ္မာလင်္ကာရ ၊ တောင်ဘီလူးဆရာတော် ရှင်အနန္တဓဇ၊ နေရင်းဆရာတော် ရှင်အရိယာလင်္ကာရ၊ ပဌမကျော်အောင်စံထားဆရာတော် ရှင်ဉာဏဝရ၊ ပုဗ္ဗာရုံဆရာတော် ရှင်သာရဒဿီ၊ ဒက္ခိဏာဝန်ဆရာတော် ရှင်အရိယာလင်္ကာရ စသော ဆရာတော်များသည် ထိုခေတ် အဘိဓမ္မာဆိုင်ရာကျမ်းများကို ရေးသားခဲ့သည့် ဆရာတော်များဖြစ်ကြသည်။

အင်းဝခေတ်၌ နယုန်လကို စာတော်ပြန်ပွဲလ ပဌမပြန်လ ဟုခေါ်ဆိုကြပြီး စာတော်ပြန်ပွဲများ ကျင်းပကြသည်။ သဒ္ဒါ ၈-ကျမ်း၊ သုတ် ၃-ကျမ်း၊ အဘိဓမ္မာသင်္ဂြိုဟ်ကျမ်းများကို ပြန်ဆိုရကြောင်း မှတ်တမ်းအရ (အင်းဝသာသနာဝင်၊ ၂၁၂။) သိရှိရသည်။

ထို့ပြင် အဘိဓမ္မာအရကောက်ကျမ်းများပေါ်ထွန်းလာခြင်းသည် မြန်မာနိုင်ငံ၌ အဘိဓမ္မာ ဒေသနာတော်ကြီး ထွန်းကားဖို့ရန် လွန်စွာ အထောက်အကူပြုသည့်အချက်ပင်ဖြစ်သည်။ ထိုအချက်နှင့်

ပတ်သက်၍ အဘိဓမ္မမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ကြီးက-

"ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၌ အရကောက်ကျမ်းများ ထင်ထင်ရှားရှား ရှိနေသောကြောင့်သာလျှင် အဘိဓမ္မာသာသနာတော်ကြီးမှာ မတိမ်မမြုပ်မကွယ်မပျောက်ဘဲ ယနေ့တိုင်အောင်ပင် တိုးပွားတည်တံ့နေလေပြီ။ မာတိကာအရကောက်ကျမ်း၊ ဓာတုကထာအရကောက်ကျမ်း၊ ယမိုက်အရကောက်ကျမ်း၊ ပဋ္ဌာန်းအရကောက်ကျမ်းများ သီဟိုဠ်၊ ယိုးဒယားနိုင်ငံများ၌ အဘိဓမ္မာ သာသနာတော်ကြီးသည် တည်တံ့သင့်သလောက် မတည်တံ့နိုင် ထွန်းတောက်သင့်သလောက် မထွန်းတောက်နိုင်ဘဲရှိနေကြရသည်" ဟု မှတ်ချက်ပြုတော်မူခဲ့သည်။

## ကုန်းဘောင်ခေတ် အဘိဓမ္မာလေ့လာမှု

အင်းဝခေတ် တောင်ဘီလာပုဂ္ဂိုလ်အကျော် ရှင်မုနိန္ဒဃောသ စသည့်ရှေးဆရာတော်ကြီးများ တီထွင်ခဲ့သော အရကောက်နည်းကို မှီငြမ်းပြု၍ အဘိဓမ္မာညဝါ သင်ကြားပို့ချမှုသည် ကုန်းဘောင်ခေတ်တွင် ထင်ရှားသိသာစွာ တွင်ကျယ်ခေတ်စားလာခဲ့သည်။ ထန်းတပင်ဆရာတော် ရှင်နန္ဒမေဓာ၊ ပဌမဖားကရာဆရာတော် ရှင်ဓမ္မာဘိနန္ဒ စသည့် ထိုခေတ်ပညာရှင်တို့ကလည်း ရှေးကထက်ပို၍ ကောင်းမွန်ပြည့်စုံအောင် မွမ်းမံသုတ်သင်လျက် အရကောက်ကျမ်းသစ်များကို စီရင်ရေးသားကြသည်။

ဖားကရာဆရာတော်သည် ယနေ့စာသင်သားများ လက်ကိုင်အားထားနေသည့် အဘိဓမ္မသင်္ဂဟအဋ္ဌကထာနိသျ (ဖားကရာမူ) ကိုပြုစုခဲ့သည်။ ထို့ပြင် အဘိဓမ္မာကျမ်းများအပါအဝင် ကျမ်းပေါင်း (၃၀) ကျော်ပြုခဲ့ကြောင်း မှတ်တမ်းများအရသိရသည်။

ထို့အပြင် ယနေ့ခေတ် ပဌမပြန်စာမေးပွဲ၌ ပြဋ္ဌာန်းထားသည့် တိကမာတိကာအရကောက်၊ ဒုကမာတိကာအရကောက်၊ သုတ္တန္တိကမာတိကာအရကောက်တို့မှာ ဖားကရားဆရာတော် ပို့ချသည့်အတိုင်း တပည့်ဖြစ်သူ အရှင်ဝရတောဓောက မှတ်တမ်းတင် ရေးမှတ်ထားသည့် ကျမ်းစာများဖြစ်သည်။

အချုပ်အားဖြင့် ကုန်းဘောင်ခေတ်၌ အဘိဓမ္မပါဠိတော် ခုနစ်ကျမ်းနှင့်တကွ အဘိဓမ္မာအဋ္ဌကထာ၊ ဋီကာများ၊ မြန်မာပြန်နိသျများ အများဆုံးပေါ်ထွက်ခဲ့သည်။ ပိဋကတ်သမိုင်းစာတမ်းအရ အဘိဓမ္မတ္ထသင်္ဂဟ (ခေါ်) သင်္ဂြိုဟ်နိသျ တစ်မျိုးတည်းပင် (၂၂) မူရှိကြောင်းသိရှိရသည်။ အလားတူပင် အဋ္ဌသာလိနီ၊ မူလဋီကာ၊ ဋီကာကျော် စသည့် နိသျများသည်လည်း အနည်းဆုံး (၃-၄) စောင်စီ ရှိကြသည်ချည်းသာဖြစ်သည်။ အထူးအားဖြင့် အခက်ခဲအနက်နဲဆုံးဖြစ်သော ပဋ္ဌာန်းနည်း နှင့် ရုပ်ဝီထိ၊ နာမ်ဝီထိတို့၏ သဘောအဓိပ္ပါယ်ကို နောက်ခေတ်စာသင်သားတို့ အလွယ်တကူ သိမြင်နားလည်နိုင်ကြခြင်းမှာ ကုန်းဘောင်ခေတ် ကျမ်းဂန်များ၏ ကျေးဇူးကြောင့်ပင် ဖြစ်သည်။

အင်းဝခေတ်၌ အစပြုခဲ့သော ပထမပြန်စာပြန်ပွဲသည် မင်းတုန်းမင်းလက်ထက်၌ နှစ်စဉ်နယုန်လဆန်း (၈) ရက်မှ ဝါဆိုလဆန်း (၈) ရက်နေ့အထိ စာတော်ပြန်ပွဲကြီး ကျင်းပရာ၌ အဘိဓမ္မာကျမ်းစာများလည်း ထည့်သွင်းပြန်ဆိုစေ၏။ ပြဋ္ဌာန်းကျမ်းစာများကို အောက်ပါအတိုင်း

ပြဌာန်းထားသည်ကို တွေ့ရသည်။

ပဌမငယ်တန်း၌ သဒ္ဒါရှစ်စောင်ပါဌ်အနက်၊ ရုပ်၊ သဂြိုဟ်ကိုးပိုင်း၊ ဆန်း၊ အလင်္ကာ၊ အဘိဓာန်ပါဌ်အနက်၊ မာတိကာ၊ ဓာတုကထာ၊ ယမိုက် ၅-ကျမ်းပါဌ်အနက်အရကောက်များ။

ပဌမလတ်တန်း၌ သဒ္ဒါရှစ်စောင်ပါဌ်အနက်၊ ရုပ်၊ ဆန်းပါဌ်အနက်၊ အလင်္ကာပါဌ်အနက်၊ အဘိဓာန်ပါဌ်အနက်၊ သဂြိုဟ်ကိုးပိုင်းပါဌ်အနက်၊ မာတိကာပါဌ်အနက်အရကောက်၊ ဓာတုကထာ ပါဌ်အနက်အရကော်၊ ယမိုက်ဆယ်ကျမ်းပါဌ်အနက်အရကောက်များ။

ပဌမကြီးတန်း၌ သဒ္ဒါရှစ်စောင်ပါဌ်အနက်၊ ရုပ်၊ ဆန်းပါဌ်အနက်၊ အလင်္ကာပါဌ်အနက်၊ အဘိဓာန်ပါဌ်အနက်၊ သဂြိုဟ်ကိုးပိုင်းပါဌ်အနက်၊ မာတိကာပါဌ်အနက်အရကောက်၊ ဓာတုကထာ ပါဌ်အနက်အရကောက်၊ ယမိုက်ဆယ်ကျမ်းပါဌ်အနက်အရကောက်များ နှင့် ပဋ္ဌာန်းကုသလတိတ်။

ပဌမကျော်တန်း၌ သဒ္ဒါရှစ်စောင်ပါဌ်အနက်၊ ရုပ်၊ ဆန်းပါဌ်အနက်၊ အလင်္ကာပါဌ်အနက်၊ အဘိဓာန်ပါဌ်အနက်၊ သဂြိုဟ်ကိုးပိုင်းပါဌ်အနက်၊ မာတိကာပါဌ်အနက်အရကောက်၊ ဓာတုကထာ ပါဌ်အနက်အရကောက်၊ ယမိုက်ဆယ်ကျမ်းပါဌ်အနက်အရကောက်များ၊ ပဋ္ဌာန်းကုသလတိက် နှင့် အဘိဓမ္မတ္ထဝိဘာဝိနီဋီကာကျော်။ (မန်းသာသနာဝင်။ ပထမတွဲ။ ၁၁၅။)

## ကိုလိုနီခေတ် အဘိဓမ္မာလေ့လာမှု

အင်္ဂလိပ်လက်အောက်ရောက်သောအခါ၌ အချို့နှစ်များ မကျင်းပဖြစ်ခဲ့သည်မှလွဲ၍ ပထမပြန် စာပြန်ပွဲကို ဆက်လက်ကျင်းပခဲ့သည်။ ရှေးမြန်မာမင်းများလက်၌ ကျင်းပခဲ့သည့် စာပြန်ပွဲကို စာမေးပွဲအဖြစ်သို့ ပြောင်းလဲခဲ့သည်။ စာမေးပွဲကိုလည်း ယခင်ကကဲ့သို့ တစ်နေရာတည်း မကျင်းပ တော့ဘဲ မြန်မာပြည်အနှံ့အပြား၌ တစ်ချိန်တည်း ကျင်းပခဲ့သည်။သက္ကရာဇ် ၁၂၉၉-ခုနှစ်တွင် ပထမပြန်ကော်မတီတစ်ခုဖွဲ့စည်းခဲ့သည်။ စာမေးပွဲ၌ စာချတန်းအတန်း တစ်ခုထပ်တိုးခဲ့သည်။

၁၂၆၀-ခုနှစ်တွင် မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်း၊ ၁၂၆၅-ခုနှစ်တွင် ရန်ကုန်မြို့ စေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟအသင်းစသော အသင်းကြီးပေါ်ထွန်းလာခဲ့သည်။ ထိုအသင်းကြီး များကလည်း စာမေးပွဲများ ကျင်းပကာ အဘိဓမ္မပိဋကအပါအဝင် ပရိယတ္တိသာသနာ တိုးတက်ရေး အတွက် စွမ်းစွမ်းတမံ ပြုလုပ်အားထုတ်ခဲ့ကြသည်။

ကိုလိုနီခေတ်၌လည်း အဘိဓမ္မာဆိုင်ရာ ကျမ်းများဆက်လက်ပေါ်ထွက်လာသကဲ့သို့ အဘိဓမ္မာ သင်ယူလေ့လာမှုမှာလည်း ရပ်တန့်သွားခြင်းကား မရှိပေ။ ထိုခေတ်အချိန်အခါက တောင်မြို့ အဘိဓမ္မာ ညဝါနည်းသည် ထင်ရှားကျော်ကြားသည်။ အဘိဓမ္မာညဝါနည်းကို စတင်အသုံးပြုခဲ့သည့် ဆရာတော် ကို အမရပူရသာသနာဝင်၌ "ဓာတုကထာ တုတ်လှမ်းချီးတို့ကို ရေးသားတော်မူခဲ့သော ရတနာ ပူရအင်းဝမြို့ တုတ်လှမ်းဆရာတော်ဘုရားကြီး အရှင်စန္ဒမာလာသည် တောင်မြို့ အဘိဓမ္မာညဝါနည်း

များကို လက်မွန်မဆွ စတင်သည့် ပုဂ္ဂိုလ်အဖြစ် မှတ်တမ်းတင်ခဲ့ကြကုန်၏'' (အမရပူရ သာသနာဝင်။ ၂၆၆) ဟု ဖော်ပြထားသည်။

မင်္ဂလာတိုက် ညဝါစာချအကျော် ပထမကျော်အရှင်အာဒိစ္စ(ပထမကျော်ဦးအုံး)သည် မာတိကာ၊ ဓာတုကထာ၊ ယမိုက်၊ ပဋ္ဌာန်း အဘိဓမ္မာညဝါများကို ပို့ချပြီး အဘိဓမ္မာတံခွန် ကျမ်းကြီးကို ရေးသားခဲ့သည်။ ထို့အပြင် တူဖြစ်သူ အရှင်ဓမ္မသာမိကလည်း ပဋ္ဌာနသာရမဉ္ဇူ ရီ ညဝါတံခွန်ကျမ်းကြီး ကို အတွဲ(၂)တွဲဖြင့် ရေးသားခဲ့သည်။

အမရပူရ(တောင်မြို့) ညဝါစာသင်တိုက်များရှိ ကြက်တို့ပင် ညဝါရွတ်သံများကို ကြားဖန်များ နားရည်ဝသဖြင့် ''ပစ္စယော… ပစ္စယော''…ဟူ၍ မြည်ကြကြောင်းဖြင့်လည်းကောင်း၊ ''အောက်အီး အီး အာမန္တာ''ဟူ၍ တွန်ကြကြောင်းဖြင့်လည်းကောင်း ပြောရိုးစဉ်ပင် ပေါ်ထွက်ခဲ့လေသည်။ (အမရပူရသာသနာဝင်။ ၂၆၈)

ထို့ပြင် ပရမတ္ထဒီပနီခေါ် သင်္ဂြိုလ်မဟာဋီကာသစ်အပါအဝင် ကျမ်းပေါင်း(၁၀၀)ရာကျော် ရေးသားပြုစုခဲ့သည့် လယ်တီဆရာတော်ကြီးကဲ့သို့သော အဘိဓမ္မာကို အလွန်အားသန်သည့် ဆရာတော်ကြီးများ ပေါ်ထွန်းခဲ့သည်။

ဆရာတော်ပြုစုခဲ့သော ကျမ်းဂန်တို့မှာ အဘိဓမ္မပိဋကသွဲ့ပါဝင်သော ပရမတ္ထသဘောတရား များကို လူပြိန်းများ နားလည်အောင် ရှင်းရှင်းလင်းလင်း ရေးသားထားသော အဘိဓမ္မာသဘောသဘာဝ ဆိုင်ရာ ကျမ်းဂန်များသာ များလေသည်။ ဆရာတော်သည် အဘိဓမ္မာကို အလွန်အားသန်တော်မူသည့် အလျောက် အင်္ဂလိပ်ခေတ်တွင် ပြည်တွင်းပြည်ပမှ မေးလျှောက်ကြသော အဘိဓမ္မာနှင့်ပတ်သက်သည့် ပုစ္ဆာအမျိုးမျိုးတို့ကို နည်းအသွယ်သွယ်ဖြင့် ရှင်းလင်းဖြေဆိုတော်မူသည်။

လယ်တီဆရာတော်သည် လင်္ကာသံပေါက်ပုဒ်ပေါင်း ၆၅၅-ပုဒ်တို့ဖြင့် တန်ဆာဆင်၍ အမျိုးသား အမျိုးသမီးတို့ အဘိဓမ္မတ္ထသင်္ဂြိုဟ်တတ်မြောက်ရန် သမ္မာဆန္ဒဖြင့် ပရမတ္ထသံခိပ်ကျမ်း ကိုလည်း ပြုစီရင်တော်မူခဲ့သည်။ မြန်မာနိုင်ငံအနှံ့ ရောက်ရှိတော်မူရာ မြို့ရွာတို့၌ သံခိပ်အသင်း များ ဖွဲ့စည်းပြီး သံခိပ်စာမေးပွဲများကို မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပခဲ့သည်။ အမျိုးသား၊ အမျိုးသမီးငယ် တို့၏ အကြား၌လည်း ပရမတ္ထသံခိပ်စာမေးပွဲမှာ လွန်စွာထင်ရှားလှသည်။

## လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်း အဘိဓမ္မာလေ့လာမှု

၁၉၄၆-ခုနှစ်တွင် အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးပေါ်ပေါက်လာခဲ့သည်။ ၎င်းအသင်း ကြီးသည် အဘိဓမ္မာစာတော်ပြန်ပွဲများ ကျင်းပပေးခဲ့သည်။ ရဟန်းတော်များအဆင့်၊ သီလရှင်များ အဆင့်နှင့်လူပုဂ္ဂိုလ်များအဆင့်ဟူ၍ အဆင့်(၃)ဆင့် သတ်မှတ်ပေးထားသည်။ ယင်းအသင်းကြီးသည် အဘိဓမ္မာအခါတော်နေ့ကိုပါ ကျင်းပပေးနိုင်ခဲ့သည်။

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး တိုးတက်လာမှုကို အောက်ပါအတိုင်းသိရပါသည်။

''ပထမ ၂၅-နှစ် ငွေရတုကာလအတွင်း၌ အသင်းခွဲပေါင်း ၆၉ သင်း၊

ဒုတိယ ၂၅-နှစ် ရွှေရတုကလာအတွင်း၌ အသင်းခွဲပေါင်း ၂၀၀ သင်း၊

တတိယ ၂၅-နှစ် စိန်ရတုသက်တမ်းနီးကပ်လာပြီဖြစ်သော ၁၃၇၆-ခုနှစ်စာရင်းအရ အသင်းခွဲပေါင်း ၃၂၆၇-သင်းအထိ ဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်သည်။(အဘိ၊ပြန့်စာစောင်၊အမှတ်-၄။၃။)

ခရစ်နှစ် ၁၉၅၁-ခုနှစ်တွင် အဘိဓမ္မာအရေးတော်ပုံပေါ်ပေါက်လာရာ မြန်မာနိုင်ငံ အရပ်ရပ်ရှိ ပိဋကတ်ကျမ်းဂန်တတ်မြောက်ကြကုန်သော ဆရာတော်ကြီးများသည် ကိုရင်စက္ကိန္ဒ၏ အခြေအမြစ်မရှိ ပုတ်ခတ်ရေးသားချက်များကို ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စသည်များကို ကိုးကား၍ ဝိနိစ္ဆယ စာတမ်းများ ရေးသားပြီး ချေဖျက်ခဲ့ကြသည်။ အဘိဓမ္မဗုဒ္ဓဘာသိတဝိနိစ္ဆယစာတမ်း ၁၂-စောင်ခန့် ထွက်ပေါ်လာပြီး နိုင်ငံတော်သြဝါဒါစရိယဆရာတော်ကြီး ၉-ပါးမှလည်း ဤဝိနိစ္ဆယစာတမ်းများ သည် အလွန်ကောင်းမွန် သင့်လျော်၍ ကမ္ဘာအရပ်ရပ်သို့ပင် ပုံနှိပ်ဖြန့်ချိရန်သင့်လျော်ကြောင်း မိန့်ကြားတော်မူသောကြောင့် ''အဘိဓမ္မာအရေးတော်ပုံ''ဟူသော အမည်ဖြင့် ဝိနိစ္ဆယစာတမ်းများကို စာအုပ်အဖြစ် ထုတ်ဝေခဲ့သည်။

ထို့အပြင် ၁၃၁၄(၁၉၅၂) ခုနှစ်မှစ၍ ပြည်ထောင်စုမြန်မာနိုင်ငံဗုဒ္ဓသာသနာပြုအဖွဲ့က နှစ်စဉ်ကျင်းပခဲ့သော အဘိဓမ္မာစာမေးပွဲနှင့် ၁၉၅၅-ခုနှစ်တွင် စတင်ကျင်းပခဲ့သော ဋီကာကျော် မြန်မာပြန်စာမေးပွဲများသည်ကား လူပုဂ္ဂိုလ်တို့၏ အဘိဓမ္မာလေ့လာလိုက်စားမှုကို ထင်ရှားသိသာစွာ တိုးတက်စေခဲ့ပေသည်။ (အဘိဓမ္မာသမိုင်းချုပ်၊ စော။)

## မျက်မှောက်ခေတ် အဘိဓမ္မာလေ့လာမှု

ယနေ့မျက်မှောက်ခေတ်၌ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးအပြင် ဝိုင်၊အမ်၊ဘီ၊အေ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း၊ မင်္ဂလာဗျူဟာအသင်း၊ ဓမ္မဗျူဟာအသင်းစသည့် အသင်းများသည် အဘိဓမ္မာနှင့်ပတ်သက်၍ သင်တန်းများ စိစဉ်ပို့ချသင်ကြားပေးနေသည်ကို တွေ့ရသည်။ ထိုသင်တန်း များကို အများအားဖြင့် လူပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ များမကြာမီနှစ်များအတွင်း၌ အဘိဓမ္မာကို မြန်မာဘာသာဖြင့်သာမက အင်္ဂလိပ်ဘာသာဖြင့်ပါ လေ့လာနိုင်စေရန် အဘိဓမ္မ တက္ကသိုလ်အထိပင် ဖွင့်လှစ်သင်ကြားပေးမှုများ ရှိလာခဲ့သည်။ ၎င်းသင်တန်းများအပြင် တစ်သီးပုဂ္ဂလ သင်တန်းများလည်း ဖွင့်လှစ်သင်ကြားပေးလျက်ပင်ရှိသည်။

အချုပ်အားဖြင့် ခေတ်အဆက် မြန်မာတို့သည် အဘိဓမ္မာဆိုင်ရာ ကျမ်းဂန်ပေါင်းများစွာကို ပြုစုခဲ့ရာ မှတ်တမ်းများအရ ပါဠိဘာသာရေး(၄၂)ကျမ်း၊ နိဿယနှင့်မြန်မာပြန်(၈၈)ကျမ်း၊ အထွေထွေ(၁၇၄)ကျမ်း စုစုပေါင်း မြန်မာပြည်ဖြစ် အဘိဓမ္မာဆိုင်ရာကျမ်းများ (၃၃၃)ကျမ်း ရှိကြောင်း သိရသည်။ ယင်းကြိုပမ်းအားထုတ်ထားမှုများက မြန်မာနိုင်ငံ၏ အဘိဓမ္မာလေ့လာမှု သမိုင်းစဉ်ကို

နိုင်မာစေပါသည်။ ထို့အပြင် သာသနာ့ဝန်ထမ်းများအတွက် အဘိဓမ္မာကို မသင်မနေရ စာမေးပွဲပြဋ္ဌာန်းကျမ်းစာအဖြစ် ပြဋ္ဌာန်းပေးထားသကဲ့သို့ လူဝတ်ကြောင်များအတွက်လည်း အဘိဓမ္မာကို လေ့လာနိုင်သည့် အခွင့်အရေးများဖန်တီးပေးထားလျက်ပင်ရှိရာ မြန်မာနိုင်ငံ၏ အဘိဓမ္မာလေ့လာမှုသည် ဆက်လက်ရှင်သန်နေဦးမည်သာဖြစ်ပါသည်။

အရှင်ဝိဇ္ဇာနန္ဒ

နယဒေသက၊ အဘိဓမ္မပိဋကမဟာဌာန

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်

ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့။

**မှီငြမ်းကျမ်းများ**


၁။ အဋ္ဌသာလိနီအဋ္ဌကထာ

၂။ အဘိဓမ္မတ္ထသင်္ဂဟပါဠိ

၃။ အဘိဓမ္မာသမိုင်းချုပ်

၄။ အင်းဝသာသနာဝင်

၅။ အမရပူရသာသနာဝင်

၆။ သာသနာလင်္ကာရစာတမ်း

၇။ လယ်တီဆရာတော်ဘုရားကြီးဘဝဖြစ်စဉ်

၈။ အဘိဓမ္မာပြန့်ပွားရေးစာစောင်၊ အမှတ်စဉ်-၄။(၂၀၁၄-ခုနှစ်၊ ဇူလိုင်လ)

၉။ သာသနဗဟုဿုတပ္ပကာသနီ

၁၀။ အဘိဓမ္မာအရေးတော်ပုံ

၁၁။ ပိဋကတ်သမိုင်း

၁၂။ ပင်းယသာသနာဝင်

# ခန္ဓာငါးပါးနှင့်ဝိပဿနာ

အရှင်ပညာနန္ဒ

ခန္ဓသဒ္ဒါသည် အပေါင်းအစုကိုဟော၏။ ရူပက္ခန္ဓာ-ဟုဆိုလျှင် ရုပ်(၁၁)မျိုးကို ပေါင်းစုထားခြင်းဖြစ်၏။ ဝေဒနာက္ခန္ဓာ-ဟုဆိုလျှင် ဝေဒနာ(၁၁)မျိုးကို ပေါင်းစုထားခြင်းဖြစ်၏။ ကျန်ခန္ဓာသုံးပါးသည်လည်း ထိုအတူပင်ဖြစ်၏။ ထို(၁၁)မျိုးကို ဗုဒ္ဓမြတ်စွာက အနတ္တလက္ခဏသုတ်၌- "အတီတာနာဂတ ပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓံဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ"ဟု ဟောတော်မူ၏။

အဓိပ္ပါယ်ကား= ရူပက္ခန္ဓာ-ဟုဆိုလျှင် အတိတ်ရုပ်၊ အနာဂတ်ရုပ်၊ ပစ္စုပ္ပန်ရုပ်၊ အတွင်းရုပ်၊ အပြင်ရုပ်၊ ကြမ်းတမ်းသောရုပ်၊ နူးညံ့သောရုပ်၊ ယုတ်ညံ့သောရုပ်၊ မြင့်မြတ်သောရုပ်၊ ဝေးသောရုပ်၊ နီးသောရုပ်ဟူ၍ (၁၁)မျိုးကိုပေါင်းထားသည်။ ဝေဒနာက္ခန္ဓာဟုဆိုလျှင် အတိတ်ဝေဒနာစသောအားဖြင့် ဝေဒနာ(၁၁)မျိုးကို ပေါင်းထားသည်။ ကျန်ခန္ဓာတို့၏ အကျယ်သည်လည်း ထိုအတူပင်ဖြစ်သည်ဟူ၍ ဖြစ်သည်။

လူတစ်ယောက်ကို မြင်လိုက်ရသောအခါ အဆင်းရူပါရုံနှင့် မျက်စိအကြည်ရုပ်သည် ရူပက္ခန္ဓာ၊ မြင်သိစိတ်သည် ဝိညာဏက္ခန္ဓာ၊ အဆင်း၏အရသာကိုခံစားသော ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာ၊ အဆင်းရူပါရုံကို မှတ်သားသော သညာစေတသိက်သည် သညာက္ခန္ဓာ၊ ကြည့်ဖြစ်အောင် တိုက်တွန်းနှိုးဆော်သော စေတနာစေတသိက်သည် သင်္ခါရက္ခန္ဓာ၊ ဤသို့ခန္ဓာငါးပါး တစ်ပြိုင်တည်းဖြစ်၍ ပျောက်ပျက်သွား၏။ မြဲမြန်ခိုင်ခန့်တည်တံ့နေမှု မရှိပေ။ ဤသို့ ခန္ဓာငါးပါး ဖြစ်ပျက်သွားသည်ကို ဉာဏ်ဖြင့်သိ၍ အဆင်းရူပါရုံကိုမြင်တိုင်း ခန္ဓာငါးပါး အနိစ္စ-ဟု ရှုမှတ် ပွားများရသည်။

အသံတစ်ခုကို ကြားလိုက်ရသောအခါ အသံရုပ်နှင့် နားအကြည်ရုပ်သည် ရူပက္ခန္ဓာ၊ ကြားသိစိတ်သည် ဝိညာဏက္ခန္ဓာ၊ အသံ၏အရသာကိုခံစားသော ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာ၊ အသံကိုမှတ်သားသော သညာစေတသိက်သည် သညာက္ခန္ဓာ၊ နားထောင်ဖြစ်အောင် တိုက်တွန်းနှိုးဆော်သော စေတနာစေတသိက်သည် သင်္ခါရက္ခန္ဓာ၊ ဤသို့ခန္ဓာငါးပါး ဖြစ်ပျက်သွားသည်ကို ဉာဏ်ဖြင့်သိ၍ အသံကိုကြားလိုက်တိုင်း ခန္ဓာငါးပါးအနိစ္စဟု ရှုပွားရသည်။

အနံ့တစ်ခုခုကို နမ်းရှုလိုက်သောအခါ အနံ့ရုပ်နှင့် နှာခေါင်းအကြည်ရုပ်သည် ရူပက္ခန္ဓာ၊ နံသိစိတ်သည် ဝိညာဏက္ခန္ဓာ၊ အနံ့၏အရသာကိုခံစားသော ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာ၊ အနံ့ကိုမှတ်သားသော သညာစေတသိက်သည် သညာက္ခန္ဓာ၊ နမ်းရှုဖြစ်အောင် တိုက်တွန်းနှိုးဆော်သော စေတနာစေတသိက်သည် သင်္ခါရက္ခန္ဓာ၊ ဤခန္ဓာငါးပါး ဖြစ်ပျက်သွားသည်ကို ဉာဏ်ဖြင့်သိ၍ အနံ့တစ်ခုခုကို နမ်းရှုတိုင်း ခန္ဓာငါးပါးအနိစ္စ-ဟု ရှုပွားရမည်။

အရသာတစ်ခုခုကို စားလိုက်သောအခါ အရသာရုပ်နှင့် လျှာအကြည်ရုပ်တို့သည် ရူပက္ခန္ဓာ၊ စားသိစိတ်သည် ဝိညာဏက္ခန္ဓာ၊ ရသာရုံ၏ အရသာကိုခံစားသော ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာ၊ အရသာကိုမှတ်သားသောသညာစေတသိက်သည် သညာက္ခန္ဓာ၊ စားဖြစ်အောင် တိုက်တွန်းနှိုးဆော်သော စေတနာစေတသိက်သည် သင်္ခါရက္ခန္ဓာ၊ ဤခန္ဓာငါးပါး ဖြစ်ပျက်သွားသည်ကို ဉာဏ်ဖြင့် သိ၍ ခန္ဓာငါးပါးအနိစ္စ-ဟု ရှုပွားရသည်။

အတွေ့အထိဖောဋ္ဌဗ္ဗာရုံနှင့် ကိုယ်အကြည်ရုပ်တို့ တွေ့ထိသောအခါ ဖောဋ္ဌဗ္ဗာရုံရုပ်နှင့် ကိုယ်အကြည်ရုပ်တို့သည် ရူပက္ခန္ဓာ၊ ထိသိစိတ်သည် ဝိညာဏက္ခန္ဓာ၊ အတွေ့အထိ၏ အရသာကို ခံစားသော ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာ၊ အတွေ့အထိကိုမှတ်သားသော သညာစေတသိက်သည် သညာက္ခန္ဓာ၊ တွေ့ထိဖြစ်အောင် တိုက်တွန်းနှိုးဆော်သော စေတနာစေတသိက်သည် သင်္ခါရက္ခန္ဓာ၊ ဤခန္ဓာငါးပါး ဖြစ်ပျက်သွားပုံကို ဉာဏ်ဖြင့်သိ၍ ခန္ဓာငါးပါးအနိစ္စ-ဟု ရှုပွားရပါသည်။

ဓမ္မာရုံနှင့်မနောဒွါရတို့ တိုက်ဆုံသည့်အခါ ဟဒယဝတ္ထုရုပ်သည် ရူပက္ခန္ဓာ၊ တွေးသိစိတ်သည် ဝိညာဏက္ခန္ဓာ၊ အတွေးအာရုံ၏ အရသာကိုခံစားသော ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာ၊ အတွေးအာရုံကို မှတ်သားသော သညာစေတသိက်သည် သညာက္ခန္ဓာ၊ တွေးစိတ်ဖြစ်အောင် တိုက်တွန်းနှိုးဆော်သော စေတနာစေတသိက်သည် သင်္ခါရက္ခန္ဓာ၊ ဤသို့ခန္ဓာငါးပါး ဖြစ်ပျက်သွားပုံကို ဉာဏ်ဖြင့် သိ၍ တွေးစိတ်ဖြစ်ပေါ်တိုင်း ခန္ဓာငါးပါးအနိစ္စ-ဟု ရှုပွားရသည်။ ခန္ဓာငါးပါးသည် ပဋိသန္ဓေခဏမှစ၍ စုတိတိုင်အောင် အမြဲတမ်းဖြစ်ပျက်နေ၏။ ဤကိုယ်ကောင်ကြီးကို ခန္ဓာငါးပါးဟု မှတ်ထင်ပြီး ကိုယ်ကောင်ကြီး၏ ပျက်စီးမှုကိုကြည့်၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တတည်းဟူသော လက္ခဏာရေး သုံးပါးကို ရှုမှတ်ပွားများနေခြင်းသည် မှန်ကန်သော ရှုမှတ်ပွားများခြင်း မဟုတ်ပေ။

ရူပက္ခန္ဓာသည် ရေမြှုပ်နှင့်တူ၏။ ရေမြှုပ်ကြီးသည် အတုံးအလုံးအခဲဟုလည်း ထင်မှတ်ရသည်။ အနှစ်သာရနှင့်ပြည့်စုံသော အခိုင်အမာအထည်ဝတ္ထုကြီးဟုလည်း ထင်မှတ်ရသည်။ ထင်မှတ်သည့်အတိုင်း လက်ဖြင့်ကိုင်ကြည့်သောအခါ အနှစ်အသားအခိုင်အမာ မတွေ့ရပေ။ ထို့အတူ ရူပက္ခန္ဓာသည်လည်း အပေါ်ယံဥတုဇရုပ်ကြီးကိုကြည့်လျှင် အတုံးအလုံးအခဲကြီးဟု ထင်မှတ်စရာ ရှိ၏။ ပရမတ်ဉာဏ်ဖြင့် ချေဖျက်ကြည့်လိုက်သောအခါ ရူပက္ခန္ဓာသည် အတုံးအလုံး အခဲ အရည်အဖတ် အမှုန်အမွှား ဘာမျှမရှိ။ သဘောတရားသက်သက်မျှသာ ရှိ၏။

ဤနေရာတွင် ပညတ်ရုပ်နှင့် ပရမတ်ရုပ်ကို ရှင်းပြချင်ပါသည်။ အတ္တဘောခန္ဓာကိုယ်ကြီးကို ပညတ်ရုပ်ဟုခေါ်၏။ ပရမတ်ရုပ်တရား၏ ဖြစ်မှုပျက်မှုကို မမြင်နိုင်အောင် ပညတ်ရုပ်ကြီးက ဖုံးကွယ် ထား၏။ ပညတ်ရုပ်အတ္တဘော ခန္ဓာကိုယ်ကြီးကိုပင် ရူပက္ခန္ဓာဟု အန္ဓပုထုဇဉ်ပုဂ္ဂိုလ်များက ထင်မှား နေကြ၏။ ဗုဒ္ဓမြတ်စွာက ရူပက္ခန္ဓာအနိစ္စဟု ဟောတော်မူသောအခါ အန္ဓပုထုဇဉ်ပုဂ္ဂိုလ်များ အယူ အဆလွဲမှားနေကြ၏။ မည်ကဲ့သို့ လွဲမှားနေသနည်း ရူပက္ခန္ဓာ အနိစ္စဆိုသည်မှာ တစ်ဘဝတွင် တစ်ခါ သေရသည်ကို ပြောခြင်းဖြစ်၏။ သတ္တဝါများပဋိသန္ဓေနေပြီးလျှင် နောက်ဆုံးတွင် သေကြရ၏။ ဤကဲ့သို့ သေရသည်ကို အနိစ္စဟု ဗုဒ္ဓမြတ်စွာဟောတော်မူခြင်း ဖြစ်သည်ဟုလွဲမှားစွာ

ယူဆလေတော့၏။ လက်ဖျစ်တစ်တွက်အချိန် အတောတွင်းမှာ ပရမတ်ရုပ်တရားများ ကုဋေငါးထောင်မက ဖြစ်ပြီး၍ ပျက်သွားသည့် ခဏိကမရဏကိုရည်ရွယ်၍ ဟောတော်မူခြင်းဖြစ်၏။ အဘယ့်ကြောင့် သမ္မုတိ မရဏကို အနိစ္စဟု လွဲမှားစွာယူဆသနည်း? ပညတ်ရုပ်နှင့် ပရမတ်ရုပ်ကို ဉာဏ်အမြင်တွင် မကွဲပြားသောကြောင့်ဖြစ်၏။

ကိလေသာပယ်ရေး မဂ်ဖိုလ်ရရေး ဝိပဿနာအလုပ်ဆိုသည်မှာ ဉာဏ်ပညာအရာသာ ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာက "လောဘော ဒေါသော မောဟော ကောဓော ဥပနာဟော ဘိက္ခဝေ နေဝကာယေန ပဟာတဗ္ဗော နောဝါစာယ ပညာယ ဒိသွာ ပဟာတဗ္ဗော" (အံ၊ ၃။ ၂၈၈။) ရဟန်းတို့ လောဘ၊ ဒေါသ၊ မောဟစသည်တို့ကို ကာယကံဖြင့် မပယ်နိုင်၊ ဝစီကံဖြင့် မပယ်နိုင်၊ မနောကံ ဖြစ်သော ဝိပဿနာပညာဖြင့်သာ ပယ်နိုင်၏ဟု ဟောတော်မူ၏။ ခန္ဓာနံ နိဗ္ဗတ္တိ ဇာတိ- ခန္ဓာငါးပါး ဖြစ်ပေါ်လာသည်ကို ဇာတိဟုခေါ်သည်။ ခန္ဓာနံ ပရိပါကော ဇရာ-ခန္ဓငါးပါး ရင့်ရော်သည်ကို ဇရာဟု ခေါ်သည်။ ခန္ဓာနံ ဘေဒေါ မရဏံ- ခန္ဓာငါးပါး ချုပ်ပျောက်ပျက်စီးသည်ကို မရဏသေသည်ဟု ဗုဒ္ဓမြတ်စွာ ဟောတော်မူပါ၏။ ဤဘဝတွင် ခန္ဓာငါးပါးချုပ်ပျက်ပြီး ပြန်၍ မဖြစ်တော့သည်ကို သေသည် ဟု ဆိုသည်ကိုမူ လူတိုင်းလက်ခံကြ၏။ လက်ခံသည် ဟုဆိုလျှင် လူတစ်ယောက်သေပြီ ဆိုပါစို့ ခန္ဓာငါးပါးချုပ်သွားသော်လည်း ဥတုဇရုပ် အလောင်းကောင်ကြီး ကျန်နေ၏။ ခန္ဓာငါးပါး ချုပ်သွားသည်ကို သေသည်။ ခန္ဓာနံ ဘေဒေါ မရဏံ-ဟု ဗုဒ္ဓမြတ်စွာ ဟောတော်မူသောကြောင့် မချုပ်ပျက်ဘဲ ကျန်နေသည့် ဥတုဇရုပ် အလောင်းကောင်သည် ခန္ဓာငါးပါးထဲတွင် မပါဝင်သော ပညတ်ရုပ်တရားဆိုသည်မှာ ပေါ်လွင်ထင်ရှားနေပေပြီ။ ဤသို့ မယူဘဲ ခန္ဓာငါးပါးထဲတွင် ဥတုဇရုပ်ပါဝင်သည်ဟုဆိုခဲ့သော် လူတစ်ယောက် သေသည့်အခါ ခန္ဓာငါးပါးလုံး မချုပ်ဘဲ နာမ်ခန္ဓာလေးပါးသာ ချုပ်ပြီး ရူပက္ခန္ဓာမချုပ်ဘဲ ကျန်နေသည်ဟု ယူရမလို ဖြစ်နေတော့၏။ ဤသို့ယူခဲ့သော် ခန္ဓာနံ ဘေဒေါ မရဏံ-ဟူသော ပါဠိတော်နှင့် ဆန့်ကျင်ပေလိမ့်မည်။

ဥတုဇရုပ်သည် တီဗွီဖန်သားပြင်နှင့်တူ၏။ ပရမတ်ရုပ်သည် ဖန်သားပြင်မှာ ပေါ်လာသည့် လူအရိပ်စသည့် အရိပ်များနှင့်တူ၏။ ဖန်သားပြင်မှာပေါ်လာသည့် အရိပ်များကို လက်ဖြင့်ကိုင်၍ မရပေ။ ဘာ့ကြောင့်နည်းဟူမူ- အရိပ်များသည် အကောင်အထည်အနေဖြင့် ရှိနေသည်မဟုတ်သောကြောင့်ဖြစ်၏။ လက်ဖြင့်ကိုင်ကြည့်လျှင် ဖန်သားပြင်ကိုသာကိုင်မိပေလိမ့်မည်။ ထို့အတူ ဥတုဇရုပ် ကောင်ကြီးပေါ်၌ ပရမတ်ရုပ်တရားများသည် တစ်ဖျတ်ဖျတ်ဖြစ်ပြီး ပျက်နေ၏။ ပရမတ်တရားများသည် အကောင်အထည်အတုံးအခဲ အရည်အဖတ်ဒြပ်သဏ္ဌာန်မဟုတ်ဘဲ သဘောတရားမျှသာ ဖြစ်၏။ ကောဋိရက္ခဏေ ကောဋိသတသဟဿ သင်္ချာ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ။ (ဘိ၊ ဋ၊ ၂၊ ၃၁။) လက်ဖျစ်တစ်တွက်ခဏကာလ၌ ကုဋေတစ်သိန်းဖြစ်ပျက်နေသော ပရမတ်ခန္ဓာကို ရည်ရွယ်၍ ခန္ဓာငါးပါး အနိစ္စ-ဟု ဟောတော်မူခြင်း ဖြစ်ပေသည်။

ဝေဒနာသည် အကျဉ်းအားဖြင့် သုံးမျိုးရှိ၏။ မိမိကြိုက်နှစ်သက်သော အရသာကို ခံစားရသည့်အခါ သုခဝေဒနာဖြစ်၏။ မကြိုက်နှစ်သက်သော အရသာကို ခံစားရသည့်အခါ ဒုက္ခဝေဒနာ

ဖြစ်၏။ ကြိုက်နှစ်သက်သည်လည်းမဟုတ်၊ မကြိုက်နှစ်သက်သည်လည်းမဟုတ်သော အရသာကို ခံစားရသည့်အခါ ဥပေက္ခာဝေဒနာဖြစ်၏။ အန္ဓပုထုဇဉ်ပုဂ္ဂိုလ်သည် ငါ၊ သူ၊ မိန်းမ၊ ယောကျ်ားပုဂ္ဂိုလ် သတ္တဝါက အရသာကိုခံစားသည်ဟု ထင်မြင်၏။ ငါက၊ သူက၊ ပုဂ္ဂိုလ်၊ သတ္တဝါက အရသာကို ခံစားသည်မဟုတ်။ အရသာကို ဝေဒနာက္ခန္ဓာက ခံစားသည်။

ဝေဒနာက္ခန္ဓာသည် ရေပွက်နှင့်တူ၏။ ရေကန်၏ရေမျက်နှာပြင်ပေါ်သို့ မိုးပေါက်များ ကျရောက်သည့်အခါ ရေပေါက်ကလေးများ ပွက်ထလာ၏။ မိုးရေတစ်ပေါက်ကျလိုက်တိုင်း ရေပွက်တစ်ပွက်ဖြစ်ပြီး ပျက်သွား၏။ ရေပွက်ကလေး၏ ဖြစ်ချိန်ပျက်ချိန်ကာလ ပမာဏသည် အလွန်တို တောင်းလှသည်။ အလွန်ကောင်းမွန်သည့် ဟင်းမျိုးစုံနှင့် ထမင်းစားနေသော လူတစ်ယောက်သည် ထမင်း၏အရသာကို ထမင်းစား၍မပြီးမချင်း ခံစားနေသည်။ ထမင်းစားချိန် တစ်နာရီကြာလျှင် တစ်နာရီကြာအောင် အရသာကို ခံစားနေသည်ဟု ထင်မြင်ယူဆ၏။ ဝိပဿနာဉာဏ်မျက်စိဖြင့် ကြည့်လိုက်သောအခါ ကောင်းသောအရသာဖြစ်စေ၊ မကောင်းသော အရသာဖြစ်စေ တစ်နာရီ မဆိုထားဘိ၊ တစ်စက္ကန့်ကြာအောင်ခံစား၍ မရပါချေ။ အဘယ့်ကြောင့်နည်း တစ်စက္ကန့်အတွင်းမှာ ဝေဒနာက္ခန္ဓာပေါင်း ကုဋေတစ်သိန်းဖြစ်ပြီး ပျက်၍သွားသောကြောင့် ဖြစ်၏။ အဖြစ်အပျက် မြန်လွန်း အားကြီး၍ဖြစ်သည်။ ပျက်သည်ကို မသိသဖြင့် အချိန်အကြာကြီး ခံစားရသည်ဟု ထင်မှတ်ပြီး ဝေဒနာ ကို စွဲမက်နေမိကြတော့၏။

ဝိပဿနာဉာဏ်ဖြင့် ရှုကြည့်လိုက်သောအခါ အဆက်မပြတ်ဖြစ်ပျက်နေသည့် အနိစ္စသဘော ကို သိမြင်လေ၏။ သိမြင်သည်နှင့်တစ်ပြိုင်နက် လောဘကိလေသာ တဒင်္ဂချုပ်ငြိမ်း သွား၏။ နာကျင်ကိုက်ခဲသည့် ဒုက္ခဝေဒနာတစ်ခုခုကို ခံစားနေရသည့်အခါတွင်လည်း ဝေဒနာ၏ မမြဲသည့် အနိစ္စသဘောကို ဉာဏ်ဖြင့်မြင်အောင် ကြည့်ရှုလိုက်မည်ဆိုလျှင် မနှစ်သက်သည့် ဒေါသကိလေသာ သည် ချက်ခြင်းချုပ်ငြိမ်းသွား၏။

ပေတစ်ရာခန့်ရှည်လျားသည့် အုန်းဆံကြိုးကြီးကို တန်းထားသည်ဆိုပါစို့။ ဝိပဿနာဉာဏ် မျက်စိဖြင့် မကြည့်ဘဲ ပကတိမျက်စိဖြင့် ကြည့်သည့်အခါ တအံ့တသြ အုန်းဆံကြိုး အရှည်ကြီးဟု ထင်ရ၏။ ဉာဏ်မျက်စိဖြင့် ဆင်ခြင်ကြည့်လိုက်သောအခါ အုန်းဆံဖတ်သည် အုန်းသီး ခွံမှဖြစ်၏။ အုန်းသီးခွံသည် အလွန်ဆုံးရှည်လှမှ လက်တစ်ထွာသာသာမျှရှိ၏။ ဤသို့ဆိုလျှင် အုန်းဆံ ကြိုးကြီး ပေတစ်ရာရှည်၏ဆိုသည်မှာ တစ်ထွာသာသာရှိသည့် အုန်းဆံဖတ်များ တစ်ခုစီဆက်ပြီး ကျစ်ထား၍ ပေတစ်ရာရှည်သည်ဟု ဉာဏ်အမြင်မှာ ရှင်းသွားသည်။ ပေတစ်ရာရှည်သည်ဟု ယူဆထားသည့် အယူအဆမှား၊ အထင်မှား ပျောက်သွားလေ၏။

တီဗွီဇာတ်လမ်းတစ်ခု ပြီးအောင်ကြည့်သည့်အခါ တစ်နာရီကြာသည်ဆိုလျှင် ဇာတ်လမ်း၏ အရသာကို တစ်နာရီကြာ ခံစားနေရသည်ဟု ထင်ပြီးဇာတ်လမ်းကို စွဲမက်နေမိတော့၏။ ဝိပဿနာ ဉာဏ်ဖြင့် ဆင်ခြင်လိုက်သောအခါ တစ်နာရီမဆိုထားဘိ ဇာတ်လမ်း၏ အရသာကို တစ်စက္ကန့် ကြာအောင်ခံစား၍ မရနိုင်ပါချေ။ အဖြစ်အပျက်သည် လျှင်မြန်လွန်း အားကြီး၍သာ တစ်ဆက်တည်း ထင်နေ၏။ ဇာတ်လမ်း၏ အရသာကို ခံစားသောဝေဒနာက္ခန္ဓာဆိုသည်မှာလည်း အနိစ္စ မမြဲသော

သဘောဟု အမြင်မှန်ရလိုက်သည်နှင့် တစ်ပြိုင်နက် ဝိပဿနာရှုမှတ်ပွားများပြီးသား ဖြစ်သွားတော့၏။

မှတ်သားတတ်သော သဘောရှိသော သညာစေတသိက်ကို သညာက္ခန္ဓာဟုခေါ်၏။ သညာက္ခန္ဓာသည် တံလျှပ်နှင့်တူ၏။ တံလျှပ်ဆိုသည်မှာ မိုးခေါင်ရေရှား ဒေသများ၌ အပူရှိန်ကြောင့် ရေခိုးရေငွေ့များပေါင်းမိပြီး ရေပြင်သဏ္ဍာန်ဖြစ်နေသည်ကို ခေါ်၏။ တံလျှပ်ကိုအဝေးမှ မျှော်ကြည့်လိုက်သည့်အခါ ရေတွေစီးဆင်းနေသကဲ့သို့ ထင်ရ၏၊ အသိဉာဏ်မရှိသည့် ရေဆာနေသော သမင်တစ်ကောင်သည် အဝေးမှလှမ်း၍ မြင်ရသည့်တံလျှပ်ကို ရေထင်မှတ်ပြီး တံလျှပ်ရှိရာသို့အပြေးသွားလေ၏။ အနီးနားရောက်သည့်အခါ ဘယ်ရေမှမတွေ့ရဘဲ တံလျှပ်သည် ပျောက်ကွယ်သွားလေပြီ။ နောက်တစ်ခါ အဝေးကိုလှမ်းမျှော်ကြည့်ပြန်သော် အခြား တစ်နေရာမှာရှိသည့် တံလျှပ်ကိုပင် ရေပြင်သဏ္ဍာန်ထင်ပြန်ပါ၏။ သမင်သည် နေပူကြဲကြဲကြီးထဲ တံလျှပ်ထနေသည့် နောက်တစ်နေရာသို့ ဆက်လက်၍ ပြေးပြန်၏။ အနီးအနားရောက်သည့်အခါ ဘာမျှမတွေ့ရပေ။ ဤသို့ပြေးလျက်ပင် နောက်ဆုံးတွင် သမင်သည်အမောဆိုပြီး သေပွဲဝင်ရရှာသည်။ ထို့အတူ သညာက္ခန္ဓာသည် အနွပုထုဇဉ်ကို ငါ၊ သူ၊ မိန်းမ၊ ယောကျ်ား၊ ပုဂ္ဂိုလ်သတ္တဝါမရှိပါဘဲ ရှိသည်ဟု မှတ်ခိုင်းပါသည်။ အနွပုထုဇဉ်သည် သညာက္ခန္ဓာက လှည့်စားသည့်အတိုင်း အဟုတ်ရှိသည်ဟု ထင်မှတ်ပြီး ငါ၊ သူ၊ မိန်းမ၊ ယောကျ်ား၊ ပုဂ္ဂိုလ်သတ္တဝါနောက်သို့ ကောက်ကောက်ပါအောင်လိုက်၍ အမှတ်မှားလျက်ပင် နောက်ဆုံးတွင် သေပွဲဝင်၍ အပါယ်ဘုံသို့ ဆင်းကြရသည်။

ထို့ကြောင့်ယခုဘဝမှာဖြင့် သညာက္ခန္ဓာ၏ အလိမ်အညာကိုမခံတော့ဘဲ ပုဂ္ဂိုလ်သတ္တဝါဟု သညာက္ခန္ဓာက မှတ်ခိုင်းလျှင် တံလျှပ်ကိုရေထင်သည့် ရွှေသမင်ကဲ့သို့ အမှတ်မမှားတော့ဘဲ ပရမတ္ထသစ္စာအရ ငါ၊ သူ၊ မိန်းမ၊ ယောကျ်ား၊ ပုဂ္ဂိုလ်သတ္တဝါမရှိ ၊ တကယ်အရှိတရားကား ရုပ်နှင့်နာမ်မျှ အမှန်ရှိသည်ဟု ပြတ်ပြတ်သားသား သိရပါမည်။

ကုသိုလ်ကောင်းမှုပြုပြီး ကောင်းရာသုဂတိသို့ရောက်အောင်၊ မကောင်းမှုဒုစရိုက်ပြုပြီး မကောင်းသည့် ဒုဂ္ဂတိသို့ရောက်အောင် တိုက်တွန်းနှိုးဆော်သော စေတနာစေတသိက်ကို သင်္ခါရက္ခန္ဓာဟု ခေါ်၏။ သင်္ခါရက္ခန္ဓာသည် ငှက်ပျောတုံးနှင့်တူ၏။ ငှက်ပျောတုံးသည် အနှစ်မရှိသကဲ့သို့ သင်္ခါရက္ခန္ဓာက ပြုပြင်ပေးလိုက်သော ဘဝခန္ဓာသည်လည်း အနှစ်မရှိပေ။ အနှစ်မရှိသော ခန္ဓာကိုယ်ကို အထင်ကြီးကြ၏။ ငါသည်သူများထက် ကျန်းမာသည်။ သူများထက် ရောဂါကင်းသည်။ သူများထက် အသက်ရှည်သည်ဆိုပြီး အထင်ရောက်နေတတ်ကြ၏။ အနွပုထုဇဉ်ဘဝ အမျိုးမျိုးဖြစ်အောင် ဖန်တီးပြီးလျှင် ကိုယ်ဖန်တီး၍ရရှိလာသည့် အနှစ်မရှိသောဘဝကို အနှစ်ရှိသည်ထင်ပြီး ဘဝင်မြင့်နေကြ၏။

အာရုံကိုကြံစည်တတ်၊ သိတတ်သောစိတ်ကို ဝိညာဏက္ခန္ဓာဟု ခေါ်၏။ ဝိညာဏက္ခန္ဓာသည် မျက်လှည့်နှင့်တူ၏။ မျက်လှည့်ဆရာသည် လူအများကို လိမ်ညာပြီးပြသကဲ့သို့ ဝိညာဏက္ခန္ဓာသည်လည်း အနွပုထုဇဉ်ပုဂ္ဂိုလ်များကို အမြဲလိမ်ညာပြပါသည်။

လူတစ်ယောက်ကို မြင်လိုက်သည့်အခါ ဝိညာဏက္ခန္ဓာက လူဟူ၍သိလေ၊ ယောကျ်ားဟူ၍

သိလေ၊ မိန်းဟူ၍သိလေဆိုပြီးလိမ်လိုက်ပါသည်။ ပရမတ်ဉာဏ်အမြင်မရှိသည့် အန္ဓပုထုဇဉ်များသည် ဝိညာဏက္ခန္ဓာက လိမ်လိုက်သည့်အတိုင်း လူပဲ၊ ယောကျ်ားပဲ၊ မိန်းမပဲ-ဟု ယုံကြည်လိုက်ကြသည်။ ငါ၊ သူ၊ မိန်းမ၊ ယောကျ်ားဆိုသောပညတ်ကို အမှီပြုပြီး နှစ်သက်မှုလောဘ၊ မနှစ်သက်မှုဒေါသ၊ အမှန်အတိုင်းမသိမှု မောဟဖြစ်သည်။ ပရမတ်ဉာဏ် အမြင်ရှိသည့်ပုဂ္ဂိုလ်မှာမူ လူတစ်ယောက်ကို မြင်လိုက်လျှင် လူကိုမြင်သည်မဟုတ် အဆင်းရူပါရုံ ရုပ်ကိုမြင်သည်ဟုလည်း အမှန်အတိုင်းသိ၏။ ကျန်အာရုံများနှင့်တွေ့ဆုံရာ၌လည်း နည်းတူတည်း။ ယင်းသို့ ခန္ဓာငါးပါးသည် တစ်ပြိုင်တည်း ဖြစ်ပြီးလျှင် ပျက်သွားသည် ဟုလည်း အမှန်အတိုင်းသိ၏။ ထို့ကြောင့် ခန္ဓာငါးပါး၌ ပညတ်အမြင်ကို ကျော်လွန်ပြီး ပရမတ်အမြင်ဆိုက်အောင် ကြိုးစားအားထုတ်ရှုမှတ်သင့်ကြသည်။ သို့မှသာ ဘဝ အာမခံချက် ရရှိကြမည်မှာ ဧကန်ဖြစ်ပါသည်။

> ''ယံ ပဿတိ န တံ ဒိဋ္ဌံ၊ ယံ ဒိဋ္ဌံ တံ နပဿတိ။
> အပဿံ ဗဇ္ဈတေ မူဠော၊ ဗဇ္ဈမာနော န မုစ္စတိ။ (ဘိ၊ ဋ္ဌ၊ ၂။ ၂၀၇။)


အရှင်ပညာနန္ဒ (နယဒေသက)
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
အဘိဓမ္မပိဋကမဟာဋ္ဌာန
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ဖုန်း - ၀၉-၇၃၀၃၃၁၇၀ ။ ၀၉-၂၅၄၀၇၅၉၃၅

ရက်စွဲ-၂၀၁၆-ခုနှစ်၊ ဖေဖော်ဝါရီ(၁)ရက်

# မြန်မာတို့၏ဓလေ့ နာရေးဆိုင်ရာထုံတမ်းအစဉ်အလာများကို အဘိဓမ္မာရှုထောင့်မှလေ့လာခြင်း။

အရှင်အရိယ

မြန်မာမှုဓလေ့ထုံးစံများတွင် နာရေးနှင့် သာရေးဟူသော အသုံးအနှုန်းများကို တွေ့ရမည် ဖြစ်သည်။ နာရေးဟူသောဝေါဟာရကို နာမှုကိစ္စ၊ သေမှုကိစ္စတို့နှင့်ဆက်နွှယ်ရာ၌ သုံးနှုန်းပါသည်။ သေခြင်းကိစ္စကို နားခံသာအောင် ဖလှယ်၍သုံးခြင်းဖြစ်သည်ဟု မှတ်ယူရပါမည်။ သာရေးဟူသော ဝေါဟာရကိုကား အလှူအတန်းကိစ္စ၊ မင်္ဂလာဆောင်ကိစ္စစသည့်အားဖြင့် ဝမ်းမြောက်ဖွယ်ရာ အရာဌာနများ၌ သုံးနှုန်းပါသည်။

နာရေးဆိုင်ရာစကားအသုံးအနှုန်းများတွင် သေဆုံးသည်၊ အနိစ္စရောက်သည်၊ စုတေသည်၊ နတ်ရွာစံသည်၊ ပျံလွန်တော်မူသည်၊ ပရိနိဗ္ဗာန်ပြုတော်မူသည် စသည့်ဖြင့် ဝေါဟာရအများအပြားကို နေရာဌာန အလိုက် သုံးနှုန်းထားသည်ကိုလည်း တွေ့ရမည်ဖြစ်ပါသည်။ မြန်မာတို့၏ နာရေးနှင့် သက်ဆိုင်ရာ စကားရပ်များ တွင် အဘိဓမ္မာလာ ဝေါဟာရများကို သုံးစွဲထားသည်ကို တွေ့ရမည့်အပြင် အဘိဓမ္မာအယူအဆများကိုလည်း တွေ့ရမည်ဖြစ်ပါသည်။

နာရေးဟုအဓိပ္ပါယ်ရသော သေခြင်းကိစ္စတွင် ရိုးရိုးသေ၊ အစိမ်းသေဟူသော ဝေါဟာရများ ကိုလည်း တွေ့ရမည်ဖြစ်သည်။ ရိုးရိုးသေဟူသောဝေါဟာရကို သဘာဝအတိုင်း ဖြစ်ရိုးဖြစ်စဉ် အတိုင်းသေခြင်းမျိုးကို ဆိုလိုပြီး အစိမ်းသေဟူသော ဝေါဟာရကိုကား တစ်စုံတရာပယောဂကြောင့် (ဥပမာ - ရေနစ်၍သေဆုံးခြင်း၊ ယာဉ်ရထား တိုက်၍သေခြင်း၊ ယာဉ်ရထားမှောက်၍ သေခြင်း စသည်များ ပါဝင်သည်။) သေခြင်းမျိုးကို ဆိုလိုပါသည်။ ယင်းသေခြင်းတရားနှင့်စပ်၍ အဘိဓမ္မာတွင် လေးမျိုးပြထားပါသည်။

၁။ အာယုက္ခယမရဏ - အသက်တမ်းကုန်၍သေခြင်း၊

၂။ ကမ္မက္ခယမရဏ - ကံကုန်၍သေခြင်း၊

၃။ ဥဘယက္ခယမရဏ - အသက်၊ ကံနှစ်ပါးကုန်၍ သေခြင်း၊

၄။ ဥပစ္ဆေဒကကမ္မုနာ မရဏ - ဥပစ္ဆေကကံကြောင့် သေခြင်း - ဟု သေခြင်းလေးမျိုးကို တွေ့ရမည် ဖြစ်ပါသည်။ အဘိဓမ္မာလာ ဖော်ပြပါသေခြင်းလေးမျိုးကို မြန်မာ့အယူအဆ သေခြင်း နှစ်မျိုးအားဖြင့် ရှေ့သုံးပါးကို ရိုးရိုးသေ၊ နောက်ဆုံးတစ်ပါးကို အစိမ်းသေဟု မှတ်ယူနိုင်ပါသည်။

လူသေကို အသုဘဟုခေါ်၍ လူသေအလောင်းကို အသုဘကောင်၊ မသာကောင်ဟူ၍ ခေါ်ဝေါ် ကြသည်။ အဘိဓမ္မာလာ ဝေါဟာရဖြစ်သည်။ မတင့်တယ်/ မသာယာဟု အဓိပ္ပါယ်ရသည်။

အသုဘရှု တရားနာကြွရောက်ပါရန်ဟု ဖိတ်မန္တကပြုကြသည်လည်း ရှိသည်။ ''မသာတစ်ခေါက်၊ ကျောင်းဆယ်ခေါက်'' ဟုလည်း အမှန်းတင်ကြသည်။ မသာတစ်ခေါက်လိုက်ပို့ခြင်းသည် ကျောင်းသို့ ဆယ်ခေါက် သွားသည်နှင့် ညီမျှသည်ဟု ယူဆကြသည်။ မသာကို အခေါက်အခါခါ ပို့ဆောင်သော်လည်း ပွားများသင့်သည့် မရဏာနုဿတိကမ္မဋ္ဌာန်း၊ အသုဘကမ္မဋ္ဌာန်းများကို ပွားများခြင်းမရှိပါက ကျောင်းသို့တစ်ခေါက် ရောက်သလောက်တောင် ကုသိုလ်ရနိုင်ဖွယ်ရာမရှိပါ။

နာရေးအခမ်းအနားနှင့်စပ်၍-

၁။ အလောင်းကောင်ကို ရေချိုးပေးခြင်း၊

၂။ ခြေမနစ်ချောင်း၊ လက်မနစ်ချောင်းကို ကြိုးဖြင့်ပူး၍ ချည်နှောင်ခြင်း၊

၃။ အလောင်းကောင်၏ ပါးစပ်တွင် ငွေတစ်မတ်ထည့်ပေးရခြင်း၊

၄။ အလောင်းကို အလောင်းစင်ပေါ်တင်ထားပြီး အလောင်းစင်အောက်ခြေတွင် ဖယောင်းတိုင် တစ်တိုင်ထွန်းထားပြီး မြေရေအိုးတစ်လုံးကိုလည်း ထားပေးရခြင်း၊ အလောင်းဘေးတွင် အစားအသောက် တစ်ပန်းကန်ကို ထားပေးရပြီး အလောင်းကောင် အိမ်တွင်ရှိနေသမျှ ထမင်းပန်းကန်ကို နေ့စဉ်လဲပေးရခြင်း၊

၅။ အလောင်းကို အခေါင်းတွင်းသို့ သွင်းပြီးနောက် အိမ်ရှိသမျှ ငယ်ရွယ်သူအားလုံးကို အပ်ချည်စသည် ဖြင့် အရပ်ကိုတိုင်းတာ ဖြတ်တောက်ပြီး ကြိုးကိုလုံး၍ အလောင်းပေါ်တင်ထားရခြင်း၊

၆။ လိပ်ပြာခွဲခြင်း၊

၇။ လိပ်ပြာခေါ်ခြင်း၊

၈။ သရဏဂုံတင်ခြင်း

၉။ အလောင်းကိုမြေမြှုပ်ရာ၌ မသာပို့သူများက ခဲလုံးများဖြင့် ပစ်ပေါက်ထည့်ရခြင်း၊

၁၀။ သပိတ်သွတ်ခြင်း၊

၁၁။ ရက်လည်ဆွမ်းသွတ်ခြင်း စသည်အားဖြင့် အရပ်ဒေသအားလျော်စွာ နည်းမျိုးအဖုံဖုံ လေ့စုံအောင် ပြုလုပ်လေ့ရှိသည်ကို တွေ့ရမည်ဖြစ်ပါသည်။

အလောင်းကောင်ကို ရေချိုးပေးခြင်း၊ အလောင်းကောင်ကို ခြေမကြိုး၊ လက်မကြိုးတို့ဖြင့် ချည်နှောင်ပေးခြင်းတို့၌ ထူးထူးခြားခြား အယူအဆကို မတွေ့ရချေ။ လူတစ်ဦးတစ်ယောက် သေလွန်ခြင်းသို့ မရောက်မီ မမာမကျန်းအချိန်တွင် ရေချိုးသန့်စင်ရခြင်း မရှိခဲ့ပေ။ အနံ့အသက်များ မသေခင်ကတည်းက ဆိုးဆိုးရွားရွား ဖြစ်လျက်ရှိသည်။ သေသောအခါ မကောင်းသည့် အနံ့ အသက်များ သက်သာရာရစေရန် ရေချိုးသန့်စင်ပေးရခြင်းဖြစ်မည်ဟု ယူဆနိုင်ပါသည်။ သေလွန်ပြီးနောက် အလောင်းကောင်အခြေအနေသည် ဝါယောဓာတ်တို့ချုပ်ငြိမ်းခဲ့ပြီးဖြစ်သောကြောင့် ကိုယ်နေဟန်မပျက် ထိန်းထားနိုင်စွမ်းမရှိတော့ချေ။ ခြေမ၊ လက်မတို့တွင် ကြိုးဖြင့်ချည်နှောင်ခြင်း မပြုပါက ခြေကားယား၊ လက်ကားယားအနေအထားသို့ရောက်ပြီး အမြင်မကောင်းနိုင်သောကြောင့် ခြေမ၊ လက်မတို့ကိုပူးကပ်ပြီး ကြိုးဖြင့်ချည်နှောင်ပေးထားရခြင်းဖြစ်ပါသည်။

အလောင်းကောင်၏ ပါးစပ်တွင် ငွေတစ်မတ်ထည့်ပေးရခြင်းကို ကူးတို့ခထည့်ပေးရသည်ဟု ဆိုပါသည်။ သွားနှစ်ခုအကြားတွင် ငွေဖြစ်စေ၊ ရွှေဒင်္ဂါးဖြစ်စေ ညှပ်ကည့်ပေးရခြင်းဖြစ်ပါသည်။ ဟိုဘက်ဘဝကို ကူးမြောက်ဖို့အတွက် အဖိုးအခပေးရခြင်းဟု သိရသည်။ ထိုအဖိုးအခ တစ်မတ် မပါပါက ဟိုဘက်ဘဝသို့ ဖြောင့်ဖြောင့်ဖြူးဖြူး မကူးမြောက်နိုင်ဟု ယူဆပြောဆိုကြပါသည်။ ယခုအခါတွင်ကား ယင်းအယူအဆကို ငြင်းပယ်ပြီး ကူးတို့ခထည့်ပေးခြင်းအလေ့အထကို အချို့နေရာများတွင် လုပ်ဆောင်ခြင်း မရှိကြတော့ပါ။ ဤအယူအဆနှင့်စပ်လျဉ်း၍ အချို့သော မြန်မာ့ပညာရှင်များက အိန္ဒိယစသော အခြားသောအရပ်ဒေသမှ ဆင်းသက်လာသည်ဟု ဆိုကြပါသည်။ လူတစ်ယောက်သေလွန်သောအခါ ကျန်ရစ်သူများက ခေါင်ရမ်းပန်းကို ခူး၍ လူသေကောင်၏ နားပေါက်တွင် တပ်ဆင်ပြီး လူသေကောင်အဝတ်စတွင်လည်း ငွေစများကို ချိတ်ဆွဲကာ ဝိညာဉ်တစ်ခုခုကို ပူးကပ်စေလျက် အလောင်းကောင်ကို သင်္ချိုင်းသို့ ပို့ဆောင်စေလွှတ်ပါသည်။ သင်္ချိုင်းသို့ ရောက်လာသော အလောင်းကောင်ကို သင်္ချိုင်းစောင့်က တားဆီး၍ ပါလာသောငွေစကို ဖြုတ်ယူကာ အလောင်းကောင်ကို မြေမြှုပ်သဂြိုဟ်ပေးပါသည်။ ထို့ကြောင့် လူသေကောင်၏ သွားနှစ်လွှာအကြား ငွေစတစ်မတ် ညှပ်ထည့်ပေးခြင်းသည် အများထင်မြင်ယူဆပြောဆိုနေကြသကဲ့သို့ ဟိုဘက်ဘဝသို့ ဖြောင့်ဖြောင့် ဖြူးဖြူး ကူးမြောက်နိုင်အောင် ထည့်ပေးရသော ကူးတို့ခမဟုတ်ဘဲ သင်္ချိုင်းစောင့်အတွက် မြေမြှုပ်ခ ထည့်ပေးရခြင်းဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။

အလောင်းကို အလောင်းစင်ပေါ်တင်ထားပြီး အလောင်းစင်အောက်ခြေတွင် ဖယောင်းတိုင် တစ်တိုင်ထွန်းထားပြီး မြေရေအိုးတစ်လုံးကိုလည်း ထားပေးရခြင်း၊ အလောင်းဘေးတွင် အစားအသောက် တစ်ပန်းကန်ကို ထားပေးရပြီး အလောင်းကောင် အိမ်တွင်ရှိနေသမျှ ထမင်းပန်းကန်ကို နေ့စဉ် လဲပေးရခြင်းတို့၌ သေလွန်သည့်ပုဂ္ဂိုလ်အား ကြီးရင့်သူဖြစ်လျှင် ပူဇော်သည့် အနေအားဖြင့်လည်းကောင်း၊ ငယ်ရွယ်သူဖြစ်လျှင် ချီးမြှောက်သည့်အနေအားဖြင့်လည်းကောင်း ပြုလုပ်ပေးရခြင်း ဖြစ်သည်ဟု မှတ်ယူနိုင်ပါသည်။

အလောင်းကို အခေါင်းတွင်း သွင်းပြီးနောက် အိမ်ရှိသမျှ ငယ်ရွယ်သူအားလုံးကို အပ်ချည်စသည်ဖြင့် အရပ်ကိုတိုင်းတာ ဖြတ်တောက်ပြီး ကြိုးကိုလုံး၍ အလောင်းပေါ်တင်ထားရခြင်း၊လိပ်ပြာခွဲခြင်းတို့မှာကား လွဲမှားသောအယူအဆတစ်ရပ်သာဖြစ်ပါသည်။ ရဂ်သား၊ လသား၊ နှစ်သားအရွယ်ကလေးငယ်များ ကျန်ရစ်ပါက လိပ်ပြာခွဲပေးရကြောင်း၊ အချို့အရပ်ဒေသတွင် တစ်ချိန်သောအခါက ကလေးငယ်တို့၏ အဝတ်စားကို ချိန်ခွင်တစ်ဖက်တွင်ထား၊ ချိန်ခွင်တစ်ဖက်ကိုကား ဗလာထား၍ ကလေးငယ်ကို သေသူနှင့်အတူ ခေါ်ယူမည်ဆိုပါက ချိန်ခွင်ဗလာဖက်တွင် ချိန်ခွင်လျှာထွက်လာကြောင်း၊ ထိုအခါတွင် ကျန်ရစ်သောလူများထဲက တတ်သိနားလည်သည့် လူကြီးတစ်ဦးတစ်ယောက်က ဟိန်းဟောက်ခြိမ်းခြောက်၍လည်းကောင်း၊ ချော့မော့၍လည်းကောင်း ကလေးငယ်ကို ပြန်တောင်းယူရကြောင်း၊ ကလေးငယ်အဝတ်အစားထည့်ထားသည့် ဖက်တွင် ချိန်ခွင်လျှာ ထွက်လာပါက ကလေးငယ်၏အဝတ်စားကို အလျင်အမြန် နုတ်သိမ်းယူလိုက်ရကြောင်း ပြောဆိုကြပါ

သည်။ ဤအခြင်းအရာကို လိပ်ပြာခွဲသည်ဟု ဆိုကြပါသည်။

အဘိဓမ္မာအယူအဆတွင်ကား အသက်ကောင်၊ လိပ်ပြာကောင်၊ ဝိညာဉ်ကောင်ဟူသော ဝေါဟာရကိုမျှ ခွင့်မပြုဘဲ ငြင်းပယ်ထားပါသည်။

ဤနေရာတွင် အဘိဓမ္မပိဋက၊ ကထာဝတ္ထုပါဠိ၊ ပုဂ္ဂလကထာ၊ သစ္စိကဋ္ဌသဘာဂါနုယောဂ - လာ သကဝါဒီပုဂ္ဂိုလ်နှင့် ပရဝါဒီပုဂ္ဂိုလ်တို့၏ ပုဂ္ဂိုလ်, သတ္တဝါ, အတ္တဇီဝ ရှိ/မရှိနှင့်စပ်၍ အမေး/အဖြေပြုလုပ်ကြပုံကို ပြဆိုဖို့ လိုအပ်မည်ထင်ပါသည်။

ပရမတ္ထသစ္စာအားဖြင့် ပုဂ္ဂိုလ်, သတ္တဝါ, အတ္တဇီဝဟူ၍ မရှိချေ။ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်တို့သာ ထင်ရှားရှိချေ၏။ အယူမှားရှိသူတို့က ပုဂ္ဂိုလ်, သတ္တဝါ, အတ္တဇီဝရှိ၏ ဟု ယူဆပြောဆိုကြသည်။

ပရဝါဒီပုဂ္ဂိုလ်က - နနု အတ္ထိ ကောစိ ကာယေ ကာယာနုပဿီ ဝိဟရတိ? ကိုယ်၌ ကိုယ်ကိုရှုမှတ်နေသော တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်ရှိသည် မဟုတ်လော- ဟူသော အမေးစကား ရပ်များဖြင့်လည်းကောင်း၊

ဝုတ္တံ ဘဂဝတာ " ဧကပုဂ္ဂလော ဘိက္ခဝေ လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ ဗဟုဇန ဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ" ရဟန်းတို့ လောက၌ တစ်ဦးတစ်ယောက်သောပုဂ္ဂိုလ် ပေါ်ထွန်းလတ်သော် လူအများ၏ အစီးပွား ချမ်းသာအလို့ငှါ လောကကို သနားစောင့်ရှောက်ချီးမြှောက်ရန်အလို့ငှါ နတ်လူတို့၏ စီးပွားချမ်းသာ အလို့ငှါ ဖြစ်ပေါ်၏- ဟူသော မြတ်ဗုဒ္ဓစကား ထောက်ဆခြင်းဖြင့်လည်းကောင်း ပုဂ္ဂိုလ်, သတ္တဝါ, အတ္တဇီဝဟူ၍ရှိကြောင်း အခိုင်အမာပြောဆိုနေသည်။

ထိုအခါ သကဝါဒီပုဂ္ဂိုလ်က "သုညတော လောကံ အဝေက္ခဿု၊ မောဃရာဇ သဒါ သတော။ အတ္တာနုဒိဋ္ဌိံ ဦဟစ္စ၊ ဧဝံ မစ္စုတရော သိယာ။ ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ" - မောဃရာဇလုလင်၊ အခါခပ်သိမ်း သတိရှိသည်ဖြစ်၍ လောကကို အတ္တမှ ကင်းဆိတ်သည့်အနေဖြင့် ရှုမှတ်ပါ၊ ဤကဲ့သို့ ရှုမှတ်ပါမူ အတ္တသို့အစဉ်လိုက်သည့်အယူကို ပယ်နုတ်၍ သေမင်းကို လွန်မြောက်ကျော်လွှားနိုင်၏။ဤကဲ့သို့ ရှုမှတ်သူကို သေမင်းသည် မမြင်နိုင်တော့ချေ" ဟူ၍လည်းကောင်း၊

ဝုတ္တံ ဘဂဝတာ " သဗ္ဗေ ဓမ္မာ အနတ္တာ " အလုံးစုံသောဓမ္မတို့သည် အတ္တမဟုတ်ကုန်၊ အတ္တဇီဝမဟုတ်ကုန်၊ တစ်စုံတစ်ခုသောတရား၌မျှ အတ္တ, ပုဂ္ဂလမရှိကုန်" ဟူ၍လည်းကောင်း၊

- ကိန္နု သတ္တောတိ ပစ္စေသိ၊ မာရ ဒိဋ္ဌိဂတံ နု တေ။
  သုဒ္ဓသင်္ခါရပုဉ္ဇောယံ၊ နယိဓ သတ္တုပလဗ္ဘတိ။

- ယထာ ဟိ အင်္ဂသမ္ဘာရာ၊ ဟောတိ သဒ္ဒေါ 'ရထော'ဣတိ။
ဧဝံ ခန္ဓေသု သန္တေသု၊ ဟောတိ 'သတ္တော'တိ သမ္မုတိ။
- ဒုက္ခမေဝ ဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိ စ။
နာညတြ ဒုက္ခာ သမ္ဘောတိ၊ နာညံ ဒုက္ခာ နိရုဇ္ဈတီတိ၊

မာရ်နတ်၊ သတ္တဝါဟုယုံကြည်ထားသော သင့်အယူမှာ မိစ္ဆာအယူသာဖြစ်၏။ ဤကိုယ်ခန္ဓာသည် သတ္တဝါမဖက် သက်သက်သော သင်္ခါရအစုအပုံမျှသာဖြစ်၍ ပညာဉာဏ်ဖြင့် ဆင်ခြင်သော် ဤကိုယ်ခန္ဓာ၌ သတ္တဝါကို မရနိုင်။

ရထားအင်္ဂါအဆောက်အဦကြောင့် ရထားဟူ၍ ပြောဆိုသကဲ့သို့ ခန္ဓာတို့ရှိကုန်၍ သတ္တဝါဟု ပညတ်မှု ဖြစ်ပေါ်လာရ၏။

ဆင်းရဲဒုက္ခသည်သာ ခံစား၍ ဆင်းရဲဒုက္ခသာ ဖြစ်တည်လာ၏၊ ချုပ်ပျောက်လာ၏။ ဆင်းရဲဒုက္ခကို ကြဉ်ဖယ်ထားပြီး အခြားသော သတ္တဝါ ဖြစ်လာသည်မဟုတ်၊ ချုပ်ပျောက်သည် မဟုတ်။ - ဟူ၍လည်းကောင်း၊

ယသ္မာ ခေါ အာနန္ဒ သုညံ အတ္တေန ဝါ အတ္တနိယေန ဝါ၊ တသ္မာ ''သုညော လောကော''တိ ဝုစ္စတိ- အာနန္ဒာ၊ အတ္တမှလည်းကောင်း၊ အတ္တနိယမှလည်းကောင်း ဆိတ်သုဉ်းသည်ဖြစ်သောကြောင့် လောကကို ဆိတ်သုဉ်းသည်ဟု ပြောဆိုအပ်၏ - ဟူ၍လည်းကောင်း၊

တတြ သေနိယ ယွာယံ သတ္ထာ ဒိဋ္ဌေ စေဝ ဓမ္မေ အတ္တာနံ သစ္စတော ထေတတော န ပညာပေတိ၊ အဘိသမ္ပရာယဉ္စ အတ္တာနံ သစ္စတော ထေတတော န ပညာပေတိ၊ အယံ ဝုစ္စတိ သေနိယ သတ္ထာ သမ္မာသမ္ဗုဒ္ဓေါ။ - သေနိယ၊ အကြင်ဆရာသည် ယခုဘဝ၌လည်း အတ္တကို အမှန်အဟုတ်အားဖြင့် မပညတ်၊ နောင်တမလွန်ဘဝ၌လည်း အတ္တကို အမှန်အဟုတ်အားဖြင့် မပညတ်။ သေနိယ၊ ဤဆရာကို မြတ်စွာဘုရားဟူ၍ ဆိုအပ်၏ - ဟူ၍လည်းကောင်း၊

''မြတ်ဗုဒ္ဓသည် ထောပတ်အိုး၊ ဆီအိုး၊ ပျားရည်အိုး၊ ကင်လဲအိုး၊ နို့ရည်အိုး၊ ရေအိုး၊ သောက်ရေခွက်၊ ရေကြည်တောက်၊ ရေဖလား၊ နိစ္စဘတ်ဆွမ်း၊ အမြဲလှူသော ယာဂုဟူ၍ သုံးနှုန်းပြောဆို၏။ မြဲမြံနိုင်ခံ့သော၊ ထင်ရှားရှိသော၊ ဖောက်ပြန်ဖြင်းမရှိသော တစ်စုံတစ်ခုသော ယာဂုမည်သည် မရှိ'' ဟူ၍လည်းကောင်း မြတ်ဗုဒ္ဓ၏စကား၊ ဝဇိရာဘိက္ခုနီ၏စကားတို့ကို ထောက်ဆ၍ သကဝါဒီပုဂ္ဂိုလ်သည် ပရဝါဒီပုဂ္ဂိုလ်၏ ပုဂ္ဂိုလ်, သတ္တဝါ, အတ္တဇီဝရှိကြောင်းအဆိုကို ချေဖျက်တော်မူခဲ့ပါသည်။

သတ္တဝါတို့၏ ခန္ဓာကိုယ်၊ ဝါ၊ တစ်လောကလုံးကို အစိုးရလျက် မပျက်မစီး အမြဲတည်နေသော အမာခံ အနှစ်သာရသဘောတရားကို အတ္တဟု သာသနာပတိတ္ထိတို့က ကြံဆ ပြောဆိုကြပါသည်။ ဗြာဟ္မဏတို့အယူ၌ ဤအတ္တကိုပင် အာတ္မန်ဟူသော ဝေါဟာရဖြင့်သုံးစွဲသည်ကို

တွေ့ရသည်။ ဤအတ္တကိုပင် အစွဲပြုလျက် " အသက်ကောင်၊ လိပ်ပြာကောင်၊ ဝိညာဉ်ကောင်၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ကာရက -ပြုလုပ်ဖန်ဆင်းတတ်သူ၊ ဝေဒက- ခံစားတတ်သူ၊ သာမိ - ဖန်ဆင်းရှင်ကြီး၊ နိဝါသီ- ခန္ဓာအိမ်ဟောင်း အသစ်ပြောင်း သော်လည်း အမြဲမပြတ် တည်နေတတ်သူ၊ သယံဝသီ- မိမိအလိုကျ စီမံခန့်ခွဲနိုင်သူ ဟူသောအယူများ မှတ်ယူထားကြပါသည်။ ယခုခေတ်အခါတွင်လည်း ဗုဒ္ဓဘာသာဝင်အများစုသည် အသက်ကောင်၊ လိပ်ပြာကောင်၊ ဝိညာဉ်ကောင်ဟူသည် မည်သည့်အရာဟု ကိတ်ကပ မပြောဆိုနိုင်ကြသော်လည်း ရုပ်နာမ်ခန္ဓာအပေါ်၌ အတ္တဟု စွဲလမ်းလျက်ရှိသည်ကို " လိပ်ပြာခွဲသည်၊ လိပ်ပြာနုတ်ယူ သွားနိုင်သည်" စသည်ဖြင့် ပြောဆိုလုပ်ကိုင်နေခြင်းကို ထောက်ဆ၍ တွေ့မြင်ကြားသိနိုင်ပါသည်။ ထို့ကြောင့် အတ္တကို အသက်ကောင်၊ လိပ်ပြာကောင်၊ ဝိညာဉ်ကောင်ဟု ယူဆပြောဆိုကြလျက် လူတစ်ယောက် သေလွန်သောအခါ " အသက်ထွက်သွားပြီ"ဟုလည်းကောင်း၊ ကလေးငယ်များ အထိတ်တလန့် ငိုကြွေးသော အခါ " လိပ်ပြာလွင့်သည်"ဟု လည်းကောင်း၊ သေသူ၏ လိပ်ပြာသည် ကျန်ရစ်သူ၏ လိပ်ပြာကို လာရောက် ခေါ်ယူနေသည်၊ ထို့ကြောင့် "လိပ်ပြာချင်း ခွဲရမည်"ဟု လည်းကောင်း ပြောစမှတ်တွင်နေကြခြင်း ဖြစ်ပါသည်။

သရဏဂုံတင်ခြင်းနှင့်စပ်၍ ရှေးရှေးသောပုဂ္ဂိုလ်များ မည်သည့်ရည်ရွယ်ချက်ဖြင့် လုပ်ဆောင် ခဲ့သည် မသိရသော်လည်း ယခုနှောင်းပိုင်းခေတ်တွင်ကား သေသူအတွက် ရည်စူးပြီး လုပ်ဆောင် နေသည်/သေသူကို သရဏဂုံတင်ပေးနေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ "သူခမျာ - အရပ်တစ်ပါး မှာ သေတာဖြစ်လို့ သရဏဂုံတောင် မတင်ပေးလိုက်ရဘူးဟယ်" စသည်ဖြင့် သုံးနှုန်းပြောဆို ကြသည်ကို ကြားဖူးကြမည်ဖြစ်ပါသည်။

သရဏဂုံပျက်ခြင်းသည် ရတနာသုံးပါးမှတစ်ပါးသော သာသနာပတိတ္ထိတို့အပေါ် ကိုးကွယ် ရာအဖြစ် သတ်မှတ်၍ မိမိကိုယ်ကို အပ်နှံခြင်းကြောင့် ပျက်ခြင်း၊ သေလွန်၍ ပျက်ခြင်းဟု နှစ်မျိုး ရှိပါသည်။ (မ၊ ဋ္ဌ၊ ၁။ ၁၃၉။) ထို့ကြောင့် ပုထုဇဉ်လူသားတစ်ဦး တစ်ယောက်သေလွန်သည်နှင့် တပြိုင်နက် သရဏဂုံပျက်သည်ဟု ယူဆနိုင်ပါသည်။ သေသူကို သရဏဂုံတင်ပေးသော်လည်း သေသူအတွက် မည်သည့်အရာမျှ အကျိုး မထင်နိုင်ချေ။ သို့သော်လည်း ဗုဒ္ဓဘာသာမြန်မာလူမျိုး များသည် သရဏဂုံပျက်မည်ကို အလွန်ကြောက်ကြပါ သည်။ သရဏဂုံပျက်သည်နှင့် မဂ်ဖိုလ်ရဖို့ရန် အခွင့်လည်း ပျက်ယွင်းတော့သည်သာ။ ထို့ကြောင့် ဗုဒ္ဓဘာသာ မြန်မာလူမျိုးများသည် မိမိကိုယ်တိုင် လည်း သရဏဂုံမပျက်ချင်ကြသကဲ့သို့ မိမိနှင့်ဆက်နွယ်သူတို့အားလည်း သရဏဂုံ မပျက်စေချင် ကြပေ။ သေခြင်းတရားကို မလွန်ဆန်နိုင်၍ သေမင်းနောက်သို့ လိုက်ပါသွားသော သူတို့အဖို့ သရဏဂုံပျက်ယွင်းပြီးဖြစ်သော်လည်း ကျန်ရစ်သူများက မိမိတို့၏မေတ္တာကို ဖော်ပြသည့်အနေဖြင့် သေသူကို ရည်စူး၍ သရဏဂုံတင်ပေးကြခြင်းဖြစ်သည်ဟု ယူဆနိုင်ပါသည်။ ဗောဓိမင်းသား၏ မယ်တော်သည် သူ့ဝမ်းတွင်းသန္ဓေသားကို ရည်စူး၍ သရဏဂုံခံယူပေးခဲ့ပါသည်။ (မဇ္ဈ၊ ဋ္ဌ၊ ၂။ ၈၆။) မယ်တော်က သရဏဂုံ ယူပေးသော်လည်း သားဖြစ်သူအဖို့ သရဏဂုံရစရာအကြောင်းမရှိပါ။

သို့သော် မိခင်၏ မေတ္တာကို ဖော်ညွှန်းရာတော့ ရောက်ခဲ့ပါသည်။ ထိုနည်းတူစွာ ဗုဒ္ဓဘာသာ မြန်မာအများစု သေသူအတွက် သရဏဂုံတင်ပေးခြင်းသည်လည်း သေသူအတွက် မရနိုင်မည် သေချာသော်လည်း မိမိတို့၏ မေတ္တာကို ဖော်ညွှန်းရာရောက်မည့် သရဏဂုံတင်ပေးခြင်းအမှု ပြုမှု နေကြမည်သာဖြစ်သည်။ သရဏဂုံသီလကို အခြေခံပြီး ဒါနမှုစသည်ပြုလုပ်၍ အမျှတမ်း ပေးဝေ သောကြောင့် သေလွန်သူ သာဓုခေါ်ခွင့်ရခဲ့ပါက ကောင်းကျိုးတရားလည်း ပိုမိုဖြစ်ထွန်းနိုင်ပါသည်။

သပိတ်သွတ်ခြင်း၊ ရက်လည်ဆွမ်းသွတ်ခြင်းတို့မှာ သေလွန်ပြီးနောက် တမလွန်ဘဝသို့ ရောက်သွား သူသည် အကယ်၍ အယူလွဲ၍ ဆင်းရဲချို့တဲ့သည့် ပြိတ္တာဘဝသို့ ရောက်သွားလျှင် ကျွတ်လွတ်နိုင်စေရန် ရည်မှန်းပြီး လုပ်ဆောင်ကြခြင်းဖြစ်ပါသည်။ မြတ်ဗုဒ္ဓက ဇာဏုသောဏိပုဏ္ဏား (အံ၊ ၁။ ၁၆၆။)အား လမ်းညွှန်မှု ပြုခဲ့သည့်အတိုင်း ပြုလုပ်ကြခြင်းဖြစ်ပါသည်။ ဗုဒ္ဓဘာသာမြန်မာ လူမျိုးတို့ သေသူကိုရည်မှန်းသည့် ကုသိုလ်ပွဲပြုလုပ်ရာ၌ ရောထွေးနေသော အယူအဆတစ်ရပ် ရှိပါသည်။ ယင်းမှာ သေလွန်သူသည် ခုနစ်ရက်လည်မှ အိမ်အပါးမှ ထွက်ခွာသည်။ သေလွန်ပြီး နောက်နှင့် ဟိုဘက်ဘဝစပ်ကြား ကြားခံဘဝတစ်ခုအဖြစ်နှင့် နေထိုင်ရသေးသည်။ ဤသို့ယူဆ၍ ခုနစ်ရက်လည် ဆွမ်းသွတ်ပွဲ မပြုလုပ်မီ ခြောက်ရက်နေ့လောက်တွင် သုသာန်သို့သွား၍ ခဲဖြစ်စေ၊ သစ်ကိုင်းဖြစ်စေ တစ်ခုခုကို ယူဆောင်ကာ သေသူကို မြှုပ်နှံရာ မြေပုံ၌သော်လည်းကောင်း၊ သွတ်သွင်းရာ ဂူ၌သော်လည်းကောင်း ပုတ်ခတ်၍ "မနက်ဖန်၊ ဤမည်သောအချိန်တွင် သင့်အား ရည်စူး၍ ဆွမ်းကျွေးပွဲ ပြုလုပ်ပါမည်၊ သင်နှင့်အပေါင်းအပါများ ဆွမ်းသွတ်တရားနာယူ၍ သာဓုခေါ်နိုင်ရန် ကြွရောက်ပါ၊ သုသာန်စောင့်နတ်မင်းကြီးကလည်း ဤမည်သောပုဂ္ဂိုလ်နှင့် အပေါင်း အပါတို့အား နေထွက်နေဝင်ခေါ်သွားခွင့်ပြုပါ" ဟု သေသူ၏ ဝိညာဉ်ကို သွားရောက် ခေါ်ယူရသည်။ ခေါ်ယူပြီးနောက် သေသူ၏အိမ်တွင် ဆွမ်းကျွေးပွဲပြုလုပ်မည့်အခမ်းအနားနေရာ၌ တစ်နေရာစာ ပေးရသည်။ သင်္ကေတအဖြစ်အသုံးပြုခဲ့သည့် ခဲဖြစ်စေ၊ သစ်ကိုင်းဖြစ်စေ ၎င်းနေရာတွင် ထားရသည်။ ထိုနေရာတွင် ထမင်းပန်းကန်၊ သောက်ရေခွက်တို့ကို အစားအသောက်များ ထည့်ခွက်၍ ထားပေးရ သည်။ ဤသည်တို့မှာ အန္တရာဘဝဒိဋ္ဌိအယူမှ ဆင်းသက်လာသော အယူများ ဖြစ်သည်။ ရှေးဘဝ၊ နောက်ဘဝတို့၏အကြားကာလ၊ စုတိပဋိသန္ဓေတို့၏ အကြားကာလ၌ ဘဝတစ်ခုရှိသေး၏ ဟု ယူဆသောအယူဖြစ်သည်။ ပုဗ္ဗသေလိယ ဂိုဏ်းသားတို့နှင့် သမ္မိတိယဂိုဏ်းသားတို့ ယူသော အယူ ဖြစ်သည်။

ပုဗ္ဗသေလိယဂိုဏ်းသားနှင့် သမ္မိတိယဂိုဏ်းသားတို့သည် အန္တရာပရိနိဗ္ဗာယီဟူသော သုတ်ပုဒ် ကို လွဲမှားစွာ ကြံဆ၍ အန္တရာဘဝရှိ၏ဟု ယူဆကြခြင်းဖြစ်သည်။ ယင်းအန္တရာဘဝ၌ သတ္တဝါသည် ဒိဗ္ဗစက္ခုမရဘဲ ဒိဗ္ဗစက္ခုရသကဲ့သို့လည်းကောင်း၊ တန်ခိုးမရှိဘဲ တန်ခိုးရှိသကဲ့သို့လည်းကောင်း မိဘနှစ်ပါးတို့၏ ပေါင်းဆုံမိခြင်း၊ အမိ၏ ဥတုလာခြင်းဟူသော အခါအခွင့်ကို ငံ့လင့်ကာ ခုနစ်ရက် (သို့မဟုတ်) ခုနစ်ရက်ထက်အလွန် ကြားခံဘဝ၌တည်နေသည်ဟု ယူဆခြင်းဖြစ်သည်။ ငရဲ၊ အသညသတ်၊ အရူပဘဝသို့ကပ်ရောက်သူတို့အားမူ အန္တရာဘဝမရှိဟုလည်း ၎င်းတို့ယူဆကြသည်။

(အဘိ၊ က။ ၂၂၆၉-၂၇၂။) သကဝါဒီပုဂ္ဂိုလ်က ယင်းတို့၏အယူဝါဒကို ချေဖျက်ခဲ့ပါသည်။

ပစ္စာသန္နမရဏဿ တဿ ဝီထိစိတ္တာဝသာနေ, ဘဝင်္ဂက္ခယေ ဝါ စဝနဝသေန ပစ္စုပ္ပန္နဘဝပရိယောသာနဘူတံ စုတိစိတ္တံ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ။

တသ္မိံ နိရုဒ္ဓါဝသာနေ တဿာနန္တရမေဝ တထာဂဟိတံ အာရမ္မဏံ အာရဗ္ဘ သဝတ္ထုကံ, အဝတ္ထုကမေဝ ဝါ ယထာရဟံ အဝိဇ္ဇာနုသယပရိက္ခိတ္တေန တဏှာနုသယမူလကေန သင်္ခါရေန ဇနိယမာနံ သမ္ပယုတ္တေဟိ ပရိဂ္ဂယှမာနံ သဟဇာတာနမဓိဋ္ဌာနဘာဝေန ပုဗ္ဗင်္ဂမဘူတံ ဘဝန္တရ ပဋိသန္ဓာနဝသေန ပဋိသန္ဓိသင်္ခါတံ မာနသံ ဥပ္ပဇ္ဇမာနမေဝ ပတိဋ္ဌာတိ ဘဝန္တရေ။ (သင်္ဂဟ။ ၉၀-၉၁။)

စုတေဖို့ရန်နီးကပ်နေသော သတ္တဝါအဖို့ ထိုမရဏာသန္နဝီထိ၏အဆုံး၌ဖြစ်စေ၊ ထိုဝီထိနောင် ဘဝင်ကျပြီး၌ဖြစ်စေ စုတေသည်၏အစွမ်းဖြင့် ပစ္စုပ္ပန်ဘဝအဆုံးဖြစ်သော စုတိစိတ်သည် ဖြစ်ပြီးလျှင် ချုပ်ပျောက်ရ၏။ စုတိစိတ်ချုပ်လျှင် ထိုစုတိစိတ်၏အခြားမဲ့၌သာလျှင် ပဋိသန္ဓေစိတ်ဖြစ်သည်။ စုတိစိတ်နှင့် ပဋိသန္ဓေစိတ်အကြား အန္တရာဘဝဝါဒီပုဂ္ဂိုလ်များယူဆထားသည့် ယာယီဘဝမျိုးဟူသည် မရှိဟု မုချကိန်းသေ မှတ်ယူရမည်သာဖြစ်ပါသည်။ ပဋိသန္ဓေစိတ်သည် ဘဝဟောင်းမှာ ဥပါဒ်၍ ဌီအခိုက်ကျမှ ဘဝသစ်သို့ပြောင်းရွေ့လာသည်၊ ''လောက်လန်းသဖွယ် ဝိညာဉ်တွယ်'' ဆိုရိုး၌ လောက်လန်းသတ္တဝါသည် အမြီးပိုင်းဖြင့် နေရာတစ်ခု၌တည်ပြီး ဦးခေါင်းပိုင်းဖြင့် အခြားတစ်နေရာကို ရှာဖွေ၍ မတွေ့သမျှ အမြီးပိုင်းတစ်နေရာကို မလွှတ်မူဘဲ တွေ့သည့်အခါမှ ဦးခေါင်းပိုင်းဖြင့် ထိုနေရာကိုထောက်ကာ အမြီးပိုင်းပါ ပြောင်းရွေ့သည်ဟူသော အယူမှားများကိုလည်း အထက်တွင် ဖော်ပြထားသည့် အဘိဓမ္မာဒေသနာက ပယ်မြစ်ထားပြီးဖြစ်ပါသည်။

အချုပ်အားဖြင့် မြန်မာ့တို့ဓလေ့နှာရေးထုံးတမ်းစဉ်လာအယူအဆများတွင် အဘိဓမ္မာ ဝေါဟာရများကို သုံးနှုန်းထားသည်ကို တွေ့ရမည့်အပြင် အဘိဓမ္မာဆိုင်ရာ အယူအဆများလည်း လွှမ်းမိုး ပါဝင်နေကြောင်း၊ အဘိဓမ္မာအယူအဆများနှင့် ချွတ်ချော်နေသည်များလည်း ပါဝင်ကြောင်း တင်ပြရင်း **''မြန်မာတို့၏ဓလေ့ နာရေးဆိုင်ရာထုံးတမ်းအစဉ်အလာများကို အဘိဓမ္မာရှုထောင့်မှ လေ့လာခြင်း''** စာတမ်းကို ဤတွင် နိဂုံးချုပ်အပ်ပါသည်။

အရှင်အရိယ (နည်းပြ)
အဘိဓမ္မပိဋကမဟာဌာန
န၊ ပ၊ သ (ရန်ကုန်)

# စတုရာရက္ခကမ္မဋ္ဌာန်းတရားလေးပါး ခေါ် ကာကွယ်ရေးတရားလေးပါး

**အရှင်အရိယဝံသ**

## နိဒါန်း

ဤကမ္ဘာလောကအတွင်း၌ လောကလူသားတို့သည် အပူမီးများ လောင်မြိုက်ခြင်းကို စဉ်ဆက်မပြတ် ခံနေရသဖြင့် အတိဒုက္ခရောက်နေကြရသည်။ ဤ၌ အပူမီးဟူသည် လောဘစသော ကိုယ်တွင်းရန် ကိလေသာများနှင့် အဆင်းအသံစသော အပြင်ရန် ကာမဂုဏ်တို့ဖြစ်ကြသည်။ အဆင်းအသံစသော ငါးဖြာအာရုံ ကာမဂုဏ်တို့သည် အပြင်ဘက်၌ လိုချင်စရာအဖြစ်ဖြင့် ပြတတ်ခြင်းကြောင့် အပြင်ရန်ဟု ဆိုရ၏။ ဤအပူမီးရန်တို့ အလောင်ခံရသောကြောင့် လူတို့သည် တစ်နေရာတည်း၌ ငြိမ်ငြိမ်မနေနိုင်ကြဘဲ ထက်အောက်စုန်ဆန်ကာ သွားလာလှုပ်ရှားနေကြရသည်။

ထိုလောင်မြိုက်နေသော အပူမီးကို ငြိမ်းအေးစေနိုင်သည်မှာ- သမထဝိပဿနာအမည်ဖြင့် အဘိဓမ္မာဒေသနာတော်၌ မြတ်ဗုဒ္ဓ ဟောတော်မူထားသော တရားတော်များပင်ဖြစ်ကြ၏။ ထိုအပူမီးကို ငြိမ်းအေးစေနိုင်သော သမထဝိပဿနာတရားတို့တွင် ဗုဒ္ဓါနုဿတိ, မရဏာနုဿတိ, အသုဘဘာဝနာ, မေတ္တာဘာဝနာ ဟူသော တရားလေးမျိုးလည်း အပါအဝင်ဖြစ်၏။ စတုရာရက္ခ ကမ္မဋ္ဌာန်းတရားလေးပါး ဟုလည်း ခေါ်ကြသည်။ ဤစာတမ်း၌ ထိုစတုရာရက္ခကမ္မဋ္ဌာန်းတရား လေးပါးတို့ဖြင့် အတွင်းမီးရန်များ ထကြွမလာအောင်၊ အပြင်ရန်များ မိမိစိတ်ထဲ ဝင်ရောက်နှောက်ယှက် မလာနိုင်အောင် စောင့်ရှောက် ကာကွယ် တားမြစ်နိုင်ပုံကို လိုရင်းတိုကျဉ်းဖြင့် တင်ပြသွားပါမည်။

သို့ဖြစ်၍ ဤစာတမ်းကို လေ့လာ ဖတ်ရှုမှတ်သား၍ စူးစူးစိုက်စိုက် အမှန်တကယ် ကျင့်ကြံပွားများ ကြသောသူတို့သည် ကိုယ်တွင်းရန် ကိလေသာအပူမီးနှင့် အပြင်ရန် ကာမဂုဏ် အပူမီးတို့ကို အကြွင်းမဲ့မဟုတ်စေကာမူ တဒင်္ဂ, ဝိက္ခမ္ဘနပဟာန် အနေအားဖြင့် အမှန်တကယ် ငြိမ်းအေးစေနိုင်လိမ့်မည်။ အယုတ်အားဖြင့် လိုက်နာကျင့်ကြံဖို့ရန် လမ်းစရသွားနိုင်ပေလိမ့်မည်ဟု ယုံကြည်ပါသည်။

## စတုရာရက္ခကမ္မဋ္ဌာန်း

ဗုဒ္ဓအဘိဓမ္မာ၌ ရှုမှတ်ပွားများရာ ကမ္မဋ္ဌာန်းသည် သမထဘာဝနာကမ္မဋ္ဌာန်း, ဝိပဿနာဘာဝနာ ကမ္မဋ္ဌာန်းဟု အကျဉ်းအားဖြင့် ၂-မျိုးရှိ၏။ ထိုတွင် ကိလေသာတို့နှင့် ဝိတက် စသည်တို့ကို ငြိမ်သက်စေတတ်၍ သမာဓိပြဋ္ဌာန်းသော ဘာဝနာအလုပ်သည် သမထဘာဝနာ ကမ္မဋ္ဌာန်းမည်၏။ ရုပ်နာမ်ခန္ဓာတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ ဟု အမျိုးမျိုး ရှုတတ်သည်ဖြစ်၍ ပညာပြဋ္ဌာန်းသော ဘာဝနာအလုပ်သည် ဝိပဿနာဘာဝနာ ကမ္မဋ္ဌာန်းမည်၏။

ထိုတွင် သမထဘာဝနာကမ္မဋ္ဌာန်းသည် လေးဆယ်ရှိ၏။ ထိုလေးဆယ်တို့တွင်- ဗုဒ္ဓါနုဿတိဘာဝနာ၊ မရဏာနုဿတိဘာဝနာ၊ အသုဘဘာဝနာ၊ မေတ္တာဘာဝနာ ဟူသော ဤတရားလေးပါးတို့သည် စိတ်ကို မကောင်းသော အာရုံသို့ မသွားနိုင်အောင် စောင့်ရှောက်ကာကွယ်တားမြစ်တတ်သောကြောင့် စတုရာရက္ခ ဘာဝနာကမ္မဋ္ဌာန်း မည်ပါသည်။[၁] အလွှင်းရန်ကိလေသာများနှင့် အပြင်ရန်များကို ကာကွယ်ရန်အလို့ငှါ ဤကမ္မဋ္ဌာန်းလေးပါးကို ပွားများသင့်၏။

## ဗုဒ္ဓါနုဿတိဘာဝနာကမ္မဋ္ဌာန်း

ထိုစတုရာရက္ခကမ္မဋ္ဌာန်းတရား လေးပါးတို့တွင် ဗုဒ္ဓါနုဿတိဘာဝနာကမ္မဋ္ဌာန်းသည် ဘုရားရှင်၏ ဂုဏ်တော်များကို မိမိစိတ်ထဲတွင် ထင်မြင်လာအောင် အာရုံပြု၍ အဖန်ဖန် အောက်မေ့ခြင်းတည်း။[၂] ထိုဗုဒ္ဓါနုဿတိဘာဝနာကမ္မဋ္ဌာန်းကို ပွားများလိုသောသူသည် မြတ်စွာဘုရား၏ အကြောင်းကောင်းပုံ၊ အကျိုးကောင်းပုံနှင့် သတ္တဝါတို့အား ကျေးဇူးများပုံကို ဦးစွာ အာရုံပြု၍ ပွားများရမည်။

မြတ်စွာဘုရား အကြောင်းကောင်းပုံမှာ- မြတ်စွာဘုရားသည် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူရာအခါ၌ များစွာသော စည်းစိမ်တို့အပြင် အင်္ဂါကြီးငယ်နှင့် အသက်ကိုပါစွန့်၍ ဖြည့်ကျင့်တော်မူခြင်း၊ ဆွေတော်မျိုးတော်တို့၏ အကျိုးစီးပွားနှင့် သတ္တဝါတို့၏ အကျိုးစီးပွားကို ကျင့်တော်မူခြင်း စသည်တို့ပင်ဖြစ် ပါသည်။

အကျိုးကောင်းပုံမှာ- အကြောင်းကောင်းသည့်အားလျော်စွာ ဘုရားဖြစ်မည့်ဘဝ၌ တုသိတာနတ်ပြည်ဝယ် နတ်ဗြဟ္မာတို့က လူ့ပြည်၌ ပဋိသန္ဓေနေဖို့ရန် တောင်းပန်ခြင်း၊ ချမ်းမြေ့စွာ ပဋိသန္ဓေနေရခြင်း၊ ချမ်းမြေ့စွာ ဖွားမြင်တော်မူရခြင်း၊ ၁၆-နှစ်အရွယ်တွင် ထီးနန်းစံရခြင်းနှင့် ၃၅-နှစ်အရွယ်တွင် သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်ရှိတော်မူခြင်းပင် ဖြစ်ပါသည်။

သတ္တဝါတို့အား ကျေးဇူးများပုံမှာ- ဘုရားဖြစ်တော်မူပြီးနောက် မနားမနေ တရားတော်ကို ဟောပြတော်မူခြင်း၊ အပါယ်လေးပါးတို့ ရှိကြသည်ဟု သိရခြင်း၊ အပါယ်ရောက်ကြောင်း ဒုစရိုက်တရားတို့ကို သိရခြင်း၊ ထိုဒုစရိုက်တို့ကို ရှောင်ကြဉ်လျှင် အပါယ်ဒုက္ခမှ လွတ်မြောက်ရခြင်း၊ နတ်၊ဗြဟ္မာနှင့် နိဗ္ဗာန်တို့ ရှိကြသေး၏ ဟုသိရခြင်း၊ လူနတ်နိဗ္ဗာန်ရောက်ကြောင်း သုစရိုက်တရားတို့ကို သိရခြင်းနှင့် သိသဖြင့် ထိုတရားတို့ကို ကျင့်ကြံအားထုတ်သော သူတို့မှာ- လူ၊နတ်၊နိဗ္ဗာန်ချမ်းသာကို ရကြခြင်းပင်ဖြစ်ပါသည်။ ဤသို့ရကြခြင်းသည် မိဘလည်း မပေးနိုင် ဆရာလည်း မပေးနိုင်သော ကျေးဇူးများပုံဖြစ်ပါ၏။

## ဗုဒ္ဓါနုဿတိဘာဝနာကမ္မဋ္ဌာန်းပွားများပုံ

ဤဆိုအပ်ခဲ့ပြီးသော မြတ်စွာဘုရား၏ အကြောင်းကောင်းပုံ စသည်တို့ကို အာရုံပြုပြီးနောက်

ဗုဒ္ဓါ နုဿတိဘာဝနာကမ္မဋ္ဌာန်းကို ပွားများရမည်။ ထိုသို့ပွားများရာ၌ ကြည်ညိုဖွယ်ကောင်းသော ဆင်းတုတော် တစ်ဆူကို အာရုံယူရ၏။ ထို့နောက် ဘုရားရှင်၏ရုပ်ပုံတော်မှ ဘုရားရှင်၏ဂုဏ်တော်သို့ အာရုံပြောင်း၍ အရဟံ အစ ဘဂဝါ အဆုံးရှိသော ဘုရားဂုဏ်တော်တို့ကို အဖန်ဖန် ပွားများရမည်။

ဤသို့ ဘုရားဂုဏ်တော်ကိုးပါးကို အစဉ်အတိုင်းဆင်ခြင်ပွားများပြီးသော် မိမိအနှစ်သက်ဆုံးသော ဂုဏ်တော်တစ်ပါးပါးကို ရွေးချယ်၍ အဖန်ဖန်အထပ်ထပ်နှလုံးသွင်း ဆင်ခြင်ရ၏။ မိမိ၏စိတ်သည် ထိုသို့ နှလုံးသွင်းဆင်ခြင်၍ သမာဓိတက်လာသောအခါ ဗုဒ္ဓ၏ရုပ်ပုံတော် ကွယ်ပျောက်သွားပြီး ဘုရားရှင်၏ ဂုဏ်တော်၌သာ တည်နေပေလိမ့်မည်။

ထိုသို့ဖြစ်လျှင် ယောဂီသည် သူ၏ဘာဝနာကို ဘုရားဂုဏ်တော်၌သာ ငြိမ်သက်စွာ စူးစိုက်ထားရမည်။ ထိုအခါ ဘာဝနာပွားသောသူသည် မကြာမြင့်မီ ဗုဒ္ဓါနုဿတိဘာဝနာ၌ ဥပစာရသမာဓိသို့ ရောက်မည်။ ဤဗုဒ္ဓါနုဿတိဘာဝနာသည် ဥပစာရဈာန်သမာဓိကိုသာ ဖြစ်စေနိုင်သည်။ အပ္ပနာဈာန်ကိုကား မဖြစ်စေနိုင်ပေ။[၃]

**ဗုဒ္ဓါနုဿတိဘာဝနာကမ္မဋ္ဌာန်းအကျိုး**

သို့ရာတွင် ဗုဒ္ဓါနုဿတိဘာဝနာကမ္မဋ္ဌာန်းကို ပွားများအားထုတ်သောသူသည် များစွာသော အကျိုးတရားတို့ကို ရရှိနိုင်လေသည်။ ၎င်းတို့မှာ-

၁။ မြတ်စွာဘုရား၌ ယုံကြည်လေးမြတ်သည့် သဒ္ဓါတရားတိုးပွားလာခြင်း၊

၂။ အောက်မေ့ အမှတ်ရမှုသတိကောင်းမွန်လာခြင်း၊

၃။ ဉာဏ်ပညာကြီးမြင့်လာခြင်း၊

၄။ နှစ်သက်ဝမ်းမြောက်မှု ပီတိများစွာဖြစ်ခြင်း၊

၅။ ချမ်းချမ်းသာသာ နေရခြင်း၊

၆။ မြတ်စွာဘုရား ရှေ့မှောက်၌နေထိုင်ရသကဲ့သို့ ခံစားရ၍ မကောင်းမှုများကို ရှောင်ကြဉ်နိုင်ခြင်း၊

၇။ မြတ်စွာဘုရားဂုဏ်တော်များနှင့် ထုံမွှမ်းထားသူ၏ ခန္ဓာကိုယ်သည် ဓါတ်တော်များ ကိန်းဝပ်သည့် ဂန္ဓကုဋီတိုက်ကဲ့သို့ ရှိခိုးပူဇော်ရန်ထိုက်တန်လာခြင်း၊

၈။ ထိုဗုဒ္ဓါနုဿတိ ဥပစာရဈာန်သမာဓိ၌တည်၍ ဝိပဿနာပွားလျှင် မဂ်ဖိုလ်ရနိုင်ခြင်းနှင့် မဂ်ဖိုလ်မရလျှင် သုဂတိဘဝသာ လားရာရှိခြင်း- စသည်တို့ဖြစ်ပါသည်။[၄]

ထိုအကျိုးအာနိသင်ရရှိသွားသောပုဂ္ဂိုလ်တို့တွင် မဟာကပ္ပိနမင်းတို့သည် မြတ်စွာဘုရား၏ ဂုဏ်တော်ကို ဆင်ခြင်လျက် မြတ်စွာဘုရားထံ မြစ်သုံးတန်ကို မြင်းစီးပြီးကူးသွားရာ ဂုဏ်တော် တန်ခိုးကြောင့် မြင်းခွါရာကို ရေပင်မထိပဲ တစ်ဘက်ကမ်းကို ကူးသွားနိုင်ကြသည်။[၅]

ထို့ကြောင့် တန်ခိုးအာနုဘော်ကြီးသော ဗုဒ္ဓါနုဿတိဘာဝနာကမ္မဋ္ဌာန်းကို အဖန်ဖန်အားထုတ်ကြရာ၏။

**မရဏာနုဿတိဘာဝနာကမ္မဋ္ဌာန်း**

မရဏာနုဿတိဘာဝနာဟူသည် သေခြင်းကို မိမိစိတ်ထဲကွင်းထင်မြင်လာအောင် အာရုံပြု၍ အဖန်တလဲလဲ အောက်မေ့အမှတ်ရခြင်းပင်ဖြစ်၏။[၆]

**မရဏာနုဿတိဘာဝနာကမ္မဋ္ဌာန်းပွားများပုံ**

ထိုမရဏာနုဿတိဘာဝနာကို ပွားများလိုသော ပုဂ္ဂိုလ်သည်-

၁။ ရဟန္တာပုဂ္ဂိုလ်တို့၏ အပြီးသတ်ချုပ်ငြိမ်းခြင်း ဟုခေါ်အပ်သော သေခြင်းမျိုးကို မအောက်မေ့ရ။ ထိုသေခြင်းမျိုးသည် အလွန်နည်းပါးသော သေခြင်းမျိုးဖြစ်၏။

၂။ ရုပ်နာမ်သင်္ခါရတို့၏ ဖြစ်တည်ပျက်ဟုဆိုအပ်သော ခဏိကသေခြင်းမျိုးကို မအောက်မေ့ရ၊ ထိုသေခြင်းမျိုးသည် ပေါ်လွင်ထင်ရှားခြင်းမရှိသော သေခြင်းမျိုးဖြစ်၏။

၃။ လူတို့ခေါ်ရိုးခေါ်စဉ်ဖြစ်သော သစ်ပင်သေသည် သံသေသည် စသည်တို့၌ အသက်မရှိသော အရာဝတ္ထုများ၏ ပျက်စီးမှုဟုဆိုအပ်သော သေခြင်းမျိုးကို မအောက်မေ့ရ။ ထိုသေခြင်းမျိုးသည် ထိတ်လန့်စရာ သံဝေဂရစရာအကြောင်းမဟုတ်ပေ။ အောက်မေ့ရမည်မှာ- တစ်ဘဝတစ်ကြိမ်သာ သေသော အသက်၏ ပြတ်စဲခြင်းကိုသာ အောက်မေ့ရသည်။

ထိုသေခြင်းသည် -

၁။ အသက်တမ်းကုန်၍သေခြင်း

၂။ ကံကုန်၍သေခြင်း

၃။ အသက်တမ်းနှင့်ကံ နှစ်ပါးစုံကုန်၍သေခြင်းနှင့်

၄။ ကြားဖြတ်၍ သေတတ်သော ဥပစ္ဆေဒကကံဖြင့်သေခြင်း-ဟု လေးမျိုးရှိ၏။[၇]

ထိုလေးမျိုးကို သင့်လျော်သော နှလုံးသွင်းမှုမျိုးဖြစ်အောင် အောက်မေ့ဆင်ခြင်ရမည်။ သင့်လျော်သော နှလုံးသွင်းမှုမျိုး မဖြစ်လျှင်-

၁။ ချစ်ခင်သူ၏ သေခြင်းကို အာရုံပြုလျှင် သားသေသောမိခင်ကဲ့သို့ ဖြစ်တတ်သည်။

၂။ မုန်းသူ၏ သေခြင်းကို အာရုံပြုလျှင် ရန်သူသေသကဲ့သို့ ဝမ်းမြောက်မိတတ်သည်။

၃။ မချစ်မမုန်းသောသူ၏ သေခြင်းကို အာရုံပြုလျှင် လူသေကောင်ကို နေ့စဉ် ကိုင်တွယ်မြှုပ်နှံရသော်လည်း မည်သည့် ထူခြားခြင်းမျှမရှိသော သုဘရာဇာ(သင်္ချိုင်း၌နေ၍ လူသေကောင်မြှုပ်နှံသဂြိုဟ်သူ) စသည် တို့ကဲ့သို့ သံဝေဂဉာဏ်(မွေးဖွား၊ အို၊ နာ၊ သေ၊ အပါယ်ဒုက္ခစသည်တို့မှ ကြောက်ရွံ့ထိတ်လန့်မှု) မဖြစ်တတ်ပေ။

ထို့ကြောင့် ထိုထိုနေရာ၌ မြင်ဖူးသောသူသေကို ကြည့်ရှုဆင်ခြင်၍ သတိသံဝေဂဉာဏ်နှင့်တကွ အောက်မေ့ရသည်။

အောက်မေ့ပုံမှာ-

၁။ အဒ္ဒုဝံ မေ ဇီဝိတံ = ငါ၏အသက်ရှင်ခြင်းသည် မမြဲ။

၂။ ဓုဝံ မေ မရဏံ = ငါ၏သေခြင်းတရားသည် မြဲ၏။

၃။ အဝဿံ မယာ မရိတဗ္ဗမေဝ = ငါသည် ကေန်မုချသေဝိုက်သည်သာ။

၄။ မရဏပရိယောသာနံ မေ ဇီဝိတံ = ငါ၏အသက်ရှင်ခြင်းသည် သေခြင်းလျှင် အဆုံးအပိုင်းအခြား ရှိ၏ ဟူ၍ဖြစ်ပါသည်။[၈]

## မရဏာနုဿတိဘာဝနာကမ္မဋ္ဌာန်းအကျိုး

ဤသို့ စသည်ဖြင့် အဖန်ဖန်အောက်မေ့လျှင် ဉာဏ်ထက်သူမှာ နိဝရဏတရားကွာလျက် မရဏာ နုဿတိအာရုံမြဲသဖြင့် အင်္ဂါငါးပါးရှိသော ဥပစာရဈာန်ကို ရလေ၏။ ဤမရဏာနုဿတိ ဘာဝနာသည် ဥပစာရဈာန်မျှကိုသာ ဖြစ်စေနိုင်သည်။[၉] ဥပစာရဈာန်ကို အခြေခံ၍ ဝိပဿနာ ဉာဏ်ဖြင့် မဂ်ဖိုလ်ကို တက်လှမ်းနိုင်သည်။

မရဏာနုဿတိဘာဝနာကမ္မဋ္ဌာန်းကို ရှုပွားသောသူ ရနိုင်သောအကျိုးတရားများမှာ-

၁။ မေ့လျော့မှုကင်းခြင်း

၂။ အလုံးစုံသော ဘဝဂတိတို့၌ မမွေ့လျော်ခြင်းအမှတ်သညာကိုရခြင်း

၃။ အသက်နှင့်ပစ္စည်းဥစ္စာတို့၏ ကပ်ငြိတွယ်တာခြင်း နိကန္တိတဏှာကို ပယ်စွန့်နိုင်ခြင်း

၄။ မကောင်းမှုကို စက်ဆုပ်ခြင်း

၅။ များစွာသိုမှီး သိမ်းဆည်းခြင်းကို ရှောင်ရှားခြင်း

၆။ မရဏာနုဿတိပွားများခြင်းကြောင့် မတည်မြဲခြင်းအနိစ္စသညာ ပေါ်လွင်ထင်ရှားလာခြင်း

၇။ အနိစ္စသညာ ပေါ်လွင်ထင်ရှားလာသဖြင့် ဒုက္ခသညာ၊ အနတ္တသညာတို့လည်း ထင်ရှားလာခြင်း

၈။ ကောင်းသောနိမိတ်ထင်၍ ကြောက်ရွံ့ခြင်း မရှိဘဲသေရခြင်း

၉။ မျက်မှောက်ဘဝတွင် သေခြင်းကင်းသော နိဗ္ဗာန်ကို ရနိုင်ခြင်းနှင့်

၁၀။ နိဗ္ဗာန်မရလျှင် သုဂတိဘဝသာ လားရောက်ရာရှိခြင်း- တို့ဖြစ်သည်။[၁၀]

ဤ၌ မရဏာနုဿတိဘာဝနာကို ပွားများခြင်းကြောင့် အကျိုးရရှိသွားသော သာဓကတစ်ခု ကို ထုတ်ပြပါမည်။ ဥရဂဇာတ်၌ ဘုရားလောင်းပုဏ္ဏားသည် မိသားစုဝင် ၆-ဦးနှင့်အတူ ညအိပ်ယာ မဝင်ခင် မရဏံ မေ ဘဝိဿတိ = ငါသေရဦးမည် ဟူသော မရဏာနုဿတိကမ္မဋ္ဌာန်းကို ညစဉ် ပွားများ၏။ ထိုအကျိုးကြောင့် သားယောက်ျားကွယ်လွန်သောအခါ မည်သူတစ်ဦးတစ်ယောက် မျှ ငိုကြွေးပူဆွေးခြင်း မရှိ။ သိကြားမင်းသည် ဘုရားလောင်းပုဏ္ဏားတို့၏ သီလတန်ခိုး မရဏာ နုဿတိ အကျိုးကြောင့် လှူပြည်ဆင်း၍ ပုဏ္ဏားတို့၏ နေထိုင်ရာအိမ်ကို ရတနာ၇-ပါးဖြင့် ပြည့်စေ၏။ ဘုရားလောင်းပုဏ္ဏားမိသားစုတို့သည် ကွယ်လွန်သောအခါ နတ်ပြည်သို့ ရောက်ရှိကြသည်။[၁၁]

မရဏာနုဿတိဘာဝနာအကျိုးတည်း။ ထို့ကြောင့် သေခြင်းတရားကို ကြောက်ရွံ့ထိတ်လန့်ကြသောသူတို့သည် မရဏာနုဿတိကို မေ့လျော့ခြင်းမရှိဘဲ ရှုမှတ်ပွားများအားထုတ်ကြရာ၏။

**အသုဘဘာဝနာကမ္မဋ္ဌာန်း**

အသုဘဘာဝနာကမ္မဋ္ဌာန်းဟူသည် သေသူ၊ ရှင်သူ၊ မိန်းမ၊ ယောကျ်ား သတ္တဝါအများ၏ ခန္ဓာကိုယ်၊ တစ်နည်းအားဖြင့် ဆံပင် မွေးညှင်း စသော ၃၂-ကောဋ္ဌာသနှင့် အသုဘ ၁၀-ပါးတို့ကို မတင့်တယ်ရွံရှာဖွယ်ဟု ဉာဏ်ဖြင့်ရှု၍ ပွားများဆင်ခြင်မှုပင်ဖြစ်ပါသည်။[၃၂] ဤကမ္မဋ္ဌာန်းသည် ကာမဂုဏ်ကို တပ်မက်သည့် ရာဂဘီလူးကို ချိုးနှိမ်ရန် အကောင်းဆုံးသော ကမ္မဋ္ဌာန်းဖြစ်သည်။

**အသုဘဘာဝနာကမ္မဋ္ဌာန်းပွားပုံ**

ဤအသုဘဘာဝနာကို ပွားများလိုသောပုဂ္ဂိုလ်သည် သက်ရှိအသုဘ ၃၂-ကောဋ္ဌာသကို အာရုံပြု ၍ဖြစ်စေ၊ သက်မဲ့အသုဘဖြစ်သော အသုဘ ၁၀-ပါးတွင် တစ်ပါးပါးကို အာရုံပြု၍ဖြစ်စေ ပွားများရာ၏။သက်ရှိအသုဘ ၃၂-ကောဋ္ဌာသကို ဆင်ခြင်ပွားများရာ၌ ငါးပါးသောအခြင်းအရာဖြင့် ကြည့်ရှု ဆင်ခြင်ရာ၏။ ဆင်ခြင်ပုံမှာ-

၁။ ဤငါ၏ ခန္ဓာကိုယ်၌ ဤဆံပင်တို့သည် နက်သောအားဖြင့်လည်းကောင်း၊

၂။ လျှော်မျှင်သဏ္ဌာန်အားဖြင့်လည်းကောင်း၊

၃။ ညှီဟောင်သော အနံ့အားဖြင့်လည်းကောင်း၊

၄။ သလိပ် သည်းခြေ လေ ဟူသော မီရာအကြောင်းအားဖြင့်လည်းကောင်း၊

၅။ ဦးခေါင်းခွံဟူသော တည်ရာအရပ်အားဖြင့်လည်းကောင်း မတင့်တယ်ကုန်၊ စက်ဆုပ်ရွံရှာဖွယ် ကောင်းကုန်၏ ဟူ၍ဖြစ်ပါသည်။

ကျန်မွေးညှင်းစသည်တို့၌လည်း ဤနည်းအတိုင်းပင်ရှုရ၏။ ဤသို့လျှင် ၃၂-ကောဋ္ဌာသတို့ကို အသီးသီး တစ်ခုစီတစ်ခုစီ ကြည့်ရှုဆင်ခြင်ရာ၏။

**သက်ရှိအသုဘဘာဝနာကမ္မဋ္ဌာန်းအကျိုး**

ဤကဲ့သို့ ကြည့်ရှုဆင်ခြင်ခြင်းကြောင့် ရရှိသော အကျိုးများမှာ-

၁။ တရားအားထုတ်ရာ၌၊ ဘာဝနာတို့၌မပျော်မွေ့ခြင်းနှင့် ကာမဂုဏ်၌ပျော်မွေ့မှုတို့ကို နှိမ်နင်းနိုင်ခြင်း

၂။ ဘေးကြီး ဘေးငယ်ကို သီးခံနိုင်ခြင်း

၃။ အအေးအပူ မှက်ခြင် ယင် မြွေကင်း စသည်တို့၏ ကိုက်ခဲခြင်းအတွေ့အထိတို့ကို သည်းခံနိုင်ခြင်း၊

၄။ စကားဆိုးတို့ကို သီးခံနိုင်ခြင်း

၅။ ဆံပင်စသည်တို့၏ အညို အဝါ အနီ အဖြူ ဟူသောအဆင်းထူးကို မှီ၍ ဈာန် ၄-ပါးကို ရနိုင်ခြင်း

၆။ ကိုယ်၏ဆင်းရဲခြင်းတို့ကို သီးခံနိုင်ခြင်းနှင့်

၇။ အသိဉာဏ်ကို ထိုးထွင်း၍ သိနိုင်ခြင်း-တို့ဖြစ်ပေသည်။[၃၃]

ထို့ကြောင့် ပညာရှိတို့သည် ရာဂဘီလူးကို နှိုးနှိမ်နိုင်သည့် များစွာသော အကျိုးနှင့်ပြည့်စုံသော ဤ ၃၂-ကောဋ္ဌာသကမ္မဋ္ဌာန်းကို ကြိမ်ဖန်များစွာ ရှုမှတ်ပွားများသင့်ကြပေသည်။

**သက်မဲ့အသုဘဘာဝနာပွားများပုံနှင့်အကျိုး**

ထို့ပြင် အသက်ဝိညာဉ်မရှိသော အသုဘ ၁၀-ပါးတို့တွင် ဖူးဖူးရောင်လျက် စက်ဆုပ်ဖွယ်ဖြစ်သော အကောင်ပုပ်အသုဘသည် ရာဂစရိုက်ရှိသူနှင့်သင့်လျော်၏။[၃၄] ထို့ကြောင့် ရာဂစရိုက်ရှိသူသည် မိမိရာဂစရိုက်နှင့် သင့်လျော်သော ဥဒ္ဓုမာတက (ဖူးဖူးရောင်နေသော လူသေကောင်) အသုဘကို "ပဋိက္ကူလ ပဋိက္ကူလ = ရွံစရာ ရွံစရာ" ဟု အဖန်ဖန်ပွားများရသည်။ ပွားများဖန်များလျှင် မိမိကြည့်ရှုနေသော မူလအသုဘ အာရုံပျောက်၍ မတင့်တယ်သော ဥဂ္ဂဟ နိမိတ်ထင်လာ၏။ ယင်းထင်လာသောအာရုံကိုပင် အာရုံပြု၍ ဆက်လက်ပွားများလျှင် ဆူဖြိုးသော ယောကျ်ားကြီး အိပ်နေသကဲ့သို့ ထင်ရှားစွာ ပဋိဘာဂနိမိတ်ထင်လာ၏။ ထိုသို့ထင်လျှင် ကာမစ္ဆန္ဒစသော နီဝရဏ တရားငါးပါးကွာ၍ ဈာန်အင်္ဂါငါးပါး ထင်ရှားဖြစ်လာ၏။[၃၅]

ဤသို့ ထင်ရှားဖြစ်လာလျှင် သမထဈာန်နှင့်တူသော ဥပစာရဈာန်သည် ထိုခဏ၌ ဖြစ်ပြီးနောက် ပထမဈာန်ကိုရ၏။[၃၆] အသုဘ ၁၀-မျိုးတွင် တစ်မျိုးမျိုး၌ ပထမဈာန်ရရှိပြီးသော ပုဂ္ဂိုလ်သည် အသုဘသညာ ကိုရရှိပြီဖြစ်၍ လောဘကို ကောင်းစွာ ဖိနှိပ်ထားနိုင်ပြီ။ ထို့ကြောင့် ထိုသူသည် ကာမဂုဏ်တို့၌ တပ်မက်မှုကင်းလျက် ရဟန္တာပုဂ္ဂိုလ်တို့ကဲ့သို့ တည်ငြိမ်သွားမည်။

ဤ၌ အသုဘဘာဝနာပွားများခြင်းကြောင့် အကျိုးရရှိသွားသော သာဓကတစ်ခုကို ထုတ်ပြပါမည်။ စေတိယတောင်၌ သီတင်းသုံးသော တိဿမထေရ်သည် ရယ်သံကိုကြား၍ ကြည့်ရာ၌ သွားရိုးကိုသာ မြင်တွေ့လေ၏။ ထိုအခါ၌ မထေရ်သည် အဋ္ဌိကသညာကိုယူ၍ ဈာန်နှင့်တကွသော မဂ်ဖိုလ်တရားကို ရရှိခဲ့လေသည်။[၃၇] အသုဘဘာဝနာ ပွားများခြင်း၏ အကျိုးတည်း။ သို့ဖြစ်၍ ယောဂီတို့သည် ရှင်သူ၏ကိုယ်၌ဖြစ်စေ၊ သေသူ၏ကိုယ်၌ဖြစ်စေ အသုဘဘာဝနာကို ပွားများသင့်ပေသည်။

**မေတ္တာဘာဝနာကမ္မဋ္ဌာန်း**

မေတ္တာဘာဝနာကမ္မဋ္ဌာန်းဟူသည် ဖွဲလမ်းတပ်မက်မှုတဏှာသဘော မပါဘဲ အကျိုးစီးပွား လိုလားမှုဖြင့် ကျန်းမာပါစေ ချမ်းသာပါစေဟု မေတ္တာပွားများခြင်းပင် ဖြစ်ပါသည်။

**အပြစ်အကျိုးဆင်ခြင်ပုံ**

သို့ဖြစ်၍ မေတ္တာပွားလိုသောသူသည် သီလကိုစင်ကြယ်စေ၍ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်ကာ ဒေါသ၏ အပြစ်နှင့်သီးခံခြင်း၏ အကျိုးကို ဦးစွာဆင်ခြင်နှလုံးသွင်းထားရမည်။ ဆင်ခြင်ပုံမှာ-

ဒေါသသည် အကျိုးအကြောင်း ကိုမသိ အဆိုးအကောင်းကိုမသိ အကျိုးကိုဖယ်၍ အပြစ်ကိုယူ၏။ ခန္တီသည် အကျိုးအကြောင်းကို ကြည့်၏၊ အဆိုးအကောင်းကို သိ၏။ အပြစ်ကိုဖယ်၍ အကျိုးကိုယူ၏ ဟူ၍ဖြစ်ပါသည်။

**ရှေးဦးစွာမေတ္တာမပို့ရသောပုဂ္ဂိုလ်များ**

ထို့ပြင် ရှေးဦးစွာမေတ္တာမပို့ရသော ပုဂ္ဂိုလ်များမှာ မချစ်မနှစ်သက်အပ်သောပုဂ္ဂိုလ်၊ အလွန်ချစ်ခင်အပ်သောပုဂ္ဂိုလ်၊ ချစ်သည်လည်းမဟုတ် မုန်းသည်လည်းမဟုတ်သော အလယ်လတ်ဖြစ်သော ပုဂ္ဂိုလ်နှင့် မိမိ၏ ရန်သူဖြစ်သော ဝေရီပုဂ္ဂိုလ်တို့ဖြစ်၏။ ဤပုဂ္ဂိုလ်တို့၌ ရှေးဦးစွာ မေတ္တာမပွားရ၊ လိင်မတူသော ပုဂ္ဂိုလ်၌ သီးသန့်မေတ္တာပွားလျှင် ရာဂဖြစ်တတ်၏။ ထို့ကြောင့် လိင်မတူသော ပုဂ္ဂိုလ်၌ သီးသန့်ပိုင်းခြား၍ မေတ္တာမပွားရ၊ သေသောပုဂ္ဂိုလ်၌ မေတ္တာပို့သပွားများလျှင် အပ္ပနာဈာန် မဖြစ်သောကြောင့် သေသောပုဂ္ဂိုလ်၌လည်း မေတ္တာမပို့သရ မပွားများရပါ။

**မေတ္တာဘာဝနာပွားများပုံ**

မေတ္တာပွားရာ၌ ရှေးဦးစွာကိုယ်ချင်းစာတရားထားနိုင်ရန် မိမိကိုယ်ကစ၍ အောက်ပါအတိုင်း မေတ္တာပွားရသည်။

၁။ ငါသည် ဘေးရန်ကင်းပါစေ

၂။ စိတ်ဆင်းရဲ ကင်းပါစေ

၃။ ကိုယ်ဆင်းရဲ ကင်းပါစေ

၄။ ကျန်းမာစွာဖြင့် မိမိ၏ခန္ဓာဝန်ကိုရွက်ဆောင်နိုင်ပါစေ။

ဤသို့ မိမိကိုယ်ကို မေတ္တာပွားသော်လည်း မေတ္တာဈာန်ကိုကား မရရှိနိုင်ပါ။

ထို့ပြင် မေတ္တာဘာဝနာရှုသူသည် မိမိနှင့်လိင်တူသော ဆရာ သို့မဟုတ် ဥပဇ္ဈာယ်ဆရာ သို့မဟုတ် ချစ်ခင်မြတ်နိုးသောသူကို မေတ္တာပွားရမည်။ ထိုပုဂ္ဂိုလ်တို့၏ ရက်ရောမှု၊ ကြည်ညိုဖွယ် ကိုယ်ကျင့် သီလ, သမာဓိ, ပညာ ရှိမှုတို့ကို အာရုံပြု၍ အောက်ပါအတိုင်း အောက်မေ့ဆင်ခြင်ရမည်။

ဤသူတော်ကောင်းသည်

၁။ ဘေးရန် ကင်းပါစေ

၂။ စိတ်ဆင်းရဲ ကင်းပါစေ

၃။ ကိုယ်ဆင်းရဲ ကင်းပါစေ

၄။ ကျန်းမာစွာဖြင့် မိမိ၏ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ပါစေ။

ဘာဝနာပွားသူသည် မေတ္တာပွားနည်း လေးချက်ကို သုံး,လေးကြိမ် ပွားများပြီးနောက် နှစ်သက်ရာ မေတ္တာပွားနည်းတစ်မျိုးမျိုးကို ကြိမ်ဖန်များစွာ ပွားများရမည်။ ထို့နောက် မိဘ, ညီအစ်ကို, မောင်နှမ, ဆွေမျိုးနှင့် မိတ်ဆွေအပါအဝင် မိမိချစ်မြတ်နိုးသည့် အသက်ရှင်ဆဲ လိင်တူ ပုဂ္ဂိုလ်တို့၌ တစ်ဦးပြီးလျှင်တစ်ဦး အာရုံယူ၍ မေတ္တာပွားနည်း လေးမျိုးလုံးဖြင့် ပွားများရမည်။ ပိယဂရုဘာဝနီယ ပုဂ္ဂိုလ်ဖြစ်သော လေးစားချစ်ခင်အပ်သောပုဂ္ဂိုလ်နှင့် အတိပ္ပိယ ပုဂ္ဂိုလ်ဖြစ်သော

အလွန် ချစ်မြတ်နိုးအပ်သည့် ပုဂ္ဂိုလ်နှစ်မျိုးလုံး၌ မေတ္တာချင်းညီမျှအောင် ချစ်မြတ်နိုးသည့် ပုဂ္ဂိုလ် အရာ၌တည်အောင် ပွားများရမည်။

ထို့နောက် အသက်ရှင်ဆဲ လိင်တူ မဇ္ဈတ္တ ခေါ် မချစ်မမုန်း အလယ်အလတ်ပုဂ္ဂိုလ်နှင့် ဝေရီ ခေါ်ရန်သူ ပုဂ္ဂိုလ်တို့၌ အစဉ်အတိုင်း မေတ္တာပွားရမည်။

၁။ အတ္တ = မိမိ

၂။ ပိယ = ချစ်ခင်လေးစားသူနှင့် အလွန်ချစ်မြတ်နိုးသူ

၃။ မဇ္ဈတ္တ = မချစ်မမုန်းအလယ်အလတ်ပုဂ္ဂိုလ်နှင့်

၄။ ဝေရီ = ရန်သူပုဂ္ဂိုလ် ဟူသော ဤပုဂ္ဂိုလ်လေးမျိုးတို့ကို မေတ္တာအညီအမျှ ပွားများလာနိုင်သောအခါ- ဤပုဂ္ဂိုလ်တို့၌ သီမာသမ္ဘေဒ ခေါ် အပိုင်းအခြားကို ဖြိုခွဲဖျက်ဆီးနိုင်သော မေတ္တာဈာန်ကို ကြိမ်ဖန် များစွာ ဝင်စားရမည်။ အတ္တ ခေါ် မိမိကို အာရုံယူကာ မေတ္တာဘာဝနာကို ပွားများသော်လည်း မေတ္တာဈာန် ကိုကားမရနိုင်။ သို့သော် ဤအရာ၌ ပုဂ္ဂိုလ်အပိုင်းအခြားကို ဖြိုခွဲနိုင်ရေးအတွက်သာ မေတ္တာဘာဝနာကို ပွားများခြင်းဖြစ်၏။ လိင်တူပုဂ္ဂိုလ်ဖြစ်သော ပိယ, မဇ္ဈတ္တ, ဝေရီ ပုဂ္ဂိုလ်တို့ကို မေတ္တာပွားရာ၌ကား တတိယဈာန်သို့ ရောက်သည့်တိုင်အောင် ထပ်ကာ ထပ်ကာ ပွားများရမည်။ အတ္တ, ပိယ, မဇ္ဈတ္တ, ဝေရီ ပုဂ္ဂိုလ်တို့၌ မေတ္တာချင်း ညီမျှသွားခဲ့သော်- သီမာသမ္ဘေဒ ခေါ်ပုဂ္ဂိုလ်အပိုင်းအခြားကို ဖြိုခွဲဖျက်ဆီး နိုင်ပြီးဖြစ်၏။ ထိုအခါ ထိုပုဂ္ဂိုလ်အားလုံးတို့အပေါ်၌ ပုဂ္ဂိုလ်အမျိုးမျိုးကို ခွဲခြားခြင်း မပြုတော့ဘဲ မေတ္တာ ညီမျှစွာ ထားရှိနိုင်ပြီဖြစ်၏။

ဤပုဂ္ဂိုလ်လေးမျိုးတို့ကို မေတ္တာပွားရာ၌ ဈာန်ရောက်သည်အထိ ရှုပွားနိုင်သောပုဂ္ဂိုလ်၏ သန္တာန်၌ သာလျှင် သီမာသမ္ဘေဒကို ရရှိနိုင်၏။ သီမာသမ္ဘေဒရရှိပြီးသော သူ၏သန္တာန်၌သာလျှင် ၅၂၈-သွယ်သော မေတ္တာတို့ကို ပြည့်ဝစွာ ပွားများနိုင်မည်ဖြစ်သည်။[၁၈]

**မေတ္တာဘာဝနာအကျိုး**

ဤဆိုခဲ့ပြီးသောနည်းဖြင့် ဈာန်တရားစသည် ရလောက်အောင် မပွားများနိုင်စေကာမူ သူတစ်ပါး အပေါ်၌ အကျိုးလိုလား၍ မေတ္တာစိတ်နှင့်နေထိုင်သောသူသည်-

ချမ်းသာစွာအိပ်စက်ရခြင်း

ချမ်းသာစွာ အိပ်ရာမှ နိုးထရခြင်း စသည့် အကျိုးတရား ၁၁-မျိုးကို ရရှိနိုင်ပါသည်။[၁၉]

ဤ၌ မေတ္တာဘာဝနာပွားခြင်းကြောင့် အကျိုးရရှိသွားသော သာဓကတစ်ခုကို ထုတ်ပြပါမည်။

သာမာဝတီမိဖုရားသည် မြတ်စွာဘုရားအားကိုးကွယ်နေ၏။ ထိုသို့ကိုးကွယ်နေသည်ကို မနာလိုမရှုစိမ့်သော မာဂဏ္ဍီမိဖုရားက သာမာဝတီမိဖုရားကို အကောက်ကြံ၏။ထိုသို့အကောက်ကြံသည်ကို မသိသော ဥတေနမင်းက သာမာဝတီမိဖုရားကို လေးဖြင့်ပစ်သတ်ရန် ကြိုးစားခဲ့၏။ သာမာဝတီမိဖုရားသည် မင်းကြီးအား မေတ္တာပို့နေသဖြင့် ဥတေနမင်း၏လေးမှ မြှားမထွက်နိုင်ခဲ့ပေ။[၂၀] မေတ္တာဘာဝနာပွားများခြင်း၏ အကျိုးတည်း။ထို့ကြောင့် ဒေါသကို ပယ်ရှား၍ မင်္ဂဖိုလ်နိဗ္ဗာန်

ရည်မှန်းသောပုဂ္ဂိုလ်သည် အကျိုးအာနိသင် ကြီးမားသော မေတ္တာဘာဝနာကို ကြိမ်ဖန်များစွာ ပွားများရာ၏။

အချုပ်အားဖြင့် ဆိုရသော် ပညာရှိသည် ဘုရားဂုဏ်တော်ကိုးပါး ပွားများခြင်းဖြင့် ရတနာ သုံးပါးနှင့် ကံ-ကံ၏အကျိုးကို ယုံကြည်မှုသဒ္ဓါတရားကို ထက်သန်စေနိုင်၏။ ယုံကြည်မှု သဒ္ဓါ ထက်သန်လျှင် မယုံကြည်မှု လျှင်အရင်းခံရှိသော မှောက်မှားမှု ဒိဋ္ဌိကို ကာကွယ်နိုင်၏။ သေခြင်းကို အဖန်ဖန်အောက်မေ့ခြင်းဖြင့် ထောင်လွှားမောက်မာမှုမာနကို ပယ်ဖျောက်ကာကွယ် နိုင်၏။ မတင့်မတယ် ရွံစဖွယ်ဟု ရှုခြင်းဖြင့် ခင်မင်စုံမက်နှစ်သက်တတ်သော ရာဂကို ပယ်ဖျောက်ကာကွယ် နိုင်၏။ အကျိုးလိုလားမှု မေတ္တာဖြင့် ဖျက်ဆီးပြစ်မှားမှုဒေါသကို ပယ်ဖျောက်ကာကွယ်နိုင်၏။ ဤတရားလေးပါးသည် တဏှာ, မာန, ဒိဋ္ဌိ ခေါ်နယ်ချဲ့သမားများနှင့်တကွ အဖျက်သမားဒေါသတို့၏ ရန်စွယ်ကို ကာကွယ်နိုင်၏- ဟုဆိုလိုပါသည်။ ထို့ကြောင့် စိတ်ကို မကောင်းသောအာရုံသို့ မရောက်အောင် စောင့်ရှောက်ကာကွယ်ပေးနိုင်သော စတုရာရက္ခ ခေါ် ကိုယ်စောင့်ကာကွယ်ရေး တရားလေးပါးကို ဈာန်တရားမှ မဂ်ဖိုလ်တရားရသည့်တိုင်အောင် ကိုယ်နှင့်အသက်မင့်ကွက်ဘဲ အစဉ်အမြဲ နှလုံးသွင်းရှုမှတ်ပွားများသင့်ကြပေသည်။

အရှင်အရိယဝံသ (ကထိက)
အဘိဓမ္မပိဋကမဟာဌာန
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

**ကျမ်းကိုးစာရင်း**

၁။ ဘိ၊ ဋ္ဌ၊ ၂။ ၄၆။ ဝိ၊ ဋ္ဌ၊ ၄။ ၇၃။ သာရတ္ထ၊ ၂။ ၁၁၆။ ဝိ၊ သင်္ဂဟ။ ၂၂၂။

၂။ ထေရ၊ ဋ္ဌ၊ ၂။ ၆၁။ အံ၊ ဋ္ဌ၊ ၁။ ၃၆၆။ ဘိ၊ ဋ္ဌ၊ ၂။ ၁၈၉။

၃။ ဒီ၊ ဋီ၊ ၂။ ၂၁၄။

၄။ ဒီ၊ ဋီ၊ ၂။ ၂၁၄။

၅။ အံ၊ ဋ္ဌ၊ ၁။ ၂၄၆။ ဓမ္မ၊ ဋ္ဌ၊ ၁။ ၃၅၁။

၆။ အပ၊ ဋ္ဌ၊ ၁။ ၁၆၁။

၇။ သင်္ဂဟ၊ ၈၉၊

၈။ ဓမ္မ၊ ဋ္ဌ၊ ၂။ ၁၁၁။

၉။ ဒီ၊ ဋီ၊ ၂။ ၂၁၄။

၁၀။ စတုရာရက္ခကျမ်း၊ ၁၁၃-၄။ ဒီ၊ ဋ္ဌ၊ ၂။ ၅၃။ သံ၊ ဋ္ဌ၊ ၂။ ၄၄-၄၅။

၁၁။ ဇာ၊ ၁။ ၁၂၂-၃။ ဇာ၊ ဋ္ဌ၊ ၃။ ၁၅၀-၁၅၅။

၁၂။ သံ၊ ဋ္ဌ၊ ၃။ ၂၉၁။ သံ၊ ဋ္ဌ၊ ၃။ ၃၀၀။ ဒီ၊ ဋီ၊ ၃။ ၂၇၅။

၁၃။ အံ၊ ဋီ၊ ၁။ ၈၁။ ဝိသုဒ္ဓိ၊ ၁။ ၂၅၉။ ဝိသုဒ္ဓိ၊ ၂။ ၂၁၄။ ပဋိသမ္ဘိဒါ၊ ၅။

၁၄။ ဒီ၊ ဋ္ဌ၊ ၃။ ၂၃၇။

၁၅။ ဝိသုဒ္ဓိ၊ ၁။ ၁၂၂။ ၁၆၅-၉၊ ၁၈၃-၉၂၊ ၂၅၇။ မ၊ ၁၊ ၇၈။

၁၆။ ဒီ၊ ဋ္ဌ၊ ၃။ ၁၆၈။ အံ၊ ဋီ၊ ၁။ ၈၁။ သံ၊ ဋ္ဌ၊ ၃။ ၃၀၀။ ဝိသုဒ္ဓိ၊ ၁။ ၂၅၉။

၁၇။ ဒီ၊ ဋီ၊ ၂။ ၃၁၆။ မ၊ ဋီ၊ ၁။ ၃၇၄။

၁၈။ ဝိသုဒ္ဓိ၊ ၁။ ၂၈၇-၃၀၁။ သံ၊ ၁။ ၃၀၂-၃၀၃။ မ၊ ၁။ ၁၀။ ဝိသုဒ္ဓိ၊ ၂။ ၂၃၄။
ဒီ၊ ၂။ ၄၇။ သံ၊ ၁။ ၃၁၈။ ဝိသုဒ္ဓိ၊ ၂။ ၂၂၁။

၁၉။ အံ၊ ၃။ ၅၄၂။

၂၀။ ဝိသုဒ္ဓိ၊ ဋ္ဌ၊ ၂။ ၉။

# ပုဂံခေတ်အဘိဓမ္မာကျမ်းများစစ်တမ်း

ဒေါက်တာအာကာမိုးသူ

**စာတမ်းအကျဉ်း**

ဤစာတမ်းသည် ပုဂံခေတ်အတွင်း ပေါ်ပေါက်ခဲ့သော အဘိဓမ္မာကျမ်းများကို ကျောက်စာအကိုး အထောက်ပြု၍ လေ့လာထားပါသည်။ ပုဂံခေတ်တွင် ဗုဒ္ဓဝါဒီမြန်မာလူမျိုးများသည် အဘိဓမ္မပိဋကကို မည်သို့သော ပုံစံဖြင့် ခွဲခြားလေ့လာမှတ်တမ်းတင်ခဲ့ပုံ၊ ပုဂံခေတ်တွင် အဘိဓမ္မာကျမ်းပြုသူနှင့် စာပေပညာရှင်တို့သည် ပိဋကတ်တော်တို့ကို မည်မျှအထိ နားလည်သိကျွမ်းနှံ့စပ်အောင် ပြုစုခဲ့ပုံ ပုဂံခေတ်တစ်လျှောက်လုံး သာသနာရေးကိစ္စများနှင့် အဘိဓမ္မပိဋကကို မည်မျှဆင်ခြင် စဉ်းစားခဲ့ပုံ အကျိုးအကြောင်းလျော်ညီသော ပါဠိစာပေသမိုင်းကြောင်းတစ်ခုကို ပုံဖော်ရာတွင် ယုတ္တိကျသော ချဉ်းကပ်ပြမှုဖြင့် များစွာအထောက်အကူဖြစ်စေရန် ရည်ရွယ်ပါသည်။ ပါဠိစာပေသမိုင်းလေ့လာသူများ အတွက် အထောက်အထားခိုင်လုံသော သမိုင်းတန်ဖိုးအသစ်တစ်ရပ်ဖြစ်စေရန် အားထုတ်ထားပါသည်။

**နိဒါန်း**

မြန်မာနိုင်ငံထေရဝါဒသမိုင်းကြောင်းကို ပုံဖော်ရာတွင် ပုဂံခေတ်ကို ခန္ဓာကိုယ်အလယ်ပိုင်း ပမာထား၍ လေ့လာလျှင် ခေါင်းပိုင်းနှင့်ခြေထောက်ပိုင်းကိုပါ များစွာဆက်စပ်မိနိုင်ကြောင်း လုစ်က ဆိုဖူးပါသည်။ အထောက်အထားမရှိလျှင် သမိုင်းမရှိဟူ၍ ဆိုပြန်ရာ ကျောက်စာများသည် သမိုင်းကို ပုံဖော်ရာတွင် အရေးပါသော အထောက်အထားများ ဖြစ်လာပါသည်။ ကျောက်စာများ ကိုယ်နှိုက်ပင် (၁) မူရင်းကျောက်စာ (၂) ဆင့်ထိုးကျောက်စာ (၃) စပ်ထိုးကျောက်စာ ဟူ၍ရှိရာ အထောက် အထားကို ကိုင်တွယ်ရာတွင် များစွာစိစစ်ရသော သုတေသနအလုပ်ဟု ဆိုနိုင်ပါသည်။ ယခင်က ပိဋကတ်စာရင်းကို ဖော်ပြသော ကျောက်စာများတွင် သီဃဝီရိသုဓမ္မဗိုလ်ကျောက်စာ (ဗဒုံမင်း စုရုံးသော ဆင့်ထိုးကျောက်စာ)နှင့် တက်နွယ်ကျောင်းကျောက်စာ (အေဒီ-၁၄၄၂) ကိုသာ အားကိုးနေကြ ရပါသည်။

တက်နွယ်ကျောင်းကျောက်စာမှာ မူရင်းဖြစ်သောကြောင့် အားကိုးအားထား ပြုနိုင်သော်လည်း၊ ပုဂံခေတ်ကို ကိုယ်စားပြုဖို့ရန်မှာ အဟာန့်အတား ဖြစ်ခဲ့ပေသည်။ ပါဠိစာပေသဘောအရ ကိုယ်စားပြု နိုင်သော်လည်း ပုဂံခေတ်ကိုကား ကိုယ်စားမပြုသည်ကို သတိချပ်မိကြပါသည်။ သို့ရာတွင် သီဃဝီရိ သုဓမ္မဗိုလ်၏ ဆင့်ထိုးကျောက်စာသည် ပုဂံခေတ်ကိုကိုယ်စားပြုနိုင်သော်လည်း ခိုင်လုံတိကျသော မူရင်းကျောက်စာ မဟုတ်သည့်အတွက် စိတ်ချလက်ချ အသုံးပြုရန် စနိုးစနောင့် ရှိခဲ့ကြပါသည်။

ယင်းအခြေအနေ၏ အကြပ်အတည်းတွင် သိယံဝီရိသုဗ္ဗဖိုလ်ကျောက်စာမှုရင်းတွေ့ရှိမှုသည် ပါဠိစာပေ သမိုင်းကြောင်းကို ဖော်ပြရာတွင် တိကျခိုင်လုံစေရုံသာမက ပုဂံခေတ်တွင် ပိဋကတ်အဆင့်အတန်း မည်မျှမြင့်ခဲ့ကြောင်း ဖော်ပြရာတွင်လည်း များစွာကောက်ချက် ရဲရဲချနိုင်သည့် အခြေအနေတစ်ရပ်ကို ရောက်ခဲ့သည်ဆိုလျှင်လည်း မမှားချေ။ ယခင်ကာလက ရဲရဲယူဆရန် မဝံ့သည့် ပုဂံပိဋကတ်စာရင်းကို သိယံဝီရိသုဗ္ဗဖိုလ်ကျောက်စာက သက်သေပြနိုင်ခဲ့ပါသည်။ ဤစာတမ်းသည် သိယံဝီရိသုဗ္ဗဖိုလ် ကျောက်စာမှ တွေ့ရှိရသည့် အဘိဓမ္မပိဋကကို လေ့လာဖော်ထုတ်ရန်ရည်ရွယ်ပါသည်။

## ကျောက်စာများနှင့် အဘိဓမ္မပိဋက

ပုဂံခေတ်ကျောက်စာများတွင် ပိဋကတ်လှူကြောင်းကို နေရာအနှံ့အပြားတွေ့ရှိရသော်လည်း အဘိဓမ္မပိဋကစာရင်းပုံစံကိုမူ တိတိကျကျ တွေ့ရှိရသော ကျောက်စာများမှာမူ ရှားပါးလှပါသည်။ အထောက်အထားမရှိလျှင် သမိုင်းမရှိဆိုသောကြောင့် အထောက်အထား ခိုင်မာမှုသာလျှင် တိကျသော သမိုင်းကို ပုံဖော်နိုင်လိမ့်မည်ဟု သုံးသပ်ပါသည်။ ကျောက်စာပါ အထောက်အထားများမှ လွဲ၍ ကျန်သောစာပေဆိုင်ရာ အထောက်အထားများမှာ ခိုင်မာလောက်သော အထောက်အထားများကား မဟုတ်ပေ။ ထိုအချက်က မြန်မာပါဠိစာပေသမိုင်းကြောင်းကို ပုံဖော်ရာတွင် အခက်အခဲဖြစ်စေ ခဲ့ပါသည်။ ထိုကွက်လပ်ကို သိယံဝီရိသုဗ္ဗဖိုလ်ကျောက်စာက ဖြည့်ပေးခဲ့သည်ဟု ဆိုနိုင်ပြီဖြစ်ပါသည်။

ဦးကုလားမဟာရာဇဝင်ကြီးနှင့် မှန်နန်းရာဇဝင်ကြီးတို့၏ ဖော်ပြချက်အရ အနော်ရထာ မင်းသည် ပိဋကတ်စာပေများ ရရှိရေးအတွက် သထုံပြည်ကြီးကို တိုက်ခိုက်အောင်မြင်ပြီးနောက် ဆင်အစီး (၃၀)ကျော်ဖြင့် ပိဋကတ်အစုံ (၃၀)ကျော် ပေမူတို့ကို ပုဂံပြည်သို့ ဆောင်ယူခဲ့သည်။ ပုဂံမြို့တွင် အဆောက်အအုံ သီးခြားတည်ဆောက်၍ ထိုပိဋကတ်ပေစာနှင့် စာပေအဆူပေါင်းများစွာ သိုမှီးသိမ်းဆည်းကာ ရှင်လူအများ ပရိယတ္တိလိုက်စားသူတို့အား ကြည့်ရှုလေ့လာခွင့် ပေးတော်မူ လေသည်။[၁] အနော်ရထာမင်းလက်ထက်ကတည်းက ပိဋကတ်တိုက်များထွန်းကားခဲ့သည်မှာ ငြင်းဖွယ်မရှိပါ။ ပုဂံခေတ်တွင် အဘိဓမ္မာတတ်ကျွမ်းသူများ ရှိသည်ဆိုသော အဆိုကို သိယံဝီရိ သုဗ္ဗဖိုလ် ကျောက်စာက ထောက်ခံနေပါသည်။

## ပုဂံခေတ်မတိုင်မီသထုံ သာသနာဝင်အကျဉ်း

သာသနာတော်နှစ် ၉၄၆ ခု သီဟိုဠ်ကျွန်း၊ သိရိပါလမည်သော မဟာနာမမင်း ဘုရင်အဖြစ်သို့ ရောက်သည်။ ထိုမင်းသည် သီဟိုဠ်ရာဇဝင်တွင် ၆၆ ဆက်မြောက်မင်းဖြစ်သည်။ ထိုမဟာနာမ မင်းလက်ထက်၊ အရှင်မဟာဗုဒ္ဓဃောသသည် သီဟိုဠ်ကျွန်းသို့ ကူး၍ ဗုဒ္ဓပါဝစနဟုဆိုအပ်သော ပိဋကတ်တော်များကို မာဂဓဘာသာဖြင့် ကူးယူသည်။ ကုရုန္ဒီအဋ္ဌကထာ၊ မဟာပစ္စရိတ်အဋ္ဌကထာ၊

---

၁။ ဦးလှဖေဝင်း။ မြန်မာပိဋကတ်တိုက်များ၊ စာ -၁၂။

မဟာအဋ္ဌကထာကြီးများကဲ့သို့ အဖွင့်အဆို မကျယ်စေဘဲ သခေ်ပနည်းဖြင့် ရေးသားတော်မူသည်။

ရှင်မဟာဗုဒ္ဓဃောသသည် ထိုပါဠိတော်အဋ္ဌကထာများကို သီဟိုဠ်ကျွန်းမှ မြန်မာပြည် သုဓမ္မပူရ သုဝဏ္ဏဘူမိခေါ် သထုံပြည်သို့ ယူဆောင်လာခဲ့သည်ဟု ဦးကုလားရာဇဝင်၊ မှန်နန်း ရာဇဝင်နှင့် မြန်မာရာဇဝင် ကျမ်းအစောင်စောင်တို့ ကိုးကားခဲ့ကြပါသည်။ ရှင်မဟာဗုဒ္ဓဃောသ ပြဿနာကို မဟာစည်ဆရာတော်ကြီး၏ ဝိသုဒ္ဓိမဂ်ကျမ်းတွင်လည်းကောင်း၊ ဦးလူဖေဝင်း၏ အရှင် မဟာဗုဒ္ဓဃောသ စာတမ်းတွင်လည်းကောင်း၊ ဦးဖေမောင်တင်၏စာတမ်းတွင်လည်းကောင်း ရှင်းလင်း ထားပြီးလည်း ဖြစ်ပါသည်။ မြန်မာနိုင်ငံသို့ ပိဋကတ် ရောက်ရှိလာသည်မှာ သီဟိုဠ်နိုင်ငံနှင့်မြန်မာ ကူးလူးဆက်ဆံမှု ရှိခဲ့ခြင်းကြောင့်ပင် ဖြစ်သည်။ ရှင်မဟာဗုဒ္ဓဃောသ ပြုစုခဲ့သော အဋ္ဌကထာ လက်ရာနှင့် မြန်မာအဋ္ဌကထာလက်ရာကို ချိန်ထိုးနိုင်း ယှဉ်လေ့လာပါက အဖြေရှာနိုင်ပါသည်။

ဤသထုံသာသနာအကြောင်းကို ဖော်ပြရာတွင် ကျောက်စာမှတ်တမ်း အားနည်းသောကြောင့် ရာဇဝင်အဆိုအတိုင်း ဖော်ပြပါမည်။ သီဟိုဠ်နိုင်ငံ၌ မဟာနာမ စိုးစံသောကာလသည် သထုံပြည်တွင် ဓမ္မပါလမင်း ထီးနန်းစိုးစံသောကာလ ဖြစ်ပါသည်။ ထိုဓမ္မပါလမင်းလက်ထက်တွင် သထုံပြည်၏ သာသနာပိုင်မှာ အရှင်အနောမဒဿီ ဖြစ်ပါသည်။ ထိုသာသနာပိုင် အရှင်အနောမဒဿီသည် အဋ္ဌကထာနှင့်တကွသော ပိဋကတ်တော်များကို မြန်မာပြည်၊ မွန်ပြည်၊ ရခိုင်ပြည်၊ ရှမ်းပြည်၊ ယွန်းပြည်၊ လင်းဇင်းပြည် ၊ သောဏ္ဏတဲပြည် စသည်တို့၌ သီတင်းသုံးတော်မူကြသော သံဃာတော် များကို ပင့်ဆောင်၍ သံဃာအစည်းအဝေးကြီး ပြုလုပ်ပြီးလျှင် ပိဋကတ်တော်များ ပြန့်ပွားအောင် ပြုစုတော်မူ၏။

အရှင်မဟာဗုဒ္ဓဃောသကိုယ်တော် ပိဋကတ်တော်များကို မယူလာမီ အက္ခရာဖြင့် ရေးသား ထားသော ပိဋကတ်တော်များ မရှိချေ။ ယခုအခါ မြန်မာနိုင်ငံတော် တစ်ဝှမ်းလုံးရှိ ပိဋကတ်တော်များ သည် ရှင်မဟာဗုဒ္ဓဃောသ ကိုယ်တော်မြတ်ကြီးသာလျှင် အစလက်မွန်ဖြစ်ပေသည်။

ပေါက္ကာရာမ- ပုဂါမ- အရိမဒ္ဒနပူရ စသည်ဖြင့် အမည်အမျိုးမျိုး ခေါ်ဆိုလေ့ရှိသည့် ပုဂံပြည်တွင် ၄၂ ဆက်မြောက် နန်းတက်တော်မူသော အနော်ရထာမင်းစော(အေဒီ ၁၀၄၄-၁၀၇၇) သည် သထုံပြည်မှ ကြွလာသော ရှင်အနောမဒဿီ၏ အဆက်အနွယ်ဖြစ်သော ရှင်အရဟံကို အမှီပြု၍ ဗုဒ္ဓသာသနာတော်ကို ရရှိတော်မူသည်။

ရှင်အရဟံမထေရ်မြတ်ကြီးက ပရိယတ္တိသာသနာတော်ရှိမှသာ သာသနာတည်ရှိနိုင်သည် ဆိုသောကြောင့် သထုံပြည်မှ ပိဋကတ်အလုံးစုံနှင့်တကွ လူပညာရှိ၊ ရဟန်းပညာရှိတို့ကို (အေဒီ ၁၀၅၇)တွင် ပုဂံသို့ ပင့်ဆောင်ခဲ့လေသည်။ ထိုအချိန်မှစ၍ ပုဂံတွင် ပိဋကတ်တော်များ ရောက်ရှိခဲ့ သည်ဟု ဆိုပါသည်။ ထိုပိဋကတ်များမှာ သိဃ်ဝီရ်သုဗ္ဗဗိုလ်ကျောက်စာပါ ပိဋကတ်အလှူဖြစ်အောင် တွန်းအားပေးခဲ့မည်မှာ သေချာလှပေသည်။

## ပုဂံခေတ် အဘိဓမ္မာပိဋကပုံစံ

ပုဂံ အဘိဓမ္မာပိဋကကို လေ့လာရာတွင် ပုဂံခေတ်ကာလကတည်းကပင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းများအထိ ရှိနေသည်ကို သိရှိရသည်။ ထိုကျမ်းများသည် ပုဂံခေတ်တွင် အဋ္ဌကထာ၊ဋီကာ၊ ပြန့်ပိုတ် (ဂဏ္ဌိပုဒ်) ရှိမရှိ ဆိုသောအငြင်းပွားမည့် ပြဿနာကို ပြေလည်သွားစေပါသည်။ သိင်္ဃဝီရ်သုဇ္ဇဗိုလ်ကျောက်စာတွင် အဘိဓမ္မာနှင့်ပတ်သက်သော ပါဠိတော် (၁၈) ကျမ်း၊ အဋ္ဌကထာ (၃)ကျမ်း၊ ဋီကာ (၂)ကျမ်းတို့ကို အမည်နှင့်တကွ ဖော်ပြထားပါသည်။ ပိဋကတ်ခွဲခြားမှုကို လေ့လာပါက ပိဋကတ်သုံးပုံးခွဲခြားနည်းနှင့် နိကာယ်ငါးရပ်ခွဲခြားနည်း နှစ်မျိုးရှိသည်။ ပုဂံခေတ် ပိဋကတ်ခွဲခြားနည်းမှာမူ ပိဋကတ်သုံးပုံခွဲခြားနည်းကို ပို၍ အလေးကဲကြောင်း တွေ့ရှိရပါသည်။ အဘယ်ကြောင့်ဆိုသော် သိင်္ဃဝီရ်သုဇ္ဇဗိုလ်ကျောက်စာတွင် ဝိနည်းပိဋကစာရင်း၊ သုတ္တန္တပိဋက စာရင်းနှင့် အဘိဓမ္မာပိဋကစာရင်း ဟူ၍ ရှင်းလင်းစွာ ဖော်ပြပါရှိပါသည်။ နိကာယ်ခွဲခြားနည်းမှာ အင်းဝခေတ်ရောက်သော အချိန်တွင်မှ ပို၍ ထွန်းကားလာသော နည်းစနစ်ဟူ၍ ကောက်ချက်ချ ပါသည်။ သိင်္ဃဝီရ်သုဇ္ဇဗိုလ်ကျောက်စာက ပုဂံခေတ် ပိဋကတ်ခွဲဝေမှုပုံစံကို ကိုယ်စားပြုသည်။

## သိင်္ဃဝီရ်သုဇ္ဇဗိုလ်ကျောက်စာပါ အဘိဓမ္မာကျမ်းများ

သိင်္ဃဝီရ်သုဇ္ဇဗိုလ်ကျောက်စာ[၁] သည် ပုဂံကုန်းအမှတ်(၁၅၈၃)တွင် တည်ရှိပါသည်။[၂] ဤကျောက်စာကို ၁၀ ရက်၊ စက်တင်ဘာလ၊ ၁၂၂၃ တွင်ရေးထိုးထားပါသည်။ ကျောက်စာ ရေးထိုးမှတ်တမ်းတင်သူမှာ သင်္ဃသိင်္ဃဝီရ်သုဇ္ဇဗိုလ်နှင့် အဖခင်ဥုန်သုဇ္ဇဗိုလ် တို့ဖြစ်ပါသည်။ မူလထိုး ကျောက်စာတစ်ချပ်ဖြစ်ပြီး မျက်နှာဘက်နှင့်ကျောဘက် နှစ်ဘက်တွင် ရေးထိုးထားပါသည်။ မျက်နှာ ဘက်တွင် (၂၅)ကြောင်း၊ ကျောဘက်တွင် (၂၈)ကြောင်း ပါရှိသည်။ သားဖြစ်သူ သင်္ဃသိင်္ဃဝီရ် သုဇ္ဇဗိုလ်က ဘုန်းတော်ကြီးကျောင်းတိုက်တစ်ခု လှူဒါန်းပြီး ထိုကျောင်းတိုက်တွင်ပင် ဗုဒ္ဓရုပ်ပွားတော် တစ်ဆူကို ၁၀ ရက် စက်တင်ဘာ ၁၂၂၃ တွင် တည်ထားကိုးကွယ်ခဲ့ပါသည်။[၃] ထိုကျောင်းတိုက် အတွက်လည်း လယ်ယာ၊ ဥယျာဉ်မြေနှင့် ကျွန်တို့ကို ယခင်ကာလကတည်းက (၁၂၊ ဇန်နဝါရီလ၊ ၁၂၂၀ နှင့် ၂၃ ဇန်နဝါရီလ၊ ၁၂၂၀) ကတည်းက လှူဒါန်းခဲ့ပါသည်။[၄] ၂၃ ဇန်နဝါရီလ၊ ၁၂၂၀ အလှူပွဲတွင် မြေနှင့်ကျွန်တို့အပြင် ဘုန်းတော်ကြီးကျောင်း၊ ပိဋကတ်တိုက်အတွက်လည်း ပိဋကတ် ကျမ်းစာများကို သားအဖ နှစ်ဦးစလုံး လှူဒါန်းခဲ့ကြပါသည်။[၅]

---

၁။ သန်းထွန်း၊မြန်မာ့သမိုင်းအဖွဲ့ဝင်(တည်းဖြတ်)။ နှောင်းတွေ့ကျောက်စာများ။
ရန်ကုန်၊မြန်မာသမိုင်းကော်မရှင်၊၂၀၀၅။

၂။ နှောင်းတွေ့၊ ၂၁။

၃။ သိင်္ဃဝီရ်သုဇ္ဇဗိုလ်ကျောက်စာ၊မျက်နှာ၊ ကြောင်းရေ ၁-၂။

၄။ ယင်း၊မျက်နှာကြောင်းရေ၊ ၅ မှ ကျော ကြောင်းရေ- ၇ အထိ။

၅။ ယင်း၊ကျော၊ ကြောင်းရေ ၈-၂၈။

လှူဒါန်းသည့်အချိန်ကာလမှာ ပုဂံခေတ်နားနှောင်းများမင်း (၁၂၁၁-၁၂၃၁) လက်ထက်ဖြစ်ပါသည်။ ပိဋကတ်ကျမ်းစာရင်း များစွာပါရှိသည့် ရှေးဟောင်းမြန်မာကျောက်စာများအနက် ပထမဆုံး တွေ့ရှိရသည့် ကျောက်စာဟု ဆိုနိုင်ပါသည်။ ယခင်က အေဒီ ၁၄၄၂ ခုနှစ်ထိုးတက်နွယ်ကျောင်း ကျောက်စာကိုသာ လေ့လာနေခဲ့ကြရာမှ ယခုဤသိင်္ယဝိရိုသုဓ္ဓမိုလ်ကျောက်စာကိုလည်း ယှဉ်တွဲလေ့လာလျှင် ပုဂံခေတ် ပါဠိစာပေသမိုင်းကိုပါ ခြေဆန့်နိုင်မည်ဟု မျှော်လင့်ပါသည်။

ဤကျောက်စာမူရင်းကို ၁၉၉၆ ခုနှစ်က တူးဖော်တွေ့ရှိရ[၁] သဖြင့် တွေ့ရှိသော ကာလမှာ နှစ် ၂၀ နီးပါးမျှ ရှိပြီဟု ဆိုနိုင်သော်လည်း သမိုင်းအထောက်အထား မှတ်တမ်းတိုက်ဆိုင်မှုမှာ မပြီးမြောက်သေးဟု ဆိုနိုင်ပါသည်။ ဤကျောက်စာကို ဗဒုံမင်း (၁၇၈၁-၁၈၁၉)က အောက်တိုဘာလ ၁၇၈၅တွင် ရေးကူးပြီး ဆင့်ထိုးကျောက်စာ နှစ်မျက်နှာ ထားရှိခဲ့ပါသည်။[၂] မူရင်းမဟုတ်သဖြင့် ဤဆင့်ထိုးကျောက်စာများကို သတိထား သုံးသင့်ကြောင်း ကျောက်စာဝန် ချားလ်ဒူရိုင်ဇယ်က ဆိုဖူးပါသည်။[၃] ယခင်မူရင်း မတွေ့မီက အထောက်အထားမှာ အားနည်းလှသော်လည်း ယခုမှာမူ စိတ်ချလက်ချ အသုံးပြုနိုင်သည့် အထောက်အထားတစ်ရပ် ဖြစ်လာပါသည်။

ဤကျောက်စာမူရင်းကို တွေ့ရှိသောအခါ ဒေါက်တာသန်းထွန်းကိုယ်တိုင် တည်းဖြတ်သော နှောင်းတွေ့ကျောက်စာများစာအုပ်တွင် ထည့်သွင်းပုံနှိပ်ခဲ့ပါသည်။[၄] သူကိုယ်တိုင်လည်း ဗဒုံမင်း ၂၇ အောက်တိုဘာ ၁၇၈၅ က ဆင့်ထိုးထားခဲ့ရာမှ ပျောက်ဆုံးခဲ့သော ၁၀ ရက် စက်တင်ဘာ ၁၂၂၃ ရက်စွဲပါ ကျောက်စာမူရင်းကို တွေ့ရှိခြင်း အမည်ဖြင့် မြန်မာဘာသာ[၅] ဖြင့်သာမက အင်္ဂလိပ်ဘာသာ[၆] ဖြင့်ပါ ရေးသားလျက် ယခင်ဤကျောက်စာမူရင်းမတွေ့ခင်က ရေးသားခဲ့သော ပုဂံစာကြည့်တိုက်စာတမ်း[၇] ကို တိုက်ဆိုင်ဖြည့်စွက်ရန် ဆိုထားခဲ့ပါသည်။ ဆရာတိုးလှကလည်း ပုဂံခေတ်ပိဋကတ်တိုက်များစာတမ်း[၈] ၌လည်းကောင်း၊ နှောင်းတွေ့ကျောက်စာများက ပြောသော

---

၁။ ဒေါက်တာသန်းထွန်း၊ ဗဒုံမင်း ၂၇ အောက်တိုဘာလ၊ ၁၇၈၅ က ဆင့်ထိုးထားခဲ့ပြီးမှ ပျောက်ဆုံးနေသော ၁၀ စက်တင်ဘာလ ၁၂၂၃ ရက်စွဲပါ ကျောက်စာမူရင်းကိုပြန်လည်တွေ့ရှိခြင်း မြန်မာ့သမိုင်းလစ်ကွက်များ (ရန်ကုန်၊ မုံရွေး၊ ၂၀၀၃)၊ ၁၉။

၂။ သခင်သိင်္ယဝိရိသုဓ္ဓမိုလ်ကျောက်စာ ဘိုးတော်ဘုရားစုရုံးခဲ့သော ကျောက်စာများမှကူးသော မန္တလေးမဟာမြတ်မုနိဘုရားရှိ ကျောက်စာများ၊ ဒုတိယအုပ်။ ရန်ကုန်ရှေးဟောင်းသုတေသနရုံး၊ ၁၈၉၅။ ၇၈၉-၇၉၀။

၃။ Chas, Duroiselle, Preface to A list of Inscription found in Burma Part I (Rangoon: Government Printing 1921.)

၄။ နှောင်းတွေ့၊ ၂၁-၂၅။

၅။ ဒေါက်တာသန်းထွန်း၊ မြန်မာ့သမိုင်းလစ်ကွက်များ။ ၁၉-၃၇။

၆။ Than Tun, "An Original Inscription Dated 10 September 1223 that King Badon Copied on 27 October 1785" Missing Links in Myanmar Chronicles ( Yangon, Monywe, 2003)

၇။ ဒေါက်တာသန်းထွန်း၊ ပုဂံစာကြည့်တိုက်။သန်းထွန်းရှစ်ဆယ်ပြည့်(ရန်ကုန်၊ကွန်သာယာ၊ ၂၀၀၃)၊၆၃-၈၀။

၈။ ဒေါက်တာတိုးလှ၊ပုဂံခေတ်ပိဋကတ်တိုက်များ (ကျောက်စာ၊မင်စာ၊အဝတ်စာများ) မြန်မာ့သမိုင်းသုတေသနစာစောင်၊ အမှတ် ၂၁ (ဇွန် ၂၀၁၁) ၂၀၇-၂၂၉။

ဖြည့်စွက်သမိုင်းစာတမ်း[၁] ၌လည်းကောင်း ဤသိဃ်ာဝီရိယသုဗ္ဗဗိုလ်ကျောက်စာကို မူရင်းအထောက် အထားအနေဖြင့် သုံးခဲ့ပါသည်။ ကျောက်စာကမ္ပည်းရေးထိုးသူများနှင့် သမိုင်းရေးသူများ[၂] ဆောင်းပါး တွင် စာတမ်းပြုစုသူ စိန်မြင့်က ကျောက်စာမူရင်းနှင့် ဗဒ္ဒုမင်း၏ဆင့်ပိုးတို့ကို နှိုင်းယှဉ် ဖော်ပြထား ပါသည်။

ထိုသိဃ်ာဝီရိယသုဗ္ဗဗိုလ်ကျောက်စာတွင် ဖခင်ခင်ဥုန်နှင့်သားသိဃ်ာဝီရိယသုဗ္ဗဗိုလ်တို့သည် အာဝိဓမ္မာ (၁၅) ကျမ်းစီလှူဒါန်းသည်ကို တွေ့ရှိရပါသည်။ တက်နွယ်ကျောင်းကျောက်စာစာရင်းတွင် (၁၇)ကျမ်းလှူဒါန်းထားသည်ကို တွေ့ရပါသည်။ ယင်း(၁၇)ကျမ်းအနက်မှ လက်သန်း ဋီကာ ဟောင်းနှင့် လက်သန်းဋီကာသစ်နှစ်ကျမ်းကို နှုတ်၍ ကျန်ရှိသော အာဝိဓမ္မာ (၁၅) ကျမ်းစာရင်းကို ဖော်ပြလိုပါသည်။ အာဝိဓမ္မာနှင့်ပတ်သက်၍ ပါဠိတော် (၁၀) ကျမ်း၊ အဋ္ဌကထာ (၃) ကျမ်း၊ ဋီကာ (၂) ကျမ်းတို့ကို တွေ့ရှိရပါသည်။

## သိဃ်ာဝီရိယသုဗ္ဗဗိုလ်ကျောက်စာပါ အာဝိဓမ္မာပါဠိတော်များ

မြန်မာသက္ကရာဇ် ၆၁၂ ခု (အေဒီ -၁၂၅၀) ထိုး ဓမ္မသူငွေးလင်မယားကျောက်စာတွင် "ပိဋကတ်ကျွမ်ဦ သုံကျွမ်"[၃] ဟူ၍ တွေ့ရရာ ပိဋကတ်တော်နှင့်ပတ်သက်သော အသုံးအနှုန်းရှိပြီဟု ယူဆနိုင်ပါသည်။ ပိဋကတ်ကျမ်းဦး သုံးကျမ်းဟူသော အယူအဆကိုတွေ့ရာ ပိဋကတ်နှင့်သက်ဆိုင် သော အဦးအဖျားဖြင့်သော ကျမ်းသုံးကျမ်းရှိကြောင်း တွေ့ရပါသည်။ အချို့ပညာရှင်များက ပိဋကတ်သုံးပုံကို ရည်ညွှန်းသည်ဟု မှတ်ချက်ပေးကြပါသည်။

မြန်မာသက္ကရာဇ် ၆၃၄ (အေဒီ ၁၂၇၂) ထိုး မင်မတ်စတုရင်က ပတိလင်မယာကျောင်း ကျောက်စာ[၄] ရှိ "စတုရင်ံပတိမဟိယ်ပြိ မျာပုရှာနှင့် ဝိတကတ်ကိုဝ်လှူတုံသော ကျွန်ငွေ့ည်၊ မ္လိယ်ငချတ်ငယ်၊ ငလ္ဖူ သာငချတ် လာ။ ငသြောင်မျာအိုပုံ။ငကြီ။" ဟုပါရှိရာ ပိဋကတ်ကိုလှူသည့် ကျွန်ဟူသော စကားကို ထောက်ဆပါက ပိဋကတ်ကိုလှူသော အငှာမှာ ကျယ်ဝန်းနေပြီဖြစ်သော် လည်း ပိဋကတ်ကျမ်းအမည်နှင့်တကွ အတိအကျ ဖော်ပြသည့်ကျောက်စာမှာ နည်းပါးလှပါသည်။

ဤသိဃ်ာဝီရိယသုဗ္ဗဗိုလ်ကျောက်စာတွင် ဖခင် ခင်ဥုန်နှင့် သား သိဃ်ာဝီရိယသုဗ္ဗဗိုလ်တို့သည် အာဝိဓမ္မာ (၁၅) ကျမ်းစီလှူဒါန်းသည်ကိုတွေ့ရှိရပါသည်။ တက်နွယ်ကျောင်းကျောက်စာ စာရင်းတွင်

---

၁။ ဒေါက်တာတိုးလှ၊ နှောင်းတွေ့ကျောက်စာများကပြောသော ဖြည့်စွက်သမိုင်း မြေပေါ်မြေအောက် ကျောက်စာမှတ်တမ်း များကပြောသော ရှေးဟောင်းမြန်မာနိုင်ငံသမိုင်း၊ (ရန်ကုန်၊Myanmar Knowledge Society၊ ၂၀၁၄ မေ၊ ဒုတိယအကြိမ်ထပ်မံဖြည့်စွက်ပုံနှိပ်ခြင်း) ၁၇၉-၂၀၆။

၂။ စိန်မြင့်၊ ကျောက်စာကမ္ပည်းရေးထိုးသူများ နှင့်သမိုင်းရေးသူများ ၊ Myanmar Vista သုတေသနမဂ္ဂဇင်း၊ အတွဲ၊ (၁)၊ (ဇန်နဝါရီ ၂၀၀၇) ၃၀-၃၄။

၃။ နှောင်းတွေ့၊ ၄၁။ကြောင်းရေ-၃။

၄။ နှောင်းတွေ့၊ ၆၂။ ကြောင်းရေ-၈-၉။

(၁၇)ကျမ်းလျှုဒါန်းထားသည်ကို တွေ့ရပါသည်။ ယင်း(၁၇)ကျမ်းအနက်မှ လက်သန်းဋီကာ ဟောင်းနှင့် လက်သန်းဋီကာသစ်နှစ်ကျမ်းကို နုတ်၍ ကျန်ရှိသော အဘိဓမ္မာ (၁၅) ကျမ်းစာရင်းကို ဖော်ပြလိုပါသည်။ အဘိဓမ္မာနှင့်ပတ်သက်၍ ပါဠိတော် (၁၀) ကျမ်း၊ အဋ္ဌကထာ (၃) ကျမ်း၊ ဋီကာ (၂) ကျမ်းတို့ကိုတွေ့ရှိရပါသည်။

## အဘိဓမ္မာပါဠိတော်များ

### ၁။ ဓမ္မသင်္ဂဏီပါဠိတော်

အဘိဓမ္မာ (၇)ကျမ်းတွင် ပထမကျမ်းစာဖြစ်သည့် မာတိကာနှင့်စိတ္တုပ္ပါဒကဏ္ဍ စသော ကဏ္ဍကြီးလေးပါး ပါဝင်ပါသည်။အဋ္ဌကထာတွင်မူ ဓမ္မသင်္ဂဟ[၁]ဟူသောအမည်ကိုလည်း သုံးကြောင်း သတိမူရပါမည်။

### ၂။ ဝိဘင်္ဂပါဠိတော်

အဘိဓမ္မာ (၇)ကျမ်းတွင် ဒုတိယကျမ်းစာ ဖြစ်သည်။ ခန္ဓဝိဘင်း အစရှိ၍ ဓမ္မဟဒယဝိဘင်းအဆုံး ဝိဘင်း (၁၈)ကျမ်းကို အကျယ်ဝေဖန် ပြဆိုထားပါသည်။ မြန်မာမှုနယ်ပယ်တွင် ဝိဘင်းပါဠိတော်ဟု ခေါ်ကြပါသည်။[၂]

### ၃။ ဓာတုကထာပါဠိတော်

အဘိဓမ္မာ (၇)ကျမ်းတွင် တတိယကျမ်းစာဖြစ်သည်။ ခန္ဓာ,အာယတန,ဓာတ်,သစ္စာတရား များကို ပထမနယမှစ၍သမနယအထိ နယ(၁၄)ပါးတို့ဖြင့် အကျယ်ဝေဖန် ပြဆိုထားပါသည်။[၃]

### ၄။ ပုဂ္ဂလပညတ္တိပါဠိတော်

အဘိဓမ္မာ (၇)ကျမ်းတွင် စတုတ္ထကျမ်းစာ ဖြစ်သည်။ ပုဂ္ဂိုလ်အမျိုးမျိုး အကြောင်းကို တိကနိဒ္ဒေသတို့ဖြင့် ဧကကမှ ဒသကအထိ (၁၀) မျိုး ပိုင်းခြား ပြဆိုထားပါသည်။ မြန်မာမှုနယ်ပယ် တွင် ပုဂ္ဂလပညတ်ပါဠိတော် ဟု ခေါ်ကြပါသည်။[၄]

### ၅။ ကထာဝတ္ထုပါဠိတော်

အဘိဓမ္မာ (၇)ကျမ်းတွင် ပဉ္စမမြောက်ကျမ်းစာ ဖြစ်သည်။ အယူဝါဒရေးရာများကို ပုဂ္ဂလ ကထာစသော ကထာပေါင်းများစွာဖြင့် အမေးအဖြေပုံစံ ပြဆိုထားပါသည်။[၅]

---

၁။ ဦးယံ၊ ဝိမိုင်း၊ ၅၆။ မောင်မောင်ညွန့်၊ သမိုင်းသစ်၊၅၁။
၂။ ဦးယံ၊ ဝိမိုင်း၊ ၅၇။ မောင်မောင်ညွန့်၊ သမိုင်းသစ်၊၅၂။
၃။ ဦးယံ၊ ဝိမိုင်း၊ ၅၈။ မောင်မောင်ညွန့်၊ သမိုင်းသစ်၊၅၃။
၄။ ဦးယံ၊ ဝိမိုင်း၊ ၅၉။ မောင်မောင်ညွန့်၊ သမိုင်းသစ်၊၅၄။
၅။ ဦးယံ၊ ဝိမိုင်း၊ ၆၀။

### ၆။ မူလယမိုက်ပါဠိတော်

အဘိဓမ္မာ (၇)ကျမ်းတွင် ဆဋ္ဌမမြောက် ကျမ်းစာဖြစ်သည်။ ထိုယမိုက်ပါဠိကို (၁၀)ကျမ်းအဖြစ် ထပ်မံ ခွဲခြားထားပါသည်။ မူလယမိုက်ပါဠိတော်သည် ယင်းယမိုက် (၁၀)ကျမ်းအနက်မှ ပထမကျမ်းစာ ဖြစ်ပါသည်။[၁]

### ၇။ ဣန္ဒြိယယမိုက်ပါဠိတော်

အဘိဓမ္မာ (၇)ကျမ်းတွင် ဆဋ္ဌမမြောက် ကျမ်းစာဖြစ်သည်။ ထိုယမိုက်ပါဠိကို (၁၀)ကျမ်းအဖြစ် ထပ်မံ ခွဲခြားထားပါသည်။ ဣန္ဒြိယမိုက်ပါဠိတော်သည် ယင်းယမိုက် (၁၀)ကျမ်းအနက်မှ ဒသမကျမ်းစာ ဖြစ်ပါသည်။[၂]

### ၈။ တိကပဋ္ဌာန်းပါဠိတော်

အဘိဓမ္မာ (၇)ကျမ်းတွင် အဋ္ဌမမြောက် ကျမ်းစာဖြစ်သော ပဋ္ဌာန်းပါဠိတော် ဓမ္မအနုလောမ (၆) ကျမ်း၊ ဓမ္မပစ္စနီယ (၆) ကျမ်း၊ အနုလောမပစ္စနီယ (၆) ကျမ်း၊ ပစ္စနီယနုလောမ (၆)ကျမ်းဟူ၍ ပဋ္ဌာန်း (၂၄) ကျမ်းပါဠိတော်မှ ထပ်မံ ခွဲခြားထားပါသည်။ တိကပဋ္ဌာန်းပါဠိတော်သည် ဓမ္မအနုလောမ (၆) ကျမ်းအနက်မှ ပထမကျမ်းစာ ဖြစ်ပါသည်။[၃]

### ၉။ ဒုကပဋ္ဌာန်းပါဠိတော်

ဒုကပဋ္ဌာန်းပါဠိတော် ပဋ္ဌာန်း (၂၄) ကျမ်းပါဠိတော်မှ ထပ်မံခွဲခြားပြဆိုထားသော ဓမ္မအနုလောမ (၆) ကျမ်းအနက်မှ ဒုတိယကျမ်းစာ ဖြစ်ပါသည်။[၄]

### ၁၀။ ဒုကတိကပဋ္ဌာန်းပါဠိတော်

ဒုကတိကပဋ္ဌာန်းပါဠိတော် ပဋ္ဌာန်း (၂၄) ကျမ်းပါဠိတော်မှ ထပ်မံခွဲခြားပြဆိုထားသော ဓမ္မအနုလောမ (၆) ကျမ်းအနက်မှ တတိယကျမ်းစာ ဖြစ်ပါသည်။[၅]

### သိယံဝိရိသုဇ္ဇဗိုလ်ကျောက်စာပါ အဘိဓမ္မာအဋ္ဌကထာများ

အဋ္ဌကထာမှာ ၃ ကျမ်းဖြစ်ပါသည်။ ထိုသုံးကျမ်းမှာ အဋ္ဌသာလိနီအဋ္ဌကထာ ၊ သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ပဉ္စပကြိုဏ်အဋ္ဌကထာတို့ပင် ဖြစ်ပါသည်။ ထိုအဋ္ဌကထာကျမ်းသုံးကျမ်းစာရင်းကို ကြည့်ပါက ပုဂံခေတ် အဘိဓမ္မာပညာအဆင့်အတန်းမှာ မြင့်လှပါသည်။ ပါဠိတော်ကိုသာမက ပါဠိတော်အဖွင့်ဖြစ်သော အဋ္ဌကထာကျမ်းစာရင်းကို တွေ့ရသည့်အတွက် အဘိဓမ္မာအဖွင့်ဖြစ်သော အဘိဓမ္မာအဋ္ဌကထာစာရင်း အစုံရှိနေပါသည်။ ထိုအချက်အရ ပုဂံခေတ်ဆေးရေးဓာတ်တော်များ၊ ဝိဋကတ်တော်လာ ကောက်နုတ်ချက်များမှာ ပါဠိတော်အဆိုသာမက အဋ္ဌကထာအဆိုများနှင့်ပါ ရင်းနှီးကျွမ်းဝင်ခဲ့ကြောင်း မငြင်းသာသည့် သက်သေပင် ဖြစ်ပေသည်။ ဓမ္မသင်္ဂဏီ

---

၁။ ဦးယံ၊ ဝိမိုင်း၊ ၆၁။
၂။ ဦးယံ၊ ဝိမိုင်း၊ ၇၀။
၃။ ဦးယံ၊ ဝိမိုင်း၊ ၇၁။
၄။ ဦးယံ၊ ဝိမိုင်း၊ ၇၂။
၅။ ဦးယံ၊ ဝိမိုင်း၊ ၇၃။

အဋ္ဌကထာကို အဋ္ဌသာလိနီအဋ္ဌကထာ ဟုလည်းကောင်း သိရှိနေရသည့်အတွက် ပုဂံခေတ် အဋ္ဌကထာ အဆင့်အတန်းမှာ ပုဂံခေတ်သာသနာရေးအတွက် များစွာ အထောက်အကူပြုခဲ့ပေလိမ့်မည်။

၁။ အဋ္ဌသာလိနီအဋ္ဌကထာ

ရှင်မဟာဗုဒ္ဓဃောသ ဖွင့်ဆိုသည်။ ဓမ္မသင်္ဂဏီပါဠိတော်ကို ဖွင့်ဆိုသဖြင့် ဓမ္မသင်္ဂဏီအဋ္ဌကထာ ဟုလည်း ခေါ်ဆိုပါသည်။[၁]

၂။ သမ္မောဟဝိနောဒနီအဋ္ဌကထာ

ရှင်မဟာဗုဒ္ဓဃောသဖွင့်ဆိုသည်။ ဝိဘင်းပါဠိတော်ကိုဖွင့်သဖြင့် ဝိဘင်းအဋ္ဌကထာ ဟုလည်း ခေါ်သည်။[၂]

၃။ ပဉ္စပကြိုဏ်အဋ္ဌကထာ

ဓာတုကထာအဋ္ဌကထာမှ ပဋ္ဌာန်းအဋ္ဌကထာအထိ အဘိဓမ္မာနောက် (၅)ကျမ်းလာ အဋ္ဌကထာ များကို စုပေါင်းလျက် ပဉ္စပကြိုဏ်အဋ္ဌကထာ ဟုခေါ်ကြပါသည်။ ငါးကျမ်းဟု အဓိပ္ပါယ်ရသော ပဉ္စပကရဏကို မြန်မာမှုပြု၍ ပဉ္စပကြိုဏ် ဟု ခေါ်ခြင်းဖြစ်ပါသည်။

(၁) ဓာတုကထာအဋ္ဌကထာ

ရှင်မဟာဗုဒ္ဓဃောသဖွင့်ဆိုသည်။ အဋ္ဌကထာအမည်ကို မတွေ့ရပေ။[၃]

(၂) ပုဂ္ဂလပညတ္တိအဋ္ဌကထာ

ရှင်မဟာဗုဒ္ဓဃောသ ဖွင့်ဆိုသည်။[၄]

(၃) ကထာဝတ္ထုအဋ္ဌကထာ

ရှင်မဟာဗုဒ္ဓဃောသဖွင့်ဆိုသည်။[၅]

(၄) ယမိုက်အဋ္ဌကထာ

မူလယမိုက်မှ ဣန္ဒြိယယမိုက်အထိ အဋ္ဌကထာ (၁၀) ကျမ်းခွဲ၍ ဖော်ပြပါမည်။ ဤကျမ်း ဆယ်ကျမ်း အဋ္ဌကထာ အားလုံးကို ရှင်မဟာဗုဒ္ဓဃောသဖွင့်ဆိုခဲ့သည်။[၆]

(၁) မူလယမိုက်အဋ္ဌကထာ[၇]

(၂) ခန္ဓယမိုက်အဋ္ဌကထာ[၈]

---

၁။ ဦးယံ၊ ဝိမိုင်း၊ ၁၇၂။ မောင်မောင်ညွန့်၊ သမိုင်းသစ်၊၁၄၂။
၂။ ဦးယံ၊ ဝိမိုင်း၊ ၁၇၃။ မောင်မောင်ညွန့်၊ သမိုင်းသစ်၊၁၄၃။
၃။ ဦးယံ၊ ဝိမိုင်း၊ ၁၇၄။ မောင်မောင်ညွန့်၊ သမိုင်းသစ်၊၁၄၄။
၄။ ဦးယံ၊ ဝိမိုင်း၊ ၁၇၅။ မောင်မောင်ညွန့်၊ သမိုင်းသစ်၊၁၄၅။
၅။ ဦးယံ၊ ဝိမိုင်း၊ ၁၇၆။ မောင်မောင်ညွန့်၊ သမိုင်းသစ်၊၁၄၆။
၆။ ဦးယံ၊ ဝိမိုင်း၊ ၁၇၆။ မောင်မောင်ညွန့်၊ သမိုင်းသစ်၊၁၄၇။
၇။ ဦးယံ၊ ဝိမိုင်း၊ ၁၇၇။
၈။ ဦးယံ၊ ဝိမိုင်း၊ ၁၇၈။

(၃) အာယတနယမိုက်အဋ္ဌကထာ[၁]

(၄) ဓာတုယမိုက်အဋ္ဌကထာ[၂]

(၅) သစ္စယမိုက်အဋ္ဌကထာ[၃]

(၆) သင်္ခါရယမိုက်အဋ္ဌကထာ[၄]

(၇) အနုသယယမိုက်အဋ္ဌကထာ[၅]

(၈) စိတ္တယမိုက်အဋ္ဌကထာ[၆]

(၉) ဓမ္မယမိုက်အဋ္ဌကထာ[၇]

(၁၀) ဣန္ဒြိယယမိုက်အဋ္ဌကထာ[၈]

(၅) ပဋ္ဌာနအဋ္ဌကထာ

ရှင်မဟာဗုဒ္ဓဃောသဖွင့်ဆိုသည်။[၉]

**သိယံဝီရိသုဗ္ဗမိုလ်ကျောက်စာပါ အဘိဓမ္မာဋီကာများ**

၁။ အဘိဓမ္မာလက်သန်းဋီကာ

၂။ အနုဋီကာ

အရှင်ဓမ္မပါလဖွင့်ဆိုသည်။ အဋ္ဌသာလိနီအဋ္ဌကထာကိုဖွင့်ပြသော ဋီကာ ဖြစ်သည်။[၁၀]

**အဘိဓမ္မာလက်သန်းကုဋီကာ**

အဘိဓမ္မာလက်သန်းကုဋီကာ(၂) ကျမ်းကို သား သိယံဂီရိသုဗ္ဗမိုလ်က လှူဒါန်းထားပါသည်။ ထို့ကြောင့် အဘိဓမ္မာလက်သန်းကုဋီကာ ကျမ်းစာရင်းကို အဖြစ်ရေတွက်ရာတွင် (၂) ကျမ်းအဖြစ် ရေတွက်နိုင်ပေသည်။

ပုဂံခေတ်တွင် အဘိဓမ္မာပါဠိတော်များအပြင် အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိ၊ လက်သန်းဋီကာ စသည့်ကျမ်းများပင် ပေါ်ပေါက်နေပြီဖြစ်ပေသည်။

---

၁။ ဦးယံ၊ ဝိမိုင်း၊ ၁၇၉။
၂။ ဦးယံ၊ ဝိမိုင်း၊ ၁၈၀။
၃။ ဦးယံ၊ ဝိမိုင်း၊ ၁၈၁။
၄။ ဦးယံ၊ ဝိမိုင်း၊ ၁၈၂။
၅။ ဦးယံ၊ ဝိမိုင်း၊ ၁၈၃။
၆။ ဦးယံ၊ ဝိမိုင်း၊ ၁၈၄။
၇။ ဦးယံ၊ ဝိမိုင်း၊ ၁၈၅။
၈။ ဦးယံ၊ ဝိမိုင်း၊ ၁၈၆။
၉။ ဦးယံ၊ ဝိမိုင်း၊ ၁၈၇။ မောင်မောင်ညွန့်၊ သမိုင်းသစ်၊၁၄၈။
၁၀။ မောင်မောင်ညွန့်၊ သမိုင်းသစ်၊၂၃၇။

နိဂုံး

၁၀ ရက်၊ စက်တင်ဘာလ၊ ၁၂၂၃ ခုနှစ်တွင် ရေးထိုးခဲ့သော သိဃ်ဝိရ်သုဖ္ဖမိုလ် ကျောက်စာသည် ပုဂံခေတ်မြန်မာနိုင်ငံပါဠိစာပေသမိုင်းအတွက် အကျိုးများလှပေသည်။ သိဃ်ဝိရ်သုဖ္ဖမိုလ် ကျောက်စာသည် အဘိဓမ္မပိဋက ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိ၊ လက်သန်းဋီကာတို့ပင် ပေါ်ပေါက်နေပြီကို လေ့လာတွေ့ရှိရပါသည်။ အရင်က ဒေါက်တာသန်းထွန်းတို့က ကျောက်စာကို ဘာသာပြန်ရာတွင် "လကျ္ကဏာ" ကိုဘာသာ ပြန်ရာတွင် "လက္ခဏာ"များ ဖြစ်မလားဟု တွေးထင်ခဲ့ပေသည်။ ထိုအချက်ကို မြန်မာပညာရပ်များ အတွဲ (၂) ဦးသန်းထိုက်အောင် ၏ သိဃ်ဝိရ်သုဖ္ဖမိုလ် ကျောက်စာလေ့လာချက်စာတမ်းတွင် "လကျ္ကဏာ"ကို လက်သဏ်း။ လက်သန်းဟု ဖတ်ရှုဖော်ထုတ်ခဲ့ပါသည်။ ထိုဖတ်ရှုချက်က အဘိဓမ္မာလက်သန်းဋီကာ ပေါ်ပေါက်နေပြီဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့ပါသည်။ "ကု"ဟူသောစကားလုံးမှာ အရေးမှားသည်ဟု ဆိုရာမှ ကုစာလုံးများသည် တက်နွယ်ကျောင်းကျောက်စာများနှင့် သိဃ်ဝိရ်သုဖ္ဖမိုလ်ကျောက်စာများတွင်ပါ အကြိမ်အမြောက်အမြား တွေ့ရှိရသည့် အမှားမဟုတ်နိုင်ဟုလည်း ထောက်ပြခဲ့ပါသည်။ "ကု"က အကြမ်းဟု ဖော်ပြထားပါသည်။ အချောအဆင့်သို့ မရောက်သေးသောကျမ်းဟု ယူဆခဲ့ပါသည်။ ထိုဖော်ထုတ်တွေ့ရှိမှုသည် မြန်မာပါဠိစာပေသမိုင်းကို များစွာ ခိုင်မာစေခဲ့သည်။

အဘိဓမ္မပိဋကများသည် ပါဠိတော်အဆင့်နှင့်ပင် မဟုတ်ဘဲ အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိ၊ လက်သန်းဋီကာအဆင့် ကျမ်းများပင် ပေါ်ပေါက်နေပြီဖြစ်သည်။ နောက်ပေါ်ပေါက်လာမည့် ကျမ်းများအတွက် အဦးအစလည်း ဖြစ်ပေသည်။ ပုဂံခေတ် သာသနာရေးအကြောင်းအရာနှင့် စပ်လျဉ်းသည့်အခါ ပိဋကတ်အလှူကိုလည်းကောင်း၊ ပိဋကတ်စာကြည့်တိုက်ကိုလည်းကောင်း၊ ပိဋကတ်ကျွန်ကိုလည်းကောင်း၊ ပိဋကတ်လယ်ကိုလည်းကောင်း ကျောက်စာနေရာအနှံ့အပြားတွင် တွေ့ရှိရပါသည်။ ထိုအချက်က ပိဋကတ်နှင့်ပတ်သက်၍ ပုဂံခေတ်သားတို့၏ သာသနာရေးအမြင် ဖြစ်ရုံသာမက လူမှုဘဝမြင်ကွင်းလည်း ဖြစ်သည်။ ထို့အပြင် ပိဋကတ်စာပေ သင်ကြားမှုများက ပုဂံနန်းတွင်း လူမှုအဖွဲ့အစည်းနှင့် များစွာ မစိမ်းလှကြောင်း တွေ့ရှိရပေသည်။

ပုဂံခေတ်ကျောက်စာများတွင် အဘိဓမ္မာကျမ်းများစာရင်းကို ဖော်ပြနိုင်သော ကျောက်စာမှာ သိဃ်ဝိရ်သုဖ္ဖမိုလ်ကျောက်စာကိုသာ တွေ့ရှိရပါသည်။ သို့ရာတွင် "အဘိဓမ္မာတရားလေ နာ၏" ဟူသောစကားလုံး အရိပ်အမြွက်သာလျှင် အချို့ကျောက်စာများတွင် တွေ့ရှိရပါသည်။ ခန္ဓာ၊ အာယတန၊ ဓာတု ဆိုသော စကားလုံးများကို ကြိုကြားကြိုကြား တွေ့ရှိရသော်လည်း အဘိဓမ္မာပိဋကဝင် ဝေါဟာရများဟု ကောက်ချက်ချရန် ဝန်လေးခဲ့ပါသည်။ ထိုကွက်လပ်ကို သိဃ်ဝိရ်သုဖ္ဖမိုလ် ကျောက်စာက တာဝန်ကျေခဲ့သည်ဟု ဆိုနိုင်ပါသည်။

ဒေါက်တာအာကာမိုးသူ
အရှေ့တိုင်းပညာဌာန
ဒဂုံတက္ကသိုလ်၊ ရန်ကုန်မြို့။

**ကျမ်းကိုးစာရင်းများ**

ငြိမ်းမောင်၊ ဦး၊ ရှေးဟောင်းမြန်မာကျောက်စာများ၊ ပတွဲ၊ ရန်ကုန်၊ရှေးဟောင်းသုတေသနဦးစီးဌာန၊ ၁၉၇၂။

စိန်မြင့်၊ ကျောက်စာကမ္ပည်းရေးထိုးသူများနှင့်သမိုင်းရေးသူများ၊ Myanmar Vista သုတေသနမဂ္ဂဇင်း၊ အတွဲ၊ (၁)၊ ဖေနဝါရီ ၂၀၀၇ ။

ဇော်အောင်ထွတ်၊ မြန်မာနိုင်ငံဝိဋကတ်တိုက်စာကြည့်တိုက်များ၊ ရန်ကုန်၊စာပေဗိမာန်၊ ၂၀၀၁။

ဒေါက်တာတိုးလှ၊ပုဂံခေတ်ပိဋကတ်တိုက်များ (ကျောက်စာ၊မင်စာ၊အဝတ်စာများ) မြန်မာ့သမိုင်း သုတေသန စာစောင်၊ အမှတ် ၂၁ (ဇွန် ၂၀၁၁) ၂၀၇-၂၂၉။

ဒေါက်တာတိုးလှ၊ နှောင်းတွေ့ကျောက်စာများကပြောသော ဖြည့်စွက်သမိုင်း မြေပေါ်မြေအောက် ကျောက်စာ မှတ်တမ်းများကပြောသော ရှေးဟောင်းမြန်မာနိုင်ငံသမိုင်း၊ရန်ကုန်၊ Myanmar Knowledge Society၊ ၂၀၁၄ မေ၊ ဒုတိယအကြိမ်ထပ်မံဖြည့်စွက်ပုံနှိပ်ခြင်း။

လယ်တီပဏ္ဍိတဆရာဦးလှတင်၊ ဝိဋကတ်သုံးပုံစာတမ်း။ ၁၉၃၉။

လှဖေဝင်း၊ ဦး။ မြန်မာပိဋကတ်တိုက်များ၊ရန်ကုန်၊ စာပေဗိမာန်၊၁၉၆၆။

သန်းထွန်း၊ မြန်မာ့သမိုင်းအဖွဲ့ဝင်(တည်းဖြတ်)။ နှောင်းတွေ့ကျောက်စာများ။ ရန်ကုန်၊ မြန်မာသမိုင်း ကော်မရှင်၊၂၀၀၅။

သန်းထွန်း၊ဒေါက်တာ။ မြန်မာ့သမိုင်းလစ်ကွက်များ (ရန်ကုန်၊ မုံရွေး၊ ၂၀၀၃)၊ ၁၉။

သန်းထွန်း၊ဒေါက်တာ။ ပုဂံစာကြည့်တိုက် ။သန်းထွန်းရှစ်ဆယ်ပြည့် ရန်ကုန်၊ကွန်သာယာ၊ ၂၀၀၃။

သံချောင်း၊ဦး။ မြန်မာနိုင်ငံပညာရေးသမိုင်း။ ရန်ကုန်၊သပြေဖြူစာပေ၊ ၁၉၇၂။

Chas, Duroiselle, Preface to A list of Inscription found in Burma Part I (Rangoon: Government Printing 1921.)

Than Tun, "An Original Inscription Dated 10 September 1223 that King Badon Copied on 27 October 1785" Missing Links in Myanmar Chronicles ( Yangon, Monywe, 2003)

# မြန်မာနိုင်ငံနှင့် အဘိဓမ္မာနိဿယကျမ်းများ၏ အခန်းကဏ္ဍ

အရှင်ဓမ္မပါလ(မဒုဘိ-၂)
အရှင်နန္ဒာစာရ(မဒုဘိ-၃)

မြတ်စွာဘုရားရှင်သည် ၄၅-ဝါပတ်လုံး ဟောတော်မူခဲ့သော ပိဋကတ်တော်များသည် ဓမ္မက္ခန္ဓာအားဖြင့် (၈၄၀၀၀)၊ နိကာယ်အားဖြင့် ငါးရပ်၊ ပိဋကအားဖြင့် သုံးသွယ်ကို ဟောတော်မူခဲ့ပါသည်။ ထို ပိဋကတ်တော်များကို မူရင်းအတိုင်း မပျက်မစီးစေဘဲ သံဃာတော် အစဉ်အဆက်တို့သည် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်မှာ ယနေ့တိုင်အောင်ပင် ဖြစ်ပါသည်။ ယင်းပိဋကတ်တော်များတွင် အဘိဓမ္မပိဋကတော်သည် အနက်နဲဆုံးနှင့် အခက်ခဲဆုံးဖြစ်သည်ဟု အားလုံးလက်ခံခဲ့ကြပါသည်။

## ၁။ အဘိဓမ္မာသမိုင်းအကျဉ်း

မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးခါစ၌ ဝေနေယျကို့အား တရားဟောတော် မမူသေးဘဲ သတ္တသတ္တာဟ ၄၉-ရက်ပတ်လုံး မိမိ၏တရားတော်များကို ဆင်ခြင်၍ စတုတ္ထမြောက် ရတနာဃရသတ္တာဟ (အဘိဓမ္မာ ရတနာကို သုံးသပ်ရာဌာန) ၌ ဗောဓိပင်၏ အနောက်မြောက် အရပ်တွင် အဘိဓမ္မာဒေသနာတော်ကြီးကို သဗ္ဗညုတဉာဏ်တော်ဖြင့် သုံးသပ်တော်မူခဲ့ပါသည်။ မဟာသက္ကရာဇ် ၁၁၀-ခု ဝါဆိုလပြည့်နေ့ (၇-ဝါမြောက်) ၌ ကဏ္ဍာသရက်ဥယျာဉ်တွင် တိတ္ထိတို့အား ရေမီးအစုံ တန်ခိုးအဟုန်ကို ပြသဆုံးမတော်မူပြီးနောက် နှစ်လှမ်း သုံးဖဝါးဖြင့် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူ၍ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၌ ထိုင်တော်မူကာ မယ်တော်နတ်သားအမှူးရှိသော စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာတို့အား အဘိဓမ္မာ မြတ်ဒေသနာကို ဝါတွင်း သုံးလပတ်လုံး မနေမနား ဟောကြားတော်မူခဲ့ပါသည်။ ထိုသို့ဟောကြားရာ၌ လူ့အရေအတွက်အားဖြင့်-

၁။ ဓမ္မသင်္ဂဏီကျမ်းကို ၁၂-ရက်
၂။ ဝိဘင်းကျမ်းကို ၁၂-ရက်
၃။ ဓာတုကထာကျမ်းကို ၆-ရက်
၄။ ပုဂ္ဂလပညတ်ကျမ်းကို ၇-ရက်
၅။ ကထာဝတ္ထုကျမ်းကို ၈-ရက်
၆။ ယမိုက်ကျမ်းကို ၂၀-ရက်
၇။ ပဋ္ဌာန်းကျမ်းကို ၂၅-ရက် ကြာအောင် ဟောတော်မူခဲ့ပါသည်။

နိုင်လုံသောကျမ်းဂန် အထောက်အထား မတွေ့ရသော်လည်း ဆရာအစဉ်အဆက် မှတ်သားခဲ့သည့် "**ဓမ္မသင် ဝိဘင်္ဂ၊ ဒွါဒသ ရက်စီ။ ခြောက်ရက်ကြာ ကျမ်းကေဘုက်ရယ်နှင့်၊ ပုဂ္ဂလ ၇-ရက် ဟောမြွက်ခဲ့သည်။ ကထာဝတ် ၈-ရက်ညီ၊ ဝိသာပ ယမိုက်ကျမ်း။ ပဋ္ဌာ် ပဋ္ဌာနရယ်လို့၊ လသုံးလီ မယ်တော်မိကို ဟောသည့်ရက်တမ်း**"ဟူသော ကဗျာ ဆောင်ပုဒ်ဖြင့် သိမှတ်ရပါသည်။

မြတ်စွာဘုရားဟောကြားတော်မူခဲ့သော အဘိဓမ္မဒေသနာတော်သည် ဓမ္မက္ခန္ဓာအားဖြင့် ၄၂၀၀၀၊ ဒေသနာအစဉ်အားဖြင့် ကုဋေ လေးသောင်းကျော် ပါဝင်ပါသည်။ ဘုရားရှင်တို့သည် ဘတ္တာနုမောဒန ကာလ အချိန်တိုလေးအတွင်းမှာပင် ဟောကြားအပ်သော တရားတော်သည် ဒီဃနိကာယ်ပမာဏမျှ ရှည်လျားလှပါသည်။ ပဉ္စာဘတ္တဆွမ်းတရားသည်လည်း သံယုတ္တနိကာယ် အင်္ဂုတ္တရနိကာယ်ပမာဏမျှ များပြားလှပါသည်။ ထိုကဲ့သို့ လျှပ်တပြက်ဟောကြားရသော ဒေသနာတော်သည်ပင် ဤမျှလောက် ကြီးကျယ်များပြားနေလျှင် ရက်ပေါင်းကိုးဆယ် မနေမနား ဟောကြားတော်မူသော အဘိဓမ္မာဒေသနာတော်သည်ကား အဘယ်မျှလောက် များပြားနိုင်ကြောင်း ခန့်မှန်းနိုင်ပါလိမ့်မည်။ မိုးရေမိုးပေါက်တို့ကို ရေတွက်နိုင်သော စေတဒင်္ဂါးတန် ရှင်အာနန္ဒာသည်ပင် ဘဝပေါင်း အရာအထောင်ပတ်လုံး ရွတ်ဆိုပါသော်လည်း ပြီးဆုံးအောင် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းငှာ မစွမ်းနိုင်လောက်အောင် ကြီးကျယ်များပြားလှပါသည်။ မဟာပကရဏအဋ္ဌကထာကြီး၌ ဖွင့်ပြအပ်သော နည်းစနစ်အတိုင်း ပညာရှင်တို့ ရေတွက်ချက်အရ အတိအကျအားဖြင့် လေးသောင်းလေးရာ ကိုးဆယ့်လေးကုဋေ ရှစ်သန်း ငါးသိန်း သုံးသောင်း သုံးထောင် နှစ်ရာ့ လေးဆယ် ရှစ် (၄၀၄,၉၄၈, ၅၃၃,၂၄၈) ဝဲတိရှိသည်ဟု ဆိုကြပါသည်။ ဤအရေတွက်သည် ပုစ္ဆာအတွက် သက်သက်မျှသာ ဖြစ်သည်။ အဖြေဝိသဇ္ဇနာအတွက် မပါသေးပေ။ အဋ္ဌကထာဖွင့်ပြသည့်အတိုင်း ဇာတ်၊ ကာလ၊ ဘုံ၊ သန္တာန်၊ ခန္ဓာ၊ သမ္ပယုတ်တရားများဖြင့် ဝေဖန်ရသော် အနန္တနယဖြစ်ကြောင်း ထင်ရှားလှပါသည်။ ဤမျှကြီးကျယ်သော အဘိဓမ္မာဒေသနာတော်ကို အကျယ်ချဲ့၍ ရိုက်နှိပ်ရပါမူ ယခုလက်ရှိ ဆဋ္ဌမူ စာအုပ်များထက် သိန်းသန်းမက များပြားပါလိမ့်မည်။ ဤသို့သော ဒေသနာတော်ကို လူတို့၏နားဖြင့် နာယူရန် မစွမ်းနိုင်ပေ။ နတ်တို့၏နားဖြင့်သာ နာယူရန် သင့်လျော်လှသည်။ ယခုဆဋ္ဌမူဖြင့်ရှိနေသော အဘိဓမ္မာ ၇-ကျမ်း အုပ်ရေ ၁၂-အုပ်မှာ မြတ်စွာဘုရားရှင် အရှင်သာရိပုတ္တရာအား အကျဉ်း ဟောကြားသည်ကို မထေရ်မြတ်က တပည့်ငါးရာတို့အား မကျဉ်းမကျယ် ဟောကြားအပ်သော ဝါစနာမဂ္ဂအတိုင်းသာ ရေးသားထားခြင်းဖြစ်သည်။

အဘိဓမ္မာဟူသည်မှာ အဘိနှင့် ဓမ္မကို ပေါင်းထားခြင်းဖြစ်သည်။ အဘိသဒ္ဒါသည် သာလွန်ခြင်း၊ ထူးခြားမြင့်မြတ်ခြင်း ဟူသော အဓိပ္ပါယ်ရပါသည်။ သုတ္တန်တရားထက် သာလွန် ထူးခြားသော တရားဖြစ်သည်။ ဝိနယထက်ကား သာလွန်မှုမရှိပေ။ သာလွန်ထူးခြားပုံမှာ "ယတ္ထ ခန္ဓာဒယော နိပ္ပဒေသေန ဝိဘတ္တာ၊ သော အဘိဓမ္မောနာမ"ဟု ဆိုအပ်သည့်အတိုင်းပင် သုတ္တန်သည် ခန္ဓာစသည်ကို ဟောကြားရာ၌ တစ်စိတ်တစ်ဒေသ အားဖြင့်သာ ဟောကြားတော်မူ၏။ အဘိဓမ္မာ၌ကား ၁။ သုတ္တန္တဘာဇနီယနည်း၊ ၂။ အဘိဓမ္မဘာဇနီယနည်း။ ၃။ ပဉှာပုစ္ဆကနည်း သုံးမျိုးတို့ဖြင့် အကြွင်းအကျန်မရှိ ဝေဖန်ဟော ကြားတော်မူထားပါသည်။ ထိုအဘိဓမ္မာကျမ်းများမှာ ဆဋ္ဌမူ အုပ်ရေအားဖြင့် ပါဠိတော် ၁၁-အုပ်၊ အဋ္ဌကထာ ၃-အုပ်၊ ဋီကာ-၃-အုပ် ပေါင်း ၁၇-အုပ် ရှိပါသည်။

| ပါဠိ | အုပ်ရေ | နိဿယ | အုပ်ရေ | ဋီကာ | အုပ်ရေ |
|---|---|---|---|---|---|
| ဓမ္မသင်္ဂဏီ | ၁ | အဋ္ဌသာလိနီ | ၁ | ဓမ္မသင်္ဂဏီမူလဋီကာနှင့်အနုဋီကာ | ၁ |
| ဝိဘင်္ဂ | ၁ | သမ္မောဟဝိနောဒနီ | ၁ | ဝိဘင်္ဂမူလဋီကာနှင့်အနုဋီကာ | ၁ |
| ဓာတုကထာ ပုဂ္ဂလပညတ္တိ | ၁ | ပဉ္စပကရဏ | ၁ | ပဉ္စပကရဏမူလဋီကာနှင့်အနုဋီကာ | ၁ |
| ကထာဝတ္ထု | ၁ | | | | |
| ယမက | ၃ | | | | |
| ပဋ္ဌာန | ၅ | | | | |

## ၂။ မြန်မာနိုင်ငံနှင့် နိဿယသမိုင်းအကျဉ်း

### နိဿယဝေါဟာရ

နိဿယဟူသည်မှာ ပါဠိမှဆင်းသက်လာသော စကားလုံးဖြစ်သည်။ နိ သိ+အ မှ နိဿယ ဖြစ်လာခြင်းဖြစ်သည်။ အဓိပ္ပါယ်မှာ ပါဠိတော် အဋ္ဌကထာစသည်တို့ကို နားမလည်နိုင်သော ဉာဏ်နုံ့သော စာသင်သားတို့၏ မှီခိုအားထားရာ ဖြစ်ပါသည်။

ရှေးအခါက နိဿယကျမ်းများကို အသိဉာဏ်နုံ့သော စာသင်သားတို့၏ မှီရာဖြစ်သောကြောင့် ''အမှီ''ဟုငှင်း နိဿရည်းဟူ၍လည်းကောင်း ခေါ်ကြသေးသည်။ နံ-ဟူ၍လည်းခေါ်ကြပါသေးသည်။ ထိုသို့ခေါ်ဆိုရခြင်းမှာ ပုဂံခေတ်ကျောက်စာများ၌ အနက်ကို ''အွံ''ဟု အတိုချုံးရေးကြရာမှ ကာလကြာသော် 'အ'ပျောက်၍ 'နံ'ဖြစ်လာဟန်ရှိသည်။

ရှေးခေတ်အခါက ကျောက်သား၊ ပေရွက်တို့၌ ရေးသားရသဖြင့် အတိုချုံး၍ ရေးသားကြသည်က များပါသည်။ နိဿယကိုလည်း 'နိဿျ'ဟုလည်းကောင်း၊ 'နိသျ'ဟုလည်းကောင်း ရေးသားထားသည်ကို တွေ့ရပါသည်။ ယနေ့ခေတ် အချို့စာအုပ်များ၌လည်း ထိုခေတ်အရေးအသားကို လိုက်၍ နိသျဟု ရေးသည်ကို တွေ့ရသည်။

### နိဿယအမျိုးအစား

ရှေးအခါက 'နံ' ဟု ခေါ်ဆိုသော နိဿယကျမ်းများမှာ 'နံကျယ်' 'နံကျဉ်း' 'နံပျောက်' ဟု သုံးမျိုးရှိပါသည်။

နံကျယ်ဟူသည်မှာ- ပါဠိကို မခြွင်းဘဲ အစဉ်အတိုင်း အရှိအရှိအတိုင်း ပြန်ဆိုထားသော နိဿယဖြစ်ပါသည်။ နံကျဉ်းဟူသည်မှာ- နံကျယ်ကဲ့သို့ ပုဒ်အားလုံးကို မပြန်ဆိုဘဲ အသိခက်သော ပုဒ်တို့ကိုသာ ရွေးထုတ်၍ ပြန်ဆိုသော နိဿယဖြစ်ပါသည်။ နံပျောက်ဟူသည်မှာ- အနက်ကို ဖျောက်၍

အရကောက်ကိုသာ ပြသော အရကောက်ကျမ်းဖြစ်ပါသည်။ ထို့ပြင် အဓိပ္ပါယ်,အမှာစာ နှင့်တကွ သဒ္ဒါနည်း အလင်္ကာနည်း ဆန်းနည်းများ အာစရိယဝါဒစသည်တို့အပြင် ဝေဝေဆာဆာ အကျယ်ပြန်ဆိုထားသော နိဿယကို နံကျယ်နိဿယဟုလည်းကောင်း၊ တိုကျဉ်းလိုရင်း ပြန်ဆိုထားသော နိဿယကို နံကျဉ်းနိဿယဟုလည်းကောင်း၊ ခက်နိုးရာရာပုဒ်များကိုသာ ရွေးထုတ်၍ ပျောက်ကျားပြန်ဆိုထားသော နိဿယကို နံပျောက်နိဿယဟုလည်းကောင်း မှုကွဲအားဖြင့် ဆိုကြပါသေးသည်။ နံကျယ်သည် ပါဠိအခြေခံအားနည်းသူများတွက်လည်းကောင်း၊ နံကျဉ်းသည် ပါဠိအခြေခံ အားကောင်းသူတို့အတွက်လည်းကောင်း ရည်ရွယ်၍ နံပျောက်မှာမူ အဘိဓမ္မာဆိုင်ရာကျမ်းများကို အသုံးပြုသော နိဿယများ ဖြစ်ပါသည်။ အရကောက်ကို အဓိကထား၍ ဖော်ပြသောကြောင့် နံပျောက်နိဿယကို အရကောက်ဟု ခေါ်ဆိုကြသည်။ ထိုနိဿယတို့တွင် နံကျယ်နိဿယသည်လည်း ၁။ခွန်းချင်းနိဿယ (ပါဠိတစ်ပုဒ် မြန်မာတစ်ပုဒ်ဖြင့် ချဲ့ထွင်မှုမပါ ဝေါဟာရတ္ထကိုသာ ပြန်ဆိုသောနည်း၊) ၂။ ခွန်းချဲ့နိဿယ (အဋ္ဌကထာ ဋီကာတို့၌ ဖွင့်ပြသည့်အတိုင်း ထည့်စွက်၍ ပြန်ဆိုသောနည်း) ၃။လင်္ကာနိဿယ (အနက်ပြန်ဆိုရာ၌ ကာရံနဘောချိတ်၍ ပြန်ဆိုသောနည်း) ၄။ စာချနိဿယ (ဆရာက တပည့်ကို ပို့ချနေသကဲ့သို့ သဒ္ဒါရေး အဓိပ္ပါယ်ရေး ရှင်းလင်းချက် ကျမ်းတက် ကျမ်းထွက် အမှာထား စကားညှပ်တို့ဖြင့် ပြန်ဆိုသောနည်း) ဟု လေးမျိုးကွဲပြားသေးသည်။

(ယင်းတို့ကို အကျယ်လေ့လာလိုလျှင် မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ထုတ်ဝေသော ''လူ့မိတ်ဆွေစာအုပ်''နှင့် ဦးတင်လွင်၏ ''ပါဠိမြန်မာနိဿယကျမ်းများသမိုင်း''၌ လေ့လာနိုင်ပါသည်)

## ပျူနိဿယ

မြန်မာနိုင်ငံတွင် ပျူနိဿယ အရေးအသားသည် အစောဆုံးဟု ပညာရှင်တို့ ယူဆ ကြပါသည်။ ပျူလူမျိုးတို့သည် ၇-ရာစုခန့်တွင် မြန်မာနိုင်ငံအလယ်ပိုင်း ဟန်လင်း သရေခေတ္တရာ မော်ဇာ ဗိဿနိုး စသော အရပ်များ၌ နေထိုင်ခဲ့ကြပါသည်။ ယင်းတို့ နေထိုင်ရာ အရပ်များမှ တူးဖော်တွေ့ရှိရသော ရွှေပြား စသည်တို့၌ ဗုဒ္ဓဘာသာတွင် အလွန်ထင်ရှားသည့် '' ယေ ဓမ္မာ ဟေတုပ္ပဘဝါ''-ဂါထာကို ရေးသားထားသည်ကို တွေ့ရသဖြင့် ပျူလူမျိုးတို့သည် ဗုဒ္ဓဘာသာဖြစ်နိုင်သည်ဟု ပညာရှင်တို့ ယူဆ ကြပါသည်။ ပျူနိဿယများသည် ပါဠိမှ ပျူဘာသာသို့ ပြန်ဆိုထားခြင်းမဟုတ်ဘဲ သက္ကတဘာသာမှ ပျူဘာသာသို့ ပြန်ဆိုထားခြင်းဖြစ်ပါသည်။

သက္ကဋပျူနိဿယသည် ဘာသာရေးအကြောင်းအရာမဟုတ်၊ နိုင်ငံရေး လူမှုရေးနှင့်သက်ဆိုင်သော အရာများကို သက္ကဋမှ ပျူသို့ ပြန်ဆိုထားခြင်းဖြစ်ပါသည်။ ထိုနိဿယရေးပုံသည် လောကုတ္တရာ ဘာသာရေးစာပေမှ အတုယူသည်ဟု ပညာရှင်တို့ မှန်းဆကြပါသည်။ ထိုသက္ကဋ ပျူနိဿယတို့ကို ထောက်၍ ပျူလူမျိုးတို့သည် နိဿယအရေးအသားကို အသုံးပြုခဲ့ကြောင်း သိနိုင်ပါသည်။

## မွန်နိဿယ

မြန်မာနိုင်ငံတွင် ပျူနိဿယများနောက် တွေ့ရှိရသော နိဿယမှာ မွန်နိဿယဖြစ်ပါသည်။ မွန်လူမျိုးတို့သည် ပျူလူမျိုးတို့ကဲ့သို့ပင် ရှေးကျသော လူမျိုးတစ်မျိုးဖြစ်ပါသည်။ ယင်းတို့သည်လည်း

ထေရဝါဒဗုဒ္ဓဘာသာကို ကိုးကွယ်ကြပါသည်။

မွန်လူမျိုးတို့သည် ဗုဒ္ဓဘာသာဖြစ်သည့်အားလျော်စွာ ပိဋကတ်စာပေများကို လေ့ကျက် သင်အံ၍ ထိန်းသိမ်းခဲ့ကြပါသည်။ အနော်ရထာမင်းကြီး သထုံမှ ပင့်ဆောင်လာခဲ့သော ပိဋကတ် တော်များသည် မွန်အက္ခရာဖြင့် မှတ်တမ်းတင်ထားသော ပိဋကတ်တော်များဖြစ်ပါသည်။ မွန်လူမျိုးတို့သည် ပိဋကတ်စာပေများကို သင်ယူသောအခါ၌ ပါဠိဘာသာမှ မွန်ဘာသာသို့ ကောက်ပြန်ဆိုရမည်ဖြစ်ပါသည်။ ယင်းသို့ပြန်ဆိုခြင်းသည်ပင် နိဿယဖြစ်ပါသည်။ မြန်မာတို့သည် မွန်ပိဋကတ်စာပေမှ တစ်ဆင့် မြန်မာပိဋကတ်စာပေများသို့ ပြန်ဆိုထိန်းသိမ်းခဲ့ကြပါသည်။

ရှေးဟောင်းမွန်နိဿယအထောက်အထားမှာ ပုဂံရွှေစည်းခုံဘုရားတွင် ရေးထိုးထားသော မွန်ကျောက်စာပင် ဖြစ်ပါသည်။ ယင်းကျောက်စာ၌ ပါဠိဘာသာမှ မွန်ဘာသာသို့ နိဿယပြန်နည်းဖြင့် ပြန်ဆိုထားပါသည်။ သို့သော် ဘာသာရေးနှင့် ပတ်သက်၍ ရေးသားထားခြင်း မဟုတ်ချေ။ နိုင်ငံရေးနှင့်ပတ်သက်၍ ရေးထားခြင်းဖြစ်ပါသည်။ မွန်တို့သည် ပါဠိ-မွန် နိဿယမျိုးကို မွန်ဘာသာဖြင့် 'တြာ' ဟု ခေါ်ပါသည်။

<u>မြန်မာနိဿယ</u>

ပျူနှင့် မွန်တို့နောက် မြန်မာလူမျိုးတို့သည်လည်း ကိုယ့်ထီး ကိုယ့်နန်းဖြင့် နေထိုင်ခဲ့ကြပါသည်။ အနော်ရထာမင်းကြီးသည် သထုံပြည်မှ ပိဋကတ်တော် အစုံ သုံးဆယ်နှင့် မွန်ရဟန်းတော်တို့ကို ပင့်ဆောင်လာရာအခါမှ စ၍ ထေရဝါဒဗုဒ္ဓဘာသာသည် မြန်မာပြည်၌ ထွန်းကားလာခဲ့ပါသည်။ မြန်မာလူမျိုးတို့သည် မွန်လူမျိုးတို့ထံမှ ဗုဒ္ဓဘာသာအပြင် မွန်ယဉ်ကျေးမှုများကိုပါ ဆက်ခံခဲ့ကြပါသည်။ မြန်မာအက္ခရာများသည် မွန်အက္ခရာများကို မှီ၍ တီထွင်ခဲ့ကြသည်ဟု ဆိုပါသည်။ ထို့ပြင် မြစေတီကျောက်စာ၌ ပါဠိ၊ မြန်မာ၊ မွန်၊ ပျူဘာသာတို့ဖြင့် ရေးထိုးထားသည်မှာ မြန်မာတို့၏ နိဿယစွမ်းရည် (ဘာသာပြန်စွမ်းရည်) ကို ပြသရာ ရောက်ပါသည်။

မြန်မာတို့သည် ဘာသာရေးရာတွင် မွန်တို့ဆီမှသာမက သီဟိုဠ်မှလည်း နည်းယူခဲ့ကြပါသည်။ နရပတိစည်သူမင်းကြီးလက်ထက်၌ မြန်မာနိုင်ငံနှင့် သီဟိုဠ်နိုင်ငံသည် အပြန်ပြန်အလှန်လှန် ဆက်ဆံ သွားလာခဲ့ကြပြီး မြန်မာရဟန်းတော်များသည် သီဟိုဠ်မှ စာပေကျမ်းဂန်များစွာကို ယူဆောင်ခဲ့ကြပါသည်။ ခရစ်နှစ် ၁၂၂၃-ခု၌ ရေးထိုးထားသော ကျောက်စာတစ်ခု၌ သီဟိုဠ်ကျွန်း၌ ဖြစ်သည့် မဟာဝင်၊ ထုပဝင်နှင့် အနာဂတဝင်ကျမ်းများ ပါရှိနေခြင်းကြောင့်ပင် ဖြစ်ပါသည်။ ထိုသို့ ယူဆောင်ခဲ့ကြရာ၌ သီဟိုဠ်နိဿယများ မလွဲမသွေ ပါဝင်ပေလိမ့်မည်။ မြန်မာနိဿယများသည် သီဟိုဠ်နိဿယနှင့် မွန်နိဿယစသည်တို့ကို နည်းမှီ၍ ရေးသားခဲ့ကြသည်ဟုဆိုနိုင်ပါသည်။

နရပတိစည်သူမင်းလက်ထက် သက္ကရာဇ် ၄၄၅-တွင် ပေါင်းလောင်းရွာဇာတိ အရှင်မဟာကဿပသည် ပုဂံမြို့တောင်ဘက်ရှိ တောရကျောင်း၌ ခုဒ္ဒသိက္ခာအဋ္ဌကထာနိဿယဟောင်းကို ရေးသားခဲ့သည်ဟု ပိဋကတ်တော်သမိုင်း၌ ဆို၏။ ယင်းအဆိုအရ ခုဒ္ဒသိက္ခာအဋ္ဌကထာနိဿယသည် မြန်မာနိဿယသမိုင်း၌ ရှေးအကျဆုံးနိဿယစာပေဟု ဆိုနိုင်ပါသည်။ ခရစ်နှစ် ၁၂၆၁-ခု၌ ရေးထိုး

သော အစောလတ်ကျောက်စာ၌ "ဆနဝုတိရောဂါ-ကိုးဆယ့်ခြောက်ပါးသောအနာ၊ ဗာတ္တိသကမ္မာ-ကြမ္မာ၃၂ပါး၊ ပဥ္စပီသတိဘယာ-ဘေး၂၅ပါး ဤမျှသော အနာသံသရာဆင်းရဲမှ ခပ်သိမ်းကင်းဝေးသော သဗ္ဗညုပုသျှားဆုကို လိုချင်သောကြောင့် " စသည်ဖြင့် နိဿယဆန်ဆန် အရေးအသားများကိုလည်း တွေ့ရပါသည်။ ပုဂံခေတ် ဘေဒစိန္တာကျမ်းပြု အရှင်သဒ္ဓမ္မသီရိသည် ဗေဒင်ပြိုဟာဇ်ကျမ်းနိဿယကိုလည်းကောင်း ပုဂံခေတ်ကုန်၌ အရှင်ဂုဏာဝံသရေးသားသည့် သုတ် သုံးကျမ်း ပါဠိ အဋ္ဌကထာ နိဿကျမ်းများကိုလည်းကောင်း စီရင်ခဲ့သည်ဟု ပိဋကတ်တော်သမိုင်းနှင့် သာသနာလင်္ကာရစာတမ်း၌ ဆိုပါသည်။ သို့သော် ပုဂံခေတ်၌ ယခုထက်များပြားသော နိဿယကျမ်းများ ရှိနိုင်ပါသေးသည်။ မှတ်တမ်းတင်မခံရသော နိဿယကျမ်းများစွာလည်း ရှိနေဦးမည်သာ။

အင်းဝခေတ်တွင် နိဿယကျမ်းများသည် ပိုမိုကောင်းမွန်၍ အားကောင်းလာခဲ့ပါသည်။ ထိုခေတ် ပြည်စုန်မင်းလက်ထက်၌ အရှင်မဟာအရိယဝံသမထေရ်ပြုစုသော အဘိဓမ္မာဆိုင်ရာ 'မဟာနိဿယ' ဖြစ်သည်ဟု သာသနာလင်္ကာရစာတမ်း၌ ဆိုပါသည်။ ပိဋကတ်တော်သမိုင်းကမူ အနုဋီကာနိဿယဟု နာမည်တစ်မျိုးဖြင့် ဆိုပါသည်။ နရပတိမင်းကြီးလက်ထက်၌ အရှင်သီလဝံသည် နေတ္တိပါဠိတော်နိဿယကိုင်း၊ သာလွန်မင်းတရားလက်ထက်တွင် တောင်ဖီလာဆရာတော် သည် ဓာတုကထာပါဠိနိဿယ၊ ပဋ္ဌာန်းပါဠိတော်နိဿယ၊ ဝိနည်းငါးကျမ်းပါဠိတော်နိဿယ စသည်တို့ကိုလည်းကောင်း၊ ရွှေဥမင်ဆရာတော်သည် ဝိနည်းငါးကျမ်း ပါဠိတော် အဋ္ဌကထာနိဿယများကိုလည်းကောင်း ပြုစုခဲ့ကြသည်ကို ထောက်ရှုလျှင် အင်းဝခေတ်၌ နိဿယစာပေသည် အလွန်အားကောင်းနေပြီဖြစ်သည်။

ကိုလိုနီခေတ်နှင့် လွတ်လပ်ရေးခေတ်သို့ ရောက်ရာအခါ၌လည်း နိဿယစာပေသည် ပို၍ပင် အားကောင်းလာခဲ့သည်ဟု ဆိုရပါမည်။ နိဿယကျမ်းများစွာ ပေါ်ထွန်းခဲ့သကဲ့သို့ နိဿယကျမ်းပြု အကျော် ဆရာတော်များစွာလည်း ပေါ်ထွက်လာခဲ့ပါသည်။ လယ်တီဆရာတော် ဝိသုဒ္ဓါရုံဆရာ တော် ဘာသာဋီကာဆရာတော် စသော ပုဂ္ဂိုလ်တို့သည် အလွန်ထင်ရှားသော နိဿယကျမ်းပြု အကျော်များပင် ဖြစ်ပါသည်။ ကုန်းဘောင်ခေတ် ကိုလိုနီခေတ်နှင့် လွတ်လပ်ရေးခေတ်တို့တွင် ပေါ်ထွက်ခဲ့သော နိဿယကျမ်းများမှာ ၁၁၂-ကျမ်းအထိ များပြားလွန်းသဖြင့် အကျယ် မရေးတော့ပေ။ ယင်းစာရင်းကို အကျယ်လေ့လာလိုလျှင် မွေသဂ်ဏီပါဠိတော်မြန်မာပြန် (ကျမ်းဦးမှတ်ဖွယ်နှင့်အဘိဓမ္မာသမိုင်း အနှစ်ချုပ်တွင် လေ့လာနိုင်ပါသည်။

## ၃။ မြန်မာနိုင်ငံနှင့် အဘိဓမ္မာနိဿယသမိုင်း

မြန်မာနိုင်ငံသည် ထေရဝါဒနိုင်ငံများထဲတွင် အဘိဓမ္မာနှင့်ပတ်သက်၍ ထိပ်တန်းနိုင်ငံ ဖြစ်ပါသည်။ ယနေ့ထက်ထိ အဘိဓမ္မာကို အကျယ်တဝင့် ပို့ချသင်ယူနေပါသေးသည်။ အဘိဓမ္မာနှင့်ပတ်သက်သည့် စာအုပ်များစွာကိုလည်း ရေးသားနေကြပါသည်။

မြန်မာနိုင်ငံသို့ အဘိဓမ္မပိဋကသည် မည်သည့်အချိန်က စတင်ရောက်ရှိခဲ့သည်ဟု မှတ်တမ်း

အတိအကျ မရှိသော်လည်း သုဝဏ္ဏဘူမိအရှင် မနူဟာမင်း (အေဒီ ၁၁)လက်ထက်၌ ပိဋကတ်သုံးပုံနှင့် ပိဋကတ်ကျမ်းကျင် ရဟန်းတော် အများအပြား ရှိခဲ့ပါသည်။ ထို့ကြောင့် သထုံပြည်သူပြည်သားတို့သည် အဘိဓမ္မပိဋကကို လေ့လာကြမည်ဟု ယူဆရပါသည်။ တတိယသံဂါယနာတွင် အရှင်သောဏနှင့် အရှင်ဥတ္တရတို့ ဦးဆောင်သော သာသနာပြုအဖွဲ့သည် သုဝဏ္ဏဘူမိသို့ ရောက်ရှိခဲ့ကြသည်။ ထိုခေတ်က ပိဋကတ်တော်များသည် ပေထက်အက္ခရာသို့ မရောက်ရှိသေးပေ။ သို့သော် သထုံပြည်သူပြည်သားတို့သည် အဘိဓမ္မာကို နာယူခဲ့ရမည်ဟု ယူဆရပါသည်။ မြန်မာနိုင်ငံသို့ အဘိဓမ္မပိဋကသည် အဋ္ဌကထာများနှင့်တကွ သီဟိုဠ်မှ ရောက်ရှိခဲ့ပါသည်။

<u>ပုဂံခေတ်</u>

အနော်ရထာမင်းကြီးသည် သက္ကရာဇ် ၄၁၉-တွင် သထုံပြည်မှ ပိဋကတ်တော် အစုံ သုံးဆယ်နှင့်တကွ မွန်ရဟန်းတော်များစွာတို့ကို ပုဂံသို့ ပင့်ဆောင်လာခဲ့ပါသည်။ ထိုချိန်မှစ၍ မြန်မာပြည်အဝှမ်း အဘိဓမ္မာတရားတော်များ ပျံ့ပွားလာသည်ဟု ယူဆရပါသည်။ သက္ကရာဇ် ၅၃၅-တွင် နရပတိစည်သူမင်းလက်ထက် သီဟိုဠ်ပညာတော်သင်ပြန် ဆပဒမထေရ်ကို အကြောင်းပြု၍ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသည်ဟု ယူဆရပါသည်။ ယင်းမထေရ်သည် သခေ်ပဝဏ္ဏနာခေါ် သင်္ဂြိုဟ်ဋီကာကျမ်းနှင့် နာမစာရဒီပကခေါ် အဘိဓမ္မာလက်သန်းကျမ်းများကို ပြုစုခဲ့သည်ဟု ပိဋကတ်တော်သမိုင်း၌ ဆိုထားသည်။ ပုဂံခေတ်တွင် ထိုကျမ်းများအပြင် အခြားအဘိဓမ္မာကျမ်းများလည်း ရှိပါသေးသည်။ ယင်းမှာ သက္ကရာဇ် ၅၉၆-ခုဘွင် နန်းတက်သော ကျစွာမင်း၏ ပရမတ္ထဗိန္ဒုကျမ်းဖြစ်ပါသည်။ ပရမတ္ထကျမ်းဟုဆိုသော်လည်း ကျမ်းကြီးမဟုတ်၊ ပရမတ္ထသဘောတရားများကို နန်းတွင်းသူတို့ အလွယ်တကူ နားလည်စေရန် စီရင်ထားသော ဆောင်ပုဒ်လင်္ကာကျမ်းဖြစ်ပါသည်။ ပုဂံခေတ်၌ ပိဋကတ် စတင်ရောက်ရှိလာခါစဖြစ်၍ ယင်းတို့ကို ကျွမ်းကျင်စွာ လေ့လာနိုင်ရန် သဒ္ဒါကျမ်းများစွာကို အဓိကထား၍ ရေးသားခဲ့ကြသည်။ အဘိဓမ္မာကျမ်းများကား နည်းပါးလှသည်။ သို့သော် အဘိဓမ္မာသည် ပြည်သူတို့အကြား၌ ထွန်းကားပြနေပေသည်။ ပုဂံခေတ် ကျောက်စာတစ်ခု၌ အမတ်တစ်ဦးသည် ပိဋကတ်သုံးပုံကို တတ်မြောက်သည်ဟု ရေးထိုးထားသည်က သက်သေပင် ဖြစ်ပါသည်။

<u>ပင်းယခေတ်</u>

ပင်းယခေတ်တွင် သီဟသူမင်း (၇၁၂-၇၂၁) လက်ထက်၌ အရှင်ဉာဏကိတ္တိမထေရ်ပြုစုသော အဋ္ဌသာလိနီယောဇနာပါဠ်နှင့် သမ္မောဟဝိနောဒနီပါဠ်တို့သည် အလွန်ထင်ရှားသည်။

<u>အင်းဝခေတ်</u>

အဘိဓမ္မာပိဋကသည် အင်းဝခေတ်သို့ ရောက်ရာအခါ၌လည်း အရှိန်မပြတ် ဆက်လက်ထွန်းကားခဲ့ပါသည်။ ထိုခေတ်က သင်ရိုးပြုသင်ကြားသည့် အဘိဓမ္မာစာရင်းကို သာသနာနှစ် ၁၉၈၆-၌ ရေးထိုးသောကျောက်စာ၌ တွေ့ရပါသည်။ ယင်းတို့မှာ-

၁။ အဘိဓမ္မာပါဠိတော် ၇-ကျမ်း

၂။ အဘိဓမ္မာအဋ္ဌကထာကြီး ၃-ကျမ်း

၃။ အဘိဓမ္မာမူလဋီကာ
၄။ အဘိဓမ္မာအနုဋီကာ
၅။ အဘိဓမ္မတ္ထသင်္ဂဟပါဠ်
၆။ သဒ္ဒြိုဟ်ဋီကာဟောင်းပါဠ်
၇။ သဒ္ဒြိုဟ်ဋီကာသစ်ပါဠ်
၈။ နာမရူပပရိစ္ဆေဒဋီကာသစ်ပါဠ်
၉။ ပရမတ္ထဝိနိစ္ဆယဋီကာသစ်ပါဠ်
၁၀။ မောဟဝိစ္ဆေဒပါဠ်တို့ ဖြစ်ပါသည်။

ထို့ပြင် အဋ္ဌသာလိနီနိဿယနှင့် ကထာဝတ္ထုနိဿယတို့ကိုလည်း ယင်းစာရင်း၌ တွေ့ရသဖြင့် ထိုခေတ်၌ အလွန်ခက်ခဲသော အဘိဓမ္မာကျမ်းများသည်ပင် ထွန်းကားနေပြီဟု ဆိုရပါမည်။ ထို့ပြင် သက္ကရာဇ် ၈၀၀-ခန့်တွင် အဘိဓမ္မာကို ကျမ်းပြုနိုင်သည်အထိ ထွန်းကားလာခဲ့ပါသည်။ အင်းဝခေတ် အရှင်အရိယဝံသသည် အဋ္ဌသာလိနီအဋ္ဌကထာအဖွင့်၊ မဏိဒီပဋီကာပါဠ်၊ ဋီကာကျော်အဖွင့် မာတိကာတို့ကို ပြုစုခဲ့သည်ဟု ပိဋကတ်တော်သမိုင်း၌ ဆိုပါသည်။ ဟံသာဝတီဆင်ဖြူရှင်မင်း (၉၁၂-၉၄၄) လက်ထက်၌ ဟံသာဝတီပြည်၌ အရှင်အာနန္ဒာ၏ မဓုဋီကာခေါ် မဓုသာရတ္ထဒီပနီ (မူလဋီကာ၏အဖွင့်) အရှင်သဒ္ဓမ္မာလင်္ကာရ၏ ပဋ္ဌာနသာရဒီပနီဋီကာနှင့် အရှင်မဟာသုဝဏ္ဏဒီပ၏ အဖေဂ္ဂုသာရဒီပနီ ဋီကာ(ဋီကာကျော်၏အဖွင့်)ဟူသော အဘိဓမ္မာကျမ်း သုံးကျမ်း ပေါ်ထွန်းခဲ့ပါသည်။ ထိုမင်း၏လက်ထက်၌ပင် အမည်မသိ ပညာရှင်တစ်ဦးက သဒ္ဒြိုဟ်နိဿယကို ပြုစုခဲ့သည်ဟု ပိဋကတ်တော် သမိုင်း၌ ဆိုထားပါသည်။

အနောက်ဘက်သာလွန်မင်းတရားကြီး (၉၆၇-၉၉၀) လက်ထက်တွင် အင်းဝရွှေမြို့တော်၌ ရှင်တိလောကဂုရုသည် ဓာတုကထာဋီကာဝဏ္ဏနာပါဠ်၊ ယမကဝဏ္ဏနာဋီကာပါဠ်နှင့် ပဋ္ဌာနဝဏ္ဏနာ ဋီကာပါဠ်တို့ကို ပြုစုခဲ့ပါသည်။ ယင်းမင်းလက်ထက်၌ပင် တောင်ဖီလာဆရာတော်သည်လည်း မာတိကာအရကောက်ကျမ်း၊ ဓာတုကထာအရကောက်ကျမ်း၊ ယမိုက်အရကောက်ကျမ်း၊ ပဋ္ဌာန်းအရကောက်ကျမ်း၊ အဋ္ဌသာလိနီပဏ္ဍာမဂါထာများ၏ အဖွင့်ဖြစ်သော ဝိသတိဝဏ္ဏနာပါဠ်နှင့် သဒ္ဒြိုဟ်နိဿယတို့ကို ပြုစုခဲ့ပါသည်။ ထို့ပြင် အရှင်အဂ္ဂဓမ္မာလင်္ကာရ (နန်းကျောင်းဆရာတော်)သည် မူလဋီကာနိဿယနှင့် အဘိဓမ္မာအရကောက်များကိုလည်းကောင်း၊ အရှင်အရိယာလင်္ကာရ (နေရင်းဆရာတော်)သည် အဋ္ဌသာလိနီနိဿယ (ဟောင်း)၊ သမ္မောဟဝိနောဒနီနိဿယ၊ သခေ်ပဝဏ္ဏနာဋီကာနိဿယ၊ သဒ္ဒြိုဟ်ကျမ်းရိုးကြီးနှင့် ဋီကာကျော်နိဿယတို့ကိုလည်းကောင်း၊ ပဌမကျော်အောင်စံထားဆရာတော်သည် အဋ္ဌသာလိနီဂဏ္ဌိ (ဟောင်း) နှင့် သဒ္ဒြိုဟ်ဂဏ္ဌိတို့ကိုလည်းကောင်း၊ အရှင်သာရဒဿီ(ပုဗ္ဗာရုံဆရာတော်) သည် ဓာတုကထာယောဇနာပါဠ်ကိုလည်းကောင်း၊ အရှင်အရိယာလင်္ကာရ (ဒက္ခိဏာဝန်ဆရာတော်) သည် သဒ္ဒြိုဟ်နိဿယတို့ကိုလည်းကောင်း ပြုစုခဲ့ကြပါသည်။

<u>ကုန်းဘောင်ခေတ်</u>

အင်းဝခေတ်၌ ခိုင်မြဲစွာ အမြစ်တွယ်ခဲ့သော အဘိဓမ္မာသည် ကုန်းဘောင်ခေတ်သို့ ရောက်သော အခါ ပို၍ပင် ထွန်းကားလာခဲ့ပါသည်။ တောင်ဖီလာဆရာတော်စသော ရှေးဆရာတော်ကြီးများ ပြုစုခဲ့သော အရကောက်နည်းကို ပိုမိုကောင်းမွန်အောင် သုတ်သင်၍ ဗားကရာဆရာတော် ထန်းတပင်ဆရာတော်စသည့် ကျမ်းတတ်အကျော်တို့သည် စီစဉ်ရေးသားကြပြန်သည်။ အဘိဓမ္မာ ပါဠိတော် အဋ္ဌကထာ ဋီကာတို့၏ နိဿယများသည်လည်း ပို၍ ထွန်းကားလာခဲ့သည်။ ပိဋကတ်တော်သမိုင်း၏ အဆိုအရ ယင်းခေတ်၌ သင်္ဂြိုဟ်နိဿယတစ်မျိုးတည်းကိုပင် ၂၂-မူရှိကြောင်း သိရပါသည်။ ထိုစာတမ်းတွင် မပါဝင်သော နိဿယကျမ်းဖြင့် ပေါင်းသော် ၃၀-ကျော်အထိ ရှိသည်ဟု ဆိုကြပါသည်။ ထို့ပြင် ဂဏ္ဌိ ဝိနိစ္ဆယစသော ကျမ်းများစွာကိုလည်း ရေးသားပြုစုခဲ့ကြသည်။ ထို့ပြင် ကုန်းဘောင်ခေတ်၌ အဘိဓမ္မာတိုးတက် ပြန့်ပွားစေရန် ပဋ္ဌာနသံဂါယနာတင်ခြင်းနှင့် ပထမပြန်စာမေးပွဲများကို အလေးပေးခြင်းဟူသော အချက် ၂-ချက်ကို ပြုလုပ်ခဲ့ကြပါသည်။ ပထမပြန်စာမေးပွဲများ၏ သင်ရိုးညွှန်းတမ်း၌ အဘိဓမ္မာကို ထည့်သွင်း၍ အဘိဓမ္မာပြန့်ပွားအောင် မြှင့်တင်ခဲ့ကြသည်။

<u>ယနေ့ခေတ်အဘိဓမ္မာ</u>

ယနေ့ခေတ်၌လည်း အဘိဓမ္မာသင်ရိုးမှုတို့မှာ ရပ်တန့်သွားခြင်းမရှိဘဲ ပို၍ပင် ထွန်းကားလာခဲ့ပါသည်။ ယနေ့ခေတ်၌ အဘိဓမ္မာဆိုင်ရာကျမ်းများကို မြန်မာဘာသာဖြင့်သာ အများဆုံးရေးသားကြသော်လည်း လယ်တီဆရာတော်၏ ပရမတ္ထဒီပနီစသော ပါဠိဖြင့် ရေးသားထားသော ကျမ်းများလည်း ပေါ်ထွန်းခဲ့ပါသည်။ ကုန်းဘောင်ခေတ်မှစ၍ ယနေ့ခေတ်ထိ အဘိဓမ္မာနိဿယ များမှာ အလွန်များသဖြင့် ၄င်းနိဿယစာရင်းများကို ရေးသားမည်ဆိုပါက အလွန်ရှည်လျားသွားပေ လိမ့်မည်။ အရေအတွက်အားဖြင့် ပါဠိဘာသာဖြင့် ၄၃-ကျမ်း၊ နိဿယမြန်မာပြန် ၁၁၂-ကျမ်း အထွေထွေ ၁၇၈-ကျမ်း စုစုပေါင်း ၃၃၃-ကျမ်းရှိသဖြင့် အလွန်များပြားလှပါသည်။ ယင်းကျမ်းများ စာရင်းကို လေ့လာလိုလျှင် ဓမ္မသင်္ဂဏီပါဠိတော်မြန်မာပြန် ကျမ်းဦးမှတ်ဖွယ်၌ လေ့လာနိုင်ပါသည်။

## ၄။ မြန်မာနိုင်ငံနှင့် နိဿယကျေးဇူး

မြန်မာနိုင်ငံ၌ အဘိဓမ္မာနိဿယများ၏ ကျေးဇူးကား အလွန်ကြီးမားလှပါသည်။ ပါဠိ အဋ္ဌကထာစသည်ကို နိဿယမပြန်ဆိုခဲ့သော် မြန်မာလူမျိုးတို့သည် အဘိဓမ္မာသဘောတရားများကို နားလည်ရန် အလွန်ခက်ခဲမည်မှာ သေချာလှပါသည်။ နံပျောက်နိဿယခေါ် အရကောက်ကျမ်းများ၏ အကျိုးကျေးဇူးကြောင့် မြန်မာနိုင်ငံ၏ အဘိဓမ္မာသာသနာတော်သည် အခြားထေရဝါဒနိုင်ငံများထက် သာလွန်နေပါသည်။ နံပျောက်နိဿယ (အရကောက်) ကျမ်းများသည် မြန်မာနိုင်ငံ၌သာရှိသော ကျမ်းများဖြစ်ပါသည်။ အခြားထေရဝါဒနိုင်ငံများ၌ မတွေ့ရှိရပေ။ အရကောက်ကျမ်းများသည် အဘိဓမ္မာ၏ အနှစ်သာရဖြစ်ပါသည်။ ယင်းကျမ်းများ၏ ကျေးဇူးကြီးပုံကို မစိုးရိမ်ဆရာတော် ဦးသူရိယာဘိဝံသက "မြန်မာနိုင်ငံ၌ နံပျောက်နိဿယ (အရကောက်) ကျမ်းများ ထင်ရှားရှိနေသောကြောင့်

သာ အဘိဓမ္မာသာသနာတော်ကြီးမှာ မတိမ်မမြုပ် မကွယ်မပျောက်ဘဲ ယနေ့တိုင်အောင်ပင် တိုးပွား တည်တံ့နေလေပြီ၊ အခြားထေရဝါဒနိုင်ငံများ၌ အရကောက်ကျမ်းများ မရှိသောကြောင့် အဘိဓမ္မာ သာသနာတော်ကြီးသည် တည်တံ့သင့်သလောက် မတည်တံ့နိုင်။ ထွန်းတောက်သင့်သလောက် မထွန်း တောက်နိုင်ဘဲ ရှိနေကြရသည်'' စသည်ဖြင့် မိန့်ကြားချက်မှာ အဘိဓမ္မာအရကောက်များ၏ တန်ဖိုးကို ပို၍ ပေါ်လွင်စေခဲ့ပါသည်။ ထို့ပြင် နိဿယကျမ်းများ၏ ကျေးဇူးကြောင့် မြန်မာစကားလုံး ဝေါဟာရများ တိုးပွားလာရပါသည်။ ဥပမာအားဖြင့် စိတ် စေတသိက် ရုပ် နိဗ္ဗာန် စသည်တို့ဖြစ်ကြပါသည်။

ထို့ပြင် ကုသိုလ် အကုသိုလ်တို့၏ သဘောတရား အကျိုးတရား၊ ယင်းအကျိုးတရားတို့ ကြောင့် ရောက်ရှိနိုင်သော ဘုံဌာန စသည်တို့ကိုလည်း သိရှိခဲ့ရပါသည်။ ဤစကြဝဠာကြီးထဲ၌ လူ့ဘုံသာမက အခြားသော နတ်ဘုံ ဗြဟ္မာဘုံ စသည်တို့လည်း ရှိသေး၏ဟု သိရပါသည်။ ယင်းဘုံတို့၏ သက်တမ်း သုဂတိ ဒုဂ္ဂတိ အမျိုးအစားများကိုလည်း သိခဲ့ရပါသည်။ ထို့ပြင် ဘာသာခြားတို့ ယုံကြည် ထားသော သတ္တဝါများကို ဖန်ဆင်းရှင်က ဖန်ဆင်းလိုက်သည်ဟူသော အယူကို ရှင်းလင်းစေရန် သတ္တဝါတို့၏ ပဋိသန္ဓေနေပုံ စိတ်နှင့် ရုပ်တရားတို့ စတင်ဖြစ်ပေါ်လာပုံ စသည်တို့ကိုလည်း သိခဲ့ရ ပါသည်။ အဘိဓမ္မာတရားတော်သည် သတ္တဝါတို့၏ သန္တာန်၌ အမြစ်တွယ်နေသော အတ္တကို အဓိက ပယ်ဖျောက်ပေးသော ဆေးကောင်းတစ်လက်ဖြစ်ပါသည်။ ထို့ပြင် လောကီလောကုတ်ကြီးပွားရေး အတွက် ကျင့်သုံးလိုက်နာရမည့် ဗောဓိပက္ခိယတရား ၃၇-ပါးကိုလည်း အကုသိုလ်အလုပ်ဖြင့် ကြီးပွား ခြင်း၊ လျှုတန်းနေပါလျက် ဆင်းရဲခြင်းတို့၏ အကြောင်းများကို ကံလေးမျိုးကို လေ့လာရသဖြင့် အမှန်ကို သိခဲ့ရပါသည်။ ထို့ပြင် ပါရမီကုသိုလ်ဖြစ်အောင်မည်ကဲ့သို့ စိတ်ထားရမည်ကိုလည်းကောင်း၊ ကုသိုလ် လုပ်ရာ၌ ဝဋ္ဋခြင်းတူပါသော်လည်း အကျိုးပေးပုံ မတူခြင်းကိုလည်းကောင်း၊ လောက၌ ငါ, အတ္တမရှိ, ပုဂ္ဂိုလ် သတ္တဝါမရှိ ရုပ်နာမ်သာရှိ၏ဟု ပရမတ္ထသစ္စာ အမှန်တရားကိုလည်း သိရပါသည်။ ထိုသို့သိရသဖြင့် လူတို့မှာ နာမရူပပရိစ္ဆေဒဉာဏ်နှင့် နာမရူပပစ္စယပရိဂ္ဂဟဉာဏ် စသည်တို့ကိုလည်း ရရှိနိုင်ပါသည်။ နာမ်ရုပ်မကွဲဘဲနှင့် ဝိပဿနာတရားကို ပေါက်မြောက်အောင် အားမထုတ်နိုင်ပေ။ ဤသို့ဖြင့် မရေမတွက်နိုင်သော အကျိုးတရားများကို ရရှိသည်မှာ အဘိဓမ္မာကို ကျွမ်းကျင်ပိုင်နိုင်စွာ လေ့လာနိုင်သောကြောင့်သာ ဖြစ်ပါသည်။ ထိုသို့လေ့လာသူများ၏ မှီခိုအားထားရာမှာ အဘိဓမ္မာ နိဿယကျမ်းများပင် ဖြစ်ပါတော့သည်။

အရှင်ဓမ္မပါလ မဒဘိ-၂
အရှင်နန္ဒာစာရ မဒဘိ-၃
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)

## ကျမ်းကိုးစာရင်းများ

၁။ ဗုဒ္ဓသာသနာအဖွဲ့၊ ဓမ္မသင်္ဂဏီပါဠိတော်မြန်မာပြန်၊ ၁၉၆၈။
၂။ ထန်းတပင်ဆရာတော်အရှင်နန္ဒမေဓာ၊ ပဋ္ဌာန်းအရကောက်၊ ၁၉၈၅။
၃။ အရှင်ဣန္ဒကာဘိဝံသ၊ မြင်းခြံမာတိကာ။
၄။ မြန်မာနိုင်ငံဗုဒ္ဓသာသနာအဖွဲ့၊ (ရန်ကုန်)၊ အဘိဓမ္မာသမိုင်းအနှစ်ချုပ်။ ၁၉၆၅။
၅။ မဟာသီရိဇေယျသူ၊ ပိဋကတ်သုံးပုံစာတမ်းခေါ် ပိဋကတ်တော်သမိုင်း၊ ၂၀၀၀-ခုနှစ်၊ တ-အကြိမ်
၆။ ဦးညွန့်မောင်၊ ကုန်းဘောင်ခေတ်မြန်မာနိသ္သယများစာစုစာရင်း၊၁၉၇၅။
၇။ အရှင်ဇဝန (စလင်း)၊ မြန်မာနိုင်ငံနှင့် အဘိဓမ္မပိဋက၊ ၂၀၁၅-ခုနှစ်

# ဗုဒ္ဓအဘိဓမ္မာရှိ ကာလနှင့်အာကာသကို လေ့လာခြင်း

ဦးဗားမင်း(ပါမောက္ခ၊ ဒဂုံတက္ကသိုလ်)

၁။ ပရမတ္ထသဘောတရား(၄)ပါး

ဗုဒ္ဓ အဘိဓမ္မာတွင်ပရမတ္ထတရားကို(၄)ပါး ပြဆိုထားပါသည်။

၁။ စိတ္တ

၂။ စေတသိက

၃။ ရူပ

၄။ နိဗ္ဗာန တို့ဖြစ်ကြပါသည်။ ယင်းလေးပါးတို့တွင် စိတ္တ၊ စေတသိက၊ ရူပတို့သည် ဖြစ်ခြင်း၊ ပျက်ခြင်း သဘောတရားဘောင်အတွင်း၌သာ ရှိသည်။ သခ်ၤတဓမ္မပရမတ္ထ တရားဖြစ်သည်။ နိဗ္ဗာမှာမူကား မဖြစ်၊မပျက်တော့သော အသခ်ၤတဓမ္မပရမတ္ထတရား ဖြစ်ပါသည်။ ထို့ကြောင့် သခ်ၤတဓမ္မနယ်ပယ်တွင်ရှိသော အချိန်၊ နေရာ သဘောတရားနှင့် အသခ်ၤတဓမ္မနယ်တွင်ရှိသော အချိန်၊ နေရာ သဘောတရား(၂)ခုသည်လည်း တူညီနိုင် မည် မဟုတ်ပါ။

၂။ ကာလ နှင့် အာကာသ သတ်မှတ်ချက်

ကာလနှင့်အာကာသ (Time and Space)ကို ဗုဒ္ဓအဘိဓမ္မာသဘောအရာ ဖော်ပြချက် တွင် ကာလ၊ အာကာသပုဒ်နှစ်ခုကိုသာ စဉ်းစားဖြေရှင်းရန် ရှိပါသည်။ ကာလသဘော ကိုလည်း အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တို့၏ ကာလအပိုင်းအခြားသဘောသာ ဖြစ်ပြီး အာကာသပုဒ်မှာကား ရုပ်(၂၈)ပါး၊ (၂၇)ပါးတွင်ပါရှိသော အာကာသဓာတ်နှင့်သုံးဆယ့် တစ်ဘုံတည်ရာဘုံဌာနတို့ရှိ အချိန်၊ နေရာသဘောကိုပါ လေ့လာတင်ပြသွားပါမည်။

အဘိဓမ္မာသဘောအရ ဓမ္မသင်္ဂဏီပါဠိတော်၌ ရုပ်(၂၇)ပါးတွင် အာကာသဓာတ် တွေ့ရှိရသော်လည်း ကာလ(အချိန်) သတ်မှတ်ချက်ကို ထည့်သွင်းရေတွက်မထားသည့် အတွက် ပရမတ္ထတရား အနေဖြင့်သတ်မှတ်ထားခြင်း မရှိသည် ကို တွေ့ရပါသည်။

ကာလကို ကြာမြင့်ချိန်ဖြင့် စဉ်းစားခြင်းမဟုတ်ဘဲ ရှိခြင်းသဘောတရားအနေဖြင့် ဖော်ပြသွားရန် ရည်ရွယ်ပါသည်။ ထိုနည်းတူနေရာ၏ သဘောကိုလည်း ပညတ်သဘော အရှိတရားအနေဖြင့်သာ ဖော်ပြသွားမည်ဖြစ်ပါသည်။

## ၃။ သိပ္ပံပညာနယ်ပယ်မှအချိန်နှင့်နေရာ အယူအဆ

သိပ္ပံပညာနယ်ပယ်မှ ကာလနှင့် အာကာသ(Time and Space)တို့ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့်ပတ်သက်ပြီး သိပ္ပံပညာရှင်ကြီးတို့၏ အဆိုအမိန့်များကိုတင်ပြလိုပါသည်။ အထူးအားဖြင့် အချိန် (Time) နှင့်ပတ်သက်၍ သိပ္ပံပညာရှင်ကြီးများ ဖွင့်ဆိုခဲ့သည်မှာ-

'Time is everywhere yet nowhere---' "အချိန်သည်နေရာတိုင်းတွင်ရှိသည်။ သို့သော် ဘယ်မှာမှလည်း မရှိပါ"။ Time is intuitively obvious yet logically indefinable--- အချိန်ဟူသည် အလွန်ထင်ရှား၏၊ ကလေးတောင်သိသည်ဟု ဆိုနိုင်၏။ သို့သော်အချိန်ဟူသည် အဘယ်နည်းဟူသည်ကို ယုတ္တိဗေဒနည်းအရ အဓိပ္ပါယ် မှတ်နိုင်စွမ်း မရှိပါ။

Time is as simple as an alarm clock, but as complex as Relativity Theory. အချိန်သည်နှိုးစက်နာရီကဲ့သို့ရှင်းရှင်းလေးဖြစ်၏၊ သို့သော် ရလေတီဗီတီသီအိုရီကဲ့သို့ ရှုပ်ထွေး၏၊

ရူပဗေဒပညာရှင် နယူတန်(Newton)ကဆိုသည်မှာ -I do not define time, place and motion.ကျွန်တော်သည် အချိန်၊ နေရာ၊ လှုပ်ရှားခြင်း ဟူသောဝေါဟာရများ၏ အဓိပ္ပါယ်ကို မသတ်မှတ်တော့ပါ ဟူ၍မိန့်ဆိုထားကြပါသည်။

## ၄။ ကာလ နှေးခြင်းသဘော

သိပ္ပံ ပညာနယ်ပယ်တွင် ကာလနှင့်ပတ်သက်၍ ရပ်နေသူနှင့် သွားနေသူတို့သည် ကာလ မတူညီကြပါ။ ရပ်နေသောသူတစ်ယောက်အတွက် ကာလသည် ၁၀နှစ်ဖြစ်သောအခါ သွားနေသောသူအတွက် ၅ နှစ်ကြာစေရန် ရွေ့လျားနှုန်းကို တွက်ထုတ်ထားသည်မှာ - $t_o$ = 10, $t_v$ = 5 ထားပါ။

$$t_v = t_o \sqrt{1-\frac{v^2}{c^2}}$$

$$5 = 10 \sqrt{1-\frac{v^2}{c^2}}$$

$$\sqrt{1-\frac{v^2}{c^2}} = \frac{1}{2}$$

$$1-\frac{v^2}{c^2} = \frac{1}{4}$$

$$\frac{v^2}{c^2} = 1-\frac{1}{4} = \frac{3}{4}$$

$$v = \frac{\sqrt{3}}{2} c$$

c = တစ်စက္ကန့်လျှင် ၁၈၆၀၀၀ မိုင်နှုန်း။

တို့ကြောင့်

$v= \sqrt{3}\ 2/x\ 1860000 = 161000$ = တစ်စက္ကန့်လျှင် 161000 မိုင်နှုန်း။ ရပ်နေသောသူ အသက်ဆယ်နှစ်ကြီးသွားသော အချိန်တွင် တစ်စက္ကန့်လျှင် ၁၆၁၀၀၀မိုင်နှုန်းဖြင့် သွားနေသောသူသည် ငါးနှစ်သာကြီးသေးမည်၊ ထို့ကြောင့် ရပ်နေသောသူသည် သွားနေသောသူထက် ပို၍ အချိန်ကြာပါသည်။

**၅။ စိတ်ဖြစ်စဉ်ဝီထိနှင့်ကာလ**

ဗုဒ္ဓဘာသာတွင် အခြေခံအကျဆုံးဖြစ်သော စိတ်ဖြစ်စဉ် (ဝီထိ)ကို ယေဘုယျ လေ့လာကြည့်ပါက -

**ပဉ္စဝိဉ္ဉါရဝီထိ**

၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀
၀၀၀

ဘ တီ န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ ထ တ
ဘ

**မနောဒွါရဝီထိ**

၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀ ၀၀၀

န ဒ မနော ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ

အထက်ပါ စိတ်ဖြစ်စဉ်သဘောအရ ဘဝအပိုင်းအခြားတစ်ခုတွင် သိစိတ်တစ်ခုဖြစ်ရန်အတွက် စိတ်ဖြစ်စဉ်အဆင့်ကို ဖြတ်ကျော်ရသည်။ စိတ်ဖြစ်စဉ်တွင်လည်း တစ်ခုပြီးမှ အခြားတစ်ခုက ဖြစ်ခွင့်ရသည်။ ထိုသို့ဖြစ်ရန်မှာလည်း ပဋ္ဌာန်းနည်း အနန္တရ၊ သမနန္တရပစ္စည်းသဘောအရ နောက်စိတ်ဖြစ်စေရန် ရှေ့စိတ်ချုပ်ပေးရသည်ဟု ဆိုထားပါသည်။ ထိုသို့ သိစိတ်တစ်ခုနှင့် တစ်ခုကြား ဘဝင်စိတ်များ ဖြစ်ပေါ်နေကြသည်ဟု ဆိုထားပါသည်၊ ဆိုလိုသည်မှာ သိစိတ်ဖြစ်စဉ် ဖြစ်ပေါ်နေသည်ဖြစ်စေ၊ ဘဝင်စိတ်ဖြစ်ပေါ်နေသည်ဖြစ်စေ စိတ်ဖြစ်စဉ်တွင် စိတ်တစ်ခုပြီးမှ တစ်ခုဖြစ်ရသည်။ စိတ်ဖြစ်ချိန်၊ တည်ချိန်၊ ပျက်ချိန်၊ စိတ်တစ်ခုနှင့်တစ်ခု ကြားကာလတို့သည် အချိန်အတိုင်းအတာတစ်ခုအဖြစ် ရှိနေပါသည်။ တစ်နည်းအားဖြင့် ထိုဖြစ်စဉ်သည် အချိန်ရှိနေခြင်းဟု ပညတ်သဘောအရ မှတ်သားထားပါသည်။ အချိန်၏ ကြာချိန်ကို သတ်မှတ်တိုင်းတာသည့်စနစ်ကို စိတ္တက္ခဏတစ်ခုဟု သုံးစွဲထားပါသည်။ စိတ္တက္ခဏတစ်ခု မည်မျှကြာသည်ဟု ပိုင်းခြားမှုမရှိပါ။

သာဓကပြယုဂ်တစ်ခု တင်ပြလိုပါသည်။ အသည္သတ်ဘုံတွင်ဖြစ်သော ဖြဟ္မာသည် သက်တမ်းကမ္ဘာ(၅၀၀)အသက်ရှည်သည်ဟု သတ်မှတ်ကြပါသည်။ အသညသတ်ဖြဟ္မာသည်

ရုပ်သက်သက်သာရှိပြီး နာမ်(သို့)နာမ်ခန္ဓာလေးပါး မရှိပါ။ သို့သော် အသညသတ်ဘုံသို့ မရောက်မီ ခန္ဓာငါးပါးရှိသော နာမ်၊ ရုပ်အဖြစ် ခန္ဓာတစ်ပါးသာရှိသောအဖြစ်မှ ရုပ်သက်သက်ဘုံသို့ ရောက်သွား ခြင်းဖြစ်သည်။ အသညသတ်ဘုံမှ စုတိ၍ ခန္ဓာငါးပါး ရုပ်၊ နာမ်တရားရှိသော ဘုံတစ်ခုခု၌ ပဋိသန္ဓေပြန်ဖြစ်ပါက -

ပဋိသန္ဓေဝီထိသဘောအရ

ပဋိသန္ဓေဝီထိ

ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo

တီ န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ စုတိ ပဋိသန္ဓေ


ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo

ဘ တီ န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ

ooo ooo ooo ooo ooo ooo ooo ooo ooo ooo

မနော ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ ဘ


ဘဝနိကန္တိက




ခန္ဓာငါးပါးသတ္တဝါစုတေ် (ရုပ်/နာမ်ပျက်) ခန္ဓာတစ်ပါးရုပ်သက်သက် ပဋိသန္ဓေဖြစ် သက်တမ်းကမ္ဘာ (၅၀၀)ကြာ - စုတိ - ခန္ဓာငါးပါး ပဋိသန္ဓေဖြစ်စဉ်၌ ဝီထိသဘောအရ အနန္တရပစ္စည်းအနေဖြင့် စုတိစိတ်ပျက်၍ ပဋိသန္ဓေစိတ်ဖြစ်သည်။ သို့သော် ရုပ်သက်သက်ဖြစ်သော အသညသတ်ပြဟ္မာတွင် နာမ်ခန္ဓာ ပဋိသန္ဓေမဖြစ် (သက်တမ်း ကမ္ဘာ ၅၀၀) ပြဟ္မာသက်တမ်းကုန် နောက်ခန္ဓာငါးပါးရှိ သတ္တဝါပဋိသန္ဓေဖြစ်ပါက ပထမခန္ဓာငါးပါးရှိ သတ္တဝါ၏ နာမ်ခန္ဓာလေးပါးပျက်ခြင်းကြောင့် နောက်ခန္ဓာငါးပါးတွင် ပဋိသန္ဓေစိတ်ဖြစ်ရသည်။ သို့သော် ဝီထိသဘောအရ စုတိစိတ်ပျက်၍ ပဋိသန္ဓေစိတ်ဖြစ်ခြင်း သဘောမှ အတူတူပင်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ယင်းဖြစ်စဉ်တွင် ကြာမြင့်ချိန်မှာ ရှေ့စိတ်ပျက်၍ နောက်စိတ်ဖြစ်ရခြင်းသာ ဖြစ်သဖြင့် ထည့်သွင်းရေတွက်၍ မရနိုင်ပါ။ ထို့ကြောင့် အဘိဓမ္မာသဘောအရ အချိန်ရှိခြင်းကို လက်ခံသော်လည်း ကြာမြင့်ချိန်အတိုင်းအတာ သတ်မှတ်ချက်မှာ မရှိဟု ဆိုနိုင်မည် ထင်ပါသည်။

## ၆။ (၃၁)ဘုံသတ္တဝါတို့၏ ကာလနှင့်အာကာသ သဘော

အဘိဓမ္မာဒေသနာတွင် ကာလနှင့်ပတ်သက်၍ သီးခြားဖော်ပြထားချက် မရှိပါ။ (၃၁)ဘုံ သက်တမ်းကို သတ်မှတ်ရာတွင်လည်း လူ့သက်တမ်းအပေါ်မူတည်၍ ကမ္ဘာတည်ပုံ၊ ကမ္ဘာဖြစ်ပုံ၊ ကမ္ဘာပျက်ပုံများကို အချိန်အတိုင်းအတာသတ်မှတ်ကြပါသည်။




ပုံတွင်ဖော်ပြထားသည့်အတိုင်း -

၁။ ငရဲကြီး(၈)ထပ် (နေရာအစဉ်လိုက် အထက်အောက် - လူ့ဘုံအောက်)

၂။ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ လူ့ဘုံ- (အဆင့်နေရာတူ)

၃။ နတ်ပြည်(၆)ထပ် - (သက်တမ်းအစဉ်လိုက်အထက်အောက်/လူ့ပြည်အထက်တွင်ရှိ)

၄။ ဗြဟ္မာဘုံ(၂၀) နတ်ပြည်(သက်တမ်းအစဉ်လိုက်) အထက်အောက်နတ်ပြည် အထက်တွင်ရှိ

အချိန်သို့မဟုတ်သက်တမ်းကို ရေတွက်ကြသောအခါ လူ့ပြည်၏သက်တမ်းကို စံအဖြစ်ထား၍ ရေတွက်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ဥပမာအားဖြင့် လူ့ပြည်၏ အနှစ် (၅၀)သည် စတုမဟာရာဇိကနတ်ပြည်တွင် တစ်နေ့တစ်ည (တစ်ရက်သတ်မှတ်သည်) ကြာမြင့်သည်ဟု အချိန်ကာလကို သတ်မှတ်ထားပါသည်။ တနည်းအားဖြင့် ကမ္ဘာမြေပြင်ပေါ် ကမ္ဘာဂြိုဟ်ပေါ်၌ နေထိုင်သော လူသက်တမ်း(၅၀)သည် စတုမဟာရာဇိကနတ်တို့ နေထိုင်သော နေရာတွင် (ကမ္ဘာတွင်) တစ်ရက်တာသာ ကြာမြင့်နေသည်ဟု ဆိုလိုပါသည်။ ယင်းကို သိပ္ပံပညာ၏ ကာလနှေးခြင်း သဘောတရားအရ ရပ်နေသူနှင့်သွားနေသူ ညီမျှခြင်းကို အသုံးပြုမည်ဆိုလျှင် လူ့ပြည်နှစ်(၅၀)၊ စတုမဟာရာဇိကနတ်ပြည်(၁)နှစ် ကြာချိန်ကို တွက်ထုတ်ပါက -

$t_o = 50\ ,\ t_v = 1$

$$t_v = t_o \sqrt{1-\frac{v^2}{c^2}}$$

$$1 = 50 \sqrt{1-\frac{v^2}{c^2}}$$

$$\frac{1}{50} = \sqrt{1-\frac{v^2}{c^2}}$$

$$1-\frac{v^2}{c^2} = \frac{1}{2500}$$

$$\frac{v^2}{c^2} = 1-\frac{1}{2500} = \frac{2499}{2500}$$

$$\frac{v}{c} = \frac{\sqrt{2499}}{2500}$$

$$v = \frac{\sqrt{2499}}{50}\ c$$

$$= \frac{\sqrt{2499}}{50} \times 186000$$

$$= 185962.7963 \text{ mile / sec}$$

ဖြင့်ရွေ့လျားနေမည်ဟု မှတ်ယူရပါမည်။ အကယ်၍ လူ့ပြည်နှစ် (၁၀၀)၊ ရွေ့လျားနေသောသူ (၁)နှစ်ကိုတွက်ထုတ်ပါက -

$$t_v = t_o \sqrt{1-\frac{v^2}{c^2}}$$

$$1 = 100 \sqrt{1 - \frac{v^2}{c^2}}$$

$$\frac{1}{100} = \sqrt{1 - \frac{v^2}{c^2}}$$

$$\frac{1}{100000} = 1 - \frac{v^2}{c^2}$$

$$\frac{v^2}{c^2} = 1 - \frac{1}{10000} = \frac{9999}{10000}$$

$$\frac{v}{c} = \frac{\sqrt{9999}}{100}$$

$$v = \frac{\sqrt{9999}}{100} c$$

$$= \frac{\sqrt{9999}}{100} \times 186000$$

$$= 185990.6998 \text{ mile / sec}$$

ရရှိမည်ဖြစ်ပါသည်။

အိုင်စတိုင်း၏ ရီလေတီဗီတီသီအိုရီသဘောအရ ကာလနှင့်အာကာသသည် နှိုင်းရသဘောတရားသာ ဖြစ်သည်။ အချိန်၊ နေရာ၊ လှုပ်ရှားမှုများသည် တစ်ခုနှင့်တစ်ခု ဆက်စပ်ပေါ်ပြမှုသာ အဓိပ္ပါယ်ရှိလေသည်။ သိပ္ပံနယ်ပယ်တွင် ရပ်နေသောသူနှင့် သွားနေသောသူတို့၏ အချိန်သည်တူညီမှု မရှိပါ။

ဥပမာ

tv =သွားနေသောသူ၏အချိန်

to =ရပ်နေသောသူ၏အချိန်

c =အလင်း၏သွားနှုန်း

အိုင်စတိုင်း၏ Relativity Theory သဘောအရလူသုံးဦး A, B, Cတို့၏ အနေအထားကို လေ့လာထားချက်မှာ - A က ကမ္ဘာပေါ်မှာမွေးသည်၊ B က ကမ္ဘာကနေ အလင်းနှစ်(၁၀၀)နှစ် ဝေးကွာတဲ့ ကြယ်တစ်ခုမှာ မွေးသည်။ Cကတော့ အလျင်-. ၉၈ Cရွေ့လျားနေသော ယာဉ်ပေါ်တွင် မွေးဖွားမည်ဆိုပါက - C ၏ အချိန်နှေးသွားမည်ဟုဆိုပါသည်။ ထို့ကြောင့် -

$$t = t \sqrt{1 - \frac{v^2}{c^2}} \quad \text{or}$$

$$t' = t \sqrt{1 - 0.96} \quad \text{or}$$

$$t' = 0.2t = t/5$$

ဖြစ်သည့်အတွက်(၅)ဆနှေးမည်ဟုဆိုပါသည်။ ထို့ကြောင့် တစ်နေရာတည်းတွင်နေသော Aနှင့်B သည် နှစ်(၇၀)နေရသောအချိန်တွင် C မှာ 70 x 5 x 0.98 ly ခရီးနှင်နေသည့်အတွက်

နှစ်(၃၅၀)တိတိနေသွားရခြင်းဖြစ်သည်။ ရှုထောင့်တစ်ခုမှ တင်ပြထားချက်ကို တွေ့ရသည့်* အတွက် သိပ္ပံသဘောအရ ရပ်နေသောအရာထက် သွားနေသောအရာက အချိန်ပိုနှေး ကြောင်းကို တွေ့ရှိရပေသည်။ ထို့ကြောင့် အချိန်၏ သဘောတရားကို ခေတ်သိပ္ပံအမြင်အရ တသမတ်တည်း ရှုမြင်၍မရကြောင်းတွေ့ရပါသည်။ (၃၁)ဘုံသက်တမ်းအချိန်နှင့် တည်နေရာ တို့ကို ခေတ်သိပ္ပံရှုထောင့်မှ လေ့လာကြည့်ပါက ဗုဒ္ဓဘာသာဝင်တို့ လက်ခံထားသော သက်တမ်းအချိန်နှင့်တည်ရာတို့မှာ ပုံသေသတ်မှတ်ချက် မဟုတ်တော့ နှိုင်းရသဘောကိုသာ ဆောင်နေပါသည်။ ဗုဒ္ဓဘာသာရှုထောင့်သက်သက်ကသာ ကြည့်မည်ဆိုပါက အထက်ပါ တွက်ချက်မှုတို့သည် အဓိပ္ပါယ်ရှိသည်ဟု ဆိုချင်မှဆိုနိုင်လိမ့်မည်ဟု ထင်ပါသည်။

ထိုကြာချိန်ကို တွက်ချက်မှုသိပ္ပံသဘောအရ လူ့ပြည်သက်တမ်း(၅၀)နှစ်တွင် စတုမဟာရာဇိကနတ်သက် (၁)ရက်ကို တွက်ချက်ကြည့်ပါက စတုမဟာရာဇိကနတ်တို့သည် အလင်း၏အလျင်နီးပါး ရွေ့လျားနေသော အလျင်နှင့်သွားနေသည်ကို တွေ့ရှိရပါသည်။

၇။ အာကာသ သဘာဝ

ဗုဒ္ဓအဘိဓမ္မာ၌ ရုပ်အမှုန်များကိုလေ့လာရာတွင် မျက်စိဖြင့်မြင်တွေ့ရသော အမှုန် တစ်ခုကို ရထရေဏုမြူဟုခေါ်ဆိုပြီး ယင်းရထရေဏုမြူကို (၃၆)စိတ် စိတ်ပြီး တစ်စိတ်ကို ဂေါရေဏုမြူကို (၃၆)စိတ်ပြီး တစ်စိတ်ကို တဇ္ဇာရီဏုမြူမှုန်ဟု သတ်မှတ်ပါသည်။ ယင်း တဇ္ဇာရီဏုမြူမှုန်ကို (၃၆)စိတ်စိတ်ပါက တစ်စိတ်မှာ အဏုမြူဖြစ်ပြီး ယင်းအနုမြူကို (၃၆)စိတ် စိတ်ပါက တစ်စိတ်မှာ ပရမာဏုမြူဟု သတ်မှတ်ပါသည်။ ယင်းပရမာဏုမြူသည် လူသာမန် မျက်စိဖြင့် မမြင်နိုင်ဟု ဆိုထားပါသည်။[၁]

သိပ္ပံပညာရှင်တို့ကမူ "ရုပ်စကြဝဠာကြီးကို အက်တမ်နှင့် အက်တမ်တွင်ပါဝင်သော ပစ္စည်းများဖြင့် တည်ဆောက်ထားကြသည်။ တဖန် အက်တမ်တွင်လည်း နျူကလီးယားနှင့် နျူကလီးယကို ပတ်နေသော အီထရွန်ပါရှိသည်။ နျူကလီးယကိုယ်၌လည်း နျူထရွန်နှင့် ပရိုတွန်ဟူ၍ နှစ်မျိုးရှိသည်။ တစ်နည်းအားဖြင့် ပြောဆိုရပါမူ ရုပ်ဝတ္ထုများကို အက်တမ် များဖြင့် တည်ဆောက်ထားသည်။ ထိုအက်တမ်ကို ထပ်မံခွဲစိတ်ပါက အီလက်ထရွန်၊ နျူထရွန်၊ ပရိုတွန်ဟု ထပ်မံခွဲစိတ်ရရှိသည်ဟု ဆိုထားပါသည်။ ယနေ့ သိပ္ပံပညာလောကတွင် ရုပ်အမှုန် များကို ထို့ထက်ထပ်မံခွဲစိတ်၍ အက်တမ်အောက် အမှုန်များ များစွာရှိနေသေးကြောင်း ဖော်ပြထားချက်ကိုလည်း တွေ့ရပါသည်။

ဗုဒ္ဓဘာသာသဘောအရ ရုပ်အမှုန်မည်မျှပင် သေးငယ်စေကာမူ ထိုရုပ်အမှုန်ထဲတွင် ခွဲခြား၍ မရနိုင်တော့သော အဋ္ဌကလာပ်ရုပ် (ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ (အာဟာရ)) ဟု အဋ္ဌကလာပ်ရုပ်(၈)ပါး အနည်းဆုံး ပါဝင်လျက် ရှိပါသည်။

---

*အထွေထွေရိလေတိဗိတီ၊ နှာ ၅၇-၆၀
၁ အဘိ၄ ၂-၃၂၈

ယင်းရုပ်တို့သည် ကံ၊ စိတ်၊ ဥတု၊ အာဟာရကြောင့် ဖြစ်သည်၊ ရုပ်တို့ကို ဖွဲ့စည်းရာတွင် ရုပ်ကလာပ်စည်းများဖြင့် ဖွဲ့စည်းထားသည်။

| | |
|---|---|
| ကံကြောင့်ဖြစ်သောရုပ် | ကမ္မဇကလာပ် ၉ စည်း |
| စိတ်ကြောင့်ဖြစ်သောရုပ် | စိတ္တဇကလာပ် ၆ စည်း |
| ဥတုကြောင့်ဖြစ်သောရုပ် | ဥတုဇကလာပ် ၄ စည်း |
| အာဟာရကြောင့်ဖြစ်သောရုပ် | အာဟာရဇကလာပ် ၂ စည်း |

စုစုပေါင်းကလာပ်စည်း (၂၁)စည်း ရှိပါသည်။ ထိုသို့ရုပ်ကလာပ်စည်းများ တစ်ခုနှင့်တစ်ခု ပေါင်းစပ်ရာတွင် အာကာသရုပ်ဓာတ်သည် ရုပ်ကလာပ်တစ်ခုနှင့်တစ်ခုကို ပိုင်းခြားထား ပါသည်။ ထို့ကြောင့် ဗုဒ္ဓအဘိဓမ္မနယ်ပယ်၌ အာကာသ (Space)သည် ရုပ်အမှုန်ကလေးများ ပေါင်းစပ်ရာတွင် ကလာပ်စည်းတစ်ခုနှင့်တစ်ခု ပိုင်းခြားထားခြင်းသာ ဖြစ်သည်။[၂] ဗုဒ္ဓ အဘိဓမ္မာသဘောတရားအရ ရုပ်ပေါင်း စည်းမှုတွင် တစ်ခုနှင့်တစ်ခု ပိုင်းခြားထားသော အာကာသကို အတွင်းအာကာသဟုသတ်မှတ်ပြီး ရုပ်ပြင်ပတွင်ရှိသော အာကာသကြီး တစ်ခုလုံးကို အပြင်အာကာသအနေဖြင့် သတ်မှတ်ထားပါသည်၊ ထို့ကြောင့် အာကာသကို နေရာသတ်မှတ်မှု တစ်ခုအနေဖြင့်ဆို၍မရနိုင်ဟု ထင်မြင်ပါသည်။

## ၈။ ရုပ်နှင့်စိတ်၏ အာကာသ

ပဋ္ဌာန်းဒေသနာနည်းအရ ပဋိသန္ဓေကာလတွင် စိတ်နှင့်ရုပ်၏ သဘောကို

၁။ ဩက္ကန္တိက္ခဏေ နာမရူပံ အညမည သဟဇာတပစ္စယေန ပစ္စယော၊

၂။ ဩက္ကန္တိက္ခဏေ နာမရူပံ အညမညပစ္စယေန ပစ္စယော၊

၃။ ဩက္ကန္တိက္ခဏေ နာမရူပံ အညမည နိဿယပစ္စယေန ပစ္စယော၊

၄။ ဩက္ကန္တိက္ခဏေ နာမရူပံ အညမည အတ္ထိပစ္စယေန ပစ္စယော၊

၅။ ဩက္ကန္တိက္ခဏေ နာမရူပံ အညမည အဝိဂတပစ္စယေန ပစ္စယော ဟု ဖော်ပြထား သည်။ ထို့ကြောင့် ပဋိသန္ဓေကာလအခိုက်တွင် နာမ်နှင့်ရုပ်သည် သဟဇာတ၊ အညမည၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ပစ္စည်းများဖြင့် အထောက်အပံ့ကျေးဇူးပြုသည်ဟု ဆိုထားပါသည်၊ ဂဗ္ဘသေယျကသတ္တဝါအတွက် ရုပ်နှင့်နာမ်သည် အမိဝမ်းတွင်း၌ ကိန်းအောင်း၍ တပြိုင်တည်း ဖြစ်သည်ဟု ဆိုထားပါသည်။ ဩပပါတိကသတ္တဝါများအတွက် မိခင်ဝမ်းမှ မွေးခြင်းမဟုတ်၍ နာမ်နှင့်ရုပ်တို့မှာ တပြိုင်တည်း အရွယ်ရောက်ပြီးအနေဖြင့် ပေါ်ပေါက်လာခြင်း ဖြစ်သည်၊ ပဋိသန္ဓေနေ၍ မွေးဖွားလာခြင်းမျိုး မဟုတ်ပါ။ ထို့ကြောင့် သတ္တဝါတစ်ဦး၏ ဘဝအစ ရုပ်ဖြစ် တည်ရာနေရာကို သတ်မှတ်ရာ၌ သတ္တဝါတစ်ဦးနှင့်တစ်ဦး တူညီမည် မဟုတ်ပါ။

---

၂ အဘိဓမ္မပို့ချချက်များ (စ-တွဲ)၊ နှာ ၈၃-၁၀၄

တဖန်စိတ်၏ တည်ရာနေရာကို လေ့လာကြည့်ပါက ပဋ္ဌာန်းပါဠိတော် "ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ" ဟု ဖော်ပြချက်အရ မနောဓာတ်(၃)ပါးနှင့် မနောဝိညာဏဓာတ်(၇၆)ပါး ပေါင်း စိတ်(၇၉)ပါးသည် အကြင်ရုပ်ကို အမှီပြု၍ ဖြစ်ပေါ်လာသည်ဟု ဖော်ပြထားသည်။[၃]

ယံ ရူပံ ဟူသောပုဒ်၏ အဓိပ္ပါယ်အရ အကြင်ရုပ်ကို အဋ္ဌကထာဆရာအဆိုအရ ဓမ္မသင်္ဂဏီတွင် မပါရှိသော ရုပ်တစ်ခုထပ်တိုး၍ ဟဒယဝတ္ထုတွင်မှီသည်ဟု ဖော်ပြထားပါသည်။ (၃၁)ဘုံသတ္တဝါတို့တွင် အရူပ(၄)ဘုံ၌ ရုပ်မရှိ၍ ဟဒယဝတ္ထုမရှိနိုင်၊ အသညသတ်ဘုံတွင် နာမ်မရှိ။ ထို့ကြောင့် ထို(၅)ဘုံတွင် ဟဒယဝတ္ထုမရှိကြောင်း မှတ်ယူနိုင်သည်။ ကျန်(၂၆)ဘုံတွင် ရုပ်နှင့်နာမ်ရှိသည့်အတွက် မနောဓာတ်နှင့် မနောဝိညာဏဓာတ်တို့သည် ဟဒယဝတ္ထုကို မှီသည်ဟုယူရန်ရှိပါသည်။ (၂၆)ဘုံရှိ သတ္တဝါအားလုံးတွင် ဟဒယဝတ္ထု ရှိနိုင်သလား ဟူသော အမေးမှာလည်း စဉ်းစားရန် ရှိပါသည်။

ဗုဒ္ဓအဘိဓမ္မာပဋ္ဌာန်းတရားတော်အရ မနောဓာတ်နှင့် မနောဝိညာဏဓာတ်တို့သည် ရုပ်တစ် ခုခုကိုမှီ၍ဖြစ်သည်ဟု ဆိုထားသဖြင့် ရုပ်နှင့်နာမ်ရှိသော သတ္တဝါ(၂၆)ဘုံလုံးတွင် နာမ်၏ မှီရာရုပ်တစ်ခုခုရှိနေပါသည်။ ဤသို့ဆိုသော် မနောဓာတ်နှင့် မနောဝိညာဏဓာတ်တို့သည် ရုပ်တစ်ခုခု (ဟဒယဝတ္ထု)ကို မှီရပါသည်။ ထို့ပြင် -

စက္ခုဝိညာဏ်စိတ်သည် စက္ခုရုပ်ကို မှီရသည်၊

သောတဝိညာဏ်စိတ်သည် သောတရုပ်ကို မှီရသည်၊

ဃာနဝိညာဏ်စိတ်သည် ဃာနရုပ်ကို မှီရသည်။

ဇိဝှာဝိညာဏ်စိတ်သည် ဇိဝှါရုပ်ကို မှီရသည်၊

ကာယဝိညာဏ်စိတ်သည် ကာယရုပ်ကို မှီရသည်၊ ထို့ကြောင့် နာမ်ခန္ဓာ(၄)ပါး ဖြစ်သော စိတ်(၈၉)ပါးသည် ရုပ်ကိုမှီပြီး၍ ဖြစ်ပါသည်။

**နိဗ္ဗာနဓာတ်**

အထက်၌ ဖော်ပြထားသကဲ့သို့ စိတ်၊ စေတသိက်၊ ရုပ်၊ ခန္ဓာငါးပါးသည် သင်္ခတဓာတ်များဖြစ်သည့်အတွက် ယင်းတို့၏ ကာလနှင့်အာကာသတို့၏ သဘောသည် ပညတ်နယ်ပယ် အတွင်း၌သာ ပြောဆိုသုံးစွဲနေသော သတ်မှတ်ချက်များဖြစ်ပါသည်။ ပရမတ္ထသဘောအနေဖြင့် သတ်မှတ်ချက်မျိုး မဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ အသင်္ခတဓာတ်ဖြစ်သော နိဗ္ဗာန်မှာမူ ကာလနှင့်အာကာသ သတ်မှတ်ချက်မှာ မဖြစ်နိုင်ပါ။ ဥဒါန်းပါဠိတော်၌ ဖော်ပြထားသည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်။

---

၃ ပဋ္ဌာန ၁၀၊ နှာ - ၄

အတ္ထိ ဘိက္ခဝေ တဒါယတနံ၊ ယတ္ထ နေဝ ပထဝီ န အာပေါ န တေဇော န ဝါယော၊ န အာကာသာနဉ္စာယတနံ န ဝိညာဏဉ္စာယတနံ န အာကိဉ္စာယတနံ န နေဝသညာ နာသညာယတနံ၊ နာယံ လောကော န ပရလောကော၊ ႔ ဥဘော စန္ဒိမသူရိယာ၊ တတြာပါဟံ ဘိက္ခဝေ နေဝ အာဂတိံ ဝဒါမိ န ဂတိံ န ဌိတိံ န စုတိံ န ဥပပတ္တိံ၊ အပ္ပတိဋ္ဌံ အနာရမ္မဏမေဝေတံ၊

" ရဟန်းတို့ အကြင်နိဗ္ဗာန်အရပ်၌ ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ် မရှိ၊ အာကာသာနဉ္စာယတနစျာန်၊ ဝိညာဏဉ္စာယတနစျာန် အာကိဉ္စာယတန စျာန် နေဝသညာနာသညာယတနစျာန်လည်း မရှိ၊ ပစ္စုပ္ပန်လောက တမလွန်လောကလည်း မရှိ၊ နှစ်ပါးစုံသော လ၊ နေတို့သည်လည်း မရှိကုန်၊ ထိုနိဗ္ဗာန်သည် ရှိသည်သာတည်း၊ ရဟန်းတို့ ထိုနိဗ္ဗာန်၌လည်း တစ်စုံတစ်ခုသော ဘဝမှလာခြင်းကို ငါမဟော၊ တစ်စုံတစ်ခု သော ဘဝသို့ သွားခြင်းကိုလည်း ငါမဟော၊ တစ်စုံတစ်ခုသော အရပ်၌ တည်ခြင်းကိုလည်း ငါမဟော၊ ရွေ့လျောစုတေခြင်းကိုလည်း ငါမဟော၊ ပဋိသန္ဓေအားဖြင့် ဖြစ်ခြင်းကိုလည်း ငါမဟော၊ ထိုနိဗ္ဗာန်သည် တည်ရာမရှိ၊ ဖြစ်ခြင်း မရှိ၊ အာရုံပြုမှုမရှိသည်သာတည်း"

ထို့အတူပင် တတိယပရိနိဗ္ဗာနပဋိသံယုတ္တသုတ်၌ နိဗ္ဗာန်၏ သဘောကို " အဇာတံ အဘူတံ အကတံ အသင်္ခတံ၊ နော စေ- ဖြစ်ပေါ်မှုမရှိ ထင်ရှားဖြစ်နေမှု မရှိသော ပြုလုပ်ထားမှု မရှိသော၊ စီရင်ထားမှု မရှိသော နိဗ္ဗာန်သည် ရှိ၏" ဟု ဖော်ပြထားပါသည်၊

စတုတ္ထနိဗ္ဗာန ပဋိသံယုတ္တသုတ်တွင်လည်း " နတိယာ အသတိ အာဂတိဂတိ န ဟောတိ၊ အာဂတိဂတိယာ အသတိ စုတူပပါတော န ဟောတိ၊ စုတူပပါတေ အသတိ နေဝိဓ န ဟုရံ န ဥဘယမန္တရေန- ညွတ်မှု တဏှာ မရှိသော် ပဋိသန္ဓေအားဖြင့် ဤဘဝသို့ လာခြင်း, စုတေအားဖြင့် ထိုဘဝသို့ သွားခြင်း မဖြစ်၊ လာခြင်း သွားခြင်း မရှိသော် စုတေခြင်း ပဋိသန္ဓေနေခြင်းမဖြစ်၊ စုတေခြင်းပဋိသန္ဓေနေခြင်းမရှိသော် မျက်မှောက်ဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း၊ နှစ်ပါးစုံဘဝ၌ လည်းကောင်း မဖြစ်တော့လတ္တံ့" ဆိုထားသည် ကို တွေ့ရသည်၊ ထိုပါဠိတော်များအရ အသင်္ခတနိဗ္ဗာနဓာတ်တွင် ကာလနှင့်အာကာသ၏ သဘောသဘာဝ အခန်းကဏ္ဍသည် မရှိတော့ကြောင်း တွေ့ရသည်။ ထို့ကြောင့် ကာလနှင့် အာကာသသည် နှိုင်းရသဘောသင်္ခတမဟုဖြစ်ပြီးပရမတ္ထတရားစစ်စစ် မဖြစ်ဟု ဆိုနိုင်ပါသည်၊

## နိဂုံး

ဗုဒ္ဓအဘိဓမ္မာတွင် ကာလနှင့် အာကာသ (Time nad Space) တို့၏ သဘောတရားတို့သည် နှစ်မျိုးနှစ်စား ရှုမြင်သုံးသပ်နိုင်ပေသည်။ သင်္ခတဓာတ်များဖြစ်ကြ သော စိတ်၊ စေတသိက်၊ ရုပ်၊ ခန္ဓာ(၅)ပါး ကာလနှင့်အာကာသကို ဖော်ပြ၍ ရနိုင်ပါသည်၊ သို့သော် သိပ္ပံပညာရှင်များက ကာလနှင့်အာကာသကို နှိုင်းရသဘော ယူဆထားသကဲ့သို့ ဘုံ၏အချိန်၊နေရာပေါ်မူတည်ပြီးမှသာလျှင် မှတ်ယူသုံးစွဲထားခြင်းဖြစ်ပါသည်၊ အသင်္ခတ ဓာတ် နိဗ္ဗာန်မှာမူကား ကာလ အာကာသ သတ်မှတ်မှု မရှိတော့ပါ။ သိပ္ပံပညာနယ်ပယ်တွင်

အချိန်၊ နေရာလွန်နယ်ပယ်ကို မတွေ့ရှိကြသော်လည်း ဗုဒ္ဓဘာသာနယ်ပယ်တွင်မူ ကာလနှင့် အာကာသလွန် နိဗ္ဗာနဓာတ်ကို တွေ့ရှိထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ကာလနှင့်အာကာသသည် ဗုဒ္ဓဘာသာတွင် အရှိ၊ အစစ်တရား မဟုတ်ကြောင်း တင်ပြလိုက်ရပါသည်။

ဦးဧအားမင်း(ပါမောက္ခ၊ ဒဂုံတက္ကသိုလ်)

**ရည်ညွှန်းကိုးကားသည့် စာအုပ်များ**


၁။ ဥဒါနပါဠိတော်

၂။ ဓမ္မသင်္ဂဏီပါဠိတော်

၃။ ပဋ္ဌာနပါဠိ (ပထမတွဲ)

၃။ သဒ္ဒမ္မဇောတိကပဋ္ဌာန်း

၄။ သိပ္ပံပညာရှင်၏ ကျောင်း

၆။ အထွေထွေ ရိလေတီဗီတီ ရာပြည့်အထိမ်းအမှတ်စာစောင်
(ဒေါက်တာတင်အောင်၊ ဒေါက်တာခင်မောင်ဝင်း(သင်္ချာ)၊ ဒေါက်တာမျိုးတင့်(ရူပဗေဒ ပါမောက္ခ၊ အငြိမ်းစား) ကိုလိုင်)

၇။ အဘိဓမ္မပိချချက်များ (ပဉ္စမတွဲ)